www.burmeseclassic.com



# ဆုမြတ်မွန်မွန်


## နှင်းဆီတစ်ပွင့်၏အဝေးရောက်ကဗျာ
## နှင့် ဝတ္ထုတိုစုစည်းမှု

L လင်း

www.burmeseclassic.com

www.burmeseclassic.com





BURMESE CLASSIC .com





# မာတိကာ




၁။ နှင်းဆီတစ်ပွင့်၏အဝေးရောက်ကဗျာ ၇

၂။ သဇင်ချိန် ၄၅

၃။ အကြင်နာကြီးတဲ့အမျိုးသမီး ၈၃

၄။ လက်တွဲဖော် ၁၀၉

၅။ ရွှေအိုရောင်ဇာတ်သိမ်းပိုင်း ၁၄၁

၆။ ဇာတ်ပုံပျောင်း ၂၁၅

၇။ မင်းပြေပါ ၂၄၇


၈။ ရာဇဝင်ထဲကမြို့သူ ၂၇၅




www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



ငါ့ရင်ဘတ်ထဲက လိပ်ပြာတွေအကုန်လုံး
တောင်ပံခတ် ထွက်ပြေးသွားတဲ့အခါ
ရင်ခွင်တစ်ခုလုံး ဟောင်းလောင်းကျန်နေရစ်ခဲ့တယ်။
အဲဒီ ဗလာရင်ခွင်ထဲ ချစ်ခြင်းတွေအပြည့်ထည့်ပေးခဲ့တာက -
မင်းပါ ... ချို။
နွန့်လွှတ်တယ်ဆိုတာ ပိုင်ဆိုင်ထားပြီးလို့
ရယူလိုခြင်းကင်းစင်တဲ့ နှလုံးသားနဲ့
သွေးပျက်မတတ်ချစ်ခဲ့လည်း
မင်းဟာ ငါ့ဘယ်တော့မှ ပိုင်ဆိုင်ခွင့်မရတော့မယ့်
ငါ့ရဲ့ အဝေးရောက်ကဗျာလေးတစ်ပုဒ်ပါ ... ။

(နွေဝတ်လျှာ)



www.burmeseclassic.com

www.burmeseclassic.com



## (၁)

ကားမောင်းနေရင်းမှ ဆတ်ခနဲ ဆတ်ခနဲ ဖြစ်သွား ကြိမ်ပေါင်း အတော်များလာလျှင် သူ့ရဲ့ ငိုက်မျဉ်းမှုမှာ ဒီဂရီအတော် မြင့်လာပြီဆိုတာ သိလိုက်ရသည်။ အင်း ... နီးစပ်ရာ သစ်ပင် တစ်ပင်ရဲ့အောက် ကားရပ်ပစ်ပြီး ထိုးအိပ်လိုက်ရကောင်းမလား။ ဒီလိုကျပြန်တော့လည်း သူ မလုပ်ချင်ပြန်ပေ။ ရန်ကုန်ရောက်ခါ နီးပြီဟူသော အကြိမ်ကြိမ် အားတင်းချက်ဖြင့် မောင်းလာခဲ့ရင်း သူ မရောက်မချင်း စိတ်ပူနေမည့် မေမေ့မျက်နှာကို ပြေးမြင်ယောင် ကာ လီဗာကို ပို၍ ဖိနင်းပစ်လိုက်သည်။

ထိုအရှိန်ဖြင့်ပင်မောင်းရင်း သူ သတိတစ်ချက် အလွတ်တွင် ကားက ကတ္တရာလမ်းပေါ်မှ ပြေးဆင်းကာ ကုက္ကို ပင်ကြီး တစ်ပင်ဆီသို့ တည့်တည့်ပင် ပြေးဝင်နေပြီ ဖြစ်သည်။ ရှိသမျှခွန်အားဖြင့် စတီယာရင်ကို ဆွဲလှည့်ပစ်လိုက်သော်လည်း တစ်စီးလုံးက ဘယ်လိုမှ မလွတ်နိုင်တော့။ ကားကိုယ်ထည်တစ်ခြမ်း နှင့် ကုက္ကိုပင်ကြီးတို့ မိတ်ဆက်သံမှာ အတော်ပင် ကျယ်လောင်လှ ကြောင်းကိုတော့ သူ နောက်ဆုံး သိခွင့်ရလိုက်ခြင်း ဖြစ်ပါသည်။

❉ ○ ❉





## (၂)

သူ သတိရလာသောအခါ ပထမဦးဆုံး တွေးမိသည် မှာ ငါ ဘယ်ကို ရောက်နေတာလဲဆိုတာပဲ ဖြစ်သည်။ ပြီးတော့ သူ မသေသေးဘူးဆိုသော အသိ။ ထိုအသိက သူ့ကို အတော်ကြီးပဲ စိတ်ချမ်းမြေ့စေပါသည်။ ဦးခေါင်းထက်မှ ပြင်းပြသော နာကျင် ကိုက်ခဲမှုနှင့် တစ်ကိုယ်လုံး မလှုပ်နိုင်တော့လောက်အောင် နာကျင်မှု တို့ကတော့ သူ့ကို အနည်းငယ် ထိတ်လန့်စေသည်။ သူ အောက်ပိုင်းတွေများ သေသွားရော့လား။

သို့သော် ဘာပဲဖြစ်ဖြစ် သူ မသေသေးဘူးဆိုတာကိုက ကျေနပ်စရာပဲ ဖြစ်သည်။ သူ့ကားနှင့် သစ်ပင်တို့ ဝင်တိုက်မိ သောအရှိန်မှာ မသေးလှကြောင်း သူ ကောင်းကောင်းကြီး မှတ် မိသည်။ ထိုအခိုက်မှာပင် သူ့နှာခေါင်းထဲသို့ သင်းပျံ့စွာ တိုးဝင် လာသော ရနံ့တစ်ခု။ မွှေးပျံ့လွန်းသော နှင်းဆီရနံ့တွေသည် မှုံးနောက်ရီဝေနေသော သူ့အာရုံတွေကို အတော်အသင့်တော့ လန်းဆန်းသွားစေသည်။ နှင်းဆီရနံ့တွေကြောင့် မျက်လုံးဖွင့်ကာ သူ လှုပ်လှုပ်ရှားရှား ဖြစ်သွားလျှင် ...

"သတိရလာပြီလား"

မချိုသာသော်လည်း နားထောင်ကောင်းလှသည် အသံတစ်မျိုး ဖြစ်သည်။ ဝေဝေဝါးဝါး သူ့မျက်လုံးတွေ ကျဉ်းသွား ရသွားချိန်မှာတော့ သူ့ကို နှုတ်ခွန်းဆက်သလိုက်သည့် အ[illegible]ရှင်ကို



www.burmeseclassic.com

www.burmeseclassic.com



ပီပီပြင်ပြင်ပင် စတင် မြင်တွေ့ခွင့်ရလေသည်။ မည်းမည်းခက်ခက်နှင့်ဖားလျားဝေအောင် ချထားသည့် ဆံနွယ်ရှည်ရှည်တွေကြားမှ ချောမွေ့ဖူးစင်နေသော မျက်နှာတစ်ခုသည် သူ့ကို မပြုံးမရယ်ဘဲ စိုက်ကြည့်နေသည်။ လည်ထောင်စပို့ရှပ်တစ်ထည်နှင့် ခပ်လျှော့လျှော့ ဝတ်ထား;သည့် ဂျင်းဘောင်းဘီကို ခါးပတ်ခပ်ကြီးကြီး ပတ်ထားကာ မတ်တပ်ရပ် လက်ပိုက်နေသော သူမမှာ နှာစုံ့တစ်ယောက်တော့ ဟုတ်ဟန်မတူ။

"ကျွန်တော် ဘယ်ကို ရောက်နေတာလဲဟင်"

"ရှင် ညက အက်ဆီးဒင့်န် ဖြစ်တာကို မှတ်မိလား"

သူမက သူ မေးတာကို ချက်ချင်းမဖြေသေးဘဲ စစ်ချက်က အရင်လာလေသည်။ ဘာလဲ မင်းက Policewoman လား။

"အင်း ... မှတ်မိပါတယ်"

"ရှင် နားလည်အောင် ပြောရရင်တော့ ရှင် အက်ဆီးဒင့်န်ဖြစ်တာ ကျွန်မရဲ့ ခြံရှေ့မှာပါ၊ ဒါကြောင့် ရှင့်ကို အခုလို ကူညီထားတယ် ဆိုပါတော့၊ ရှင့်ကားလည်း ခြံထဲမှာပဲ ရှိပါတယ်၊ ဘော်ဒီတစ်ခြမ်းကတော့ တော်တော်ထိသွားတယ်၊ ရှင်လည်း ခေါင်းကွဲသွားတယ်၊ ဒဏ်ရာနည်းနည်းပါးပါး ရတယ်၊ ဒါပေမဲ့ ရှင် အများကြီး ကံကောင်းပါတယ်"

အင်း ... ဟုတ်လောက်သည်။ သူ တိုက်မိသောအရှိန်နှင့်စာလျှင် သူရသော ဒဏ်ရာမှာ ဘာမှ မပြောပလောက်ချေ။





"ဖြစ်ပြီးပြီးချင်းပဲ ကျွန်မတို့ တန်းသိတဲ့အတွက် ရှင် ပိုကံကောင်းသွားတယ်၊ ရှင့် ကျန်းမာရေးကလွဲပြီး တခြားဘာကိုမှ စိတ်ပူစရာ မလိုပါဘူး"

ကျေးဇူးတင် စကားပင်ပြောဖို့ မေ့လျော့လောက်အောင် သူမရဲ့အသံနှင့်ဟန်ပန်မှာ သူ ပျော်ဝင်နေရသည်။ တည်ကြည်အေးချမ်းသည့်ဘက်သို့ အတော်ကြီးရောက်နေသည့် မျက်နှာတည်တည်လှလှတစ်ခုသည် မာနကြီးမယောင်နှင့် အလွန်နူးညံ့သည့် နှလုံးသားရှိမည့်ပုံ ပေါ်သည်။

"အခုလိုကူညီထားတာ ကျွန်တော် ကျေးဇူးအများကြီး တင်ပါတယ်ဗျာ၊ ညကြီး အချိန်မတော်မှာ ခင်ဗျားတို့ ဆရာဝန်ပြေးခေါ်ရ၊ ဖြေရ၊ ရှင်းရနဲ့ တော်တော် အလုပ်ရှုပ်သွားမှာပဲနော်"

သူ့စကားကြောင့် သူမရဲ့ နှုတ်ခမ်းထောင့်စွန်းများ ယောင်ယောင်လေး ပြုံးသွားသည်ဟု ထင်သည်။ ထိုအခိုက်မှာပင် အခန်းထဲသို့ ဝင်လာသော ခြေသံနှင့်အတူ ဆယ့်ငါးနှစ်အရွယ် ချာတိတ်လေးတစ်ဦးကို အငွေ့တထောင်းထောင်းထနေသော ဆန်ပြုတ်ပန်းကန်နှင့်အတူ တွေ့လိုက်ရသည်။ သူမ သူ့ကို ဆန်ပြုတ်ခွံ့တိုက်တော့မယ်ပေါ့။ သူ ရင်တစ်ချက်ပင် ခုန်သွားသည်။ သို့သော် ရင်ခုန်သံမှာ မိနစ်ပိုင်းမျှသာ ကြာသည်။

"သူက ရှင့်ရဲ့ malenures ပေါ့၊ ရှင် လိုအပ်တာ ဖြေသမျှကို ကူညီပါလိမ့်မယ်၊ သူ့နာမည် ဇာနည်လို့ခေါ်တယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဆေးသောက်ပြီးရင် ရှင် အိပ်ပျော်သွားမှာပါ၊ ကျွန်မကို ခွင့်ပြုပါဦး”

သူ ဘာမှ ပြန်မပြောလိုက်နိုင်ခင်မှာပင် သူမက ချာခနဲ လှည့်ထွက်သွားချေပြီ။ ငေးမောကျန်နေရစ်ခဲ့သော သူ့မျက်လုံးတွေကို ဇာနည်ဆိုသော ချာတိတ်က ရိပ်မိသည်ထင့်။ အပြုံးချိုချိုတစ်ခုနှင့် ဆန်ပြုတ်သောက်ဖို့ အဆင်ပြေစေရန် သူ့ကို နေရာပြုပြင်ပေးသည်။ သပ်ရပ်သန့်ရှင်းကာ အလင်းရောင်ကောင်းစွာရသော အခန်းလေးထဲတွင် နေခြည်နွေးနွေးက ယှက်ဖြာကျလျက် ... ။

မွေးပျံ့ဆဲဖြစ်သော နှင်းဆီရနံ့တွေနှင့်အတူ အရသာရှိလှသော ငါးရံ့ဆန်ပြုတ်သည် သူမ၏ လက်ရာလေလားတော့ မသိ။ သူက ချာတိတ်လေးထံတွင် သိလိုသည်များကို စပ်စုလိုက်၏။

“ညီလေး ဒီနေရာက ဘာလဲဟင်”

“ဒါ မော်ဘီအတွက်က စိုက်ပျိုးမွေးမြူရေးခြံကြီးလေ အစ်ကို၊ နှင်းဆီနဲ့ နွားမွေးမြူရေးကို အကြီးအကျယ် လုပ်တယ်၊ ဟိုး ... ခြံနောက်ဘက်မှာတော့ ဘဲခြံတွေ ရှိတယ်၊ စမ်းချောင်းလည်း ရှိတယ်၊ အစ်ကို နေကောင်းမှ ကျွန်တော် လိုက်ပြပေးမယ်”

“ဩော် ... အခုနက တစ်ယောက်ကရော ဒီခြံရှင်လား၊ သူ့မိဘတွေရော”





“ဟုတ်တယ် အစ်ကို၊ မဝတ်လွှာက ဒီခြံကြီးရဲ့ ပိုင်ရှင်ပါ၊ မိဘတွေတော့ မရှိတော့ပါဘူး၊ တခြား မောင်နှမသားချင်း ဆွေမျိုးသားချင်းလည်း မရှိဘူး၊ သူက တစ်ကိုယ်တော်ပဲ၊ ဒါပေမဲ့ အစ်ကို မြင်တယ် မဟုတ်လား၊ တစ်ကောင်တည်း ခြသေ့လေ”

သူ့မျက်လုံးထဲတွင် အရွယ်နှင့်မမျှအောင် ရင့်ကျက်တည်ငြိမ်သော သူမရဲ့ဟန်ပန်ကို ချက်ချင်း ပြေးမြင်ယောင်သည်။ အရာရာကို ပါးနပ်စွာဖြင့် ထိုးထွင်းသိမြင်နိုင်သည့် စူးရှထက်မြက်လွန်းသည့် မျက်ဝန်းများ၊ နာမည်လေးကတော့ နူးညံ့စွာ ...။

“သူက ဝတ်လွှာတဲ့လား”

“အင်း ... အပြည့်အစုံက နွေဝတ်လွှာတဲ့”

❄ ◯ ❄

(၃)

နောက်တစ်နေ့နံနက် အိပ်ရာအနိုးမှာတော့ သူ တော်တော်ကြီး သက်သာစပြုနေပြီ ဖြစ်သည်။ မနေ့က တစ်နေ့လုံး ကောင်းကောင်းကြီး အနားယူလိုက်ရသဖြင့် အားအင်တွေလည်း ပြည့်လာသလို ခံစားရသည်။ အနည်းငယ် နာကျင်မှုများမှအပ ထူးထူးခြားခြား ဝေဒနာမျိုး မရှိတော့။ သင်းပျံ့သော နှင်းဆီရနံ့များ။



www.burmeseclassic.com

www.burmeseclassic.com



အေးချမ်းတိတ်ဆိတ်ကာ ဖွဲဆစ်လစ်တီ အပြည့်အဝ ပေးနိုင်သော ပတ်ဝန်းကျင်အနေအထားတို့ကြောင့်လည်း ပါဝင်မည်ဟု ယုံကြည်လေသည်။ ဒါတွေအပြင် မမြင်နိုင်သော လျှို့ဝှက်စွမ်းအားတစ်ခု ... ။

ဖြူစင်ဝင်းပသော မျက်နှာပိုင်ရှင်ကို မနေ့ကတစ်ခါ မြင်ပြီးကတည်းက နောက်ထပ် တစ်ကြိမ်မှ မြင်တွေ့မလာရသေးချေ။ သူမ ဘယ်ကို ရောက်နေပါသလဲ။ အင်းလေ ... ကြီးမားကျယ်ဝန်းကာ တော်ရုံမိန်းမ မအုပ်ချုပ်နိုင်သော ခြံကြီးကို မအားလပ်ရအောင် အုပ်ချုပ်နေရလို့နေမှာပေါ့။

ဇာနည်က သူ့ကို ပြတင်းပေါက်နားမှ စာရေးစာပွဲနှင့် ကုလားထိုင်ပေါ်တွင် နေရာချထားပေးခဲ့ကာ နံနက်စာ သွားယူနေသဖြင့် သူက အပေါ်ထပ်မြင်ကွင်းမှနေ၍ ခြံထဲကို ငေးမောကြည့်ရှုနေမိသည်။ နံနက်ခင်း၏ နေရောင်ခြည်နှင့်အပြိုင် လှပစွာ ဖူးပွင့်နေကြသော နှင်းဆီပင်တန်းများ၊ လုပ်သားအချို့က ဆေးဖျန်းကာ တချို့က လိုက်လံရှူးဆွတ်ကြလျက်။ အမြဲတစေပင် အဲကွန်းခန်းထဲမှာရှိကာ မွန်းကျပ်သော မြို့ပြလူသားဖြစ်သော သူ့အတွက် အရာရာသည် အသစ်အဆန်းတွေချည်းပဲ ဖြစ်သည်။

"Good Morning"

ဝင်လာသော ခြေသံနှင့်အတူ နှုတ်ဆက်သံကိုပါ တစ်ပြိုင်နက် ကြားလိုက်ရသဖြင့် လှည့်ကြည့်လိုက်လျှင် သူ့မနက်ခင်းသည် ပိုမို၍ ပြည့်စုံသွားရလေသည်။ အကွက်စိပ်စိပ် ရှပ်အင်္ကျီကို ဘောင်းဘီထဲထည့်ကာ ခါးပတ်ကြီးကြီးပတ်၍ ဝတ်ဆင်ထားပုံမှာ သူမနှင့် အတော်ပင် ကြည့်ကောင်းလှချေသည်။

"Morningပါ နွေဝတ်လွှာ၊ ကျွန်တော့် နာမည်က နေမင်းချိုပါ"

သူ့စကားကို သူမက ခေါင်းတစ်ချက် ဆတ်ပြရင်းမှ သူ့ကို တည့်တည့်ကြည့်လာကာ ...

"ရှင် အတော်သက်သာနေပြီလို့ ထင်တယ်၊ ရှင့်မိသားစုကို အကြောင်းကြားဖို့ လိုလာပြီ၊ အဲဒီတော့ ရှင် ဘယ်လိုလုပ်ချင်သလဲ"

ဖြစ်နိုင်ရင် မင်းကို ကိုယ့်အနားမှာပဲ နေစေချင်တယ်၊ ထိုစကားကိုတော့ သူ့ရင်ထဲမှာပင် တိတ်တဆိတ် ပြောမိတာသာ ဖြစ်လေသည်။ အခုချိန်မှာ ရန်ကုန်နှင့် ပဲခူးကြားမှာ ပျောက်နေမည်ဖြစ်သော သူ့အတွက် မေမေ ဘယ်လောက် စိုးရိမ်နေမလဲဆိုတာ တွေးမိသော်လည်း မေမေ့ထံကို သူ အကြောင်းမကြားချင်ပေ။ သိလျှင်သိချင်း သူရှိရာနေရာသို့ ပေါက်ချလာကာ ခေါ်သွားမည့် အခြေအနေမျိုးကို သူ မလိုလားသည်မှာ ဘာကြောင့်ပါလိမ့် ...။

"ဟို ... ကျွန်တော့်ကို ကူညီထားရတာ နွေဝတ်လွှာအတွက် အခက်အခဲများ ရှိနေလို့လား"

သူ့စကားကို သူမက လက်တစ်ဖက် ကာပြကာ ...

"ကျွန်မ ဒီလိုသဘောမျိုးပြောတာ မဟုတ်ပါဘူး၊ ရှင့်အတွက် လိုအပ်မလားလို့ ပြောတာပါ၊ ရှင် နေကောင်းတဲ့အထိ







www.burmeseclassic.com

www.burmeseclassic.com



ဒီမှာ နေချင်လည်း ရပါတယ်၊ ဒါပေမဲ့ ရှင့်မိသားစုရဲ့ ပူပင်မှုကိုလည်း ထည့်စဉ်းစားသင့်တယ်"

သူမ ပြောသောစကားက အမှန်ပင် နည်းလမ်းကျပါသည်။ သို့သော် သူမ ပြောသည့် မိသားစုဆိုသော စကားက တော့ ဘာကို ရည်ညွှန်းမှန်းမသိ။

"ကျွန်တော့်ကို ပူပင်မယ့်သူက အမေတစ်ယောက်ပဲ ရှိပါတယ်"

သူ့စကားကို သူမက ပြုံးမလို ဖြစ်သွားပြီးမှ ...

"ဟုတ်ပါပြီလေ၊ ရှင့်အမေတစ်ယောက်တည်းရဲ့ ပူပင်မှုကကို သေးမှာ မဟုတ်ပါဘူး၊ အဆက်အသွယ်တော့ လုပ်လိုက်ပါ"

သူက သူမ မျက်နှာကို တည့်တည့်ငေးစိုက်ကြည့်ကာ ...

"ကျွန်တော့်ကို အခုလို အစစအရာရာ လိုလေသေးမရှိ ကူညီထားတဲ့ နွေဝတ်လွှာကို နှိုင်းမရအောင် ကျေးဇူးတင်ပါတယ်"

"မလိုအပ်ပါဘူးရှင် ရှင် အဆင်ပြေတယ်ဆိုရင်ပဲ ကျေနပ်စရာပါ၊ လမ်းလျှောက်နိုင်ပြီဆိုရင်တော့ ခြံထဲကိုဆင်းလာဖို့ ဖိတ်ခေါ်ပါတယ်၊ ကျွန်မကို ခွင့်ပြုပါဦး"

ခွင့်မပြုချင်ပါဘူး နွေဝတ်လွှာရယ်၊ တစ်နေ့ထက်တစ်နေ့ မင်းဟာ စိတ်ဝင်စားဖို့ကောင်းတဲ့ မိန်းကလေးဆိုတာ





ပိုသိလာရလေ မင်းနဲ့ မင်းဘဝကို ပိုစိတ်ဝင်စားလာရလေလေပါပဲ။ မြင့်လိုက်တာနဲ့ အရမ်းဆွဲဆောင်မှုရှိတာပဲလို့ နှုတ်ဖျားက ဖွင့်မချရုံတမယ် စိတ်ဝင်စားခြင်းခံရမဲ့ မင်းရဲ့အလှအပ၊ Talentရှိပုံရတဲ့ ထိုးထွင်းသိမြင်ပုံတွေနဲ့ မင်းဟာ ဘဝကို ဘာကြောင့်များ အပင်တွေ၊ တိရစ္ဆာန်တွေ ကြားမှာပဲ မြှုပ်နှံထားချင်ရတာလဲ။

သူမ ထွက်ခွာသွားစဉ်မှာပဲ ဇာနည်က လင်ပန်းငယ်တစ်ချပ်နှင့် ရောက်လာပါသည်။ ပေါင်မုန့်မီးကင်၊ ကြက်ဥဟပ်ဖရိုက်၊ စတော်ဘယ်ရီဂျမ်တစ်ပွဲနှင့် နွားနို့ပူပူတစ်ခွက်သည် သူမ အကောင်းဆုံး စီမံပေးလိုက်သည့် သူ့အတွက် နံနက်စာပဲ ဖြစ်ပါလိမ့်မည်။ ချာတိတ်လေးက သူ့ကို ကော့ဒ်လက်စ်ဖုန်းတစ်လုံး ကမ်းပေးလာသည်။ သူက နံနက်စာစားပြီးမှ မေမေ့ထံ ဖုန်းခေါ်လိုက်လေသည်။ ထင်သည့်အတိုင်းပင် မေမေ့ရဲ့ ပူပင်မှုအပြည့်နှင့် အသံကို စတင်ကြားလိုက်ရသည်။

"သားချို မင်း ဘယ်က ဆက်နေတာလဲ၊ အခု ဘယ်ရောက်နေတာလဲ"

"ကျွန်တော် မော်ဘီမှာပါ မေမေ"

သူက ကားအက်ဆီးဒင့်ဖြစ်ပုံကို အတိုချုံး ပြောပြလိုက်သည်။ တစ်ဖက်မှ မေမေသည် ဘုရားတ,သံ အပြည့်ဖြင့်

"ဘယ်နေရာလဲ မေမေ့ကို ပြောစမ်း၊ အခု လိုက်လာခဲ့မယ်"

"ရပါတယ် မေမေရဲ့၊ ကျွန်တော် နေကောင်းတော့မှ ပြန်လာခဲ့ပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ ... မင်း ရူးနေလား သားချို၊ မင်းနဲ့ အဲဒီခြံက လူတွေနဲ့က ဘာတော်လို့လဲ၊ ပြီးတော့ မင်းရဲ့ကျန်းမာရေး အခြေအနေက ဘယ်လိုလာမယ် မသိသေးဘူး"

"ကျွန်တော် ဘာမှ မဖြစ်ပါဘူး မေမေ၊ စိတ်ချပါ ဒီမှာ ဖဲ့ဆစ်လစ်တီလည်း အရမ်းကောင်းလို့ပါ၊ သားအတွက် male nurse သတ်သတ်လည်း ရှိပါတယ်"

"ငါ့ကို ဘာမှ လာအတွန့်တက်မနေနဲ့တော့၊ အဲဒီခြံရှိတဲ့ နေရာကိုသာ ပြော"

"မသိဘူး မေမေရာ လမ်းမကြီးဘေးမှာပဲ၊ ဒါပဲဗျာ"

သူက စိတ်ရှုပ်စွာဖြင့်ပင် ဖုန်းပိတ်ပစ်လိုက်လေသည်။ ဇာနည်ဆိုသော ချာတိတ်က ရိပ်မိသိရှိဟန်ဖြင့် ...

"ဘာလဲ အစ်ကို့ မားသားကြီးက လာခေါ်မလို့တဲ့လား"

"အေးကွာ ကိုယ့်မေမေက အဲဒီ့အတိုင်းပဲကွ"

"အစ်ကိုက ဒီမှာ ပျော်နေတာ မဟုတ်လား"

သူက ချာတိတ်ကို ရယ်ကျဲကျဲဖြင့် ကြည့်လိုက်သည်။ နှစ်ရက်အတွင်းမှာ သူ့ကို အနီးကပ် ပြုစုပေးကာ စိတ်သဘောထား ပြည့်ဝလှသည့် ထိုကောင်လေးနှင့် သူ အတော်ပင် ရင်းနှီးနေချေပြီ။

"အချိန်တန်ရင် အိမ်တော့ ပြန်ရမှာပေါ့ အစ်ကိုရာ"

"အခုဟာက အချိန်မှ မတန်သေးဘဲနဲ့ကွ"

ချာတိတ်က သူ့ကို နားလည်သလို ပြုံးကြည့်ကာ ...





"အစ်ကို ပြန်သွားလည်း လာလည်လို့ ရတာပဲလေ၊ မဝတ်လွှာက သဘောကောင်းပါတယ်"

သူ့မျက်လုံးထဲတွင် အဆင့်အတန်းမြင့်ကာ ပညာတတ် ရုပ်ထွက်နေသော သူမကို ဖျတ်ခနဲ မြင်ယောင်လာသည်။ ပြီးတော့ Tom Raider ရုပ်ရှင်ကားထဲက လာရာကရော့ဖ်။ ဟုတ်တယ် သူမက အဲဒီ ဒီဇိုင်းမျိုးပဲ ဖြစ်သည်။

"ဝတ်လွှာက စိတ်ဝင်စားဖို့ကောင်းတယ် ဇာနည်၊ သူ့ပုံစံက မြန်မာလည်း သိပ်မဆန်သလိုပဲ"

"အစ်ကို့ကို ခင်လို့ပြောတာနော်၊ သူ့ကို သွားမမေးရဘူး၊ မဝတ်လွှာက ငါးနှစ်သမီးကတည်းက စင်ကာပူကို ရောက်နေခဲ့တာ၊ မြန်မာပြည်ကို ပြန်ရောက်တာ ခြောက်လလောက်ပဲ ရှိသေးတယ်၊ သူ့မှာ အမေရှိတယ်၊ ပြီးခဲ့တဲ့နှစ်ကပဲ ဆုံးသွားခဲ့တာ၊ ကျွန်တော့်ကို အဲဒီ ဘွားဘွားက မွေးစားထားခဲ့တာပေါ့၊ ကျွန်တော့်မှာလည်း မိဘတွေ မရှိတော့ဘူး"

သူက ဇာနည်ရဲ့ပခုံးလေးကို အားပေးသလို တစ်ချက်ဖျစ်ညှစ်လိုက်သည်။ ဝတ်လွှာရယ် မင်းရဲ့ ဘဝဇာတ်ကြောင်းက ကိုယ်ထင်တာထက်ကို စိတ်ဝင်စားဖို့ ကောင်းပါလား ...။

"ကိုယ် ခြံထဲ ဆင်းကြည့်ချင်တယ် ဇာနည်"

ဇာနည်က ဦးဆောင်ကာ သူ့ကို ခြံထဲသို့ ခေါ်လာပြလေသည်။ ဘော်ဒီတစ်ခြမ်း စုတ်ပြတ်နေသော သူ့ရဲ့ကားကိုလည်း ပြသည်။ နွေ့ဝတ်လွှာ ပိုင်ဆိုင်သည်ဆိုသော ခြံကြီးမှာ ကြီးမားကျယ်ဝန်းလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟို ... Green House ထဲမှာက သစ်ခွတွေ စိုက်တယ်"

သူက ဓာနည် ညွှန်ပြရာသို့ လှမ်းကြည့်ပြီး ခေါင်းညိတ်ပြုံးပြလိုက်သည်။ စနစ်တကျ စိုက်ပျိုးထားကာ သပ်ရပ်လှပသော ဤနှင်းဆီ၏ အရှင်သခင်မကိုတော့ အခုချိန်ထိ မတွေ့ရသေးချေ။ သူ့အတွေးကို ချာတိတ်က ရိပ်မိသည်ထင့်။

"ဒီအချိန်ဆို မဝတ်လွှာက နွားခြံဘက် ရောက်နေလောက်ပြီ၊ လာ အစ်ကို အဲဒီကို သွားမယ်"

ထင်သည့်အတိုင်း သူမကို နို့စားနွားမကြီးတစ်ကောင်နှင့် အလုပ်ရှုပ်နေသည်ကို တွေ့ရလေသည်။ ဓာနည်က လှမ်း၍အသံပြုလိုက်သောအခါ သူမက မော့ကြည့်ပြီးနောက် လုပ်လက်စအလုပ်ကို လုပ်သားတစ်ယောက်ထံ လွှဲပေးပြီးနောက် သူ့ထံသို့လျှောက်လာသည်။ ထို့နောက် ကွပ်ပျစ်သဏ္ဌာန် ရိုက်ထားသောခုံတန်းလေးများကို ညွှန်ပြရင်း ...

"ထိုင်ပါ ကိုနေမင်းချို၊ ရှင့်အိမ်နဲ့ ဆက်သွယ်လို့ ရပြီလား"

"အင်း ... ရပါပြီ၊ နွေဝတ်လွှာ ဒီခြံကြီးကို လုပ်ကိုင်ရတာ တော်တော်ပင်ပန်းမှာပဲနော်"

သူ့စကားကို သူမက ပြုံးသည်ဆိုရုံမျှ ပြုံးကာ ...

"ဒါက ကျွန်မရဲ့ Hobby ပါ။ Hobby ကနေ Professional ဖြစ်သွားတော့လည်း ကျေနပ်စရာပေါ့၊ ကျွမ်းကျင်တဲ့ လုပ်သားတွေလည်း ရှိတဲ့အတွက် ပင်ပန်းတယ်လို့ မဆိုနိုင်ပါဘူး"





"တော်တော်တော့ အလုပ်ဖြစ်မယ် ထင်တယ်နော်"

ပန်းပို့သော ဟိုင်းလပ်ကားတစ်စီးနှင့် နွားနို့လာယူသော ကားများကိုကြည့်ကာ သူက သုံးသပ်လိုက်ခြင်း ဖြစ်သည်။

"ဟုတ်ကဲ့ Floral Shop တော်တော်များများက ဒီကပဲ ယူကြတယ်၊ ဟိုတယ်တချို့ရောပေါ့"

"နှင်းဆီတွေက တစ်မျိုးနဲ့တစ်မျိုး သိပ်မတူသလိုပဲနော်"

"ဟုတ်တယ် ယိုးဒယားနှင်းဆီ၊ ကျောက်နှင်းဆီ အများကြီးရှိတယ်၊ ခြံနောက်ဘက်မှာ စိုက်ထားတာ ချုံနှင်းဆီတွေလေ၊ သူက ရောင်းတန်းဝင် မဟုတ်ပါဘူး၊ နှင်းဆီကဲသဲဆန်တဲ့မြေမှာ ပိုဖြစ်တယ်"

သူက စိတ်ရှည်လက်ရှည် ရှင်းပြနေသော သူမရဲ့မျက်နှာလေးကို ဘေးတိုက်အနေအထားမှ စိတ်ကြိုက် ခိုးငေးနေမိသည်။

"နွေဝတ်လွှာ ကျွန်တော့်ကို မိတ်ဆွေတစ်ယောက်အဖြစ် သတ်မှတ်ပေးနိုင်မလားဟင်"

"ရပါတယ် ကိုနေမင်းချို"

"ဒါဆို ဒီခြံကို နောက်လည်း ကျွန်တော် မကြာခဏ လာလည်ခွင့် ရှိတယ်ပေါ့နော်"

"ရှင် ကားကို ဂရုစိုက် မောင်းလာဖို့တော့ လိုမယ်ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



သူမရဲ့စကားကို သူက တစ်ခုခု တုံ့ပြန်မည့်ဟန် ပြင်တုန်းမှာပင် သူမ ခါးမှာချိတ်ထားသည့်ဖုန်းမှ အသံမြည်လာခဲ့သည်။ သူမက ယူနားထောင်လိုက်ပြီးနောက် ဖုန်းပြန်ပိတ်ပြီးလျှင် ...

"အရှေ့မှာ ရှင့်အမေ ရောက်နေတယ်တဲ့ ကိုနေမင်းချို၊ ကျွန်မတို့ သွားလိုက်ရအောင်"

ထိုအခိုက်မှာ အချိန်ဆိုသော ဆရာကြီးကို သူ အတော်ပင် အမြင်ကတ်သွားမိခဲ့သည်။ ကိုယ်တို့တွေ့ဆုံချိန်ဟာ မနည်းဘူးလား ဝတ်လွှာရယ်၊ သူမက မလှမ်းမကမ်းမှာ ရပ်ထားသော ဝီလီဂျစ်တစ်စီးကို ညွှန်ပြကာ ...

"ကားပေါ်တက်လိုက် ကိုနေမင်းချို၊ ခြံရှေ့အထိဆို တော်တော်လေးလှမ်းတယ်"

သူမက မောင်းသူနေရာမှာ ဝင်ထိုင်ပြီးနောက် ခြံကြီးကိုပတ်၍ ဖောက်လုပ်ထားသော ကားလမ်းအတိုင်း မောင်းလာခဲ့သည်။ ခြံရဲ့ အရှေ့မျက်နှာစာမှာလည်း နှင်းဆီပင်များပင်။

"ဒါက အပင်တွေနဲ့ နှင်းဆီပျိုးပင်တွေ ရောင်းတာလေ၊ ဟိုဟာ ရှင့်အမေနဲ့တူတယ်"

သူမ ထင်သည့်အတိုင်းပင်။ ခြံရဲ့ဘေးဘက် ပန်းပင်တွေနှင့် ပျိုးပင်တွေရောင်းသော ဆိုင်နေရာတွင် သူ့အမေကို တွေ့လိုက်ရသည်။ မေမေသည် သူ့ကို မြင်တာနှင့် ထိုင်ရာမှ ထလာသည်။ မေမေ့ရဲ့နောက်နားမှာက အပါးတော်မြဲ မသီတာ၊ ဒရိုင်ဘာ ဦးလူလှတို့က တန်းစီလျက်။ မေမေ့ပုံစံသည် ဘယ်အချိန် ကြည့်လိုက် ကြည့်လိုက် ထည်ဝါ၍ မျက်နှာမှာ မော်ချီကာနေသည်။ သူမက ကားပေါ်မှဆင်းကာ မေမေ့ကို ဦးညွတ်၍ စတင်နှုတ်ဆက်သည်။

"မေမေ ဒါ သားရဲ့ အသက်သခင် ကျေးဇူးရှင်ပါ၊ နွေဝတ်လွှာတဲ့၊ ဒီခြံကြီးရဲ့ ပိုင်ရှင်ပေါ့၊ မဝတ်လွှာ ဒါ ကျွန်တော့် မေမေပါ၊ ဒေါ်ထက်ထက်ချိုလို့ ခေါ်ပါတယ်"

"ဟုတ်ကဲ့ တွေ့ရတာ ဝမ်းသာပါတယ် အန်တီ"

"အေးကွယ် အခုလို ကူညီထားတဲ့အတွက် ကျေးဇူးအများကြီး တင်ပါတယ်၊ ဒါထက် ကလေးမရဲ့ မိဘများကရော"

"မရှိကြတော့ပါဘူး အန်တီ"

"ဪ ... ဆောရီးကွယ်၊ အင်း ... အင်း ... သားချို မင်းခေါင်းက ဒဏ်ရာကရော ဘယ်လိုလဲ၊ သက်သာရဲ့လား"

သူက ဘာမှ မပြောရသေးခင်ပင် သူမက ...

"နားထင်မှာ သုံးချက်ချုပ်ထားရတယ်၊ နောက်တစ်ပတ်နေရင် ချုပ်ရိုးဖြေလိုက်လို့ ရပါပြီ"

"ဪ ... ဪ ... ဘယ်ဆရာဝန်နဲ့ ချုပ်လဲကွယ့်၊ စပါယ်ရှယ်လစ်နဲ့ ပြတာလား"

မေမေ့စကားကြောင့် သူမကို အလွန်အမင်း အားနာသွားခဲ့ရပါသည်။







www.burmeseclassic.com

www.burmeseclassic.com



"အား ... မေမေကလည်း ဒီလောက် ညကြီးမိုးချုပ်မှ ဘယ်နားက စပါယ်ရှယ်လစ်ရမှာလဲ"

သူမက ဘာမျှပြန်မပြောဘဲ ပြုံးရုံသာ ပြုံးနေလေသည်။ ထိုအပြုံး၏အဓိပ္ပာယ်ကို သူ ကောင်းကောင်းကြီး သိသည်။

"အေး ... ဒါဆိုလည်း မင်းကို စပါယ်ရှယ်လစ်နဲ့တော့ ပြကြည့်ရဦးမှာပေါ့၊ အထဲမှာ ဘာတွေဖြစ်မှန်းမှ မသိတာ၊ တစ်ကိုယ်လုံးကို medical check-up လုပ်ရလိမ့်မယ်"

"ဟာဗျာ ဒီမှာ လမ်းတောင် လျှောက်နေပြီဥစ္စာ"

"ဟုတ်ပါတယ် ကိုနေမင်းချို၊ ပိုပြီး ဆေးဖြစ်တာပေါ့"

"အေးကွယ် ကျေးဇူးတင်တယ် နွေဝတ်လွှာရေ၊ အန်တီတို့ကို ခွင့်ပြုပါဦးကွယ်"

"ကောင်းပါပြီရှင်"

မေမေနှင့် သူက ဦးလူလှ ဖွင့်ပေးသော ကားနောက်ခန်းထဲတွင် ဝင်ထိုင်လိုက်ကြသည်။ သူက လက်ပြနှုတ်ဆက်နေသော ဓာနည့်ကို ပြန်လည် လက်ပြကာ သူမကိုတော့ နှုတ်ဆက်ခြင်း စကားလုံးတွေထက် သာသွားသည့် အကြည့်နက်နက်တွေနှင့်ပဲ နှုတ်ဆက်ဖြစ်ခဲ့ပါသည်။ ကိုယ် ဆက်ဆက်ပြန်ရောက်လာခဲ့မယ် နွေဝတ်လွှာ။

❋ ○ ❋





(၄)

အိမ့်မှာ ရှိနေသော အချိန်များအတွင်းမှာ သူမကို သူ ဘယ်လိုလွမ်းဆွတ်ရသလဲဆိုတာကို အတော်ပြောပြချင်လှသည်။ ကျယ်ဝန်းခမ်းနားလှသော သူ့ရဲ့အိမ်ကြီးထက် အနီရောင်အုတ်များနှင့် ဆောက်လုပ်ထားသော သူမရဲ့ ရိုးရိုးရှင်းရှင်းအိမ်ကို ပိုလွမ်းဆွတ်မိသည်။ ခြံထဲမှ ဂျပန်မြက်ခင်းထက် နှင်းဆီရနံ့တွေ ထုံလွှမ်းကာ လေကောင်းလေသန့်တွေ တဝကြီး ရှူရှိုက်ရသည့် သဘာဝမြက်ခင်းစိမ်းများကို ပိုတောင့်တမိသည်။

အထူးသဖြင့် ပတ်ဝန်းကျင်မှာ မြင်တွေ့နေရသော ကာလာစုံ အလှအပအဆန်းအပြားတွေထက် Country Style ပိုင်ရှင် နွေဝတ်လွှာကို အထူးသတိရမိပါသည်။ ဒဏ်ရာကို ချုပ်ရိုးဖြေပြီးချိန်မှာတော့ သူမထံသွားဖို့ အဆင်သင့် ဖြစ်နေချေပြီ။ သူမအတွက် ထိုင်းနိုင်ငံမှလာသော ကျူးလစ်ပန်းစည်းတစ်စည်းနှင့် လက်ဆောင်ခြင်းကြီးတစ်ခုကို ကားပေါ်တင်၍ ထွက်ခွာမည်အပြုမှာပင် ...

"ဒါက ဘယ်ကိုလဲ သားချို"

မေမေရဲ့ မျက်လုံးများက သူ ဘယ်သွားမည်ဆိုတာကို ကြိုသိနေသလိုပင်။

"နွေဝတ်လွှာဆီကိုပါ မေမေ၊ သူ့ကို ကျေးဇူးတင်စကားသေချာသွားပြောမလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"သူက ကျေးဇူးတင်စရာ အင်မတန်ကောင်းတဲ့ မိန်းကလေးဆိုတာ မေမေ သိပါတယ်၊ ဒါပေမဲ့ သားတစ်ယောက်လုံး ပေးတဲ့အထိတော့ မေမေ ကျေးဇူးမဆပ်နိုင်ဘူးနော်"

"အာ ... မေမေကလည်း အစိပ္ပာယ်မရှိတာ"

သူက ကားတံခါးဖွင့်ကာ ဝင်ထိုင်လိုက်သည်။ မေမေက ကားတံခါးဘေးနားထိ လာရပ်လျက် ...

"သားက မေမေ့ဗိုက်ထဲက ထွက်လာခဲ့တဲ့သူပါကွယ်၊ မင်းစိတ်ကို မေမေက အလွတ်ဖတ်နိုင်တဲ့သူပါ၊ အဲဒါကို တော့ မင်း မြဲမြဲမှတ်ထား၊ ကားကို ဂရုစိုက်မောင်းသွား၊ ဟုတ်ပြီလား"

သူက ပခုံးတစ်ချက်တွန့်လျက် ကားမောင်းထွက်လာခဲ့သည်။ ဘာပဲဖြစ်ဖြစ် သူမနှင့် တွေ့ရတော့မည်ဟူသော အသိသည် သူ့ရင်ကို ပူနွေးလှုပ်ခတ်စေပါသည်။

သူ သံယောဇဉ်တွယ်ခဲ့ရသော ခြံကြီးဆီသို့ ရောက်သွားချိန်မှာတော့ ဇာနည့်ကို ဦးစွာတွေ့ရလေသည်။ သူ့ကိုမြင်သော အခါ ဇာနည်က ဝမ်းသာအားရပင် ကြိုဆိုရှာသည်။ သူက ဇာနည့်အတွက် လက်ဆောင်ယူလာသော AIIZတီရှပ်တစ်ထည်ကို ထုတ်ပေးရင်းမှ ...

"နွေဝတ်လွှာရော ဇာနည်"

"မဝတ်လွှာ အပြင်သွားတယ် အစ်ကို၊ ပြန်ရောက်လာတော့ မှာပါ"





ဇာနည်က သူ့အတွက် နွားနို့ပူပူတစ်ခွက်ဖြင့် ဧည့်ခံသည်။ သူနှင့် ဇာနည်တို့ စကားပြောနေစဉ် ဆယ့်ငါးမိနစ်ခန့် အရှိမှာပင် သူမ မောင်းလာသောကားက အနားသို့ ထိုးရပ်လာသည်။ Aiter ရှပ်အဖြူရောင်နှင့် အနက်ရောင်စတိုင်လ်ပန့်ကို အချိုးတကျ ဝတ်ဆင်ထားသော သူမသည် သပ်ရပ်ကာ ရှင်းသန့်နေသည်။ သူ တွေ့ဖူးသမျှ မိန်းမများထဲတွင် သူမလောက် ဘောင်းဘီနှင့် အဆင်ပြေ ကြည့်ကောင်းသူမရှိဟု ထင်သည်။ သူမက အနားသို့ လျှောက်လာရင်းမှ ...

"ချုပ်ရိုးဖြေပြီးသွားပြီပေါ့"

"အင်း ... ဒါက ဝတ်လွှာ အတွက်ပါ"

သူက ယူလာသော ပန်းစည်းကိုတော့ သူမရဲ့လက်ထဲသို့ တည့်တည့်ပင် ထည့်ပေးလိုက်သည်။

"သင့်ခပ်ယူ ကိုနေမင်းချို၊ နောက်ကိုတော့ ယူမလာပါနဲ့တော့"

သူမက လွတ်နေသော ခုံတစ်ခုံတွင် ဝင်ထိုင်လိုက်သော်လည်း သူပေးသော ပန်းစည်းကိုတော့ ပွေ့ပိုက်ထားတုန်းပဲ ဖြစ်သည်။ ဇာနည်က သူ့ကို ခွင့်ပန်ကာ အလိုက်သတိပင် ထသွားသည်။ သူက ပန်းစည်းနှင့်အတူ ပန်ရလုပနေသော သူမရဲ့မျက်နှာကို မြတ်နိုးစွာဖြင့် ငေးကြည့်နေရင်းမှ ...

"ဝတ်လွှာကိုကြည့်ရတာ ခရစ်စတယ်တုံးတစ်တုံးကို ကြည့်နေရသလိုပဲ၊ အရမ်းအေးချမ်းတယ်၊ ဟို ... ကပဲစုတာတော့



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပါဘူး၊ ဝတ်လွှာ ဘယ်ဘာသာကို ကိုးကွယ်သလဲ ဟင်"

"ကျွန်မ ဗုဒ္ဓဘာသာ မြန်မာလူမျိုးပါ"

"ကျွန်တော် ဝတ်လွှာကို အရမ်းစိတ်ဝင်စားတယ်"

ဒီစကားကိုတော့ သူက တစိုက်မတ်မတ်ပင် ပြောဖြစ်လေသည်။ သူ့စကားကို သူမ ရှက်သွားမည် ထင်ပါသလား၊ မရှက်ပါ။

အတင့်ရဲလှချည်လားဟု စိတ်ဆိုးပုံလည်းမရ။ ပကတိအတိုင်း အေးအေးဆေးဆေးပင် တုံ့ပြန်လေသည်။

"ရှင်က ကျွန်မဘဝကို အရမ်းစိတ်ဝင်စားတာ ဖြစ်မှာပါ၊ အဲဒါဟာလည်း တခြား အမျိုးသမီးတွေနဲ့ သိပ်မတူတဲ့ ကျွန်မရဲ့ ပုံစံကြောင့် နေမှာပါ၊ ကျွန်မက လူတွေနဲ့ ရောရောထွေးထွေးနေရတာကို သဘောမကျလှဘူး"

"မဟုတ်ဘူး ဝတ်လွှာ၊ ကျွန်တော်က ဝတ်လွှာကိုလည်း စိတ်ဝင်စားတယ်၊ ဝတ်လွှာကို စိတ်ဝင်စားလို့ ဝတ်လွှာရဲ့ ဘဝကိုလည်း စိတ်ဝင်စားတာပါ"

သူမက ဒီစကားကိုတော့ ဘာမှ ပြန်မပြောဘဲ အသည်းယားချင်စဖွယ် ပြုံး၍သာနေလေသည်။

"ဝတ်လွှာ ကျွန်တော့်ရဲ့အသက်ကို ကယ်တင်ခဲ့သလို ကျွန်တော့်ရဲ့ နှလုံးသားကိုလည်း ကယ်တင်ပါဦးနော်၊ ကျွန်တော် ဝတ်လွှာကို ချစ်မိနေပြီ"





သူမက ပန်းစည်းကိုချကာ ထိုင်ရာမှ မတ်တတ်ထရပ်လိုက်ရင်း သူ့ကို တည့်တည့်စိုက်ကြည့်လာသည်။

"အချစ်ဆိုတာ ဘာလဲ ကိုနေမင်းချို"

"ဗျာ ဒါတော့ အတိအကျ မပြောတတ်ပါဘူး၊ သေချာတာကတော့ ဝတ်လွှာကို အရမ်းချစ်တယ်"

သူမရဲ့ နှုတ်ခမ်းများက လှပစွာ ကော့ညွတ်လျက်ပြုံးသွားသည်။

"အချစ်ဆိုတာ အတိအကျပြောလို့မရဘူး၊ ဒါ သိပ်မှန်တယ်၊ အဲဒါကိုက အချစ်ရဲ့ အားနည်းချက်ပဲ၊ ဘာမှ မတိကျမရေရာတဲ့ ဝါးတားတား ခံစားချက်တစ်ခုကို လူတွေက အချစ်လို့ အမည်ပေးလိုက်တာပါ၊ ရှင့်ကို ရှင်းရှင်းပဲ ပြောလိုက်မယ်၊ အချစ်ဆိုတာကို ကျွန်မ အယုံအကြည် မရှိဘူး"

သွားပြီ၊ သူမလို ကိုယ့်ကိုယ်ကိုယ် ယုံကြည်ချက်အပြည့်နှင့် တစ်ကိုယ်တော်ရပ်တည်နေသော မိန်းမတစ်ယောက်ထံမှာ ဒီလို အတွေးအခေါ်တွေ ရှိနေလိမ့်မယ်လို့ သူ ဘာကြောင့်ကြိုတင် မတွေးမိရတာလဲ။ အင်းပေါ့ နွေဝတ်လွှာ ဒီလို အယုံအကြည်မရှိတဲ့ လူတွေကပဲ အချစ်မှာ အတုံးအရုံး ကျဆုံးကုန်ကြတာပါ။

"ဝတ်လွှာ ယုံကြည်လာအောင် ကျွန်တော် ကြိုးစားမယ်ဆိုရင်ရော"

ဒီတစ်ခါပြုံးသော မဲ့ပြုံးကိုတော့ သူ့ရင်ထဲတွင် ခါးသီးသွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါကတော့ ရှင့်ရဲ့ အခွင့်အရေးပဲလေ၊ ကျွန်မကို အနှောင့်အယှက်မဖြစ်ရင် ပြီးတာပါပဲ"

သူက သူမ မသိအောင် ဆုံးဖြတ်ချက်တစ်ခုကို တိတ်တဆိတ် ချလိုက်သည်။ အချစ်ဆိုတာ လေပြည်တွေလိုပါပဲ ဝတ်လွှာရယ်။ မမြင်ရပေမယ့် သူ တိုက်ခတ်လာတဲ့အခါ အလိုလို ခံစားသိရှိကြတယ်လေ။

❋ ○ ❋

(၅)

သူမကို ပိုးပမ်းရသောကိစ္စမှာ တကယ်တော့ သိပ်ပြီး မလွယ်လှချေ။ နီးနီးနားနားလည်းမဟုတ်။ သူ ဖုန်းဆက်သောအခါတွင်လည်း သုံးလေးခွန်းထက် ပိုပြောတတ်သူ မဟုတ်သဖြင့် တော်တော်တော့ အခက်တွေ့ရလေသည်။ သူကိုယ်တိုင်ကလည်း များပြားလှသော အလုပ်တာဝန်တွေကြားမှ သူမကို တကူးတက သွား၍ မပိုးနိုင်။ တစ်ပတ်တွင် နှစ်ရက်လောက် ရောက်အောင် သွားခြင်းသည် သူမအပေါ်ထားသည့် သူ့ရဲ့ ကြီးစွာသော ချစ်ခြင်းကြောင့်သာဖြစ်ကြောင်း တွေ့သည့်တစ်ရက်တွင် ပြောပြသောအခါ ...

"ဒါကလည်း ရှင် ကျွန်မကို ချစ်တယ်ဆိုတာထက် ရှင်လိုချင်တာ ရဖို့အတွက်ပဲ မဟုတ်လား၊ ရှင်လိုချင်တဲ့





အရာတစ်ခုအတွက် ရှင်လုပ်ရတဲ့ အရင်းအနှီးတစ်ခုပါ ကိုနေမင်းချို့ရယ်"

"ဟား ... စွပ်စွဲလှချည်လား ဝတ်လွှာရယ်၊ မင်း တစ်ခါမှ ကို မချစ်ဖူးဘူးလားဟ"

သူမက ထုံးစံအတိုင်း ပခုံးတွန့်ပြသည်။ သူ့အဖြစ်ကို မကြည့်ရက်သည့် သူ့လူ ကိုယ့်ဘက်သားဖြစ်သော ဇာနည်ကတော့ သူ အဆင်ပြေစေမည့် နည်းလမ်းများကို အကြံပေးလာသည်။

"အစ်ကိုက အမြဲတမ်းလည်း မလာနိုင်။ ဖုန်းဆက်ရင်လည်း မဝတ်လွှာက သိပ်မပြောဘူးဆိုတော့ အစ်ကို ပြောချင်တာတွေ အီးမေးလ်နဲ့ပို့ပေါ့"

"ဝတ်လွှာက အီးမေးလ်သုံးလို့လား"

"သုံးတာပေါ့ နိုင်ငံခြားက သူငယ်ချင်းတွေနဲ့ G-talk လည်း ပြောတယ်၊ ညညဆို အင်တာနက်ထဲက သတင်းတွေ ဖတ်တယ်၊ အစ်ကို့ ရည်းစားစာတွေဆို Onlineပေါ်မှာတော့ ဖတ်မှာပါ"

"Good Idea ပဲကွာ၊ နောက်တောင်ကျနေပြီ"

သူက ဇာနည် ရှတ်ပြသော သူမရဲ့ အီးမေးလ်လိပ်စာကို အလွတ်မှတ်ကာ အဲဒီနေ့ကပင် စတင်၍ သူ့ရဲ့ ချစ်သဝဏ်လွှာများကို Online ပေါ်သို့ တင်တော့လေသည်။ သူမကို သတိရသည့်အခါတိုင်း စာရိုက်ထည့်သည်။ သူမနှင့် တွေ့ဖြစ်သည့်အခါ သူမ မျက်နှာကို တမေ့တမော်ငေးကာ ချစ်တယ်ဆိုသော စကားကို



www.burmeseclassic.com

www.burmeseclassic.com



ဆိုသည်။ မှတ်မှတ်ရရ ထိုနေ့က အနောက်တောင်ထောင့်မှာ မိုးတွေ ညှိုမှိုင်းနေခဲ့သည်။ လွမ်းဆွတ်လွန်းသဖြင့် သူမဆီ သွားခဲ့ရာတွင် စာအုပ်တစ်အုပ်၊ ဘောပင်တစ်ချောင်းဖြင့် အလုပ်ရှုပ်နေသော သူမကို တွေ့ရသည်။

"ရှင့်ကို ကျွန်မ အကြာကြီး ဧည့်ခံနိုင်မှာ မဟုတ်ဘူးနော်၊ ကျွန်မအလုပ်က အရေးကြီးနေတယ်"

"ဝတ်လွှာ ဘာလုပ်နေတာလဲ"

"ကျွန်မ ကဗျာရေးနေတာ"

"ဘယ်လို ကဗျာရေးနေတယ် ဟုတ်လား၊ ကိုယ် ဖတ်ကြည့်လို့ရမလားဟင်"

"မရဘူး ရှင် ပြန်တော့ ကိုနေမင်းချို၊ ညကျရင် ဒီကဗျာကို ရှင့်ကွန်ပျူတာထဲ ကျွန်မ ပို့လိုက်မယ်"

သူသည် အံ့သြခြင်းများ၊ မယုံနိုင်ခြင်းများ၊ ဒါ့အပြင် အမျိုးအမည်မသိတော့သော ရင်ခုန်ခြင်းများစွာဖြင့် ညရောက်လျှင် ကွန်ပျူတာရှေ့၌ သူမရဲ့ အီးမေးလ်ဝင်လာမည့် အချိန်ကို စောင့်ရလေသည်။

သိပ်မကြာခင်မှာပဲ သူမရဲ့ အီးမေးလ် ဝင်လာသည်။ ရေးလာသော ကဗျာလေးကား ...

"ငါ့ရင်ဘတ်ထဲက လိပ်ပြာတွေအကုန်လုံး
တောင်ပံခတ် ထွက်ပြေးသွားတဲ့အခါ
ရင်ခွင်တစ်ခုလုံး ဟောင်းလောင်းကျန်နေရစ်ခဲ့တယ်။





အဲဒီ ဗလာရင်ခွင်ထဲ ချစ်ခြင်းတွေအပြည့်ထည့်ပေးခဲ့တာက
မင်းပါ ... ချို။

နွေဝတ်လွှာ"

သူသည် ကဗျာလေးကို ထပ်ခါထပ်ခါဖတ်ရင်း ထိုညက ကွန်ပျူတာရှေ့မှာပင် မိုးလင်းသွားခဲ့ရလေသည်။ ကိုယ်က မင်းကို ချစ်ခြင်းတွေအပြည့် ထည့်ပေးသတဲ့လား။ ပြီးတော့ မင်းက ကိုယ့်ကို ချိုတဲ့လား။ ကိုယ့်အတွက် အချစ်ကို ကဗျာတစ်ပုဒ်နဲ့ မွေးဖွားပေးလိုက်တဲ့ ဝတ်လွှာရေ။

❄ ○ ❄

(၆)

သူနှင့်သူမ ချစ်သူတွေ ဖြစ်သွားသောအခါ သူမက သူ့ကို ချစ်စဖွယ်ကောင်းစွာပင် ချိုဟု ခေါ်ခဲ့ပါသည်။ အချစ်ကို အယုံအကြည်မရှိပါဟု ဆိုခဲ့သော သူမသည် သူ့ကိုတော့ ရင်ခုန်ဖွယ်ကောင်းအောင်ပင် ကြင်နာယုယခဲ့သည်။ သူနှင့် သူမတို့တွေ့ဆုံမှုမှာ သူများတကာတွေလို Shopping mall တွေ၊ ကော်ဖီဆိုင်တွေ မဟုတ်ခဲ့။ အဲဒါတွေထက် ခမ်းနားဆန်းကြယ်သည့် နှင်းဆီခင်းကြီးကြားမှာ ဖြစ်သည်။ တစ်နေ့တစ်နေ့ အလုပ်နှင့်ပတ်သက်၍ စိတ်ပင်ပန်းမှုတွေ များလာလျှင် သူမရဲ့ခြံကို ရောက်သွားတာနှင့် အပန်းပြေသွားရတာပင်။ တစ်ခါတစ်ရံ သူမရဲ့ဂျစ်ကားဖြင့် ပိုင်းဝေးလမ်းမကြီးပေါ် အပျင်းပြေ ကားလျှောက်မောင်းကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဝတ်လွှာက ကဗျာရေးတာ ဝါသနာပါလားဟင်"

"ဘာလို့မေးတာလဲ ချို"

"စိတ်တော့ မဆိုးနဲ့နော်၊ ဝတ်လွှာ ကိုယ့်ကိုပေးတဲ့ ကဗျာလေးက မဆုံးသေးဘဲနဲ့ပေးတာလို့ ကိုယ်ထင်လို့"

သူမက သူ့စကားကို သဘောတကျနဲ့ ခေါင်းမော့ရယ်ကာ သူ့မေးစေ့ကို လှုပ်ယမ်းလျက် ...

"ချို သိပ်တော်တယ်၊ ဟုတ်တယ် ချို၊ အဲဒါ မပြီးသေးတဲ့ကဗျာတစ်ပုဒ်ပါ"

သူက အံ့သြစွာဖြင့် ...

"မပြီးသေးဘဲနဲ့ ဘာလို့ပေးရတာလဲ၊ ဝတ်လွှာ ဆက်ရေးဖြစ်သေးလား"

သူမက သူ့နားသယ်စပ်လေးကို လက်ညှိုးလေးဖြင့်ဆော့ကစားနေရာမှ ခေတ္တငြိမ်သက်သွားသည်။

"ဆက်မရေးသေးဘူး ချို၊ ကျွန်မ တမင် မရေးသေးတာပါ၊ ရှေ့ဆက်ပြီး ဘာဖြစ်မယ်ဆိုတာ ကြိုမှ မသိနိုင်ဘဲ"

"ဘယ်လို ကြိုမသိနိုင်တာလဲ ဝတ်လွှာ၊ ကိုယ်နဲ့ ဝတ်လွှာက လက်ထပ်ကြမယ့်သူတွေ မဟုတ်ဘူးလား"

သူ့စကားကြောင့် ပြုံးရွှင်ရယ်မောနေသော သူမမျက်နှာသည် ဖျတ်ခနဲ တည်ငြိမ်သွားသည်။ ဘာမှတော့ ပြန်မပြောသေးချေ။





"ဝတ်လွှာကို ကိုယ် နားမလည်တာတော့ အမှန်ပဲ၊ ဝတ်လွှာရဲ့ဘဝကိုလည်း ကိုယ် ဘာမှ ပြည့်ပြည့်စုံစုံ မသိရဘူး၊ ဝတ်လွှာ ဘာတွေကို လျှို့ဝှက်ထားချင်ရတာလဲ၊ ဝတ်လွှာ ကိုယ့်ကို တကယ်ရော ချစ်ရဲ့လားဟင်"

သူ့စကားကြောင့် သူမ ဆတ်ခနဲဖြစ်သွားကာ အဓိပ္ပာယ်ဖော်ရခက်သည့် မျက်ဝန်းများဖြင့် စိုက်ကြည့်လာခဲ့ပါသည်။

"ကျွန်မ အချစ်ကို မယုံခဲ့သလို လက်ထပ်ခြင်းကိုလည်း မယုံခဲ့ဘူး ချို၊ ဘာလို့လဲဆိုတော့ ကျွန်မဟာ broken family က မွေးဖွားလာတဲ့ မိန်းမတစ်ယောက် ဖြစ်နေလို့ပဲ၊ ကျွန်မ ငါးနှစ်သမီးအရွယ်မှာ ကျွန်မ မိဘတွေရဲ့အိမ်ထောင် ပြိုကွဲသွားခဲ့တယ်၊ အကြောင်းရင်းက ဒယ်ဒီ့ရဲ့နာစ့်မှာ ဒယ်ဒီနဲ့ရတဲ့ကိုယ်ဝန် လွယ်ထားရပြီ ဖြစ်လို့ပဲ၊ ဒယ်ဒီက သိပ်တော်တဲ့ ဆရာဝန်တစ်ယောက်ပါ၊ ဒါပေမဲ့ ကျွန်မအတွက်တော့ ဖခင်ကောင်း မဖြစ်ခဲ့ဘူး၊ ကျွန်မ ငါးနှစ်သမီးအရွယ်မှာပဲ မာမီနဲ့အတူ စင်ကာပူကို အပြီးပြောင်းသွားခဲ့ကြတာ၊ မာမီဟာ ကျွန်မထက် ငါးဆလောက်ပိုချောတဲ့ အမျိုးသမီးပါ၊ ဒါပေမဲ့ ယောကျ်ားရဲ့ သစ္စာဖောက်ခြင်းကို ခံခဲ့ရတယ်၊ ဒါ ကျွန်မ မပြောချင်ဆုံး အကြောင်းတွေပဲ ချို၊ လူတစ်ယောက်ကို ကိုယ့်အကြောင်းတွေအားလုံး ဖွင့်ချပြမှ အချစ်စစ်လို့ သတ်မှတ်ရင်တော့"



www.burmeseclassic.com

www.burmeseclassic.com



သူမက စကားမဆက်တော့ဘဲ နှုတ်ခမ်းကိုက်လိုက် လျှင် သူ အတော် နောင်တရသွားခဲ့ပါသည်။ ဝတ်လွှာရယ် ကိုယ့် ရင်ခွင်မှာ မင်း နားခိုလှည့်ပါတော့။

❁ ○ ❁

(၇)

"မင်း လုပ်ရပ်တွေကို ရပ်တန်းကရပ်တော့ သားချို၊ မင်း နွေဝတ်လွှာကို ဖြတ်လိုက်တော့"

"ဗျာ ... မေမေ"

သူမနှင့် လက်ထပ်ဖို့အရေး တင်ပြမလို့ စိတ်ကူး ကြံစည်နေတုန်းမှာပင် မေမေ့ရဲ့စကားက သူ့ခေါင်းကို မိုးကြိုး ပစ်ချလိုက်သကဲ့သို့ ရှိလေသည်။

"မေမေ ဝတ်လွှာက သားချစ်တဲ့သူလေ၊ သား သူနဲ့ပဲ လက်ထပ်"

သူ့စကားပင် မဆုံးလိုက်။

"ငါ သဘောတူမယ်များ ထင်သလား၊ မင်းကို အစကတည်း က စသတိပေးခဲ့တယ်၊ မင်း စဉ်းစားကြည့်စမ်း၊ ငါတို့လို ထိတ်ထိတ်ကြဲ အသိုင်းအဝိုင်းက မင်း ဘယ်လို မိန်းမမျိုး ကို ယူမလဲဆိုတာ အားလုံး စောင့်ကြည့်နေကြတာ၊ မင်းကို စပ်ဟပ်တဲ့သူတွေကရော ဘယ်လို ထိတ်ထိတ်ကြဲ





တွေလဲ။ ဘာမဟုတ်တဲ့ ပန်းစိုက်တဲ့ မိန်းမကိုများ ငါက ချွေးမတော်ရမတဲ့။ ငါ့ရာဇဝင်ကို မဖျက်နဲ့ သားချို"

"ဒီလို မပြောပါနဲ့ မေမေ၊ ဝတ်လွှာက သားရဲ့ ကျေးဇူးရှင် ဆိုတာလည်း သတိရပါဦး"

"အဲဒီ ကျေးဇူးတွေကို မင်း ငွေဘယ်လောက်နဲ့ ဆပ်ချင်လဲ ပြော၊ မရှုးစမ်းနဲ့ သားချို၊ မင်း ဘယ်လောက်ချမ်းသာမှန်း သိလို့ မင်းကို အရေးပေးနေတာ အဟုတ်မှတ်မနေနဲ့၊ မိမရှိ၊ ဖမရှိ၊ ပတ်ဝန်းကျင် အသိုင်းအဝိုင်းမရှိ၊ ပညာ ဘယ်နှတန်းအောင်မှန်းမသိတဲ့ ဒီလို မိန်းကလေးမျိုးကို မင်းနဲ့ သဘောတူမယ်များ ထင်နေသလား၊ မင်းကို အခု ငါပြနေတဲ့ ဒေါက်တာငြိမ်းကိုရဲ့သမီးနဲ့ လက်ထပ်ပေးတော့ မယ်"

"ကျွတ် ... မေမေ လျှောက်မလုပ်နဲ့နော်၊ သား ဝတ်လွှာ ကလွဲပြီး ဘယ်သူ့ကိုမှ မယူနိုင်ဘူး၊ ဝတ်လွှာက ပညာ မတတ်တဲ့ မိန်းကလေးလည်း မဟုတ်ဘူး"

သူ့စကားကို မေမေက ဘာမှ မတုံ့ပြန်နိုင်တော့။ ရင်ဘတ်ကိုဖိလျက် လဲကျသွားတော့သည်။ တစ်အိမ်လုံး ပျာယာ တ်ကုန်ကြကာ ချက်ချင်းပင် SSC သို့ တင်လိုက်ရသည်။

နှလုံး ရောဂါအခံရှိသော မေမေ့အတွက် ပထမဆုံး ကြိမ် ဟာ့ထ်အတက်ခံရခြင်းပင်။ သတိပြန်လည်မလာသေးသော မေမေ့ရဲ့ လက်ဖဝါးများကို ဆုပ်ကိုင်ထားရင်းမှ သူ တိတ်တဆိတ်



www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်ကျရသည်။ ဖခင်မရှိသောဘဝမှာ မေမေသည်သာ သူ့ရဲ့ တစ်ခုတည်းသော မြတ်နိုးဖွယ်ရာပဲ ဖြစ်သည်။ သို့သော် တစ်ဖက်ကလည်း နာကျင်ခဲ့ဖူးသော ဝေဒနာရှင်ချစ်သူ၊ ကိုယ် ဘာလုပ်ရမလဲ ဝတ်လွှာရယ်။

❋ ○ ❋

(၈)

သူမသည် ချစ်ရသူချိုတစ်ယောက် တစ်ပတ်လောက် ပေါ်မလာ၍ သူ ဘာများဖြစ်သလဲလို့ စိုးရိမ်စိတ်ဝင်လျက် သူ့ဟန်းဖုန်းကို ခေါ်ကြည့်မှပင် သူ့မိခင် ဆေးရုံတင်ထားရကြောင်း သိရလေသည်။ သူကလည်း စိတ်ထိခိုက်နေဟန်ဖြင့် စကားသိပ် မပြောနိုင်ချေ။ သူမ သူ့အတွက်တော့ စိတ်မကောင်းပါ။

သို့သော် မြင်လိုက်တာနှင့် မာနကြီးလွန်းသည်ဟု သိသာသော သူ့မိခင်ကို သိပ်တွေ့ဆုံချင်စိတ် မရှိလှ။ ဒါပေမဲ့လည်း ဝတ္တရားရှိသည်မို့ သူမ သွားလိုစိတ်မရှိသော မြို့ပြရှုပ်ရှုပ်ထဲသို့ အလုပဆုံးနှင်းဆီတွေဖြင့် ရောက်လာခဲ့ရလေသည်။ SSC သို့ ရောက်လျှင် လူသိများထင်ရှားလှသော သူ့မိခင်၏ အခန်းကို ခက်ခက်ခဲခဲ မရှာဖွေလိုက်ရပါ။ သို့သော် အခန်းထဲတွင် သူ့ကိုတော့ မတွေ့ရ။ သူ့မိခင်က သူမကိုမြင်လျှင် ခါးသီးသွားသော မျက်လုံးများဖြင့် ...





"မင်း ဘာလာလုပ်တာလဲ နွေဝတ်လွှာ"

"ကျွန်မ အန်တီ နေမကောင်းဘူး ဆိုလို့ လာကြည့်တာပါ"

"မင်းရောက်လာတာနဲ့ အတော်ပါပဲ၊ မင်းကို အန်တီ ယဉ်ယဉ်ကျေးကျေးပဲ ပြောချင်တယ်၊ မင်းလည်း မာနရှိတဲ့ မိန်းကလေးတစ်ယောက်လို့ ထင်လို့ပါ၊ အန်တီ့သားကို အန်တီ အများကြီး မျှော်လင့်ထားတယ်ကွယ့်၊ အရာရာမှာ အကောင်းဆုံးတွေပဲ ရစေချင်တယ်၊ ဒီလိုပဲ သူ့ရဲ့ ဘဝကြင်ဖော်ကိုလည်း အစစအရာရာ ပြည့်စုံတဲ့ မိန်းကလေးမျိုးနဲ့ပဲ ဖြစ်စေချင်တယ်၊ အထူးသဖြင့် သားကို ဂုဏ်ရှိစေမယ့် ဘယ်သွားသွား ပွဲဝင်ဆံ့တဲ့ မိန်းမမျိုးပေါ့၊ အဲဒီ မိန်းကလေးမျိုးဟာ မင်း မဖြစ်နိုင်ဘူး နွေဝတ်လွှာ၊ သားနဲ့မင်းဟာ မလိုက်ဖက်လှပါဘူးကွယ်၊ အန်တီ မင်းကို ချွေးမအဖြစ်လည်း အသိအမှတ်မပြုနိုင်ပါဘူး၊ ဒီတော့ မင်း ဘာလုပ်သင့်လဲဆိုတာ သဘောပေါက်မှာပါ"

သူမရဲ့ လက်ထဲမှ ပန်းစည်းကို ပြုတ်မကျမိစေရန် တင်းတင်းဆုပ်ကာ ခုတင်အနားသို့ တရွေ့ရွေ့ တိုးကပ်သွားလျက် ပန်းအိုးထဲသို့ ပန်းစည်းကို ထိုးစိုက်ပေးလိုက်သည်။ ဒေါ်ထက်ထက်ချိုက သူမကို မမိုတ်မသုန် အကဲခတ်နေ၏။

"ဟုတ်ကဲ့ ကျွန်မ သဘောပေါက်ပါပြီ၊ အန်တီ အမြန်ဆုံး ကျန်းမာပါစေလို့ ဆန္ဒပြုပါတယ်၊ ခွင့်ပြုပါဦး..."



www.burmeseclassic.com

www.burmeseclassic.com



သူမက ချာခနဲ လှည့်ထွက်လာခဲ့သည်။ တံခါးအဖွင့်တွင် သူနှင့်ပက်ပင်းကို ဆုံတွေ့လေသည်။ သူမကို မြင်သောအခါ သူ အတော်ကို အံ့ဩသွားပုံရသည်။ အခါများစွာကထက် သိသာစွာ ညှိုးရော်သွားသော သူ့ပုံစံကို ကြည့်ခြင်းအားဖြင့် သူ့အမေအတွက် သူ တော်တော်ခံစားနေရမှန်း သိသာလှသည်။

"ဝတ်လွှာ ကိုယ် ဘာလုပ်ရမလဲ ဝတ်လွှာရယ် ဟင်"

သူ့အသံသည် စိတ်ထိခိုက်ခြင်းများစွာဖြင့် ကွဲကြေလို့နေလေသည်။ အခါများစွာကလို သူ့ကို ရင်ခွင်ထဲမှာ ထား၍ နှစ်သိမ့်ပေးနိုင်ခွင့် မရှိတော့။ သူ့လက်ဖဝါးများကိုသာ နောက်ဆုံးအနေဖြင့် တင်းတင်းဆုပ်ကိုင်လျက် လူရှင်းသော စင်္ကြံထောင့်ချိုးသို့ ခေါ်လာခဲ့သည်။

"ဒီမှာ ချို၊ အမေဆိုတာ ကိုယ့်အတွက် တစ်ယောက်တည်းပဲ ရှိတယ်၊ ဆုံးရှုံးသွားရင်လည်း အစားပြန်မရတာတတ်ကြပါဘူး၊ ဘယ်တော့မှ မမှားတဲ့ ဆုံးဖြတ်ချက်တစ်ခုကို ရှင်ရဲရဲသာ ချလိုက်စမ်းပါ"

"ဝတ်လွှာရယ် မင်း ကိုယ့်အပေါ် ဒီလောက် နားလည်ပေးဖို့ လိုလို့လား"

"လောကကြီးမှာ ဆုံးရှုံးတယ်ဆိုတဲ့ လူတွေဟာ ပိုင်ဆိုင်ထားကြလို့ပါ၊ ဝတ်ဘိုင် ချို၊ ကျွန်မ အပြီး နှုတ်ဆက်ခဲ့ပါတယ်၊ မပြီးသေးတဲ့ ကျွန်မရဲ့ ကဗျာလေးကိုလည်း တစ်နေ့နေ့ကျရင်တော့ အပြီးသတ်ရေးပြီး ရှင့်ဆီ အရောက်ပို့ပေးလိုက်ပါ့မယ်"





သူမကိုယ်တိုင် ချုပ်ပေးခဲ့သော အခုထိ အမာရွတ်လေး ကျန်နေဆဲဖြစ်သော သူ့နားထင်မှ ဒဏ်ရာလေးကို နောက်ဆုံးအကြိမ်အဖြစ် ခပ်ဖွဖွနမ်းကာ တိတ်တဆိတ် လှည့်ထွက်လာခဲ့သည်။ ကိုယ် ဘာလို့ မငိုမိတာပါလိမ့်။ ကိုယ့်မှာ ငိုဖို့ ခွန်အားကို မရှိတော့ပါ ချိုရယ်။

❋ ○ ❋

(၉)

အဖြစ်အပျက်များ ပြီးဆုံးခဲ့ပြီးနောက် စိတ်ချမ်းသာမှု တစ်ခုရသွားသော မေမေသည် ပြန်လည်ကျန်းမာလာခဲ့ပါသည်။ နေကောင်းလာသည်နှင့်တစ်ပြိုင်နက် တက်တက်ကြွကြွ စီစဉ်တော့သည်မှာ သူ့ရဲ့ မင်္ဂလာကိစ္စကိုပဲ ဖြစ်သည်။ နှလုံးအထူးကုသမားတော်ကြီး ဒေါက်တာငြိမ်းကို၏ သမီးဖြစ်သူနှင့် သူ့ရဲ့ မင်္ဂလာပွဲကို ခြိမ့်ခြိမ့်သဲ ကျင်းပဖို့အတွက် အစီအစဉ်များ ရေးဆွဲရသည်မှာ မမောနိုင် မပန်းနိုင်ချေ။

မတော်ရသေးသော ချွေးမလောင်းကိုလည်း ဖူးဖူးမှုတ်ထားသည်မှာ သူပင် မျက်စိနောက်ယူရသည်။ ဟိုကိစ္စ၊ သည်ကိစ္စတွေနှင့် အာရုံတွေနောက်ကျိရတိုင်း သူ ပြေးသွားလိုက်ချင်သည်မှာ ဝတ်လွှာ၏ နှင်းဆီခြံကြီး ရှိရာကိုသာဖြစ်သည်။ ဝတ်လွှာရယ် မင်းရော ဘယ်လိုများနေမှာပါလိမ့်။ မင်းကတော့ အဆင်ပြေမှာပါ၊ မင်းချစ်တဲ့ သစ်ပင်တွေကြားမှာ မင်း စိတ်ချမ်းသာနေမှာပါ။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တွင်တော့ ဦးငြိမ်းကိုထံမှ မမျှော်လင့်သော စကားတစ်ခွန်း ကြားခဲ့ရပါသည်။ အဲဒီအချိန်တွင် မေမေရော သူ့ဇနီးလောင်းလေးပါ ရှိနေချိန်ဖြစ်သည်။

"ဒီလိုပါ ဒေါ်ထက်ထက်ချို၊ ဖိတ်စာရိုက်တဲ့ အခါမှာ ကျွန်တော့်ဘက်က တောင်းဆိုချင်တာလေးတစ်ခု ရှိလို့ပါ"

"ဘာများလဲ ပြောပါရှင်"

"တကယ်တော့ ကျွန်တော့်မှာ သမီးနှစ်ယောက်ရှိတာပါ၊ ပထမအိမ်ထောင်နဲ့ သမီးတစ်ယောက် ရခဲ့တယ်၊ သူက ငါးနှစ်သမီးတည်းက သူ့အမေနဲ့အတူ စင်ကာပူကို ပါသွားခဲ့တာ၊ ဟိုမှာပဲ ကျောင်းတက်ပေါ့လေ၊ သူက ကျွန်တော့်ရဲ့ Geneပါတယ်၊ ဆရာဝန်ပဲ၊ သိပ်တော်ပါတယ်၊ လွန်ခဲ့တဲ့ ခြောက်နှစ်ကမှ မြန်မာပြည်ကို ပြန်ရောက်လာတာ ...

သူ့မိခင်ကတော့ ဆုံးရှာပါပြီ၊ သမီးက ကျွန်တော့်ကို close မဖြစ်ပေမယ့် ကျွန်တော်ကတော့ သူ့ကို အဝေးကနေ စောင့်ရှောက်ပါတယ်၊ အခုဟာက ဖိတ်စာမှာ ကျွန်တော့် သမီးတစ်ယောက်အနေနဲ့ သူ့နာမည်ကို ထည့်ချင်လို့ပါ၊ ပြီးတော့ ကျွန်တော့်ရဲ့သမီးအဖြစ်လည်း ပွဲထုတ်ချင်တယ်"

"သြော် ဒါများရှင် ရပါတယ်၊ ဒေါက်တာတို့များ ကိုယ့်သမီး ဆရာဝန်ရှိတာကို အခုမှပဲ ပြောတော့တယ်"





"သူက ဆရာဝန် မလုပ်ပါဘူး၊ ပြီးတော့ သတ်သတ်နေတာပါ၊ အရမ်း braveဖြစ်တဲ့ သမီးပါ၊ အခုတော့ သူ့ရဲ့ ထက်မြက်မှုတွေကို သိုဝှက်ပြီး သူ့ဝါသနာနဲ့ပဲ ပျော်မွေ့နေတော့တာ"

"အင်း ... ကျွန်မလည်း သားနှစ်ယောက်မွေးထားရင် အကောင်းသားရှင်၊ ဒါထက် သမီးကြီးနာမည်က ဘယ်သူတဲ့တုံး"

"နွေဝတ်လွှာတဲ့ သမီးက မော်ဘီမှာနေတယ်"

ဒေါက်တာက ဂုဏ်ယူစွာပြောလိုက်သော နာမည်တစ်ခုသည် သူ့ဦးခေါင်းကို မိုးကြိုးပစ်ချလိုက်သလို နားစည်တစ်ခုလုံး ပွင့်ထွက်မတတ် ရိုက်ခတ်သွားခဲ့ပါသည်။ အဲဒီ အခိုက်အတန့်၌ သူ့ရင်ထဲတွင် ဘာမှ မကျန်တော့လောက်အောင် ဟာင်းလင်းပွင့်သွားသလိုပင်။ သူမ တမြတ်တနိုး နမ်းရှိုက်ခဲ့သော သူ့နားထင်မှ အမာရွတ်လေး။ ဆရာဝန်ခေါ်ဖို့ အလုပ်ရှုပ်သွားမှာပဲနော်ဟု ဆိုခဲ့စဉ်က ပြုံးစစဖြစ်သွားသော နှုတ်ခမ်းထောင့်စွန်းများ။

အားလုံးသည် သူ့မြင်ကွင်းထဲ၌ မှုန်ဝါးဝေသီလို့လာသည်။ သူ့မျက်လုံးထဲတွင် အလင်းရောင်ဟူ၍ စိုးစဉ်းမျှမရှိတော့။ အချစ်ကို မင်း မယုံကြည်ခဲ့တာပဲ ကောင်းပါတယ် ဝတ်လွှာရယ်။

❀ ○ ❀



www.burmeseclassic.com

www.burmeseclassic.com



(၁၀)

စီးပွားရေးလောကမှ ထိတ်ထိတ်ကြဲ လုပ်ငန်းရှင်များ၊ ဆေးလောကမှ ထိတ်ထိတ်ကြဲပုဂ္ဂိုလ်ကြီးများဖြင့် အင်မတန်ခမ်းနားကြီးကျယ်သော သူ့ရဲ့ မင်္ဂလာပွဲကြီးသို့ သူမ ရောက်မလာခဲ့ပါ။ သို့သော် ရင်သပ်ရှုမောရလောက်သည့် နှင်းဆီခန်းမကြီး ဖြစ်စေရန်အတွက် များပြားလှသော နှင်းဆီတွေကို စပွန်ဆာပေးခဲ့ပါသည်။

ပြီးတော့ နေ့စဉ်နှင့်အမျှ သူ မျှော်လင့်တောင့်တခဲ့ရသော မပြီးဆုံးသေးသည့် ကဗျာတစ်ပုဒ်ကိုလည်း အဆုံးသတ်ရေးဖွဲ့ကာ သူ့အတွက် သီးသန့်လက်ဖွဲ့အဖြစ် ပေးအပ်ခဲ့သေးသည်။ ကိုယ်က မင်း ဘယ်တော့မှ ပိုင်ဆိုင်ခွင့်မရတော့မယ့် မင်းရဲ့အဝေးရောက်ကဗျာတဲ့လား ဝတ်လွှာ၊ ကိုယ့်နားထဲမှာတော့ နှင်းဆီရှိုက်သံတွေ ကြားနေရသလိုပဲ။

သူ နှာကျင်စွာဖြင့် တစ်ချက် ပြုံးလိုက်သည်။ သူ့ရဲ့ မျက်လုံးထောင့်များ ရုတ်တရက် စိုစွတ်လာသည်ဟု ထင်၏။ အားလုံးက မင်းကို ပေးဆပ်သူလို့ ထင်ကြေးပေးကြမယ် ဝတ်လွှာ။ တကယ်တော့ မင်းကသာ အားလုံးဆီက ရသွားခဲ့တာပါ၊ သူ၏ မျက်လုံးများကို အပြီးတိုင် မှိတ်ချလိုက်ချိန်တွင် နှင်းဆီခင်းများကြား၌ အလုပ်ရှုပ်နေသော သူမကို လောကကြီးအား ကျေနပ်သည့် အပြုံးတစ်ခုဖြင့် လွမ်းမောဖွယ်ရာ တွေ့မြင်လိုက်ရလေသည်။

❄ ○ ❄





www.burmeseclassic.com



သူမရဲ့ဘဝဟာ လူရယ်လို့ စသိလာကတည်းက အဲဒီ ဝမ်းနည်းမှုတွေနှင့် စတင်ခဲ့ရတာ ဖြစ်သည်။ အဲဒီ ဝမ်းနည်းခြင်းတွေရဲ့ ကြားမှာပဲ နွေးထွေးမှု၊ ကြင်နာသနားမှု၊ ချစ်ခင်ယုယမှုတို့ကိုလည်း တစ်ပြိုင်နက် ရရှိခဲ့ခြင်းသည် ဘုရားရှင်၏ ငဲ့ညှာသနားတတ်သော မေတ္တာတော်ကြောင့် ဖြစ်ပါလိမ့်မည်။ ပန်းရောင်စုံဖူးပွင့်နေသော ပန်းမြို့တော် ပြင်ဦးလွင်၌ နေထိုင်သည့် သူမတို့မိသားစု၏ ဘဝလေးသည် ထာဝရ ငြိမ်းအေးမှုများနှင့် ကြုံရလိမ့်မည်ဟု မျှော်လင့်ထားခဲ့သော်လည်း ကံကြမ္မာသည် ခြောက်နှစ်အရွယ် နုနယ်သော ကလေးမလေးတစ်ဦး၏ နှလုံးသားကို ရက်ရက်စက်စက် နင်းခြေခဲ့လေသည်။

ဖေဖေနှင့် မေမေ ပြီးလျှင် သူမ ဘဝမှာ အတွယ်တာရဆုံးမှာ ကိုကိုညီတို့ မိသားစုပင် ဖြစ်သည်။

သူမထက် အသက်နှစ်နှစ်ခန့်ကြီးသော တစ်ဦးတည်းသောသား ကိုကိုညီ၏ ချစ်ခင်တွယ်တာရသူမှာ သူမပင် ဖြစ်သလို အခြား ခင်တွယ်စရာ မောင်နှမသားချင်းမရှိသော သူမအဖို့လည်း ကိုကိုညီကိုသာ အားကိုးခင်မင်ခဲ့ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖြူစင်သော သံယောဇဉ်နှင့် တွယ်တာနေဆဲ အချိန်မှာပင် ကိုကိုညီ့ရဲ့ဖခင်က တာဝန်ကျရာ ရန်ကုန်ကို ပြောင်းရတော့မည် ဆိုသောအခါ ခွဲရတော့မည်အသိနှင့် ရင်မှာ နာကျင်ရသည်။

ဒါဟာ နုနယ်သော နှလုံးသားလေးမှာ စတင်၍ ခံစားရသော ဝေဒနာ ဖြစ်သည်။

သို့သော် လောကကြီးသည် မထင်မှတ်ထားသော အရာများစွာကို ဖန်တီးပေးတတ်ကြောင်းနှင့် ဘယ်အရာကိုမှ သေချာပေါက် တွက်ဆ၍မရကြောင်း နမူနာ ဆိုးဆိုးရွားရွား ပေးခဲ့လေသည်။

"ဏီဏီ မေမေနှင့်ဖေဖေ လာရှိုးကို သွားရမယ်၊ ဏီဏီ လိုက်ချင်လား"

မေမေက သူမ ခေါင်းလေးကိုပုတ်၍ ကြင်နာစွာ မေးသည်။ သူမ စိတ်ထဲတွင် လိုက်လည်းလိုက်ချင်သည်။ ကိုကိုညီနှင့်လည်း ဆော့ချင်သေးသည်။ ကိုကိုညီတို့က နောက်သုံးရက်နေရင် သွားတော့မည်ဟု ပြောထားသည်ပဲ။ ဏီဏီ့အတွက် ဆွယ်တာ အပြီးသတ် ထိုးပေးနေသော ကိုကိုညီ့မိခင် အန်တီကျော့်က ...

"ကလေးကို ထားခဲ့ပါ မာမာရယ်၊ ခရီးပန်းပါတယ်၊ သန်ဘက်ခါ ပြန်လာမှာပဲဥစ္စာ၊ ကျော့်နှင့် ထားခဲ့နော်၊ သမီးလေး တီတီကျော့်နှင့် နေမယ်မဟုတ်လား"

"ဟုတ်"

"အေး ... သိပ်လိမ္မာတဲ့ ဏီဏီလေး"





မေမေကလည်း သူမ မမွေးခင်ကတည်းကပင် ခင်မင်ရင်းနှီးခဲ့သော အန်တီကျော့် လက်ထဲတွင် သူမကို စိတ်ချလက်ချ ထားခဲ့လေသည်။ သူမကလည်း ကိုကိုညီနှင့်ဆော့ရင်း ကစားရင်း အန်တီကျော့်၏ နွေးထွေးသော မေတ္တာရိပ်တွင် ပျော်နေခဲ့သည်။

မေမေတို့ လားရှိုးသွားပြီး ပြန်ရောက်မည့်နေတွင် ကိုကိုညီနှင့် ဏီဏီ ဘောလုံးပုတ်၍ ဆော့နေခြင်းဖြစ်သည်။ ဏီဏီ ပုတ်လိုက်သော ဘောလုံးသည် ရှူးကော့စ်ပေါ်ရှိ ဖန်ပန်းအိုးကို ပစ်တိုက်သွားလေသည်။ ဖန်အိုးနှင့် ကြမ်းပြင်ထိ၍ ကျကွဲသံသည် ဏီဏီ့ ရင်ထဲတွင် သိမ့်ခနဲ တုန်သွားသည်။ ကိုကိုညီက ...

"ဏီဏီ အရမ်းမသွားနှင့် စူးမယ်နော်၊ မေမေ လာပါဦး"

မီးဖိုခန်းထဲမှ အန်တီကျော့် အပြေးအလွှား ထွက်လာသည်။

"ဟယ် ... ပန်းအိုးကွဲသွားတာကိုး၊ ဏီဏီ့ရယ် နိုက်မိမှဖြင့်၊ သားညီကလည်း အကြီးဖြစ်ပြီး ပြောနေရတယ်၊ ကဲ ... မလုံးရေ လာပါဦး၊ ဖန်စတွေ လာသိမ်းဦး"

အန်တီကျော့် မျက်နှာတစ်မျိုး ဖြစ်သွားသည်ကို သူမ အခုချိန်ထိ မှတ်မိနေဆဲ ဖြစ်သည်။ ကိုကိုညီနှင့် တိတ်တဆိတ် လှေကားရင်းမှာ သွားထိုင်နေကြသည်။ အေးစက်နေသော သူမ လက်လေးတွေကို နွေးထွေးစွာ ဆုပ်ကိုင်ထားသည်ကို ယခုထက်တိုင် အမှတ်တနေမိသည်။ နေ့ခင်း ထမင်းစားချိန်အထိ ရင်ထဲမှာ တစ်မျိုးဖြစ်ကာ စားမဝင်ချေ။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ဧည့်ခန်းမှ တယ်လီဖုန်းမြည်သံ ထွက်ပေါ်လာသည်။ အန်ကယ်မင်းက ထမည်အပြု အန်တီကျော့်က လက်ကာပြကာ ထထွက်သွားသည်။ အတော်ကြာ ဧည့်ခန်းထဲရှိ အန်တီကျော့်၏ အော်သံ စူးစူးဝါးဝါး ပေါ်ထွက်လာသည်။

"လာပါဦး ကိုမင်းရေ၊ ဒုက္ခတော့ များပြီ"

အန်ကယ်မင်း ပြေးသွားသည်နှင့် နောက်မှ ကိုကိုညီက သူမ လက်ကိုဆွဲကာ ဧည့်ခန်းထဲသို့ ပြေးထွက်လာခဲ့သည်။ မျက်ရည်စတွေနှင့် အန်တီကျော့် မျက်ဝန်းမှာ ကြေကွဲပျက်သုဉ်းလျက်။

"ကိုမင်း မာမာတို့ ဂုတ်တွင်းမှာ အက်ဆီးဒင့်ဖြစ်လို့ နေရာတွင်ပဲ ပွဲချင်းပြီး"

"ဘာ"

အန်ကယ်မင်း၏ အာမေဋိတ်သံအဆုံး သူမ မျက်ဝန်းထဲသို့ ရောင်စဉ်တန်းများ ပြေးဝင်လာပြီး ဘာဆို ဘာမှ မမြင်ရတော့ချေ။ တောင့်တင်းကာ ငေး၍ ကြောင်စီနေသော သူမရဲ့ ကိုယ်ခန္ဓာလေးကို အန်တီကျော့်က လာထွေးပွေ့ကာ ငိုးရင်း ...

"သမီး ... သမီး မေမေ ဆုံးပြီ"

သူမ ခန္ဓာကိုယ်သည်လည်း အန်တီကျော့် ရင်ခွင်ထဲ ပြိုလဲကျသွားတော့သည်။

❁ ○ ❁





အမှောင်ထုကြီးထဲမှ ပင်ပန်းစွာ ပြေးထွက်လာရသော သူမ၏ မျက်စိထဲတွင် မြူခိုးတွေကြားထဲမှာ ဖေဖေနှင့် မေမေ့ကို မြင်တွေ့ရသည်။ ဖေဖေနှင့် မေမေက အဖြူရောင် ဝတ်စုံတွေနှင့် သူမကို လက်ယပ်ခေါ်နေသည်။ သူမ ပြေးအသွားမှာပဲ လေမုန်တိုင်း တိုက်လာပြီး တကွဲစီ ဝေးကွာသွားတော့သည်။

"မေမေ ... မေမေ ဏီ့ကို မထားခဲ့ပါနှင့်၊ မေမေ"

"ဏီဏီ၊ ဏီဏီ သတိထားလေ သမီး၊ အန်တီကျော့် ရှိတယ်လေ"

ကိုကိုညီက သူမ လက်များကို နွေးထွေးစွာ ကိုင်ထားရင်း ...

"ညီမလေး ကိုကိုညီ ရှိတယ်လေ၊ မကြောက်နှင့်နော်"

ကိုကိုညီ၏ နွေးထွေးသော အားပေးသံကြောင့် သူမ ရင်ထဲ နွေးထွေးသွားရသော်လည်း ဝမ်းနည်းစိတ်က ရင်ထဲ လှိုက်တက်လာသည်။ မျက်ရည်စများက အလိုလို စီးကျလာသည်။ တယ်လိုနည်းနှင့်မှ တိုင်းတာ၍ မရသော ဝမ်းနည်းခြင်းမျိုးကို ရင်နှင့်မဆံ့အောင် ခံစားရသည်။ ပါးစပ်က ကြုံကြုံပါအောင် အော်မငိုခဲ့ပေမဲ့ ရင်ထဲမှာ အူသည်းပြတ်မတတ် ခံစားနေရခြင်းသည် ကလေးတစ်ယောက်အတွက် ကောင်းသော အလားအလာ မဟုတ်ဆိုတာကို အန်တီကျော့် သိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုကလေးမလေး၏ ဘဝကိုလည်း တာဝန်ယူမည်ဟု ဆုံးဖြတ်ခဲ့ပြီးပြီ။ မိသားစု ဆရာဝန်၏ ပြောကြားချက်အရ နရဏီမှာ မွေးလာကတည်းက မိခင်နှင့်တူစွာ နှလုံးအားနည်းသည့် ရောဂါပါလာခဲ့ပြီး အခုတစ်ကြိမ်တွင် ပြင်းပြင်းထန်ထန် ခံစားလိုက်ရသောကြောင့် အခြေအနေ တစ်ဆင့်တိုးသွားခဲ့သည်။ နရဏီ ရောဂါသည် စိတ်နှင့် လုံးဝ သက်ဆိုင်သွားပြီမို့ နရဏီကို အမွေစား အမွေခံ မွေးကာ တစ်သက်လုံး ထိန်းသိမ်းစောင့်ရှောက်သွားတော့မည်။

နရဏီ ကံကောင်းပါစေတော့။

❁ ○ ❁

နရဏီ၏ ကြေကွဲဖွယ်ကောင်းသော အတိတ်ဆိုးကို ပြင်ဦးလွင်မှာ အပြီးအပိုင် ထားခဲ့ပြီး လူသစ်စိတ်သစ် ဘဝဖြင့် နေနိုင်ရန် ကြိုးစားခဲ့သည်။ နရဏီ မိခင်၏ အစ်ကို၊ နရဏီ ဦးလေးက လက်ရှိ လုပ်ငန်းများကို အကျိုးတူ ပူးပေါင်းပြီး လစဉ် ဝင်ငွေများကို ဘဏ်ထဲ ထည့်ပေးသည်။ ဦးလေးမှာလည်း မိသားစုများသောကြောင့်လည်းကောင်း၊ နရဏီကိုယ်၌လည်း အန်တီကျော့်ကို ပိုခင်တွယ်သောကြောင့်လည်းကောင်း အန်တီကျော့်တို့နှင့်နေရန် ခေါင်းညိတ်ခဲ့သည်။ ပြင်ဦးလွင်ရှိ ခြံနှင့် ဟိုက်ကိုတော့ အငှားတင်ခဲ့လေသည်။





မိခင် ဖခင်ရင်းနှင့်မခြား နွေးထွေးသော မေတ္တာရိပ်ကြောင့် သူမ ဘဝလေးသည် တစ်စတစ်စနှင့် တည်ငြိမ်စ ပြုလာသည်။ အချိန်ရာသီတို့ ပြောင်းလဲလာသည်နှင့်အမျှ အေးအေးချမ်းချမ်းရှိခဲ့သော ဘဝလေးကို နွေးထွေးစေရန် ကိုကိုညီ၏ မေတ္တာတရားကလည်း အမြဲ ပံ့ပိုးပေးခဲ့သည်။ ရှစ်တန်းအရွယ်ကတည်းက ယောကျ်ားပီသခန့်ချောသော မင်းညီညီဆိုသော ကိုကိုညီ့ကို စတင်စာတ်လမ်းလုပ်သော မိန်းကလေးများစွာကိုလည်း ကိုကိုညီ စိတ်မဝင်စားခဲ့ပေ။ ဆယ်တန်းကျောင်းသားကြီး ဖြစ်လာတော့ အရင်ထက် စတားဖြစ်ခဲ့သော ကိုကိုညီ၏ မေတ္တာသည် သူမထံမှ တစ်ရွေးသားမျှ လျော့မသွားခဲ့ပေ။

"ဏီ ... နင်က ဆံပင်ရှည်နှင့် လိုက်တယ်၊ ဆံပင်ရှည်ချန်ပါလား"

သူမ ရှစ်တန်းနှစ်က ကိုကိုညီက ဆံပင်ရှည် ချန်ခိုင်း၍ ချန်ရန် စိတ်ကူးတော့ အန်တီကျော့်ကပင် ...

"သားညီရယ် ဏီက ချူချာရတဲ့အထဲ ခေါင်းလျှော်ရတာနှင့် ခက်နေမယ်"

"ဟား ... ဏီဏီ့ကို သား လျှော်ပေးမှာ မေမေရ၊ ဟိတ် ... ဏီဏီ ဆံပင်ရှည်ထားပြီး ဟန်များမယ် မကြဲနှင့်၊ လက်သီးပဲ"

"ဟင် ... ကိုကိုညီနော်၊ သူပဲ ချန်ခိုင်းပြီးတော့၊ မြင်လား အန်တီကျော့် ဏီ့ကို ရန်လုပ်ပြီ"



www.burmeseclassic.com

မျက်ရည်က ချက်ချင်း ဝဲတက်လာလျှင် ကိုကိုညီက ချက်ချင်း လာချော့တတ်သည်။ သူမအပေါ် ကိုကိုညီ၏ သည်းခံ ခွင့်လွှတ်မှု၊ ယုယမှု၊ ကြင်နာတတ်မှုတို့သည် ဒီကမ္ဘာပေါ်တွင် နောက်ထပ် ဘယ်တော့မှ ထပ်မပေါ်လာနိုင်တော့သည့် အရာမျာ ဟု တွေးထင်ထားခဲ့သည်။ ကိုကိုညီကလွဲလို့ ကျန်သောသူမျာ အားလုံးသည် သူမအတွက်တော့ ကိုကိုညီ၏ စွပ်ကျယ်တစ်ထည် မျှလောက်ပင် အရေးမပါလှပါ။ ကိုကိုညီ၏ လှုပ်ရှားသွားလာ ပြုမူ ပြောဆိုဟန်တို့ကို ခံစားတတ်စ နှလုံးသားမှာ တငြိငြိတွယ် လာရင်း သူမ၏ အိပ်မက်များကို စိုးမိုးသူမှာ ကိုကိုညီ ဖြစ်လာခဲ့ သည်။

တွေ့တိုင်း ရှက်ရွံ့စွာဖြင့် ရင်ခုန်တတ်ခြင်းကို ဆန်းစစ် မိတော့ စိုးရိမ်စိတ်က တိတ်တဆိတ် ဝင်လာသေးသည်။ အို ... ကိုကိုညီဟာ ငါ့ကို တဖွဖွနှင့် ချစ်တယ်လို့ ပြောခဲ့သေးတာပဲ၊ အဖြူရောင် မြစ်ဇာစ်စင်းကို အမြင်မှားခဲ့သော သူမအတွက် ကြေကွဲစရာ အဖြစ်ဆိုးကို ယူဆောင်လာမည်မှာလည်း သူမ ကိုယ်တိုင်ပင် ဖြစ်ချေတော့သည်။ အချစ်ဆိုတာ နေရာအမျိုးမျိုး တိုင်းအတွက် ပေါက်ဖွားနိုင်တာပဲ။

❁ ○ ❁

ဆယ်တန်းအောင်စာရင်း ထွက်မည့်နေ့သည် ရင်ခုန် နှုန်း အမြန်ဆုံးနေ့ ဖြစ်နေသည်။ ထိုင်မရ ထမရနှင့် ဂနာမငြိမ်





ဖြစ်နေသော သူမကို အန်တီကျော်က နှစ်သိမ့်သော်လည်း မရချေ။ ပေါက်ဝကိုသာ လည်တဆန့်ဆန့် ဖြစ်နေသည်။ မကြာမီ မြဲထဲသို့ ကွေ့ဝင်လာသော ကားကိုမြင်မှ အပြင်သို့ အပြေးအလွှား ထွက်ခဲ့သည်။ ကိုကိုညီက ကားပေါ်မှ ပြုံးကာ ဆင်းလာသည်။

"ကိုကိုညီ ဏီဏီ အောင်ရဲ့လား၊ ဂုဏ်ထူးရော"

ကိုကိုညီ့ မျက်နှာက ပြုံးသော်လည်း မအီမလည် ဖြစ်နေသည်။

"အောင်ပါတယ် ဂုဏ်ထူးက မပါလည်း ဘာအရေးလဲကွာ၊ အမှတ်ကောင်းမှာပါ"

သူမရင်ထဲ နင့်ခနဲ ခံစားသွားသည်။

"လာပါ ဟိုမှာ မေမေ့ကို သွားပြောရအောင်"

သူမ ပခုံးကို အသာဖက်ရင်း လှေကားပေါ်သို့ တက်လာခဲ့သည်။

ကိုကိုညီ့ ပခုံးကိုမှီကာ မျက်ရည်တွေက စီးကျလာ သည်။ ဒီလိုဆိုဖြင့် ကိုကိုညီနှင့် အတူတူတက်မည်ဟု ရည်မှန်း ထားသော စက်မှုတက္ကသိုလ်နှင့် ဝေးပြီပေါ့။ သူမ ရင်တွင်းမှ အတမ်းတဆုံး ဆန္ဒတစ်ခု ကင်းလွတ်သွားပြီ ဖြစ်သည်။

"ဏီဏီက ကိုကိုညီနှင့် အတူတူ ကျောင်းတက်မှာ"

"ကြိုးစားလေ ဏီရဲ့"

"ရကို ရစေရမယ်"

"ဟုတ်ပါပြီတဲ့ဗျား"



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



ရင်တွင်းစကား တချို့ကို ပြန်လည်သတိရမိကာ ဝမ်းနည်းစိတ်က ထိန်းမရစွာ လှိုက်တက်လာသည်။ စာကို ကြိုးစားခဲ့ပါလျက်နှင့် ဏီ့ရဲ့ ဦးနှောက်က ဉာဏ်မမီတာကို သူမ ဘယ်လို အင်အားများနှင့် ဖြေသိမ့်ရမည်လဲလေ။ အန်တီကျော်က သူမကို အသာပွေ့ဖက်ကာ ဖျောင်းဖျသည်။ အသံတိတ်ငိုရင်း ရင်ထဲမှ မွန်းကျပ်လာသည်။ တဖြည်းဖြည်း နှလုံးဘက်မှ ရှူးအောင့်လာသည်။ ဒီလိုသာ မကြာခဏ ဖြစ်နေရင်တော့ ကြာရင် သူမ သေဖွယ်သာရှိလေသည်။

"သမီး ဏီ အရမ်းမောနေလား၊ ဘာမှ စိတ်ထဲ မထည့်နှင့်နော်၊ သမီး အောင်တာကိုက တော်လို့ပေါ့ကွယ်၊ သားညီ ဒေါက်တာထွန်းစိန်ဆီ ဖုန်းဆက်လိုက်"

လမ်းပင် မလျှောက်နိုင်အောင် အားအင်တွေ ချည့်နဲ့နေသော သူမကို ကိုကိုညီက အခန်းထဲ ပွေ့ခေါ်သွားသည်။ ဒေါက်တာ ထိန်းစိန် ရောက်လာပြီး သူမကို လိုအပ်သည့် စစ်ဆေးမှုများ ပြုလုပ်ကာ ဆေးထိုးပေးသည်။

"လူနာ သိပ် စိတ်ထိခိုက် မခံပါနှင့်၊ ခံစားချက် မပြင်းထန်ပါနှင့်၊ အေးအေးဆေးဆေးပဲ နေပါ၊ ဒေါ်အေးအေးကျော်တို့ကလည်း ကလေးမရဲ့ စိတ်ချမ်းသာမှုကို အဓိကထားပါ၊ ကျွန်တော် ထပ်လာပါဦးမယ် ခွင့်ပြုပါဦး"

အန်တီကျော်က နဖူးတစ်ချက်စမ်းပြီး အခန်းထဲမှ ထွက်သွားသည်။ ကိုကိုညီက သူမ နံဘေးတွင် ဝင်ထိုင်ပြီး





ဖျော့တော့နေသော လက်ကလေးများကို ကြင်နာစွာ ကိုင်လိုက်သည်။ ကိုကိုညီ့ မျက်ဝန်းတွေထဲမှာ သူမအတွက် စိုးရိမ်မှုတွေ ရှာတွေ့နေရသည်။ ခြောက်သွေ့ ကွဲအက်နေသော နှုတ်ခမ်းတွေကို အားယူ ဖွင့်ဟရင်းမှ ...

"ကိုကိုညီ ဏီ့ကို ခွဲမသွားပါနှင့်နော်"

"မခွဲပါဘူး ဏီဏီရယ်၊ ဏီဏီနှင့် အမြဲတမ်း နေမှာ၊ အလကား ကောင်မလေး မဟုတ်တာ တွေးပူနေတယ်"

"ဏီဏီလေ ကိုကိုညီနှင့် ခွဲရမှာ သိပ်ကြောက်တာပဲ"

"ဘယ်တော့မှ မခွဲဘူးနော်"

"ဏီ့ကို အမြဲတမ်း ချစ်ရမယ်နော်"

"အမြဲတမ်း ချစ်ပါတယ်ဗျာ၊ ကဲ ... ကဲ ... အိပ်တော့"

သူမ မျက်လုံးလေးများကို မှေးမှိတ်လိုက်သည်။ ကိုကိုညီက နဖူးပြင်ရှိ ဆံစပ်လေးများကို လက်ဖဝါးဖြင့် ညင်သာစွာ သပ်ချပေးနေသည်။ ငယ်စဉ်ကတည်းက သူမ နေမကောင်းလျှင် ကိုကိုက အမြဲ ချော့သိပ်နေကျပင် ဖြစ်သည်။ အမိမဲ့ အဖမဲ့ ကြီးပြင်းလာရသော သူမ ဘဝတွင် ကိုကိုညီတို့ မိသားစု၏ မေတ္တာတရားဖြင့် အသက်ဆက်ရှင်ခဲ့ရသည်။

သံယောဇဉ် နှောင်ကြိုးတို့ အခိုင်အမာဖွဲ့ကာ နှလုံးသည်းအိမ်၌ ချစ်ခြင်းတရားတို့ဖြင့် ပြည့်စွမ်းခဲ့ရသည်။ ကိုကိုညီ၏ အချစ်တွေကို သူမ တစ်ဦးတည်းသာ ရလိုသည်။ မည်သူ့ တစ်ဦးကိုမှ ခွဲဝေမပေးနိုင်ပါချေ။ အတ္တကြီးသည်ပဲဆိုဆို သူမ ဘဝတွင်းမှ



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုညီကို ဆွဲထုတ်ယူမည့်သူသည် သူမ၏ ရန်သူသာ ဖြစ်သည်။ ထို့နောက် ကိုကိုညီ၏ 'နားဆင်တော့ကွယ်' သီးချင်းတေးသွား လေးထဲတွင် နစ်မြောလျက် သူမ အိပ်ပျော်သွားခဲ့ပါသည်။

❁ ○ ❁

တက္ကသိုလ်တွေ မဖွင့်ခင်ကြားထဲမှာ ကွန်ပျူတာ၊ အင်္ဂလိပ်စကားပြော သင်တန်းများတက်ခြင်း၌ အချိန်ကုန်ခဲ့သော ဏီ့အဖို့ ဘာမှ ထူးထူးခြားခြား ဖြစ်ရပ်များ မရှိခဲ့ပေ။ ပြင်ဦးလွင်၌ ရှိသော ဏီတို့ ခြံနှင့်တိုက်မှ လူငှားဖြုတ်ပြီး ခြံကို သပ်သပ်ရပ်ရပ် ပြုပြင်ခြင်း၊ အိမ်ကို မွမ်းမံခြင်းများ လုပ်ခဲ့သည်။ နွေရာသီ အပန်းဖြေစခန်းအဖြစ် နရဏီ၊ ကိုကိုညီနှင့် အန်တီကျော့်တို့ သွားနေခဲ့ကြသေးသည်။ အန်တီကျော့်နှင့် ကိုကိုညီက သူမကို အရိပ်တကြည့်ကြည့်နှင့် စိုးရိမ်နေခဲ့ကြသည်။

"ဏ်ဏီအတွက် အရမ်းစိုးရိမ်နေခဲ့ရတာ၊ ဒီနေရာကိုရောက်ရင် ဏီဏီ့စိတ်တွေ ထိခိုက်သွားမှာ စိုးတယ်လေ"

ကိုကိုညီ့ ပခုံးပေါ်တွင် ပြေးလွှားနေသော ပုရွက်ဆိတ် ငယ်လေးကို လက်ညှိုးနှင့် အသာတောက်ထုတ်ရင်း ...

"မစိုးရိမ်ပါနှင့် ကိုကိုညီရယ်၊ ဏီ့မှာ ခံနိုင်ရည်တွေ အပြည့်အဝ ရှိနေပါပြီ၊ အဲဒါကလည်း ကိုကိုညီတို့ရဲ့ နွေးထွေးတဲ့ မေတ္တာတွေကြောင့်ပါပဲ၊ အင်း ... အဲဒီ မေတ္တာတွေသာ မရခဲ့ရင်တော့"





မျက်မှောင်ချီကာ စကားကို ရပ်ထားစဉ် ကိုကိုညီက သူမ ပခုံးကို မနာအောင် ဖွဖွထိုးရင်း ...

"ကောင်းမလေး ဘာတွေ လျှောက်ပြောနေလဲ၊ မပြောနှင့် တော့"

ကိုကိုညီတစ်ယောက် သူမအပေါ် ထားရှိသော မေတ္တာတရားတို့ကို သိရှိပြီး ရင်မှာ ချမ်းမြေ့ရသည်။ ပန်းပေါင်းစုံ ဝေဆာဖူးပွင့်နေသော ချစ်စဖွယ် အိမ်လေးကိုကြည့်ရင်း လှပသော အနာဂတ်ကို စိတ်ကူးယဉ်မိသည်။ တစ်နေ့ကျရင် ဒီလှပတဲ့ အိမ်လေးမှာ နှစ်ယောက်တစ်ဘဝ ပေါင်းဆောက်ကြဖို့ စိတ်ကူး ထားပြီးပြီလေ။

"ဏီကလေ ဒီလို Romanticဖြစ်တဲ့ အိမ်လေးတွေ အရမ်း ချစ်တာပဲ၊ ကိုကိုညီ ဆောက်ပေးရမယ်နော်"

"ဆောက်ပေးမှာပေါ့၊ ဒါနှင့် ဏီတို့ကျောင်းတွေတောင် ဖွင့်တော့မယ်နော်"

"အင်း ... ကိုကိုညီ လိုက်ပို့ရမှာနော်၊ ဒါပဲ"

"ပို့တာက ရပါတယ်၊ အီကိုက အချောတွေ ငမ်းရတာပေါ့၊ ကောင်းတယ်"

"ဟယ် ... သွားငမ်းလို့ကတော့ အသိပဲ၊ ဘယ်သူမှ မကြိုက်ရဘူးနော်"

"ဟောဗျာ ... ချစ်တဲ့သူ တွေ့ရင်တော့ ချစ်မိမှာပေါ့"

"ကိုကိုညီနော်"



www.burmeseclassic.com

www.burmeseclassic.com



ရှုံ့ရှုံ့ရှာ အော်ရင်း မျက်ရည်စတို့က ဝေ့တက်လာသည်။ နှုတ်ခမ်းကို ဖိကိုက်ထားရင်း ရင်ထဲမှ ပြင်းစွာ ဝမ်းနည်းသည်။

"ဟာကွာ နောက်တာကို ဏီဏီကလည်း မငိုနှင့်ကွာ၊ အလကားပြောတာ"

"ဏီ့ကို ဒါမျိုး မနောက်နှင့်"

သူမကို ငေးကြည့်နေသော ကိုကိုညို့ မျက်ဝန်းတွေကို တည့်တည့် ရင်ဆိုင်ပစ်လိုက်သည်။ ကြည့်လိုက်စမ်းပါ မျက်လုံးကတစ်ဆင့် နှလုံးသားထိ မြင်နိုင်အောင် တံခါးတွေ ဖွင့်ထားပါလျက်နှင့် ဝေဝါးစွာ အသိနက် မနေစမ်းပါနဲ့။ ပါးစပ်ဖျားနှင့် နောက်တတ်ကာတောင် ရင်တွင်း၌ နာကျင်ခံစားရလျှင် တကယ်လက်တွေ့၌သာ ကိုကိုညို ချစ်သူတွေ့သွားခဲ့ပါလျှင် သူမ သေသွားဖွယ် ရှိလေသည်။

ဒီကမ္ဘာ ဒီနေ့ အချိန်အထိ သူမ တစ်ဦးတည်း ပိုင်ဆိုင်ထားသော ကိုကိုညီတို့ မိသားစု၏ ချစ်ခြင်းတရားများကို နောက်ထပ် ဘယ်သူ့ကိုမှ ဝေမျှခွင့် မပေးနိုင်တော့ပါ။ ဏီကတော့ အတ္တကြီးတယ်ပဲဆိုဆို၊ ရူးမိုက်တယ်ပဲပြောပြော ဏီ့အသည်းနှလုံးကို လုယူမည့်သူသည် ဏီ့ရန်သူသာ ဖြစ်သည်ဟု သန္နိဋ္ဌာန်ချထားခဲ့လေသည်။

ပြင်ဦးလွင်၌ သုံးပတ်ကျော်မျှ နေထိုင်ခဲ့ပြီး သူမတို့ သုံးဦး ပြန်ခဲ့ကြသည်။ အန်တီကျော်က နောက်ခန်းထဲတွင် အသာမှိန်းရင်း လိုက်လာခဲ့ပေမဲ့ တစ်လမ်းလုံး စကားတတွတ်တွတ်





များ၊ မုန့်စားကာ နောက်ပြောင်ရွှင်မြူးနေသော သူမ ဒဏ်ကို ကိုကိုညီ အတော်သည်းခံပါသည်။ ရှုခင်းသာမှာ ဓာတ်ပုံဆင်းရိုက်၊ မဟာအံ့ထူးကံသာ ဘုရားကြီးဖူးခြင်း၊ မန္တလေး၌ ဝင်နားစဉ် ကျုံးဘေး၌ လက်တွဲ၍ လမ်းလျှောက်ခဲ့ပုံ၊ မန္တလေးတောင်တက်ခဲ့စဉ်က ကြည်နူးရိပ်များသည် သူမ ဘဝတွင် မှတ်မှတ်ထင်ထင် ရှိနေဦးမည့် ပျော်ရွှင်ဖွယ်အတိပြီးသော နေ့ရက်များပင် ဖြစ်သည်။

ထို့နောက်ပိုင်း ရက်များတွင်မှာတော့ သူမ ဘဝအတွက် စိတ်လှုပ်ရှားဖွယ်၊ ခံပြင်းဖွယ်၊ နာကြည်းဖွယ်တို့နှင့်အတူ ဘဝတစ်ခုလုံး ပျက်သုဉ်းခဲ့ရသော အချိန်ကာလများပင် ဖြစ်ပေတော့သည်။

"ဘယ်လိုလဲ ဏီဏီ၊ ကျောင်းတက်ရတာ အဆင်ပြေရဲ့လား"

ကျောင်းတက်ပြီး တစ်ပတ်လောက်အကြာမှာ ကိုကိုညီက အရေးတယူ မေးလာသည်။ ကျောင်းပို့ ကျောင်းကြိုတာဝန်ကို ကိုကိုညီက ယူထားပေမယ့် အပေါင်းအသင်း သိပ်မထားတတ်သော သူမအဖို့ အနည်းငယ် အားငယ်မိသည်မှာ အမှန်ပင်ဖြစ်သည်။ ကိုကိုညီ ကိုယ်တိုင်ကလည်း ကျောင်းတက်နေရသည်မို့ သူမထံ လုံးလုံးလျားလျား အဖော်လုပ်ပေးဖို့ရာ မဖြစ်နိုင်ပါချေ။

"အဆင်ပြေပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"သူငယ်ချင်းတွေရော ရပြီလား"

"မရသေးဘူး"

"ဏီဏီက ချောတာပဲ၊ လာခင်မယ့်သူ ပေါ်မှာပါ၊ ကဲ … ကဲ … ကိုးနာရီထိုးတော့မယ်၊ သွားရအောင်"

မောင်းသူနေရာဘေးမှာ ဝင်ထိုင်ပြီးစဉ် ကိုကိုညီက ကားကို ညင်သာစွာ မောင်းထွက်လိုက်သည်။ ကားကက်ဆက်ထဲသို့ တေမိသီချင်း ထည့်ဖွင့်စဉ် ကိုကိုညီက တစ်ချက် လှည့်ပြုံးပြသည်။ သပ်ရပ်ချောမောသော ကိုကိုညီ့ကား ကျောင်းထဲသို့ ဝင်လာလျှင် မိန်းကလေးတချို့ မျက်ဝန်းတွေက စူးစမ်းငေးမောတာကို သူမ ဒေါသထွက်ရသေးသည်။ ကားရပ်နေကျနေရာအတိုင်း ရပ်ပေးပြီး ကိုကိုညီ့ကား ပြတင်းဘေးသို့ ဝင်ရပ်ကာ …

"ဒီနေ့ ၁၂ နာရီ ပြီးမှာနော်"

"အိုကေ"

ဘာရယ်မဟုတ် စေ့ဆော်မှု တစ်ခု၏ တွန်းအားကြောင့် မျက်လုံးထောင့် တစ်နေရာကို ဖျတ်ခနဲ ကြည့်မိစဉ် စူးရဲစွာ ကြည့်နေသော မျက်ဝန်းတစ်စုံနှင့် သွားတိုးသည်။ နေကြာစေ့ကို တဖျောက်ဖျောက်ဝါးရင်း ထိမထင် မျက်လုံး တွေနှင့် ကြည့်နေသော ထိုမိန်းကလေးကို သူမ စိတ်ထဲ မနှစ်မြို့ ဖြစ်သွားရသည်။ တိုကပ် ပုံကျနေသော ဆံပင်တိုတိုနှင့် မိုးပြာရောင် ဂါဝန်ရှည် တစ်ဆက်တည်း ဝတ်ထားသော ထိုမိန်းကလေးသည် အတော်ချောမောသည်ကိုတော့ ဝန်ခံရပေမည်။





ထိုမိန်းကလေး မျက်လုံးတွေက သူမကိုကျော်၍ ကိုကိုညီ့ထံ ရောက်သွားစဉ် ရောင်စဉ်တချို့ ဖြာလက်သွားသလို ခံစားရသည်။ ဘယ်သူမှ မသိသော စက္ကန့်အတော်ကြာ သူမတို့ပွဲကို သူမကပင် အဆုံးသတ်ပစ်လိုက်သည်။

"သွားတော့လေ ကိုကိုညီ"

"အေးပါ၊ ကဲ … သွားပြီနော်"

ကားနောက်မြီး ပျောက်သွားသည်အထိ ရပ်ကြည့်ပြီးမှ ပြန်လှည့်လာသော သူမကို အစောက မိန်းကလေးက ပြုံး၍ ကြည့်နေဆဲ ဖြစ်သည်။ မိန်းကလေး ပြုံးပုံကို သူမ အဓိပ္ပာယ် မဖော်တတ်ပါချေ။ ထိုမိန်းကလေးတို့ ထိုင်နေသော အုတ်ခုံရှေ့မှ ဖြတ်ကျော်လျှောက်စဉ် တီးတိုး အသံတစ်ခု ကြားရသည်။

"ယောက်မလေး"

အပြာနုရောင် မိန်းကလေးထံမှ ဖြစ်ပါလိမ့်မည်။ ရင်မောစွာ သက်ပြင်းချလိုက်မိသည်။ စာသင်ရမည့် အတန်းရှိရာသို့ ဖြည်းညင်းစွာ လျှောက်လှမ်းလာရင်း ရင်မှာ မွန်းကျပ်လာမိသည်။ အတူထိုင်သည့် အတန်းဖော် မာမာလွင်ကိုပင် ကောင်းစွာ နှုတ်မဆက်နိုင်ဘဲ ဖြစ်ရသည်။ သူမ မျက်နှာ မသာယာသည်ကို ရိပ်စားမိစွာဖြင့် မာမာလွင်က နဖူးလေးစမ်းကာ မေးသည်။

"နေမကောင်းဘူးလား နရဏီ၊ မျက်နှာလည်း မကောင်းပါလား၊ ကိုကိုညီနှင့် စိတ်ဆိုးလာတာလား"



www.burmeseclassic.com

www.burmeseclassic.com



သူမနှင့် ကိုကိုညီ၏ သံယောဇဉ် အတိုင်းအဆကို မာမာလွင်က ရိပ်စားမိစွာ မေးသည်။ သူမနှင့် ကိုကိုညီကို မည်သို့ တော်စပ်ကြောင်းမေးတိုင်း သူမက အမှန်အတိုင်း တရှည် တလျား ရှင်းပြခဲ့သည်သာ ဖြစ်သည်။ ဘာကြောင့် မောင်နှမဟု မဖြေခဲ့သည်ကိုတော့ သူမဘာသာပင် မဆန်းစစ်ချင်တော့ပါ။ ဝေဒနာကိုလည်း သိနေပြီ။ ဖြေဆေးကိုလည်း သိနေပြီဖြစ်သော်လည်း ဖြေဆေးပေးမည့်သူက မပေးသောအခါ သူမ ဘာမှ မတတ်နိုင်ပါ။

သူမ မျက်နှာကို စိုးရိမ်တကြီး စိုက်ကြည့်နေသော မာမာလွင့်ကို တစ်ချက် ပြုံးပြလိုက်ကာ ညင်သာစွာ ခေါင်းယမ်းပြလိုက်သည်။ မျက်မှန်ထူထူနှင့် ချစ်စဖွယ် အင်လျားဆောင်သူ ကျောက်မဲသူလေး မာမာလွင့်ကိုတော့ သူမ ခင်မိပါသည်။

"ကောင်းပါတယ် နည်းနည်း ငြီးနေလို့ပါ"

"ရူဆေး ရူပါလား၊ ရော့ ... မာ့ဆီမှာ ပါတယ်"

ရူဆေးဘူးလေး ထုတ်ပေးနေသော မာမာလွင့်ကို ကျေးဇူးတင်စွာ ပြုံးကြည့်လိုက်ပြီး ခေါင်းတစ်ချက် ဆတ်ပြလိုက်သည်။ စိတ်ကို အတတ်နိုင်ဆုံး တည်ငြိမ်စွာထားပြီး စာသင်ရာသို့ အာရုံပို့ထားရသည်။ စူးစူးရှရှ မျက်ဝန်းတစ်စုံကို အမှတ်ရနေသည့် စိတ်ကို အတင်းဖျောက်ဖျက်ပစ်ရသည်။ ညနေ ကျောင်းဆင်း၍ ကိုကိုညီ လာကြိုသောအခါ ဘေးဘီ ဝဲယာကို ကြည့်ရင်း ဘာမှ မတွေ့ရမှ စိတ်ဖြေရာ ရသည်။





ရှုးတယ် ပြောပြောပါ လူတွေရယ်၊ နရဏီအသက်ဟာ ကိုကိုညီပါပဲ။

❀ ○ ❀

ကျောင်းတက်ရက်များ တစ်လကျော်လာသည်အထိ ထူးထူးခြားခြား ဖြစ်ရပ်မျိုး မရှိခဲ့ပေမဲ့ မှတ်မှတ်ရရ စူးရှသည့် မျက်ဝန်းပိုင်ရှင် မိန်းကလေးနှင့် မကြာခဏ ဆုံရသည်။ ငါ့စိတ်ကိုက စိုးရိမ်နေတာပါလေဟု ဖြေသိမ့်ခဲ့ရသည်။ မောင်မယ်သစ်လွင်ပွဲနေ့တွင် ကိုကိုညီကိုလိုက်ခဲ့ရန် သူမကပင် အတင်းအဓမ္မ ပူဆာခဲ့သည်မှာ ကိုယ့်အပြစ်သာဖြစ်ကြောင်း နောင်တွင် သိမြင်လာရသည်။ အဲဒီနေ့က သူမတို့ဝိုင်းမှာ မာမာလွင်နှင့် ကိုကိုညီတို့ သုံးဦးသာ ရှိနေခဲ့သည်။ ဖျော်ဖြေမှု အစီအစဉ် ရောက်လာသည့် အခါ မာမာလွင်က လက်တို့ပြလိုက်စဉ် သူမ အံ့အားသင့်သွားရသည်။

"အဲဒါ Queen ဖြစ်မဲ့ ဧယျဝတ်မှုန်ပေါ့၊ မိုးကုတ်ကလေ အရမ်းချောတယ်နော်"

"အင်း"

တကယ်ပင် သူမ နှုတ်မှ ဆွံ့ အသွားအောင် ငေးမောနေရအောင် ဧယျဝတ်မှုန်က ချောလွန်းပါသည်။ ချောသည့်သာမက စွဲဆောင်မှုအားပါ ကောင်းလွန်းလှသည်။ ရှည်လျား မြင့်မားသော အရပ်နှင့်ညီသော လှပသည့် ခန္ဓာကိုယ်ပေါ်မှ အကွက်ကျဲကျဲ တက်တင်းဇာ လက်ပြတ် အနီရောင် ထူပျော့ပျော့



www.burmeseclassic.com

www.burmeseclassic.com



ထဘီစကတ် အနီရဲရဲနှင့် ပန်းရစ္စာ အရည်အသွေးကောင်း ပတ္တမြား များကို ခေတ်ဒီဇိုင်းနှင့် ဝတ်ဆင်ထားသော ဇေယျာဝတ်မှုန်ကို ခန်းမဆောင် တစ်ခုလုံးရှိ ပရိသတ်များ မျက်တောင်ပင် မခတ် အံ့ားဘဲ ငေးမောကြည့်ရှုနေကြသည်။

ဇေယျာဝတ်မှုန်က ချိုသာသော အသံနှင့် နှုတ်ခွန်း ဆက်ရင်း သီချင်းစဆိုသည်။ သီချင်းက 'သီချင်းရှင်ကို ကြင်နာပါ' ဟူသော ကိုင်ဇာ၏ သီချင်း။ ရုပ်ချောရုံမက အသံလည်း ကောင်းလှသော ဇေယျာဝတ်မှုန်၏ သီချင်းသံကြားမှာ အားလုံး နစ်မြောနေကြသည်။ သီချင်းဆိုနေစဉ် ဇေယျာဝတ်မှုန်၏ မျက်လုံး မှာမှာ ကိုကိုညီထံတွင်သာ တည့်တည့်ရှိသည်ကို ဇာ ချောက်ချား စွာ တွေ့လိုက်ရသည်။ ကိုကိုညီကမှ တစ်ချက် တစ်ချက်ပြုံးကာ မျက်နှာ လွှဲသွားသည်မှအပ သူလည်း ရင်ခုန်နေမှာပဲ။ ခေါ်လာ မိတာ မှားမိပါပကော။

ထိုစဉ် မထင်မှတ်ထားမိသော အပြုအမူတစ်ခုကို ကိုကိုညီက ဖန်တီးလိုက်သည်။ စားပွဲပေါ်ရှိ ဖန်အိုးထဲမှာ ထိုးစိုက် ထားသော နှင်းဆီပွင့်ကို ယူဆောင်ကာ စင်ပေါ်မှ သီချင်းဆိုနေ သော ဇေယျာဝတ်မှုန်ထံ သွားပေးခြင်းပင် ဖြစ်သည်။ ဇေယျာဝတ်မှုန် က ခေါင်းလေးညွတ်ကာ ပြုံး၍ ဆီးယူသည်။

အမယ်လေး ... ရှုံးသွပ်ပြိုလဲချင်စရာကောင်းသော အပြုံးပါလား။ ကိုကိုညီတော့ အစွဲကြီး စွဲရှာပြီ။ သီချင်းလည်း ပြီးဆုံးသွားပြီမို့ လက်ခုပ်သံများ တဖြောင်းဖြောင်း ထွက်လာသည်။





ဇေယျာဝတ်မှုန်နှင့် ကိုကိုညီတို့ နှစ်ဦးသားယှဉ်တွဲကာ စကား တပြောပြောနှင့် ဆင်းလာသည်မှာ အမှန်တိုင်း ဝန်ခံရလျှင် အင်မတန် လိုက်ဖက်ညီလှပါသည်။ ဇေယျာဝတ်မှုန်နှင့် ကိုကိုညီက တန်းတန်းမတ်မတ်ပင် သူမတို့ စားပွဲသို့ လျှောက်လာနေသည်။ ကိုကိုညီတို့ ပုံစံမှာ ခင်မင်ရင်းစွဲ ရှိပြီးသား ပုံစံမျိုး သက်ရောက် နေသဖြင့် မာမာလွင်ကပင် မေးယူရသည်။

"ဟယ် ... ဇေယျာဝတ်မှုန်နှင့် ကိုမင်းညီညီက ခင်နေတယ် ပေါ့ ဟုတ်လား နရဏီ"

"မသိဘူး မာမာရယ်၊ တို့တော့ ဘာမှ မပြောတတ်အောင် ပါပဲ"

ကိုကိုညီ အနားရောက်လာသောအခါ သူမကို ပြုံး ပြသည်။ ထိုအပြုံး၏ အဓိပ္ပာယ်ကို သူမ ရင်နာစွာ သဘောပေါက် ရပါသည်။ သူမ မသိသေးသော အပြုအမူတစ်ခုအတွက် တောင်းပန် တိုးလျှိုသော အပြုံးတစ်ခု။

ရက်စက်လိုက်တာ ကိုကိုညီရယ်။

"မိတ်ဆက်ပေးရဦးမယ် ဏီဏီ၊ ဒါ ဇေယျာဝတ်မှုန်တဲ့၊ ဏီဏီတို့ သိကြမှာပါ၊ အတန်းသာ မတူတာ၊ ဝတ်မှုန် ဒါ ကိုယ့်ညီမလေးလေ၊ နရဏီတဲ့"

ပြောင်းလဲသွားသော အခြေအနေတစ်ရပ်ကို နိုင်စွာနှင့် သူမ ဆွံ့အနေဆဲမှာပင် ဇေယျာဝတ်မှုန်က ပြုံးတုံ့တုံ့ မျက်ဝန်းဖြင့် လက်တစ်ဖက်ကို ဟန်ပါပါ ကမ်းပေးလာသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုခဏအတွင်းမှာပင် ဧယျာဝတ်မှုန်ကို သူမ ခါးခါးသီးသီး မုန်း သွားရသည်။

မျက်ဝန်းဆိုတာ စိတ်ရဲ့ ပြတင်းပေါက်ဟု ဆိုထားရာ ဧယျာဝတ်မှုန်၏ စိတ်ကို သူမ အစင်းသိစွာ ဖတ်မိသည်။ ဧယျာဝတ်မှုန်၏ မျက်လုံးတွေက သူမအပေါ်မှာ အနိုင်ယူလိုရိပ်တွေ ဖမ်းမိနေသည်ပဲ။ အတန်ကြာပင် သူမ ဧယျာဝတ်မှုန်ကို စိုက်ကြည့်နေမိသည်။

မာမာလွင်က အသာ လက်တို့ကာ သတိပေးသည်။ သူမက လက်နှစ်ဖက်ကို တင်းတင်းပိုက်ကာ ပြီးစလွယ် ခေါင်းညိတ်ပြလိုက်ခြင်းဖြင့် ဥပေက္ခာ ပြုလိုက်သည်။ ကိုကိုညီမျက်နှာရဲသွားသလို ဧယျာဝတ်မှုန်လည်း အနည်းငယ်တော့ မျက်နှာပျက်သွားသည်။ ပြီးမှ အသာယာဆုံး ပြုံးကာ ...

"ကိုညီ့ ညီမလေးက အရမ်း ချစ်ဖို့ကောင်းတာပဲနော်"

သူမ ထိုင်ရာမှ ထရပ်လိုက်ကာ မာမာလွင့်ကို ပြန်ရန် နှုတ်ဆက်လိုက်သည်။ ကိုကိုညီက ဧယျာဝတ်မှုန်ကို ကပျာကယာ နှုတ်ဆက်သည်။ ရင်မှာ ပူပြင်းစွာနှင့် လေးကန်စွာ လျှောက်လှမ်းလာခဲ့သည်။ ဧယျာဝတ်မှုန်ဟာ သူမ နှလုံးသားကို နင်းခြေမည့်သူလား။

✿ ○ ✿





ညနေခင်းဘက် ရေချိုးပြီးစအချိန် ခြံထဲ ဆင်း လျှောက်လာခဲ့စဉ် ကိုကိုညီကို သဇင်တိုင်တွေနှင့် အလုပ်ရှုပ်နေတာ တွေ့ရသည်။ မနက်ခင်းက အဖြစ်အပျက်ကို သတိရမိသောအခါ ရင်မှာ နာကျင်လာရသည်။ ကိုကိုညီနှင့် ဧယျာဝတ်မှုန်တို့ ဘယ်နည်းဘယ်ပုံနှင့်များ ခင်မင်သွားသည် မသိချေ။ အနားရောက်လာသော သူမကို ကိုကိုညီက ပြုံးပြသည်။ ကိုကိုညီ့ အပြုံးမှာ ယခင်တိုင်းပင် ပြောင်းလဲမှုမရှိ။ ချိုမြိန်နေဆဲပါပင်။

"ကိုကိုညီ သဇင် စိုက်မလို့လား"

"ဟုတ်တယ် ကိုညီ့ သူငယ်ချင်း တစ်ယောက်ဆီက ရလာတာ၊ မျိုးအရမ်းကောင်းတယ်၊ အဲဒါ စိုက်မလို့၊ မာမီနှင့် ဇာဇာ ပန်ရအောင်လို့ပေါ့"

ရင်မှာ ချမ်းမြေ့သွားရသည်။

"နေပါဦး ဒါနှင့် ဧယျာဝတ်မှုန်နှင့် ကိုကိုညီက ဘယ်တုန်းက ခင်သွားတာလဲ၊ မြန်လှချည်လား"

ကိုကိုညီက တစ်ချက် ရယ်ရင်း ဟိုဟိုဒီဒီ ဝေ့ဝဲ နေပြီးမှ ...

"အင်း ... ယုဇနမှာ ဆုံကြတာပါ၊ တိုက်မိကြတာ၊ နောက် ဇာတို့ကျောင်းမှာ ပြန်တွေ့တော့ ခင်သွားတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပဲနော် သဇင်တွေ ပွင့်လာရင် ဏီနှင့် အန်တီကျော်ပဲ ပန်မှာနော်၊ တခြား ဘယ်သူမှ မပေးရဘူးနော်"

"အင်းပါ"

ထိုစဉ် အိမ်အကူ ကောင်မလေးက ကော့ဒလက်စ်ဖုန်း ယူလာကာ ကိုကိုညီ့ လက်ထဲ ထည့်ပေးသည်။ သူမက ကောင်မ လေးကို မေးခွန်းထုတ်လိုက်သည်။

"ဘယ်သူလဲ နန်းရင်"

"မမ တစ်ယောက်ပဲ၊ ဇေယျမွန် ဆိုလားပဲ၊ မသိပါဘူး မမဏီရယ်"

ကိုကိုညီနှင့် ဖုန်းပြောသည်ကို သူမ အသာရပ်၍ နားစွင့်နေမိသည်။

"ဪ ... ဝတ်မှုန် ပြော၊ xxx ကိုယ်လား သစ်ပင် စိုက်နေတာ၊ xxx အင်း ... ဝါသနာပါတယ်၊ xxx အင်း ... ရပါတယ် ရတယ်၊ ဒါပဲနော် ဘိုင့်ဘိုင် အင်း"

ကိုကိုညီက ဖုန်းကို ဘောင်းဘီအိတ်ထဲ ထိုးထည့် ရင်း လုပ်လက်စ အလုပ်ကို ဆက်ဟန်ပြင်သည်။

"ဘာတဲ့လဲ ကိုကိုညီ၊ ဇေယျဝတ်မှုန်က သဇင်ပန်း တောင် နေတာလား"

သူမကို အံ့ဩသလိုကြည့်ကာ ခေါင်းညိတ်ပြသည်။

"ကိုကိုညီ ကတိတည်ရမယ်နော်၊ အဲဒါပဲ မရဘူး"

"အင်းပါ"





ထိုညက သူမအတွက် တစ်ကိုယ်ရေညများ ဖြစ်ခဲ့ ရသည်။ အိပ်ရာထဲတွင် တလူးလူးလွန့်ရင်း ဇေယျဝတ်မှုန်၏ ပုံရိပ်ကို ထပ်တလဲလဲ တွေးမိနေသည်။ အခြေအနေတွေဟာ သူမ ထင်ထားသလို ဖြစ်နေခဲ့ဖို့ များလာပြီ ထင်ပါသည်။

ဒီအတိုင်းသာဆိုရင် သူမ၏ရင်တွင်း ဝေဒနာသည် လည်း တစ်စတစ်စ ယိုယွင်းပျက်စီးလာဖို့သာ ရှိပေတော့သည်။

❁ ○ ❁

မာမာလွင်က ဇေယျဝတ်မှုန်တို့ အဖွဲ့ထဲမှ တစ်ဦးနှင့် မင်ခင်ရင်းစွဲ ရှိသည်မို့ ဇေယျဝတ်မှုန်၏ အကြောင်းများကို ပြလင်စွာ သိခွင့်ရခဲ့သည်။ ဇေယျဝတ်မှုန်က တစ်ဦးတည်းသော မိတဆိုးသမီး ဖြစ်သည်။ စီးပွားရေးလုပ်ငန်း တော်တော်များကို ပိုင်ဆိုင်ထားသော နာမည်ကျော် လော်ပန် ဦးဇေယျ၏ ဖူးဖူးမှုတ် ထားရသော ချစ်သမီး။ ရန်ကုန် ဓမ္မစေတီလမ်းရှိ ကိုယ်ပိုင်အိမ်မှ နေ၍ ကားထည်လဲစီးကာ ကျောင်းတက်နေသူ။

အရာရာမှာ သူတစ်ပါးထက် သာလွန် တော်တတ်ချင် သူ။ မိမိက အနိုင်ရမှ ကျေနပ်သူ။ ဝတ်မှုန်၏အချစ်ကို မျှော်လင့် တောင်းခံနေသူများ ပေါများသော်လည်း ယခုလက်ရှိ ရည်းစား မရှိသူ။ အများ၏ ထင်ကြေးပေးချက်အရ ကျောင်းသို့ မကြာခဏ ပြောင်းလည်းနေတတ်သော (ဝတ်မှုန်ဆီသို့ သတ်သတ်ပေါ်လေ)



www.burmeseclassic.com

www.burmeseclassic.com



စက်မှုတက္ကသိုလ် ကျောင်းသားလေးနှင့် ဖြစ်ဖို့များသည်ဟု သတင်းထွက်နေသည်တဲ့။

မာမာလွင်က ပြောပြီး မောသွားဟန်နှင့် အအေးကို တစ်ငုံစုပ်သည်။ သူမ မျက်ဝန်းတွေက ဝေ့သီစွာနှင့် အင်းလျား ရေပြင်ပေါ်၌ ပြေးလွှားနေသော ရွက်လှေများကို ငေးမောနေမိသည်။ ယခုတလော ကိုကိုညီနှင့် ဖေယျာဝတ်မှုန်တို့ အတွဲစိပ်လာသည်ကို သူမ မျက်မြင်ရှု၍ တွေ့နေရသော်လည်း သူမ ဘာပြောခွင့် ရှိပါမည်လဲ။

ကိုယ့်စိတ်တောင် ကိုယ်မပိုင်သည့် ဘဝမှာ မက်မောစွဲလမ်းနေကြသည့် လူသားနှစ်ဦး၏စိတ်ကို ဖမ်းချုပ်ပိုင်နိုင်ဖို့ဆိုသည်မှာ ဘယ်နည်းနှင့်မှ မဖြစ်နိုင်တော့ပါချေ။ တဖြည်းဖြည်း ရင်ထဲမှ ဆို့နစ်လာမှုနှင့်အတူ မောဟိုက်လာသည်။

"နရဏီ မောလို့လားဟင်၊ နေမကောင်းဘူးလား"

"ဟုတယ် ရတယ်၊ အား ... ကျွတ် ... ကျွတ် ... မောလိုက်တာ မာမာရယ်"

"ကိုကိုညီရဲ့ ဆဲလ်ဖုန်းကို ဆက်လိုက်ရမလား၊ လာခေါ်ဖို့"

နာကျင်စွာပြုံးရင်း ခေါင်းခါပြလိုက်သည်။

"ကိုကိုညီက ဒီအချိန်ဆို ဖေယျာဝတ်မှုန်နှင့် တစ်နေရာရာ ရောက်နေရောပေါ့၊ တက်စီတစ်စီးသာ ငှားပေးပါ မာမာရယ်"





မာမာလွင်က သူမကို ငေးစိုက်ကြည့်ရင်း ငြိမ်သက်သွားသည်။ ဘေးသူစိမ်း တစ်ဦးကတောင် သနားနေရပေမယ့် ကိုကိုညီတစ်ယောက် အနှစ်နှစ် အလလက သံယောဇဉ်တွေကို မမြင်နိုင်တော့ဘူးတဲ့လား။ ရက်စက်ပါဘိတော့ ကိုကိုညီ။

နောက်ပိုင်းတစ်လျှောက် စိတ်၏ ဖိစီးမှုဒဏ်ကြောင့် သူမ အိပ်ရာထဲ ဗုံးဗုံးလဲခဲ့သည်။ ဖြူဖျော့နေသော သူမကို ငေးကြည့်ရင်း အန်တီကျော့်က ဆို့နစ်စွာ မေးသည်။

"ဏီဏီလေးရယ် ချက်ချင်းကြီး ဘာဖြစ်ရတာလဲ"

"အန်တီကျော့် ဏီဏီ ... ဏီဏီလေ"

မျက်ရည် တာတာမံတို့ ကျိုးသွားသည့်နှယ် အန်တီကျော့ ရင်ခွင်ထဲ သိမ့်ကာ သိမ့်ကာ ရှိုက်ငိုမိသည်။ အန်တီကျော့်က သူမ မေးဖျားလေးကို အသာမော့ယူရင်း ကြင်နာစွာ မေးသည်။

"သားညီမှာ ချစ်သူ ရနေပြီလား သမီး"

နှုတ်မှ မဖြေနိုင်ဘဲ သူမ ခေါင်းညိတ်ပြလိုက်သည်။

"သားညီက ကတိချိုးလိုက်ပြီကိုး"

"ရှင်"

"အန်တီကျော့်က သားညီကို ပြောထားတယ်၊ သားညီဟာ ဏီဏီ့အတွက်ပဲ ဖြစ်ရမယ်လို့၊ သူကလည်း ဟုတ်ကဲ့ပါတဲ့၊ ခုတော့"



www.burmeseclassic.com

www.burmeseclassic.com



"တော်ပါတော့ အန်တီကျော့်ရယ်"

အန်တီကျော့် ရင်ခွင်ထဲ ငိုရှိုက်ရင်း တစ်ချက်အရှိုက် ဝယ် ရင်ဘတ်ဆီမှ စူးအောင့်မှုနှင့်အတူ မေ့မြောသွားတော့သည်။ အဖြူရောင် လွင်ပြင်ထဲတွင် လွင့်မျောနေရာမှ ဟိုးတိမ်တွေကြား မှာ ဖေဖေနှင့် မေမေက လက်ယပ်ကာ ခေါ်နေသည်ကို တွေ့ရ သည်။ သူမပြေးသွားစဥ်မှာပင် မုန်တိုင်းကျလာပြီး သူမ ချောက်ထဲ ကျသွားတော့သည်။

"အား ... မေမေရေ၊ ဏီ့ကို ကယ်ပါဦး"

"ဏီဏီ၊ ဏီဏီ၊ သမီး သတိထားလေ၊ အန်တီကျော့် ရှိတယ်"

အန်တီကျော့်လက်ကို ဖွဖွကိုင်ရင်း ကိုကိုညီ့ကို ရှာဖွေကြည့်သည်။ မရှိပါ။ ယခင် သူမ မူးလဲတုန်းက ကြင်နာ စွာ ယုယစွာ အားပေးခဲ့ဖူးသည့် အကြင်နာတွေ ဘယ်ရောက်ကုန် ပါပြီလဲ။ အကြင်နာဆိုတာ အချိန်ကာလနှင့် ဆိုင်ပါသလား။ အကြင်နာတွေ မေတ္တာတွေကို လုံခြုံစွာ ထုပ်ပိုးသိမ်းထားချင်ပေမဲ့ ဒြပ်မရှိ ကိုင်တွယ်၍ မရတော့လည်း ဩော် ... ရှိပါစေတော့။

တခြားသူတစ်ဦးကို မြတ်မြတ်နိုးနိုး ချစ်နေတဲ့အဖြစ် ကို ကြည်ကြည်ဖြူဖြူ ပြုံးကြည့်နေနိုင်တဲ့ အချစ်မျိုးပဲ ဖြစ်မှာပါ။ ဏီလည်း မပိုင်ချင် နေပါစေတော့။ ဏီ ချစ်ခွင့်ရနေရုံနှင့်ပဲ ကျေနပ်ပါပြီ ကိုကိုညီရယ်။





သူမ နေမကောင်း၍ အိပ်ရာထဲမှ မထနိုင်သော ကြောင့် ဆေးခွင့်တင်ထားရသည်။ မာမာကတော့ သူငယ်ချင်း ကောင်းပီသစွာဖြင့် ညနေတိုင်း အရေးပါသော စာတစ်ပုဒ်ကို ဘေးမှ ကျက်ပြပေးသည်။ စကားလာပြောသည်။ ထို့အတွက် မာမာ့ကို ကျေးဇူး အလွန်တင်ရပါသည်။

"ပိန်သွားလိုက်တာ နရဏီရယ်၊ မာဖြင့် စိတ်မကောင်းလိုက် တာ၊ နရဏီ ဘာမှ မစဥ်းစားနှင့်၊ နေကောင်းအောင်နေနော်၊ ပြီးရင် ကျောင်းပြန်တက်မယ် သိလား"

"အင်းပါ ဒါနှင့် ကိုကိုညီနှင့် ဝတ်မှုန်နှင့်ရော အဆင်ပြေရဲ့ လား"

"ဩော် ... မေးနိုင်သေးတယ် နရဏီရယ်၊ အဆင်ပြေပါ တယ်၊ ကိုမင်းညီညီက ဝတ်မှုန်ကို တော်တော်လေး ချစ်တယ်၊ ဝတ်မှုန်ကလည်း ချစ်တယ်၊ တော်တော်လိုက်တဲ့ စုံတွဲပဲ"

"ဝမ်းသာပါတယ်"

သူမက ရေသောက်ရန် အထ၊ မာမာက အသာ ဖေးမရင်း ရေထည့်ပေးသည်။ ရေသောက်လက်စ အကျန်ကို ပြတင်းပေါက်မှ သွားသွန်စဥ် သဇင်တိုင်များ သွားတွေ့သည်။ နရဏီ့အခန်းမှ သဇင်တိုင်များကို လှမ်း၍ မြင်နေရသည်။

"သဇင်တိုင်တွေက လှလိုက်တာ နရဏီရယ်၊ ဒီဇင်ဘာဆို ပွင့်တော့မှာနော်၊ ခြံထဲက အဘ စိုက်ထားမလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း ကိုကိုညီ စိုက်ထားတာ"

"အေး ... ပွင့်ရင်တော့ ရှယ်ပဲ၊ နင် အရင်ဆုံး ပန်နော်၊ သိလား"

"ပန်ရမှာပေါ့ဗျာ"

အခန်းပမှ အသံကြောင့် လှည့်အကြည့် ကိုကိုညီ ဝင်လာသည်ကို တွေ့ရသည်။ ယခင်က သူမ နေမကောင်းလျှင် ပျာပျာသလဲ ပြုစုတတ်သော ကိုကိုညီကို ယခုတော့ နှစ်ရက်ခြားမှ တစ်ခါလောက်သာ တွေ့ရသည်။

"ဪ ... ကိုမင်းညီညီ ရောက်နေတာကိုး၊ ကဲ ... ဒါဆိုရင် နရဏီရေ၊ မာမာ ပြန်တော့မယ်နော်၊ ကိုမင်းညီညီ ကျွန်မကို ခွင့်ပြုပါဦး"

"ကောင်းပါပြီဗျာ"

မာမာ ထွက်သည်နှင့် ကိုကိုညီက သူမ ခုတင်ဘေးရှိ ခုံလေး၌ ဝင်ထိုင်လိုက်သည်။ သူမကတော့ ကိုကိုညီ့ မျက်နှာကို သာ တရှိုက်မက်မက် ငေးနေမိသည်။ ဪ ... ဒီဘဝမှာတော့ ဆုံစည်းခွင့် မရှိတော့ပြီပဲပေါ့ ကိုကိုညီရယ်။ ဘာပဲဖြစ်ဖြစ် ကိုကိုညီ စိတ်ချမ်းသာမယ်ဆိုရင် သူမ အရမ်း ဝမ်းသာရပါသည်။

သူမဆီမှာ ဘဝတစ်ခုလုံးပုံအပ်ပြီး ကိုကိုညီ စိတ်ဆင်းရဲရမှာထက်စာရင် သူက အသည်းနှလုံးကို လမ်းခင်းလျှောက်ပြီး ကိုကိုညီ ပြုံးပျော်နေရမှာကိုပဲ သူမ ဝမ်းသာပီတိ ဖြစ်လှပါပြီ။ ကိုကိုညီက သူမ လက်ဖဝါးလေးကို အသာဖျစ်ရင်းမှ ...





"ဆံပင်တွေလည်း ရှုပ်လို့၊ ကိုကို ခေါင်းဖြီးပေးမယ်နော်"

"အို ... တကယ်"

"တကယ်ပေါ့ ဏီဏီရယ်၊ ကဲ ... ထ ... ထ ကိုကို ထူပေးမယ်"

ကိုကိုညီက သူမကို ဖေးမစွာ ထူပေးပြီး နောက်မှ ဖြည်းဖြည်း ဆံပင်များကို ရှင်းပေးနေသည်။ သူမရင်ထဲတွင် အရင်နှစ်များဆီသို့ ပြန်ရောက်သွားသလို ကြင်နာမှုများ ခံစားနေရသည်။ ရုတ်ခြည်းပင် ရင်၌ ဝမ်းနည်းသွားရသည်။ ဪ ... ဝတ်မှုန်ရယ်၊ မင်း အရမ်း ကံကောင်းပါတယ်၊ ကိုကိုညီ့လို ကြင်နာ ယုယတတ်တဲ့ ယောကျာ်းကောင်းတစ်ဦးကို ရက်တိုတို နှင့် ပိုင်ဆိုင်ခွင့်ရခဲ့တာ တကယ် ကံကောင်းပါကယ်။

ဒါကြောင့်မို့လည်း အချစ်ဟာ အချိန်ကာလနှင့် မဆိုင်ဘူးဆိုတာ တကယ် မှန်တာပဲ။ အချိန်ကာလကြောင့်သာ ချစ်စတမ်းဆို ကိုကိုညီနှင့် သူမဟာ ချစ်ပြီးဘာ ကြာလှပေါ့လေ။ အချိန်ကာလနှင့် မဆိုင်လို့သာ ...။ ဆက်မတွေးချင်စွာနှင့် မျက်လုံးများကို မှိတ်လိုက်သည်။

"ဏီဏီ ဘာတွေ စဉ်းစားနေတာလဲဟင်"

"ဪ ... အဟင်း၊ သဇင်တွေ ပွင့်တော့မယ့်အချိန်ကို စဉ်းစားနေတာပါ"

"ပွင့်တော့မှာလေ ပွင့်ရင် အရမ်းလှမှာ၊ ဏီဏီရဲ့ ဆံပင်ရှည်တွေနှင့် အရမ်းလိုက်မှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးထဲမှာ ဇေယျဝတ်မှုန်၏ တိုကပ်ကပ် ဆံပင်လေးကို ပြေးမြင်မိသည်။ အခုတော့ သဇင်ပန်းတွေကို သူမ တစ်ဦးတည်း ပိုင်ဆိုင်ခွင့် မရှိတော့ဘူးပေါ့။ ပထမဦးဆုံး ပန်ဆင်ရမည့်သူတောင် မဖြစ်နိုင်တော့ပါချေ။

"ဏီဏီ ဆေးသောက်ရအောင်"

"ဟုတ်ကဲ့"

အခုနောက်ပိုင်း ကိုကိုညီတစ်ယောက် သူမအပေါ် ဂရုစိုက်လာသည်ကို တွေ့ရသည်။ မနက်တိုင်း ခေါင်းရှင်းပေးခြင်း၊ နံနက်စာ အတူတူ စားခြင်း၊ နေ့လယ်စာ အတူလာစားခြင်း၊ ခြေသည်း လက်သည်း သန့်စင်ပေးခြင်း၊ ခြံထဲဆင်းကာ လမ်းလျှောက်စေခြင်းဖြင့် အရိပ်တကြည့်ကြည့် ပြုစုသည်။ ဘာပဲပြောပြော သူမ ဝေဒနာ အတော်အတန် သက်သာလာသည်ဟု ဆိုရပေမည်။ သဇင်တိုင်လေးများကိုတောင် ကိုကိုညီ၏ အကူအညီဖြင့် ရေလောင်းပေးလာနိုင်သည်အထိ သူမ ကျန်းမာရေးက သိသိသာသာ တိုးတက် ကောင်းမွန်လာသည်။

အန်တီကျော့နှင့် အန်ကယ်မင်းက အရိပ်တကြည့်ကြည့်ဖြင့် ဝမ်းသာနေကြသည်။ ကိုကိုညီအပါအဝင် တစ်အိမ်သားလုံးက သူမအပေါ် နွေးထွေး ချစ်ခင်စွာ ဂရုစိုက်ကြသဖြင့် အရင်ကလို မဟုတ်တော့ဘဲ ပိုမို အမိပ္ပာယ်ရှိလာသည်။ မာမာကတောင် ဝမ်းသာအားရနှင့် ကိုကိုညီ့ကို ချီးကျူးသွားခဲ့သေးသည်။





"ကိုမင်းညီညီဟာ မင်းအပေါ်တော့ တကယ် သံယောဇဉ်ရှိရှာပါတယ်၊ ချစ်သူက ချစ်သူ တခြားပေါ့လေ၊ ဘာပဲပြောပြော နရဏီ အခုလို ပြန်ကျန်းမာလာတာ ဝမ်းသာတယ်ဟာ၊ တကယ်တမ်းကျတော့ နရဏီ ခံနိုင်ရည် ရှိသားပဲ"

"မရှိပါဘူး မာမာရယ်၊ ဒီလိုပါပဲ၊ ဒါပေမဲ့ နေတတ်သွားပါပြီ၊ လောကကြီးက ကိုယ်ဖြစ်ချင်တိုင်း ဖြစ်တာမှ မဟုတ်တာ၊ ကိုယ်က ချစ်ပေမယ့် သူက မချစ်တော့လည်း ရတာပဲ၊ ကိုယ်ချစ်တိုင်း သူချစ်တာမှ မဟုတ်တာ၊ ဒီတော့ ကိုယ့်ချစ်သူလေး စိတ်ချမ်းချမ်းသာသာနှင့် သူ ချစ်နေတဲ့သူက သူ့ကို ပြန်ချစ်ရင်ပဲ ဝမ်းသာလှပါပြီလေ"

"ကောင်းပါတယ်၊ နရဏီက အရမ်း နားလည်တတ်တာပဲ၊ ကောင်းတယ်"

သူမ အသာပြုံးရင်းမှ သတိတရဖြင့် ...

"ဪ ... ဇေယျဝတ်မှုန်ရော ကိုကိုညီနှင့် အဆင်ပြေရဲ့လား"

"အင်း ... ဒါပေမဲ့ အရင်ကလောက် သိပ်မတွဲတော့ဘူး၊ ကိုညီက မင်းအနားမှာပဲ နေနေတာ များတယ် မဟုတ်လား"

"အို ... မဟုတ်တာ၊ သူတို့က ချစ်သူတွေချင်း ဒီလို မဖြစ်သင့်ပါဘူး၊ ကိုယ့်အတွက်နှင့်တော့ ဒီလို မဖြစ်စေရဘူး"



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့က မာမာ ပြန်သွားတော့ ကိုကိုညို့ကို သူမက ပွင့်ပွင့်လင်းလင်းပင် မေးခဲ့သည်။ ကိုကိုညိုက ရယ်မောရင်း ...

"စိတ်မပူပါနှင့် ဝတ်မှုန်က နားလည်မှုရှိပါတယ်၊ သူက တောင် နရဏီဆီ လာချင်နေတာ၊ ဏီဏီက မကြိုက်မှာ စိုးလို့"

"တော်ပါပြီ ကိုကိုညိုရယ်၊ ဏီဏီ့မှာ ဒါမျိုးတွေ မရှိတော့ ပါဘူး၊ ဏီဏီ အားလုံးအပေါ်မှာ နားလည်သွားပါပြီ"

ကိုကိုညိုက ခေါင်းတဆတ်ဆတ်ညိတ်ကာ ပြုံးသည်။ ပိန်လှီဖျော့နေသော သူမ ခန္ဓာကိုယ်လေးကို အသာပွေ့ကာ ဆံပင်လေးများကို ညင်သာစွာ ပွတ်သပ်ပေးနေသည်။ ကိုကိုညို့ ရင်ခွင်ထဲတွင် သူမ၏ ခန္ဓာကိုယ်လေးမှာ တဆတ်ဆတ် တုန်ရင် နေသည်။ ပီတိကြောင့်ကျရတဲ့ မျက်ရည်ပါ ကိုကိုညိုရယ်။ ဒီတစ်သက်မှာ ကိုကိုညို့ဆီက အကြင်နာတွေ မရတော့ဘူးလို့ ထင်ထားခဲ့တာ မမျှော်လင့်ဘဲနှင့် ရခဲ့ရသည့်အတွက် ဘာပဲပြောပြော ဖန်ဆင်းပေးသော ဘုရားသခင်အား ကျေးဇူးအတိုင်းအဆမရှိ ကျေနပ်မိပါသည်။

✿ ○ ✿

မနက် အိပ်ရာနိုးသည်နှင့် ဟစ်ပြိုင်နက် ရေသောက် ချင်စိတ်က ပြင်းပြလာသည်။ ရေချိုင့်ထဲတွင်လည်း ရေကုန်နေသော ကြောင့် အောက်ထပ်သို့ ဖြည်းဖြည်းချင်း ဆင်းခဲ့သည်။ လှေကား





တစ်ချိုးအရောက် ဆူသံပူသံတို့ကြောင့် လှေကားလက်ရန်းကို ကိုင်ကာ အသာ နားစွင့်မိသည်။ ကိုကိုညီနှင့် အန်တီကျော့်တို့ စကားများနေသံ ဖြစ်သည်။

"မဖြစ်နိုင်တာပဲ မာမီ၊ ကိုယ့်သားအရင်းတစ်ယောက်ကို ဒီလောက်တောင် ရက်စက်ဖို့မကောင်းပါဘူး၊ ကျွန်တော်မှ ဏီဏီ့ကို မချစ်တာ မာမီ၊ လုံးဝ လက်မထပ်နိုင်ဘူးဗျာ"

"တော်စမ်း သား၊ ဏီဏီဟာ ဘယ်လောက် သနားဖို့ ကောင်းသလဲ၊ အခုတောင် မင်း ဂရုစိုက်မှ ထူထူထောင် ထောင် ဖြစ်လာတာ"

"မာမီ စဉ်းစဉ်းစားစား ပြောပါဦးဗျာ၊ နောက်နှစ်လနေရင် သေတော့မယ့် မိန်းမတစ်ယောက်ကို သားက လက်ထပ်ပြီး မုဆိုးဖို လုပ်ရမှာလား၊ သားမှာလည်း ချစ်သူနှင့်ပါ၊ သား ချစ်သူကလည်း အဘက်ဘက်က ပြည့်စုံတဲ့သူ တစ်ဦးပါ၊ ဏီဏီ့ထက် အများကြီး သာတယ်၊ သား ဏီဏီ့ကို လုံးဝ လက်မထပ်နိုင်ဘူးဗျာ"

အန်တီကျော့် ငိုရှိုက်သံ ပျံ့လွင့်လာသည်။

"ဏီဏီဟာ ငါ့ရင်ကဖြစ်တဲ့ သမီးပါပဲ၊ ဒါကြောင့် သူ့ ဆန္ဒလေးကို သူ ရှိနေစဉ်မှာ ဖြည့်တင်းပေးချင်တာ၊ အပ်ာင့် ... ဟင့် ဒီအကြောင်းတွေကို"

အန်တီကျော့်က ဆက်၍သာ ငိုနေသည်။ ဘုရား ... ဘုရား နောက်နှစ်လနေရင် သူမ လောကကြီးထဲက ထွက်သွား



www.burmeseclassic.com

www.burmeseclassic.com



ရတော့မည် ဆိုပါလား။ ဘာဖြစ်လို့များ သူမကို မပြောကြတာပါလိမ့်။ ဒါကြောင့် သူမ ဝေဒနာဟာ ဟစ်နေ့တခြား ဆုတ်ယုတ်လာခြင်း၏ အဖြေကို ရှာတွေ့ရပြီ။ ပြောရက်လိုက်တာ ကိုကိုညီရယ်။ အပြည့်ဝဆုံး နားလည်မှုတွေနှင့် ချစ်ခဲ့သည့် မိန်းမတစ်ယောက်ကို နှစ်လနေရင် သေတော့မယ့် မိန်းမမို့ လက်မထပ်နိုင်ဘူးတဲ့လား။ ဖေယျဝတ်မှုန်ထက် နိမ့်ကျသတဲ့လား။ ရောဂါသည် ကမ္ဘာ့ဌာန်းရပ်နှင့်မို့ ရက်ရက်စက်စက် ပြောရက်သည်တဲ့လား။ အား ... မောလိုက်တာ။ နားတွေလည်း အူလိုက်တာ။

ရုတ်တရက် သူမ၏ နှလုံးသားကို လက်ကြမ်းကြီးနှင့် ဆွဲဆုပ်လိုက်သလို ခံစားရကာ လေဖားထစ်ပေါ်မှ တလိမ့်ခေါက်ကွေး ပြုတ်ကျသွားတော့သည်။

"ဝုန်း ... ဒုန်း ... ဒုန်း ... ဒုန်း"

"ဟင် ... ဏီဏီ"

"အမယ်လေး ... ဏီဏီ၊ သမီး သေပါပြီတော်"

"သားညီ ချီပါဦး၊ ကိုမင်းရေ လာပါဦး"

"ဒေါက်တာ့ဆီ ဖုန်းဆက်ဟေ့"

သွေးတွေ စီးကျနေသည့် ဏီဏီ့ ခန္ဓာကိုယ်လေးကို မချီကာ သူမ အခန်းထဲသို့ ပွေ့ချီလာခဲ့သည်။ ထိလိုက်လျှင် ကြေသွားမလားဟု ထင်ရသော အသားလေးများကို မထိတို့ရက်စွာနှင့် အန်တီကျော် တိတ်တဆိတ် မျက်ရည်ကျသည်။ ဒေါက်တာက စမ်းသပ်ပြီး ခေါင်းယမ်းပြသွားသည်။ အခုဆိုရင် ဏီဏီဟာ





လောကကြီးထဲမှာ အသက်ဆက်ရှင်ဖို့ မိနစ်ပိုင်းမျှသာ ကျန်တော့သည်ပဲ။ အသက်ကို ဖြည်းညင်းစွာ ရှူရှိုက်နေသော ဏီဏီ့ကို ကြည့်ကာ ရင်မှာ မချိမဆံ့ ခံစားရသည်။

မကြာမီ ဏီဏီ့ နှုတ်ခမ်းလေးတွေ ရွရွလှုပ်လာသည်။ မျက်ဝန်းတို့က ခဲယဉ်းစွာ ပွင့်လာပြီး ပြတင်းဝသို့ အားယူကြည့်သည်။ မင်းညီညီ ရုတ်တရက်ထကာ ခြံထဲသို့ အပြေးဆင်းလာခဲ့သည်။

ဟာ ... သဇင်တွေ အရမ်းကို ပွင့်နေပါကောလား။ အလှဆုံး သဇင်ခက်ကိုချိုးကာ အိမ်ပေါ်သို့ အပြေးတက်ခဲ့သည်။ စုတင်ထက်မှ ရီဝေဝေနှင့် မျက်ရည်ဝေ့သီနေသော ဏီဏီ့ လက်ထဲသို့ သဇင်ခက်လေး ထည့်အပေး ဏီဏီ ဇက်ကျိုးကျသွားလေတော့သည်။

"ဏီဏီ"

ရင်ခေါင်းထဲမှ လာသော အသံနှင့် ကျုံးအော်လိုက်ကာ ဏီဏီ့ လက်ဖဝါးပေါ်သို့ မျက်နှာအပ်ကာ ငိုကျွေးမိသည်။ အဖြစ်ဆိုးတဲ့ ဏီဏီရယ်။ နောင် ဘဝဆက်တိုင်း ဒီလို အဖြစ်ဆိုးမျိုးနှင့် မကြုံရပါစေနှင့်သာ ဆုတောင်းပေးလိုက်ပါတယ်။ ဏီဏီရဲ့ မေတ္တာ စေတနာနှင့် ရှင်းသန့်တဲ့ ထာဝရ မှတ်ကျောက်တင်ထားမှာပါ။ နောင်လာမယ့် သဇင်ချိန်တိုင်း၊ သဇင်တွေဝေတိုင်း၊ သဇင်တိုင်တွေရဲ့ သဇင်ချိန်ရောက်ရင် နရဏီဆိုတဲ့ သဇင်ချစ်သူလေးကို ကိုကိုညီ အမြဲတမ်း ရှာနေပါ့မယ်။



www.burmeseclassic.com


www.burmeseclassic.com



လှပစွာ အစွမ်းကုန် ဖေဖူးနေသော သဇင်တိုင်များထဲတွင် သဇင်တွေရဲ့ အဦးဆုံး ပန်ခွင့်ရသောသူအဖြစ် နရဏီတစ်ယောက် အနှောင်အတွယ် ကင်းဝေးနိုင်ပါစေဟု ။

✿ ○ ✿





www.burmeseclassic.com



လူတိုင်းမှာ နှလုံးသားမျက်နှာမြင်သော နေ့တစ်နေ့သည် အမှန်ကို ရှိလိမ့်မည်ဟု ကျွန်မ ယုံကြည်မိလေသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်မရဲ့ နှလုံးသားထဲတွင် ပငို့သဒ္ဓေတည်လျက်ရှိသော အချစ်တစ်ခုသည် သာယာသော နေ့တစ်နေ့တွင် အမှန်တကယ်ကို မွေးဖွားလာခြင်းကြောင့် ဖြစ်သည်။

မြင်မြင်ချင်း အချစ်ဆိုတာကို အယုံအကြည် မရှိလှသော ကျွန်မကို ကံဇာတ်ဆရာက နောက်ပြောင်လိုက်ဟန်လည်းတူပါသည်။ ထို့ထက် ဆိုးဝါးတာတစ်ခုက ကျွန်မရဲ့ ရင်ခုန်သံပိုင်ရှင်လေးထဲတွင် ပိုင်ရှင် ကြိုတင်ရှိနှင့်နေပြီးသားပင် ဖြစ်လေသည်။ သို့သော် ကျွန်မက အဲဒီအတွက် အသည်းကွဲမသွားခဲ့ချေ။ သူ့ချစ်သူ ကောင်မလေးကို ဘယ်လိုပုံစံမျိုးနှင့် နူးညံ့စွာ ချစ်ပြမလဲဆိုတာကို ပိုမို စိတ်ဝင်စားသွားခဲ့တာ ဖြစ်သည်။ အဲဒီနောက်မှာတော့ ...။

❊ ❖ ❊



www.burmeseclassic.com

www.burmeseclassic.com



အမှန်တော့ သူနှင့်ကျွန်မ စတင် တွေ့ဆုံပုံသည် ရိုးရိုးလေးမျှသာ ဖြစ်သည်။ အထာတွေမပါ၊ ကဗျာတွေမပါ၊ ပကတိ ရိုးရိုးလေးပင်။ ကျိုက္ကဆံ စူပါဝမ်းကုန်တိုက်မှာ ဈေးဝယ်ပြီး၍ အောက်ထပ်သို့ ပြန်ဆင်းလာချိန်ဝယ် မိုးက သည်းစပြုနေပြီ ဖြစ်သည်။ ကျွန်မထံ၌ ထီးကလည်း ပါမလာ။ အထုပ်အပိုးကလည်း အပြည့်နှင့် ကားရပ်ထားရာ နေရာသို့ အရောက်မှာကိုမိုးက တော်တော်စိုသွားနိုင်သဖြင့် မိုးစက်တွေကို ကြည့်ကာ တွေတွေဝေဝေနှင့် ပြေးရကောင်းနိုးနိုး၊ မိုးတိတ်အောင် စောင့်ရကောင်းနိုးနိုး၊ ချီတုံချတုံ ဖြစ်နေခဲ့သည်။

ထိုအခိုက်မှာ ကျွန်မရဲ့နံဘေးသို့ အရိပ်တစ်ခု ရောက်လာတာ ဖြစ်သည်။ မော့ကြည့်လိုက်သောအခါ နုနယ်သော အပြုံးမျက်နှာဖြင့် ကောင်လေးတစ်ယောက်။ အထူးသဖြင့် မျက်နှာမြင် ချစ်ခင်ပါစေဟူသောဆုနှင့် ပြည့်စုံသော ကောင်လေး တစ်ယောက်ဆို ပိုမှန်မည်ဖြစ်သည်။ သူ့မျက်နှာရှိ ရိုးသားသောအပြုံးသည် လင်းလက်၍ နေလေသည်။ သူက ခင်မင်၍ နစ်လို ဖွယ်ကောင်းသော အပြုံးတစ်ခုဖြင့် လက်ထဲက ထီးကိုဖွင့်လိုက်ကာ...

"အစ်မရဲ့ အထုပ်တွေ ကျွန်တော့်ကို တစ်ဝက်ပေးလိုက်လေ၊ ကျွန်တော် ကားဆီကို လိုက်ပို့ပေးမယ်"

"ဩော် ... သူက"





ကျွန်မရဲ့စကားကို သူက တခြားသူတွေဘက်သို့ လက်ညှိုးညွှန်ပြရင်း ...

"သူများတွေတောင် သွားကုန်ပြီ အစ်မ၊ နောက်လူတွေလည်း ပို့ပေးရဦးမယ်၊ ပေး အစ်မ ပစ္စည်းတွေ"

အဲဒီကျတော့မှ ဝန်ထမ်းတချို့က ထီးမပါသော ဈေးဝယ်လာသူများကို ကားထံသို့ လိုက်ပို့ပေးနေကြတာကို သတိပြုမိရလေသည်။ ကျွန်မက သူ့ကို ပြန်လည် ပြုံးပြလိုက်ကာ သူ့ထီးအောက်သို့ ဝင်ခိုလိုက်သည်။

ကျွန်မနှင့် ယှဉ်လျှောက်တော့မှ သူ့အရပ်က အရှည်ကြီးပဲဆိုတာ သတိထားမိရပြန်သည်။ အရပ်ရှည်ရှည်၊ အသားအရေက ရေချိုးပြီးစလို လတ်ဆတ်သန့်ရှင်းကာ ဆံပင်လေးတွေကိုတိုထောင်ထောင်နှင့် သူ့ပုံစံလေးကို ကျွန်မ တိတ်တခိုးလေးလာမိတာ သူက မသိချေ။

ငါ ဘာဖြစ်သွားတာပါလိမ့်။ ကောင်လေးရဲ့ရုပ်က ချောလန်းအောင် ချောနေတာလည်း မဟုတ်။ သို့သော် သူ့အပြုံးက သိပ်စင်ကြယ်သည်။ အထူးသဖြင့် သူ့မျက်နှာလေး အပြစ်ကင်းစင်သော မျက်နှာလေး ဖြစ်လေသည်။

"ဒါ အစ်မ ကားနော်"

"ဟင် ... ဩော် ... အင်း ... အင်း ... ဟုတ်တယ်"

သူ စကား လှမ်းပြောတော့မှပင် သတိဝင်လာရလျက် ကားသော့ကို ကပျာကယာ ဖွင့်ရသည်။ သူက သွက်လက်စွာပင်



www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းတွေကို နောက်ခန်းထဲသို့ ထည့်ပေးသည်။ သူ ပစ္စည်းတွေ ထည့်ပေးပြီးသည်အထိ ကျွန်မ ကားထဲ မဝင်ရသေးချေ။ သူက "ရပြီ အစ်မ"ဟု ဆိုတော့မှပင် သူ့ကို ဘောက်ဆူးလေး ဘာလေး ပေးဖို့ သတိရလေသည်။ ပိုက်ဆံအိတ်ကို ဖွင့်စဉ်မှာပင် ...

"မပေးပါနှင့် အစ်မ၊ ကျွန်တော်က ဒီက ဝန်ထမ်း မဟုတ်ပါဘူး"

"ဟင် ... ဒါဖြစ်ရင် ဘာလို့ လိုက်ပို့ရတာလဲ"

"ဒီက သူငယ်ချင်းဆီလာရင်းနှင့် သူတို့ကိုရော၊ ဈေးဝယ်သူတွေကိုရော ကူညီတဲ့ သဘောပါ၊ အစ်မ ကားထဲဝင်တော့လေ၊ မိုးစိုဦးမယ်၊ ကျွန်တော့်ကို ခွင့်ပြုဦးနော်"

သူက ခေါင်းလေးဆတ်၍ ရည်မွန်ယဉ်ကျေးစွာ နှုတ်ဆက်တော့မှပင် ကျွန်မ ကားထဲ ဝင်ထိုင်မိတော့တာ ဖြစ်သည်။ အဲဒီနောက် ကားမောင်း၍ ပြန်လာခဲ့သော်လည်း ကျွန်မရဲ့စိတ်တွေက သူ့အပြုံးလေးနောက်မှာ ကပ်ငြိပါသွားခဲ့တာ ဖြစ်သည်။ ဘာရယ်ကြောင့်ဆိုတာ ကိုယ့်ကိုယ်ကိုယ်ပင် မဝေခွဲတတ်ချင်ပေ။ ကျွန်မအရွယ်ဟာ စိတ်လှုပ်ရှားရတော့မည့် ဆယ်ကျော်သက်အရွယ်လည်း မဟုတ်တော့။ ဘဝပေး အခြေအနေအရ ရှိသင့်သည့် အသက်အရွယ် ရင့်ကျက်မှုထက်တောင် တည်ငြိမ်သေးသည်ဟု ပြော၍ပင် ရလေသည်။

နောက်တစ်နေ့တွင် ကျွန်မ၏ သူငယ်ချင်း ရီလင်နှင့် ဆုံသောအခါ ထိုအကြောင်းကို စိတ်လိုလက်ရပင် ပြန်ပြောပြသည်အထိ သူ့အပေါ်မှာ စိတ်ဝင်စားမှု ပိုခဲ့လေသည်။ ရီလင်းက တအံ့တဩနှင့်ပင် ...

"ဘယ်သူလဲ၊ ဘယ်လောက်ချောလို့လဲ၊ နှင့်ပါးစပ်က ယောကျ်ားတစ်ယောက်အကြောင်းပြောတာ ဒါ ပထမဆုံးပဲ၊ ငါ မြင်ဖူးချင်လိုက်တာ၊ သူက စူပါဝမ်းမှာ လုပ်တာလား၊ လာ ခုပဲ ရှော့ပင် သွားရအောင်"

"မဟုတ်ဘူး၊ အဲဒီက သူ့သူငယ်ချင်းဆီ လာတာတဲ့၊ တွေ့နိုင်မှာ မဟုတ်တော့ဘူး"

"ဟာ ... နှင့်အဖြစ်ကလည်း မမိုက်ပါဘူး သင်္ကြန်ဇာတ်လမ်းလို ဖြစ်နေပြီ၊ ဘယ်ကမှန်းမသိ၊ ဘာမသိနှင့် ငါ့သူငယ်ချင်းကို ပြုစားသွားတာနှင့်တူတယ်"

"မဟုတ်နိုင်ပါဘူးဟာယ်၊ ငါကသာ ကျိတ်ကြွေသွားတာဟဲ့၊ သူကဖြင့် အစ်မ ... အစ်မနှင့်"

ရီလင်းက တဟားဟားနှင့် ရယ်ကာ ...

"မောင်လေးနှင့် မမလား၊ ဟား ... စိတ်လျှော့ သယ်ရင်းရေ၊ ကမ္ဘာကြီးက ကျဉ်းတယ်ဆိုပေမဲ့ ပြန်တွေ့ဖို့က မလွယ်ဘူး၊ သိပ်ခံစားနေရရင်တော့ သတင်းစာထဲက ကြော်ငြာပေါ့၊ ကျေးဇူးဆပ်ပါမည်၊ လာရောက်ဆက်သွယ်ပါ၊ ကျွန်မအား စူပါဝမ်း၌ ထီးတော်မိုး လုပ်ပေးခဲ့သူ ကိုယ်တော်လေး ဘာညာပေါ့၊ လုပ်မလား"

"ပေါက်ပေါက်ရှာရှာ၊ တော်ပြီ၊ တော်ပြီ"






www.burmeseclassic.com

www.burmeseclassic.com



အမှန်တိုင်း ပြောရရင်တော့ ရီလင်းပြောသလို လုပ်တောင် လုပ်လိုက်ချင်တာ ဖြစ်သည်။ သို့သော် ဘယ်လိုမှ မဖြစ်နိုင်သည့် နည်းလမ်းတစ်ခုမို့ စိတ်လျှော့ပစ်လိုက်ကာ သတိရခြင်းနှင့်သာ စိတ်ဖြေရလေသည်။ အဲဒီနောက် သူနှင့်များ ထပ်ဆုံဦးမလားဟူ၍ စူပါဝမ်းသို့ ရောက်ဖြစ်တာလည်း မကြာခဏပင်။ လောကကြီးက ထုံးစံအတိုင်း တကယ်ရှာနေလျှင် မတွေ့ဘဲ မမျှော်လင့်သောအချိန်ကျမှ သူနှင့် ဆိုက်ဆိုက်မြိုက်မြိုက်ကို ပြန်တွေ့ရတာ ဖြစ်လေသည်။ မှတ်မှတ်ရရ ထိုနေ့ကလည်း မိုးဖွဲလေးတွေ ခပ်စိပ်စိပ် ကျနေခဲ့သေးပါသည်။

❋ ❖ ❋

အဲဒီနေ့က ကျွန်မနှင့် ရီလင်းသည် ကျွန်မ ပိုင်ဆိုင်သော ကောင်ဖီဆိုင်လေးရဲ့ ထောင့်ကျကျ စားပွဲမှာထိုင်လျက် ဟိုဟိုဒီဒီ ရောက်တတ်ရာရာ စကားတချို့ ပြောနေကြတာ ဖြစ်သည်။ ကျွန်မရဲ့အကျင့်က စကားပြောနေလျှင် ဟိုဟိုဒီဒီ မကြည့်တတ်။ ရီလင်းကတော့ ပါးစပ်ရော၊ မျက်လုံးရော၊ လက်ရော၊ ခြေရော ဘယ်ဟာကိုမှ အနားမပေးတတ်သူတည်း။

ယခုလည်း စကားပြောနေရာမှ တစ်နေရာသို့ မျက်လုံးတစ်ချက် ရွေ့သွားလျက် ပြောနေသည့် ခေါင်းစဉ်လည်း ပြောင်းသွားရာက စလေသည်။





"ဟယ် ... ချက်ချင်း လှည့်မကြည့်နှင့်နော်၊ မသိမသာလေး လှည့်ရှိုးလိုက်၊ ရည်စားနှစ်ယောက် စိတ်ကောက်နေကြတယ်၊ အဲ ... ကောင်မလေးက ကောက်တာ၊ ကောင်လေးက ချော့နေရတာ ပျာလို့၊ ကောင်လေး သနားပါတယ်ဟယ်၊ ဟော ... ဟော ... လက်မောင်းကို အရမ်း ထုနေပြန်ပြီ၊ ကြည့်လိုက် ... ကြည့်လိုက်"

ရီလင်းရဲ့စကားကို ကျွန်မက သဘောတကျ ပြုံးမိသော်လည်း ချက်ချင်း လှည့်မကြည့်ဖြစ်သေးချေ။ ကျွန်မရဲ့ ကော်ဖီဆိုင်လေးကို romantic ဆန်ဆန် ပြင်ဆင်ထားသဖြင့် သမီးရည်းစား အတွဲလေးတွေလာတာ ပိုများတတ်သည်။ ဖွင့်ကာစ က် နောက်ပိုင်းတွင် ပိုလူသိများလာသဖြင့် စနေ၊ တနင်္ဂနွေ နေပိုင်းများတွင် ဟော်လို ဂစ်တာရှိုး အစီအစဉ်လေးတောင် ည့်ထားတာ မကြာသေးချေ။ ကျွန်မက ချက်ချင်း လှည့်မကြည့် သေးသဖြင့် ...

"ကြည့်လိုက်စမ်းပါ၊ ကောင်လေးက ချစ်စရာလေးဟဲ့၊ ကောင်မလေးက အရမ်းနိုင်ပုံရတယ်"

ကျွန်မ နောက်သို့ ဖျတ်ခနဲ လှည့်ကြည့်လိုက်စဉ် ပင် နှလုံးသားထဲမှ ဒုတ်ခနဲ ဖြစ်သွားသည်အထိ အံ့အားသင့် ခဲ့ရသည့် မြင်ကွင်းပင်။ ထိုကောင်လေး သူ့ကောင်းမလေးရဲ့ က်ကို မလွှတ်တမ်း ဖမ်းဆုပ်ထားလျက် တတွတ်တွတ် ချော့ နေရှာသည့် ထိုကောင်လေးသည် ...။

www.burmeseclassic.com



ကျွန်မရင်ထဲတွင် နှမြောတသ စိတ်ဖြင့် ဖျတ်ခနဲ ကြွေဆင်းသွားခဲ့ရလေသည်။ ပြန်တွေ့မယ့်တွေ့တော့လည်း ရည်းစားငှတ်တုတ်နှင့်ဆိုသလို ပါပဲလားကွယ်။ ဘာပဲပြောပြော ကျွန်မရင်ထဲမှ မျှော်လင့်သော ချစ်ခြင်းတစ်ခုသည် ပေးဆပ်သော ချစ်ခြင်းတစ်ခုအဖြစ်သို့ အသွင်ပြောင်းလဲပုံကတော့ ဆန်းကြယ်လှသည်။ ပိုင်ဆိုင်ခွင့် မရှိသူတွေအဖို့ မျှော်လင့်ချက်မဲ့စွာ ချစ်ရခြင်းက ပို၍ သက်သောင့်သက်သာရှိသည် မဟုတ်ပါလား။

အတန်ကြာ ခေါင်းပြန်မလည်လာဘဲ ငေးလျက်ရှိနေသော ကျွန်မကို ရီလင်းက လှမ်းရိုက်လျက် ...

"အမယ်လေး သူက ပိုင်မ်းနေပြန်ပြီ၊ ဟိုမှာ ရည်းစားငှတ်တုတ်နှင့်နော်၊ ဒါပေမဲ့ ကောင်လေးက ရေလည်သန့်တာတော့ အမှန်ပဲ မဟုတ်လား"

"ငါ ပြောပြဖူးတဲ့တစ်ယောက်က သူပေါ့"

"ဟမ် ... ဘာရယ် ထီးတော်မိုးက သူ၊ ဟား ... အသင်တို့တော့ အသည်းကွဲပြီပေါ့၊ ဘယ့်နှယ် လုပ်ကြမလဲ၊ ဟဲ့ ... ဒါပေမဲ့ သူတို့ ပြဿနာတက်နေကြတယ်နော်၊ လေဒီလေးက ဖြတ်မှာလား မသိဘူး၊ ပြတ်ရင်တော့ ရှယ်ပဲ၊ ဟိ ... ဟိ"

"ကျွတ် ... ဘာတွေ လျှောက်ပြောနေတာလဲဟာ၊ သူများချစ်သူစုံတွဲကို"





"အံမယ် ... အံမယ်၊ ရှင်ပဲ စားမရ အိပ်မရ သွေးအားနည်းလို့ ပိန်နေပြီသီချင်း အော်အော် ဆိုနေတာပါနော်"

"ခု အိပ်လို့ ရသွားပြီ၊ သူ့ကို ပြန်တွေ့ပြီပဲ၊ သူက ငါတို့ဆိုင်ရဲ့ ကက်စတမ်မာ ဖြစ်ပုံရတယ်"

ရီလင်းက ကျွန်မရဲ့စကားကို မဲ့ကာရွဲ့ကာ မယုံကြည်ဟန်ဖြင့် ဆိုင်မှ စားပွဲထိုးလေးကို ခေါ်ယူ မေးမြန်းလေသည်။

"အင်း ... ဟုတ်တယ် အစ်မရဲ့၊ အဲဒီစုံတွဲက တစ်ပတ်မှာ လေးခါလောက်တော့ လာ လာထိုင်တယ်၊ ရှိုမို့ဆို သမီးက မမှတ်မိဘူး၊ လာတိုင်း ရန်ဖြစ်နေကြလို့၊ ကောင်လေးက ချည်း ချော့နေရတာ"

ကောင်မလေး ထွက်သွားပြီးသောအခါ ရီလင်းက အသံတိတ်နေရာမှ ရုတ်တရက် ထ၍ ...

"ဟဲ့ ... ရှင် သူ့ကို ဘာကြည့်ပြီး ကြွေသွားတာလဲ၊ သူ့ရုပ်က သန့်ပေမယ့် မှုန်မှုန်လေးနှင့်တော့ မလှဘူးနော်"

"မလှပါဘူး၊ ဒီလိုပါပဲ၊ ဘာမှတော့ မထူးခြားဘူး၊ ဒါပေမဲ့ ငါ့အတွက် ဩသန့်ကျတော့ သူက ထူးခြားနေတယ်၊ အချစ်ဆိုတာ ဒီလိုပါပဲဟာ၊ ချစ်တော့ချစ်တယ် ဘာကြောင့် ချစ်သွားလည်း ပြောမပြတတ်ဘူး၊ ဒါပေမဲ့ ကိုယ် ချစ်သွားတဲ့ လူတစ်ယောက်က ကိုယ့် မျက်လုံးထဲမှာ သူများနှင့် မတူတော့တာတော့ အမှန်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မနှင့် ရီလင်း အပြန်အလှန် ပြောဆိုနေတုန်းမှာပင် သူတို့ တိုက်ပွဲက ပိုမို စိပ်လာခဲ့ဟန် တူပါသည်။ ကောင်မလေးက သူ့ရင်ဘတ်ကို ရုတ်တရက် ဆောင့်တွန်းပစ်ကာ သူ့ကို တစ်ယောက်တည်း ထားပစ်ခဲ့လျက် ထွက်သွားခဲ့တာ ဖြစ်သည်။ သူကတော့ ထိုင်ခုံမှာ တွေတွေဝေဝေကြီး ကျန်ရစ်ခဲ့လေသည်။ ချစ်စရာကောင်းသည့် အပြုံးလေးတစ်ခုသည် သူ့မျက်နှာထက်တွင် ပျောက်ဆုံးလျက် ဝမ်းနည်းနာကျင် ဒေါသဖြစ်သည့် အရိပ်အယောင်တို့ကသာ နေရာယူထားလျက် ရှိသည်။

ဒီအချိန်မှာ ကျွန်မ သူ့ကို တစ်ခုခုသွားပြောရင် ကောင်းမလား။ ထီးမိုးပေးခဲ့စဉ်က မပြောဖြစ်လိုက်သော ကျေးဇူးတင်စကားလေးပဲဖြစ်ဖြစ် ပြောချင်သည်။ သို့သော် သူတစ်ယောက်တည်းပဲ နေချင်မလားဟု တွေးမိပြန်သောအခါ ကျွန်မရဲ့နေရာကို သူနှင့် ဘေးမကျ တကျသို့ ပြောင်းရွှေ့ကာ သူ့ကို လှမ်း၍ ငေးမောခွင့်ကိုပဲ ယူလိုက်ပါတော့သည်။ မင်း ပျော်ရွှင်ရအောင် ကိုယ် ဘာများ လုပ်ပေးနိုင်မလဲ ကောင်လေးရယ် ...။

※ ❖ ※

နောက်တစ်နေ့ ညနေခင်းမှာတော့ သူတစ်ယောက်တည်း မနေ့က စားပွဲမှာပင် ထိုင်နေတာကို တွေ့ရသောအခါ ကျွန်မ သိပ်တွေဝေမနေတော့ဘဲ သူ့စားပွဲရှိရာသို့ လှမ်းလာခဲ့တော့သည်။ သူက ကျွန်မကို မမြင်သေးချေ။ သူ့ရှေ့တည်တည့်





ရပ်တော့မှ ကျွန်မကို မော့ကြည့်ဖော်ရလာတော့သည်။ သူ့ကို ပြုံးစိုက်စိုက်ဖြင့် ငုံ့မိုးကြည့်နေသော မိန်းမတစ်ယောက်ကို ပြန်ကြည့်သော အကြည့်များထဲတွင် ရင်းနှီးရိပ်တွေ မတွေ့ရ။ သူ မမှတ်မိဘူး ထင်ပါရဲ့။

အေးလေ မင်းဘက်က အမှတ်တမဲ့ပေမဲ့ ...။

"ကိုယ့်ကို မမှတ်မိဘူးလား"

ကျွန်မ စကားပြောလိုက်တော့မှပင် သူ့မျက်လုံးများက လက်ခနဲ ဖြစ်သွားတော့ကာ ...

"ဪ ... ရုပါဝမ်းမှာ တွေ့ခဲ့တဲ့ အစ်မ၊ ဆောရီးနော် အစ်မ၊ ရုတ်တရက်ဆိုတော့ မမှတ်မိလိုက်ဘူး"

"ကိုယ် ဒီမှာ ထိုင်ခွင့်ရမလား"

ကျွန်မရဲ့ စကားကို သူက ပျာပျာသလဲလဲနှင့်ပင် ...

"ဟာ ... ရပါတယ် အစ်မရဲ့၊ ထိုင်ပါ ထိုင် ... ထိုင်"

ကျွန်မက တစ်ချက်ပြုံးကာ သူနှင့် မျက်နှာချင်းဆိုင်ခုံမှာ ဝင်ထိုင်လိုက်လေသည်။ သူ့ကြည့်ရတာ ကျွန်မကို ဆိုင်ရှင်မှန်းလည်း သိပုံမရချေ။

"အဲဒီနေ့က ကိုယ် မင်းကို ကျေးဇူးတင်စကား မပြောလိုက်ရဘူး၊ ပြီးတော့ အဲဒီက ဂန်ထမ်း ထင်မိတာလည်း ဆောရီးနော်"

သူက ချစ်စဖွယ်ကောင်းအောင် ဟက်ခနဲ တစ်ချက် ရယ်လိုက်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် အစ်မရဲ့၊ အစ်မ မပြောခဲ့လည်း အစ်မ ကျေးဇူးတင်မယ်ဆိုတာ ကျွန်တော် သိနေတယ်"

သူက ထိုစကားကို ရယ်ကျဲကျဲနှင့် ဆိုလေသည်။ စကားပြောကြည့်တော့မှပင် သူက ပိုမို ခင်မင်စဖွယ် ကောင်းသော လူကလေးတစ်ယောက်မှန်း ပို၍ သေချာလာခဲ့သည်။ အဲဒီက နောက်ပိုင်းတွင် သူနှင့် ကျွန်မသည် တစ်စနှင့်တစ ပိုမိုရင်းနှီး နွေးထွေးလာခဲ့ကြသည်။ ညနေတိုင်းလိုလို ကျွန်မတို့ ကော်ဖီ အတူတူသောက်ဖြစ်ကြသည်။ တစ်ယောက်အကြောင်း တစ်ယောက် ဖလှယ်တာထက် စကားပြောမည့် ခေါင်းစဉ်တစ်ခုကိုချကာ ထိုအကြောင်းကို တစ်ယောက်နှင့်တစ်ယောက် အမြင်ဖလှယ်ခြင်းက ပိုတတ်ပါသည်။ သို့သော် သူနှင့် စကားပြောသောအခါ ကျွန်မက သူ့အကြောင်းတွေကို မသိမသာ အစ်ထုတ်တတ်တာ ကိုယ် သိချင်တာကို သွယ်သွယ်ဝိုက်ဝိုက် မေးတတ်လေသည်။ သူကလည်း အရိုးခံလေးဖြစ်သဖြင့် ဘာမှ မသိရှာ။ တော်တန်ရုံ ယောကျ်ား လေးဆို ကျွန်မရဲ့စိတ်ကို လှစ်ဟကြည့်ပြီးလောက်ချေပြီ။

"ထူးချွန် မင်းက ဒီဆိုင်က ကော်ဖီကို တော်တော်ကြိုက် တယ်နှင့် တူတယ်နော်"

"ဘာဖြစ်လို့လဲ အစ်မရဲ့"

"ဪ ... မင်း ကြည့်လိုက်လေ၊ ဒီဆိုင်ကို လာတာ အတွဲတွေချည်းပဲ၊ ဒီလိုဆိုင်မျိုးက အတွဲနှင့်ပဲဖြစ်ဖြစ်၊ ဒါမှမဟုတ် သူငယ်ချင်းနှစ်ယောက်လောက်လာမှ၊ မင်းက





တစ်ယောက်တည်းပဲ အမြဲ လာနေတာ၊ မင်းမှာ ဒီဆိုင်က ကော်ဖီကို ကြိုက်လွန်းလို့ပဲ ဖြစ်ရမယ်"

သူ့မျက်နှာ ဖျတ်ခနဲ တည်ငြိမ်သွားလေသည်။ ကျွန်မကတော့ သူ ပြန်ဖြေမည့် စကားကို ရင်တထိတ်ထိတ်။ သူက ခေါင်းကို ခပ်ဖြည်းဖြည်း ညိတ်ကာ ...

"ဒီဆိုင်က ကော်ဖီကလည်း ကောင်းပါတယ်၊ ဒါပေမဲ့ ကျွန်တော်က ကော်ဖီထက် ဆိုင်ကို serious ဖြစ်တာပါ"

"အဆန်းပဲ ကိုယ် သိခွင့်ရှိမလား"

သူက ကျွန်မ နှစ်သက်ရသော အပြုံးလေးဖြင့် ဖျတ်ခနဲ ပြုံးပြလာကာ ...

"ကျွန်တော့် ကောင်မလေးက ဒီဆိုင်မှာပဲ ကျွန်တော့်ကို အဖြေပေးခဲ့တာလေ၊ အခု အစ်မ ထိုင်နေတဲ့ နေရာလေး မှာပေါ့"

ကျွန်မ ထိုင်နေရာမှ ရုတ်တရက် ထရပ်တော့မလို ဖြစ်သွားခဲ့သည်။ ပြီးတော့မှ စားပွဲကို လက်ဖြင့် တတောက်တောက် ခေါက်ရင်း ...

"ကိုယ် တွေ့လိုက်ရင်တော့ မင်းတစ်ယောက်တည်းပဲ၊ သူရော"

သူ့မျက်နှာတွင် ကြည်လင်သော အရိပ်သဏ္ဍာန် ပျောက်သွားပြီးလျှင် စကားပြောဖို့ စဉ်းစားနေသေးဟန် ရှိသည်။ ပြီးတော့မှ ...



www.burmeseclassic.com

www.burmeseclassic.com



"သူ ကျွန်တော့်ကို အချိန်မပေးနိုင်သေးဘူး ထင်ပါရဲ့၊ ဒီလိုပါပဲဗျာ"

သူ ဘာကို ပြောချင်မှန်း ကျွန်မ တန်း၍ သဘောပေါက်လေသည်။ နွမ်းလျသွားသော သူ့မျက်နှာလေးကို ငေးရင်းရင်မှာ နင့်လာရသည်။ လောကကြီးက ဘယ်လိုကြီးများလဲကွာ။ အချစ်ကို လိုလားသူနှင့် အချစ်ကို ပေးချင်သူတို့ ဘာလို့ လွဲချော်နေရတာပါလိမ့်။ သူ့ကို ဘယ်လောက်ကြာအောင် သတိလက်လွတ် ငေးနေမိမလဲ မသိ၊ သူက ကျွန်မ မျက်ဝန်းတွေထဲ ဆုံကြည့်လာတော့မှ သတိထားမိတော့ကာ ကိုယ့်ဘာသာ မလုံမလဲ ပြုံးမိလေသည်။

သူက ချောင်းတစ်ချက် ဆတ်လိုက်ရင်း ...

"အမှန်အတိုင်း ပြောရရင် ကျွန်တော် ဒီမှာလာပြီး ငိုင်နေတာ၊ အစ်မနှင့် လာဆုံတာ ကံကောင်းတယ် ပြောရမယ်၊ အစ်မနှင့် အကြောင်းအရာတစ်ခုကို ဆွေးနွေးနေရတော့ စိတ်ညစ်တာ လျော့သွားတာပေါ့၊ အစ်မကို ကျေးဇူးတင်ပါတယ်"

သူ့စကားက ကျွန်မရဲ့ ရင်ကို ဘယ်လောက်ထိ ချမ်းမြေ့သွားစေလဲဆိုတာ မတိုင်းတာတတ်ချေ။ ကျွန်မက သူ့စိတ်တွေကို နည်းနည်းပါးပါး သက်သာရာကြောင်း ဖြစ်စေသည်ဆိုတာကပင် ကျွန်မအတွက် ကြီးစွာသော ဆုလာဘ်တစ်ခုလိုပင် ဖြစ်လေသည်။ ကျွန်မရဲ့ သူငယ်ချင်းကတော့ အပျက်အပျက်နှင့်





ခေါင်းသွေး ထွက်တော့မည်ဟု ဆိုသည်။ ဘယ်လိုပဲ ဖြစ်ပါစေ၊ ျနမကတော့ ဘာကိုမှ အထူးတလည် မစဉ်းစားတော့။

သူ စိတ်ချမ်းသာတာကိုပဲ မြင်ချင်သည်။ ကျွန်မနှင့် ကားပြောနေတုန်း သူ တလွတ်တလပ် ရယ်မောလျှင် ကျွန်မ ျားစွာ စိတ်ချမ်းသာရသည်။ အထီးကျန်ဆန်သော ကျွန်မ ဝတွင် သူက အိုအေစစ်လေးလည်း တစ်ပြန် ဖြစ်နေပြန်သေးသော ခါ ကျွန်မတို့နှစ်ဦးမှာ တစ်ယောက်နှင့်တစ်ယောက် အပြန်အလှန် လိုအပ်မှန်း မသိ လိုအပ်လာခဲ့ကြပါသည်။

ရယ်စရာ ကောင်းတာတစ်ခုက သူသည် ကျွန်မကို ိုင်ရှင်ဖြစ်မှန်း ယခုထိ မသိသေးချေ။ ကျွန်မ ငါးနှစ်သမီး ရွယ်ကတည်းကပင် ဖေဖေနှင့် မေမေ ကွဲသွားကြောင်း၊ ကျွန်မ က မေမေနှင့် ကျန်ခဲ့ကြောင်း၊ ဖေဖေက နောက်အိမ်ထောင်နှင့် ိုင်ငံခြားမှာ အပြီးနေကြောင်း၊ ပြီးခဲ့တဲ့ နှစ်ကပင် ကျွန်မရဲ့မိခင် ွယ်လွန်သွားကြောင်း၊ ကျွန်မသည် မိခင် ထားခဲ့သော အမွေ နစ်များ၊ ဖခင်ရဲ့ ထောက်ပံ့ငွေများဖြင့် ဘာအလုပ်မှ လုပ်စရာ လိုသော သူဌေးမတစ်ဦး ဖြစ်ကြောင်း၊ အဲဒါတွေပဲ သူ သိထား လသည်။ တစ်နေ့တွင် သူက ...

"အစ်မ ဒီနေ့က ကျွန်တော့် မွေးနေ့လေ၊ အစ်မ ဘာ လက်ဆောင် ပေးမှာလဲ"

"ဟယ် ... အဟုတ်လား၊ မင်းက ကြိုလည်းမပြောဘူး၊ ကြိုပြောရင် ကိုယ် စဉ်းစားထားမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အဲလို လက်ဆောင်မျိုးမှ မလိုချင်တာ၊ လျှပ်တစ်ပြ
လက်ဆောင်ပဲ လိုချင်တာ၊ ကဲ ... ပေး"

သူက လက်ဖဝါးလေး ဖြန့်ပြကာ ကလေးတ
ယောက်လို လက်ဆောင်တောင်းလေသည်။ သူ့အတွက် အဓိပ္ပာ
အရှိဆုံး လက်ဆောင်အဖြစ် ကျွန်မ ဘာပေးရပါ့မလဲ။ အဲဒီနော
မှာတော့ ကျွန်မရဲ့ ခေါင်းထဲတွင် လက်ခနဲ ဖြစ်သွားသည်။

"အိုကေ မင်းအတွက် ကိုယ် သီချင်းတစ်ပုဒ် လက်ဆော
ပေးမယ်"

အဲဒီနောက်မှာတော့ ကျွန်မက stageပြင်ဆင်ထ
သော စင်လေးပေါ်သို့ ဣန္ဒြေရရ တက်လှမ်းလာခဲ့သည်။ ခုံမှ
ဝင်ထိုင်လိုက်သောအခါ ကျွန်မ ဆိုင်မှ ဝန်ထမ်းလေးက မိုက်က
ဖုန်း ချိန်ပေးခြင်း၊ ဂစ်တာကြိုး ပလပ်ထိုးပေးခြင်းတို့ကို လာလု
ပေးသည်။

အားလုံး ပြီးစီးသွားသောအခါ ကျွန်မက ဂစ်တ
ကြိုးကို စတင် တီးခတ်ရင်း သူ့ကို တစ်ချက် လှမ်း၍ ပြုံးပြလိုက
သည်။ သူ့မျက်နှာတွင် အံ့သြရိပ်က အထင်းသား။ ကျွန်မကတေ
သူ့အတွက် ရည်ရွယ်သော သီချင်းတစ်ပုဒ်ကို စတင် ဆိုနေပြ
ဖြစ်သည်။

'မင်းရဲ့ ချစ်တဲ့သူ စွန့်လွှတ်ခဲ့ရင် xxx ဒီရင်ခွင်ထဲ
ရောက်အောင် လှမ်းခဲ့ xxx ကိုယ့်ဆန္ဒများ xxx စွဲလမ်းမှုတွေများ





မှောင် ကွယ်ရာမှာ ကိုယ့် စိတ်ကူး ရူးများ xxx လွှန်နေပြီကွာ
xxx အားလုံးထက် မင်းကို ချစ်နိုင်တယ် xxx ဒီလို တစ်ယောက်
ည်း ရူးသွပ်တဲ့ နေ့များ xxx သူက သိမှာလား ကိုယ် ခွင့်လွှတ်
တာ သိပ်ချစ်လို့ xxx လွန်ကုန်တာတွေ မေ့ပစ်လိုက်ပါနော်
xxx ဒီအတိတ်ဟောင်း xxx မင်းလေး မသိပါ စွဲလမ်းခဲ့တာ xxx
ယ်သူတွေက မင်းအကြောင်း ပြောကြမလဲ xxx ကိုယ်
ပးဆပ်မယ် xxx'

ကျွန်မက သီချင်းကို ခံစားချက်အပြည့်နှင့် သီဆို
နေချိန်မှာ သူ့ကိုလည်း မသိတော့။ တခြား ဘာကိုမှလည်း မသိ
တော့။ သီချင်း ပြီးဆုံးသွားသောအခါ လက်ခုပ်သံတွေက ထင်ထား
တာထက် ညံနေခဲ့သည်။ သူ့စားပွဲသို့ ပြန်ရောက်လာသောအခါ
သူက ကျွန်မကို မမြင်ဖူးသော သူတစ်ယောက်လို ကြည့်လျက်
တစ်ခုခုပြောဖို့ ကြိုးစားနေဟန် ရှိသည်။ သူ မပြောခင် ...

"ကိုယ့် လက်ဆောင်ကို သဘောကျရဲ့လား"

"သဘောကျတာထက် လွန်တယ်၊ အစ်မ ဂစ်တာတီးတာ
ရော၊ သီချင်းဆိုတာရော အရမ်းကောင်းတာပဲ"

သူ့ရဲ့ ချီးကျူးစကားကို ကျွန်မ နှုတ်ဆိတ်ကာ
သာ ပြုံးနေလိုက်သည်။ သူက ဝေးဝေးသို့ ငေးနေရာမှ
ရုတ်တရက် ထကာ ...

"အချစ်ဆိုတာ အစ်မ ဘယ်လို နားလည်သလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် မပြောတတ်ပါဘူး ထူးချွန်ရယ်၊ ကိုယ် ပြောချင်
စကားတွေကတော့ ခုနက သီချင်းထဲမှာ အကုန် ပါသွ
တာပဲ"

သူ့မျက်ဝန်းများ လက်ခနဲ ဖြစ်သွား၏။ ကျွန်မ
ကြည့်လာသော သူ့မျက်ဝန်းများသည် ဒီတစ်ခါ အချိုမြိန်ဆုံ
ဖြစ်လေသည်။

"အစ်မ ကျွန်တော့်ကို နားလည်ပေးနိုင်မလားဟင်"

"မင်းက ကိုယ့်ဆီက ဘာကို လိုချင်တာလဲ၊ နားလည်
လိုချင်ရင် နားလည်မှု ကိုယ် ပေးနိုင်ပါတယ်"

"အစ်မရယ်"

သူက မျက်ရည်ဝဲသော မျက်လုံးအစုံဖြင့် ကျွန်မ
လက်တစ်ဖက်ကို လှမ်းရောက် ဖျစ်ညှစ်လိုက်လေသည်။ တက
တော့ တစ်ယောက်နှင့်တစ်ယောက် မြတ်နိုးခုံမင်သည့် ကိစ္စတွ
အချက်တွေ အများကြီး မလိုအပ်လှပါ။ စကားတွေ အများကြ
ပြောနေစရာလည်း မလို။ ဘာစကားမှ ပြောစရာ မလိုပါဘဲ
ကို ကျွန်မက သူ့နှလုံးသားကို နားလည်ပေးနိုင်ခဲ့သည်မှ
ကြီးမားသည့် အချစ်ကြောင့်ပဲ ဖြစ်ပါလိမ့်မည်။ သူနှင့် သူ့ကော
မလေး တရားဝင် လမ်းခွဲပြီးပြီလား၊ မပြီးသေးဘူးလား၊ ကျွန်
ဘာမှ မသိချင်တော့။ ကျွန်မသိတာ သူ့စိတ်ချမ်းသာမှု တစ်ခုတ
ကိုပဲ ဖြစ်လေသည်။ ကျွန်မ သူငယ်ချင်း ရီလင်းကတော့ ကျွန်
ကို ကောင်းကောင်းကြီး ဝေဖန်သည်။





"နှင် ခံရမှာတော့ ငါ မြင်ယောင်နေသေးတယ်နော်၊ နှင့်
အချစ်က နှင့်ကို ပြန် ဒုက္ခပေးလိမ့်မယ်၊ သူ့ကောင်မလေး
နှင့် အဆင်မပြေတုန်း ခဏ နှင့်ကို အသုံးချနေတာ၊
ဟိုက မီးစိမ်းပြတာနှင့် နှင့်ကို ခွာသွားမှာပဲ"

"ခွာပစေဟာ၊ သူ စိတ်ချမ်းသာသလို လုပ်ပါစေ"

တကယ်လည်း ကျွန်မရဲ့အချစ်က သူ့ကို မျက်နှာ
ချက်မှ မငြိုငြင်စေရချေ။ သူ့ထံမှ ချစ်တယ်ဆိုသော စကား
မကြားရသေးသော်လည်း 'ညက ကျွန်တော် အစ်မကို လွမ်း
တာ အရမ်းပဲ'ဟု ပြောလိုက်လျှင် ပါးစပ်တောင် မပိတ်နိုင်
။ တဖြည်းဖြည်းနှင့် သူသည် ကျွန်မရဲ့အချစ်တွေကို နားလည်
လာကာ သူ့နှလုံးသားလည်း ပြန်လည် အသက်ဝင်လာပြီဟု
လင့် ယုံကြည်ရလေသည်။ သို့သော် တစ်နေ့တွင် သူက ...

"ကျွန်တော့်ဆီ မနေ့က ဖုန်းဆက်တယ် အစ်မ"

ကျွန်မ နှလုံးသားတွင် ရုတ်တရက် ဆစ်ခနဲ
သွားသည်အထိ ထိုနာမည်က ခေါက်လှန့်လေသည်။ သို့သော်
မပျက်ပင် ...

"ဟုတ်လား ဘာတဲ့လဲ"

တစ်ခါတလေ သူက သူ့ချစ်သူ ကောင်မလေး
ကြောင်း ကျွန်မကို မကြာခဏ ရင်ဖွင့်တတ်တာကို ကျွန်မက
ထောင်ပေးနေကျဖြစ်သောကြောင့် ဒီစကားပြောဖို့ သူ့မှာ
ဖြစ်မနေချေ။ ကိုယ်က မင်းနှလုံးသားရဲ့ ထွက်ပေါက်တစ်ခု



www.burmeseclassic.com

www.burmeseclassic.com



ပါဟု ပြောခဲ့ဖူးသဖြင့် သူက ကျွန်မဆိုလျှင် ဘာမဆို ပွင့်လင်းနေကျ ဖြစ်သည်။

"သူ့ဆီကို ပြန်လာမလားတဲ့၊ တကယ်တော့ သူ့ကို တကယ် ချစ်ခဲ့တာလည်း ကျွန်တော်၊ သူက တကယ်ချစ်ခဲ့တာလည်း ကျွန်တော်ပဲ ဆိုတာ သူ နားလည်သွားပြီ ကဲ့"

ကျွန်မရဲ့ ကမ္ဘာသည် ကြောက်စရာ ကောင်းလောက်အောင်ကို ဝါက်ဆိတ် ချောက်ချားသွားရသည်။ အဲဒီ အချိန်မှာ လူတစ်ကိုယ်လုံး ပြာမှုန့် ဖြစ်သွားချင်လောက်အောင်ကိုပင် စိတ်ခံစားချက်တွေက အလဲလဲ အပြိုပြို။ တကယ်တမ်း ယှဉ်၍ ရွေးစတမ်းဆိုလျှင် သူ ချစ်သော မိန်းကလေးကိုသာ။ ကျွန်မသည် ကြိုသိပြီးသား အခြေအနေ တစ်ခုအတွက် သူ့ဆန္ဒကို နာခံရုံမှအပ အခြား မရှိတော့ချေ။

"အဲဒီတော့ အင်းပေါ့လေ၊ မင်းတို့က ချစ်သူတွေပဲ မဟုတ်လား"

"ဒါပေမဲ့ အစ်မ"

သူ ဆက်မပြောခင်မှာပဲ ကျွန်မ လက်ကာပြလိုက်ကာ ထိုင်ရာမှ ထရပ်လိုက်သည်။ ယနေ့ စနေနေ့ဖြစ်၍ စင်ပေါ်၌ အရန်လူ သီချင်းသံက ပျံ့လွင့်နေသည်။ တကယ်လည်း ကိုယ်က မင်းရဲ့ အရန်လူပဲ မဟုတ်လား ကောင်လေးရယ်၊ ကိုယ့်မျှော်လင့်ချက်က မင်း စိတ်ချမ်းသာမှု တစ်ခုတည်းပါ။





"ကိုယ့်အတွက် မင်း ဘာမှ စဉ်းစားပေးနေစရာ မလိုပါဘူး၊ အစတည်းက ကိုယ့်ဆီက မင်း တောင်းခံခဲ့တာ နားလည်မှုလေ၊ ကိုယ် ပေးခဲ့တာလည်း နားလည်မှုပဲ မဟုတ်လား၊ မင်း စိတ်ဖြောင့် လက်ဖြောင့်နှင့်သာ ဖူးငုံဆီ သွားပါ၊ ကိုယ် ကျေနပ်ပါတယ်"

စကားဆုံးတာနှင့် ကျွန်မ ဆတ်ခနဲ လှည့်ထွက်လာခဲ့သည်။ သူ့ရှေ့မှာ ကြာကြာရပ်နေလျှင် ကျွန်မရဲ့ မျက်ရည်တွေကို အာမခံနိုင်မှာ မဟုတ်ဘူးဆိုတာ သေချာနေသောကြောင့် ဖြစ်ပါသည်။ နောက်ဆုံးတော့လည်း ကျွန်မက တစ်ယောက်တည်းက တစ်ယောက်တည်းပင် ဖြစ်လေသည်။ တစ်ဖက်သတ် အချစ်ဆိုတာ အမြဲတမ်း ကျန်ရစ်ဖြစ်ခဲ့တာမျိုးတွေချည်းပဲ ဖြစ်သည်။ တကယ်၍ ဆုတောင်းတိုင်းသာ ပြည့်ဝမည်ဆိုလျှင် ကျွန်မ တောင်းချင်ဆုံးဆု တစ်ခုပဲ ရှိသည်။ ဘယ်တော့မှ တစ်ဖက်သတ် အချစ်သမားဘဝ မရောက်ရပါစေနှင့် အရှင်ဘုရား။

※ ❖ ※

ကျွန်မရဲ့ နှလုံးသားမှ သူ့ကိုချစ်သည့် အချစ်တွေသည် ဘာမှ မပြောင်းလဲသော်ငြားလည်း အချိန်တွေကတော့ ရပ်တန့်မနေဘဲ ပြောင်းလဲလျက်တည်း။ ယခုဆိုလျှင် သူနှင့် တောင် ဆုံစည်းရာ မိုးဦး အချိန်ကာလလေးသို့ပင် နှစ်ပတ်လည်တစ်ကျော့ ပြန်ရောက်လာပြီ ဖြစ်သည်။ သူနှင့် နောက်ဆုံး



www.burmeseclassic.com

www.burmeseclassic.com



တွေ့ပြီးသည့် အချိန်ကတည်းက အခုထိ ပြန်မတွေ့တော့တာ ဖြစ်လေသည်။

လွန်ခဲ့သော ခြောက်လခန့်က သူငယ်ချင်းတစ်ယောက်၏ မင်္ဂလာဖိတ်စာ သွားရွေးပေးခဲ့စဉ်က ပုံနှိပ်တိုက်တွင် သူ့ချစ်သူ ကောင်မလေးကို တွေ့ခဲ့ရသည်။ သူလေးသည်လည်း ဖိတ်စာ လာရွေးခြင်းပင်။ ဩော် ... တကယ် ချစ်ခဲ့ကြသူတွေ အချင်းချင်း လက်တွဲကြတော့မည်ပေါ့။ အဲဒီတည်းက သူ့ကို မေ့ဖို့ ကြိုးစားခဲ့တာ ယခုချိန်ထိပဲ ဖြစ်လေသည်။ အောင်မြင်လား၊ မအောင်မြင်လား ဆိုတာတော့ ကိုယ့်ကိုယ်ကိုယ်တောင် မဆန်းစစ်ချင်တော့။

မင်္ဂလာ ဆောင်ပြီးသွားသော ရိလင်းကတော့ 'နှင်သူ့ကို ခုထိ ချစ်ဆဲပဲ' တဲ့။ သူငယ်ချင်းတွေအားလုံး အိမ်ထောင်ကျပြီးသွားသည်အထိ ကျွန်မကတော့ တစ်ကိုယ်တော်ဘဝမှာ ပျော်မွေ့ဆဲပင် ဖြစ်သည်။ နိုင်ငံခြားမှာနေသော ဖေဖေ့ထံကတောင် အိမ်ထောင်ပြုဖို့ တိုက်တွန်းထားသည့်စာ ရောက်လာသော်လည်း ကျွန်မက ကိုယ့်နှလုံးသားကို ထောင် ပြန်မချချင်ပေ။

❋ ❖ ❋

မိုးတွေ အုံ့မှိုင်းလျက်ရှိသော တစ်နေ့မှာ ပျင်းပျင်းရှိလွန်းသဖြင့် ကျွန်မ ကျိုက္ကဆံ ရုပါဝမ်းသို့ ထွက်လာခဲ့သည်။ ထုံးစံအတိုင်း မျက်လုံးထဲမြင်ရာ အကုန်ဝယ်တတ်သော အကျင့်





ကြောင့် ပြန်ထွက်လာသောအခါ ကျွန်မ လက်ထဲတွင် အထုပ်အပိုးတွေ ပြည့်နေချေပေပြီ။ ကျွန်မ အပေါက်ဝရောက်သောအခါ မိုးက ဖွဲန်းခနဲပင် သည်းတော့သည်။

"ကျွတ် ... ဒုက္ခပါပဲ၊ ထီးကလည်း ပါမလာပြန်ဘူး"

"ထီးမပါလည်း ကျွန်တော် လိုက်ပို့ပေးမှာပေါ့ မမရဲ့"

ကျွန်မရဲ့ နောက်ပါးဆီမှ ကြားလိုက်ရသော အသံတစ်ခု။ ထိုအသံသည် ကျွန်မရဲ့တစ်သက် ဘယ်တော့မှ မမေ့မည့် အသံ ဖြစ်သော်လည်း ကျွန်မ မယုံကြည်ရဲချေ။ မမတဲ့။ မဖြစ်နိုင်ပါ။ သူက သူ့ချစ်သူနှင့် လက်ထပ်သွားပြီးပြီပဲ။ အတုန်တုန်အလှုပ်လှုပ်ဖြင့် လှည့်ကြည့်လိုက်သောအခါ ထီးမိုးပေးထားသော ချိုမြသည့် အပြုံးရှင်ကောင်လေးကို အိပ်မက်ဆန်စွာပင် တွေ့လိုက်ရပါသည်။

"ပေးလေ မမရဲ့ ပစ္စည်းတွေ၊ ကျွန်တော့်ကို ပေး"

ကျွန်မ အိပ်မက်များ မက်နေမိတာလား။ မဖြစ်နိုင်ချေ။ သူမှ သူ။ ဘာမှ မပြောင်းလဲသေး။ အရင်အတိုင်း ချစ်စဖွယ် အပြုံးလေးနှင့်ပြုံးကာ ကျွန်မ လက်ထဲမှ ပစ္စည်းတွေအားလုံး သူက ယူလိုက်လေသည်။ အဲဒီနောက် ကျွန်မကို ထီးမိုးပေးလျက် ကားထံသို့ ပို့ပေးသည်။ ဘေးတိုက်မြင်နေရသော သူ့မျက်နှာကို ငေးကာ ရင်ထဲ၌ နင့်လာသည်။

ဩော် ... အချစ်ဦးလေးကိုး။

"မင်းရဲ့ ဇနီးရော"



www.burmeseclassic.com

www.burmeseclassic.com



သူက ကျွန်မ စကားကို ပြက်လုံးတစ်ခုလို တဟားဟားနှင့် အော်ရယ်လေသည်။ ထို့နောက် ကျွန်မကို ကလေးတစ်ယောက်လို ချစ်စနိုးဖြင့် ငုံ့မိုး ပြုံးကြည့်ကာ ...

"ကျွန်တော် ဘယ်တုန်းက မိန်းမ ရလို့လဲ မမရဲ့၊ လူပျိုလေးကိုများ မဦးမချွတ်"

ကျွန်မ ကိုယ်ထဲတွင် လှည့်ပတ်စီးဆင်းနေသော သွေးတွေ ချက်ချင်း ပူနွေးလာကာ ရင်ထဲမှာလည်း တထိတ်ထိတ်ဖြင့် ခုန်စပြုလာခဲ့သည်။ ကားနားရောက်ပြီ ဖြစ်သဖြင့် သူက ကျွန်မရဲ့လက်ထဲမှ ကားသော့ကိုယူကာ သူကိုယ်တိုင် တံခါးဖွင့်ပေးလျက် ပစ္စည်းတွေကို ကားထဲ ထည့်ပေးပြီးနောက် ကျွန်မရဲ့ မျက်ဝန်းတွေထဲသို့ တည့်တည့် ရင်ဆိုင် စိုက်ကြည့်လာသည်။ သူ့မျက်ဝန်းထောင့်တွေမှာ ခပ်လက်လက်ဖြစ်ကာ ကျွန်မကိုကြည့်သော အကြည့်များသည် ခံစားမှုများနှင့် နင့်သီး၍ နေလေသည်။

"ဖူးငုံ လက်ထပ်သွားတာ မင်းနှင့် မဟုတ်ဖူးလား၊ ပြီးခဲ့တဲ့ ခြောက်လလောက်ကလေ"

သူ့လက်ထဲမှ ထီးက အောက်သို့ လွတ်ကျသွားလျက် သူက ကျွန်မရဲ့ လက်နှစ်ဖက်စလုံးကို ဆွဲယူကာ သူ့ရင်ခွင်မှာ ရတ်တရက် အပ်ထားလိုက်လေသည်။ သူ့မျက်လုံးများထဲတွင် ကြေကွဲရိပ်များနှင့် ပြည့်သီးနေ၏။

"မမနှင့် နောက်ဆုံး တွေ့ပြီးတည်းက ဖူးငုံနှင့် ပြန်လက်တွဲတယ်လို့များ ထင်နေလား မမ၊ ကျွန်တော် ဖူးငုံကို





ချစ်ခဲ့တယ်၊ သူ စွန့်ပစ်သွားတဲ့အချိန်မှာ အသည်းကွဲခဲ့တယ်၊ ဒါပေမဲ့ မမနှင့် တွေ့ပြီးတဲ့ နောက်ပိုင်းမှာ အဲဒါတွေက အရာမထင်တော့ဘူး၊ ကျွန်တော် မမကို ချစ်တယ်လို့ မပြောခဲ့ဘာဟာ ကျွန်တော့် နှလုံးသားကို မယုံရဲသေးလို့ပါ၊ တကယ်တမ်း ကျွန်တော် မမကို ဘယ်လောက်လိုအပ်တယ်ဆိုတာ မမ ထားခဲ့တဲ့အချိန်မှာ သိသွားခဲ့တယ်၊ ကျွန်တော် မမကို ချစ်တယ်"

ကျွန်မရဲ့ မျက်ရည်တွေ ဘယ်လို စီးကျလာသလဲ မသိချေ။ ဒီစကားကို ကျွန်မ အချိန်ကာလများစွာ စောင့်ခဲ့ရသည်။

"ဒါနှင့်များ မင်း တို့ကို ပစ်ထားရက်တယ်နော်"

သူက ကျွန်မရဲ့ မျက်ရည်စပေါက်ကို သုတ်ပေးလျက်မှ နေ၍ ...

"မမရဲ့ရှေ့ကို ရောက်မလာပေမဲ့ မမရဲ့နောက်နားမှာ အရိပ်လို ကျွန်တော် ရှိနေခဲ့ပါတယ်၊ မမများ ကျွန်တော့်ကို စိတ်နာနေမလားလို့ပါ၊ မမ ကျွန်တော့်ကို ချစ်သေးရဲ့လားဟင်"

"ကိုယ်က မင်းရဲ့ ချစ်တဲ့သူပါ"

သူက ကျေနပ်သွားသော အပြုံးများနှင့် ကျွန်မရဲ့လက်တွေကို ပိုမို ဖျစ်ညှစ်လိုက်လေသည်။ မိုးသည်းသည်းထဲတွင် မတ်တတ်ရပ်လျက် မိုးတွေ ရွဲရွဲစိုလျက်ရှိနေကြသော ကျွန်မတို့နှစ်ဦးကို လူတွေက တအံ့တသြ ကြည့်ကြတာကိုလည်း ဂရုမစိုက်



www.burmeseclassic.com

www.burmeseclassic.com




နိုင်တော့။ ဒီအချိန်မှာ သူ့အပြုံးလေး ပျောက်ကွယ်သွားမှာကိုပဲ စိုးရိမ်မိရကာ။

- သဲသဲမဲမဲ ရွာချနေသော မိုးရေစက်များကို သူ့အချစ်တွေပဲဟု နှလုံးသွင်းတော့ကာ ။

※ ❖ ※





www.burmeseclassic.com



လောကကြီးထဲတွင်ရှိသော လူတိုင်းဟာ အမှားအယွင်းနှင့် မကင်းနိုင်ကြသော သူတွေချည်းပဲဖြစ်သည်။ ဒါ့အပြင် တချို့တွေဆိုလျှင် နမော်နမဲ့နိုင်သော ဖြစ်ရပ်တွေပင် ရှိလေသည်။

သို့သော်လည်း မုန့်လုံးဆိုသော သူမလောက်တော့ ဘယ်သူမှ နမော်နမဲ့နိုင်တာ ရှိမယ်လို့ မထင်ရလောက်အောင် သူမက နမော်နမဲ့နိုင်ရုံမျှသာမက ရုပ်တီးရုပ်ပျာနိုင်လှကာ မေ့လျော့တတ်ခြင်း၊ အပျင်းအနည်းငယ်ထူခြင်း၊ တစ်စက်ကလေးမှ မိန်းကလေး ပီသမှုမရှိခြင်း စတဲ့ ဘွဲ့ထူးတွေကိုပါ အပိုဆောင်းရရှိထားပြန်သေးလေရာ မုန့်လုံးရဲ့ နေ့စဉ်ဘ၀ ဖြတ်သန်းမှုတွေဟာ ဘယ်တော့မှ ရိုးစင်းတယ်ရယ်လို့ မရှိလှဘဲ အမြဲတစေ နမော်နမဲ့နိုင်မှုတွေနှင့် ပြည့်နက်လျက် ရှိပေသည်။

ထို့ပြင် သားဦး အရူးဆိုသော ဆိုရိုးစကားဟာ မုန့်လုံးနှင့်မှ ကွက်တိ မှန်နေသလား ထင်ရလောက်အောင် မုန့်လုံးရဲ့ အမြှာမောင်လေး နှစ်ယောက်ဟာ အရွယ်နှင့်မလိုက်အောင် တည်ငြိမ်အေးချမ်း ကြိုးစားသလောက် မုန့်လုံးကတော့



www.burmeseclassic.com

www.burmeseclassic.com



တက္ကသိုလ် နောက်ဆုံးနှစ်ရောက်သည့်တိုင် ရှုးပေါကောင်းတုန်း၊ ဘာကိုမှ အလေးအနက် မရှိတုန်း၊ ရုပ်ပျာပျာနှင့် ထောင့်မကျိုးနိုင်တုန်းပင် ဖြစ်လေတော့သည်။

မုန့်လုံးဟု အမည်တွင်ရခြင်း အကြောင်းရင်းကလည်း မွေးစက မုန့်လုံးဟာ ဖြူဖြူလုံးလုံးလေးနှင့် သကြိန်တွင်းကြီးမှာ မွေးဖွားခဲ့တာကြောင့် မုန့်လုံးရေပေါ်လုံးလေးအလား ချစ်စရာသဏ္ဍာန်ရှင်လေးမို့ အားလုံးက အမည် သမုတ်ခဲ့ကြခြင်းပင်။ ဆွေမျိုးအသိုင်းအဝိုင်းထဲမှာလည်း ရှားရှားပါးပါး မိန်းကလေးတစ်ဦးတည်းပါတာမို့ အားလုံးရဲ့ အချစ်တော်ဖြစ်ရကာ ငယ်စဉ်ကတည်းက အစပြုခဲ့သော ရုပ်ပလာအကျင့်တို့၊ မေ့လျော့မှုတို့ကိုလည်း ဘယ်သူမှ ပြုပြင်ပေးရကောင်းမှန်း မသိကြဘဲ မုန့်လုံးတို့ကတော့ ဟာသပဲ၊ မုန့်လုံးကိုများ ယုံစားလို့ဟူ၍ အားလုံးသောသူတိုင်းက နားလည်ခွင့်လွှတ် ထားကြတော့တာမို့ မုန့်လုံးဟာ ဒီပုံစံတွေထဲမှာပဲ နေသားကျတော့ကာ အထူးအဆန်းလည်း မဟုတ်တော့ချေပြီ။

ဒါပေမဲ့ ကံဇာတ်ဆရာ၏ ကျီစယ်မှုအရ မုန့်လုံးရဲ့ ချစ်သူဖြစ်လာသော လူတစ်ယောက်သည် အရာရာမှာ မုန့်လုံးနှင့် ဆန့်ကျင်ဘက် ဖြစ်နေသော သူတစ်ယောက် ဖြစ်နေခဲ့ပါသည်။ သူက သာမန် လူတွေနှင့်ကိုမတူဘဲ အများထက် တိကျသူ၊ ပြတ်သားသူ၊ စည်းကမ်းကြီးသူ၊ စည်းစနစ်ကျသူ၊ ကြိုးစားသူတစ်ဦး ဖြစ်နေခဲ့ခြင်းပင်။





ဒါကြောင့် ဘယ်လိုနည်းနှင့်မှ သဟဇာတ မဖြစ်ခဲ့သော ချစ်သူနှစ်ဦးတွင် ပြုလုပ်သူ သူမထက် အပြုခံရသူဖြစ်သော သူကသာ အမြဲတစေ စိတ်ညစ် စိတ်ရှုပ်ထွေးမှုများနှင့် ရင်ဆိုင် ကြုံတွေ့ခဲ့ရခြင်း ဖြစ်လေသည်။

❂ ✻ ❂

ကျွန်တော့် ဘဝတွင် ငယ်စဉ်ကတည်းမှစကာ ပုံစံတွေ၊ အချိန်ဇယားတွေအတွင်းမှာ ကျင်လည်ခဲ့ရတာ ဖြစ်သည်။ အမြဲတစေ အချိန်တန်ဖိုးကို နားလည်အောင်၊ အလုပ်ကို လေးစားအောင် မိဘတွေက သွန်သင် ညွှန်ပြခဲ့တာရော၊ ကျွန်တော့်ပင်ကို ဗီဇကိုက စည်းကမ်းရှိတာ၊ စည်းစနစ်ကျတာကို ကြိုက်တာရောကြောင့် ကျွန်တော့် ပတ်ဝန်းကျင်တွင် ကျွန်တော်က အမြဲ စံပြဖြစ်ခဲ့လေသည်။ ကံဆိုတာ အလုပ်ဟု နားလည်လက်ခံထားသော ကျွန်တော့်အဖို့ တစ်ခါတစ်ရံမှာ ကိုယ် ဘယ်လောက်ပဲမျှော်မှန်း စီစဉ်စေကာမူ လွဲချော်သွားတတ်သော၊ နောက်ပြောင်တတ်သော ကံအကြောင်းတရားလည်း ရှိသေးသည့်ဆိုတာကို ကျွန်တော့်ချစ်သူနှင့် တွေ့ဆုံပတ်သက်ပြီး နောက်ပိုင်းမှာ အများကြီး လက်ခံခဲ့ရတာ ဖြစ်သည်။

ယောက်ျားလေး အများစုဟာ သူတို့ရဲ့ ချစ်သူတွေကို စိတ်ကူးနှင့် အမျိုးမျိုး ပုံဖော်ကြည့်ကောင်း ကြည့်ကြပေလိမ့်မည်။ ကျွန်တော်လည်း ဆယ်ကျော်သက်အရွယ်က ပုံဖော်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ဖူးပါသည်။ အင်း ... အသားဖြူဖြူ ခပ်ချောချော၊ ဆံပင်လေးရှည်ရှည်၊ ကဗျာဆန်ဆန်၊ ဒီလောက်ပဲ ဆိုပါတော့။ ဘယ်သူမှတော့ နမော်နမဲ့နိုင်ကာ ကိုယ့်ချစ်သူကိုတောင် မေ့ထားခဲ့သည့် မိန်းကလေးမျိုးကိုတော့ စိတ်ကူးယဉ်ကာ ရင်ခုန်ဖူးခဲ့ကြမည်ဟု မထင်ပါ။

မှန်တာဝန်ခံရလျှင် ကျွန်တော် ဒါမျိုး မစဉ်းစားခဲ့ပါ။ သို့သော် လောကကြီးမှာ ကိုယ် မမျှော်လင့်ထားတာတွေ ဖြစ်လာတတ်သည်ဆိုလျှင် ကျွန်တော့်လို လူကိုမှ ကံဇာတ်ဆရာက ကျိစယ်ကာ အင်မတန် နမော်နမဲ့နိုင်လှသော သူမကို ချစ်သူအဖြစ် လက်ဆောင်ပေးခဲ့ပါသည်။

ကျွန်တော် သူမကို ဘာကြောင့် ချစ်မိသွားသလဲ ဆိုတာ ယခုထိ အဖြေရှာမရပါ။ သူမရဲ့ နမော်နမဲ့နိုင်မှု ရုပ်ပလာမှုကို့ကြောင့် မဟုတ်တာတော့ ရဲရဲကြီး အာမခံရဲသည်။ သူမရဲ့ ချစ်စဖွယ် ရုပ်ရည်လေးကြောင့်လား။ ဒါလည်း သိပ် မဖြစ်နိုင်။ ရန်ကုန်မြို့ကြီးမှာ အချောအလှတွေ တစ်ပုံကြီးပင်။ ဒါဖြင့်ရင် သူမနှင့် စတင် တွေ့ဆုံပုံလေးက ရင်ခုန်ဖွယ် ဇာတ်လမ်းလေးပမာ မို့လို့လား၊ လုံးဝ မဟုတ်။ ရင်မခုန်စေသည့်အပြင် ကျွန်တော့်ကို ဒေါသခြောင်းခြောင်း ထွက်စေခဲ့တာ ဖြစ်သည်။ နောင်တစ်ချိန်မှာ ကျွန်တော် သိပ်ချစ်ရမည့် မိန်းကလေးတစ်ဦးကို စတင် အတွေ့မှာကတည်းက ဒေါသထွက်နေခဲ့ရသည်ဆိုလျှင် သိပ် မနိပ်တော့မှန်း ရိပ်စားမိနေသင့်သည်။





တစ်ခါ တစ်ခါ သူမကို ကျွန်တော် အတော် စိတ်ကုန်မိသည်။ ဒါပေမဲ့ ဖြတ်တောက်ပြတ်စဲဖို့ ဆိုတာလည်း ကျွန်တော့် နှလုံးသားက လက်မခံနိုင်သောအခါ ကျွန်တော့်ကိုယ် ကျွန်တော် အရှုံးပေးရပြန်ပါသည်။ ထို့ကြောင့် သူမကို ဘာကြောင့် ချစ်မိသွားသလဲဆိုတာ ကျွန်တော် ယခုချိန်ထိ အဖြေရှာမရဘဲ ဖြစ်လေသည်။ သို့သော် သူမကို ကျွန်တော် မြတ်နိုးပါသည်။ အမြတ်နိုးဆုံးကတော့ သူမရဲ့ ဖြူစင် ပွင့်လင်းလွန်းသော စိတ်ထားလေးကိုပင်။ အဲဒီ စိတ်ထားလေးကပင်လျှင် ကျွန်တော့် နှလုံးသားကို သူ့ဆီရောက်အောင် ရစ်ပတ်ဆွဲနှောင် ခေါ်ဆောင်ခဲ့တာ ဖြစ်လေတော့သည်။ ပြန်တွေးကြည့်လျှင် သူမနှင့် စတင် တွေ့ဆုံပုံက ဒေါသထွက်စရာ ကောင်းသလို ရယ်ရွှင်ဖွယ်လည်း ကောင်းခဲ့ပါသည်။

အဲဒီတုန်းက ကျွန်တော့် ကုမ္ပဏီရှိရာရုံးသို့ အသွားမှာ ဖြစ်သည်။ ကျွန်တော့်ကားက စက်ချွတ်ယွင်းနေ၍ တက္ကစီနှင့် လာခဲ့ရသည်။ လမ်းပိတ်နေသောအခါ ကျွန်တော်က တက္ကစီခ ရှင်းပေးပြီး မဝေးတော့သော ရုံးရှိရာသို့ ခြေကျင်လျှောက်လာခဲ့လေသည်။

ရုံးမှာ ဒီနေ့ နိုင်ငံခြားသားတစ်ဦးနှင့် တွေ့စရာရှိတာကြောင့် ခါတိုင်းထက် ပိုမို၍ သပ်ရပ်စွာ ဝတ်စားထားပါသည်။ ရုံးကို တစ်ချက်ကြည့်ကာ လျှောက်လာစဉ်မှာပဲ ကျွန်တော် မှတ်မထားခဲ့သော အဖြစ်အပျက်က ဖြစ်သွားခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုမှ ရှောင်တိမ်းချိန်မရ။ ကျွန်တော့်ဆီ တည့်တည့်ကို မိန်းကလေးတစ်ဦးက ရေခဲမုန့်ကြီးတစ်ခုနှင့် အရှိန်ပြင်းစွာ ဝင်ရောက်လာတော့ကာ အင်နှင့်အားနှင့်ကို ဆောင့်တွန်းခံရသလို ဖြစ်လျက် ကျွန်တော့်အပေါ်သို့ ပြိုလဲပိကျသွားသည်မှာ ဖရိုဖရဲ ပင်။

ထိုမိန်းကလေး၏ ရေခဲမုန့်ကား ကျွန်တော့်ရဲ့ မျက်နှာနှင့် ရင်ဘတ်တို့မှာ လုပစွာ နေရာယူလျက်။ ရုတ်တရက်မို့ အငိုက်မိသလို ဖြစ်သွားရသော်လည်း ချက်ချင်းပင် သတိပြန်ဝင် လာသောအခါ ပထမဆုံး လူးလဲထသူမှာ ကျွန်တော် ဖြစ်သည်။ ထိုမိန်းကလေးကလည်း အထိတ်ထိတ် အလန့်လန့်ဖြင့် အမြန် ထပါသည်။

သူမက ကျွန်တော့်မျက်နှာကို တစ်ချက် လှမ်းကြည့် လိုက်ကာ ဟီးခနဲ တစ်ချက် ရယ်လိုက်သဖြင့် ကျွန်တော် ပို စိတ်တိုသွားခဲ့ရတာ ဖြစ်သည်။ ကသူမက လက်ညှိုးထိုးရင်း မျ ပြုံးစိစိဖြင့် ...

"ရှင့်မျက်နှာမှာ အိုက်စကရင်တွေနှင့် ခစ် ... ခစ်"

"နေပါဦး မင်း ဘယ်လို မိန်းကလေးမျိုးလဲ၊ လူတစ်ယောက် လုံး လာနေတာ မမြင်ဘူးလား၊ ဒီမှာ မင်းကြောင့် ရစရာ မရှိ၊ ပေပွကုန်ပြီ"

"တောင်းပန်ပါတယ်ရှင်၊ မတော်တဆ ဖြစ်တာပဲဟာ၊ အဲလောက်လည်း စိတ်မတိုပါနှင့်"





သူမက ဘာမှ အရေးမကြီးသလို အေးအေးဆေးဆေး ပြန်ပြောလေသည်။ ကြည့်စမ်းပါဦး၊ ဘယ်လို မိန်းကလေး ပါလိမ့်။ သူ့ကြောင့် တစ်ဖက်သား ပေကျံ ညစ်ပတ်သွားရတဲ့ ကိုများ ဘာမှ မဖြစ်သလို ပြောနိုင်သည်မှာ အေးအေးဆေးဆေး နိုင်လှသည်။

"ဘာကွ ဘာလို့ စိတ်မတိုရမှာလဲ၊ ငါက ရုံးတက်မယ့်သူ ကွ၊ ခု ဒါတွေနှင့် ဘယ်လိုလုပ်မလဲ"

သူမရဲ့ မျက်နက်ဆန်လေးများက မျက်အိမ်ကျယ် ကြီးရဲ့ထောင့်ကို ကပ်ရွေ့သွားကြကာ ...

"အင်း ... ဘယ်လို လုပ်ချင်သလဲ၊ ခက်တော့တာပဲနော်၊ အိုက်စကရင်ဆုံးတဲ့အပြင် အရစ်ပါခံနေရသေးတယ်"

ဟောဗျာ အံ့သြပြီးရင်း အံ့သြရတော့တာပါပဲလား။ ရထဲမှာ သင်းက သူ့ရဲ့ အိုက်စကရင်ကို နှမြောနေသေးတာ ကိုယ့်ရဲ့ စိတ်တို ဒေါသထွက်မှုတွေအစား ရယ်ချင်စိတ်တွေ ပြောင်းလဲဝင်ရောက်လာတော့သည်။ ကျွန်တော်က ရှေ့မှ လည်း မဟုတ်တော့ပါဘဲနှင့် ကလေးကြီး ပုံစံအလား ည်းကိုက်လျက် အဖြေရှာ စဉ်းစားနေသော သူမကို ကာ ကြာရင် ကိုယ်ကပင် နောက်ထပ် ရေခဲမုန့် အသစ်တစ်ခု ယ်ကာ ပြန်လည်ချော့မောရမည့်ကိန်း ဆိုက်နေတော့တာမို့ ...

"ကဲပါ မင်း ဝင်လာတာကို မမြင်မိတဲ့ ကိုယ့်အမှားပဲ ထားပါတော့၊ နေပါစေတော့"



www.burmeseclassic.com

www.burmeseclassic.com



"ဟို ... ရှင်က ဘယ်ရုံးကလဲဟင်၊ တောင်းပန်ပါ
ဒီနေ့ စီးလာတဲ့ ပင်ဆယ်ဟီးလ်က နည်းနည်းမြင့်နေ
ချော်သွားတာပါ၊ အဲဒါကြောင့် အကျီတွေ ပေကု
အားနာလိုက်တာ"

"ရပါတယ် နောက် မဖြစ်စေနှင့်ပေါ့၊ ဟုတ်ပြီလား"

ကျွန်တော်ကပဲ စတင်၍ သူမကို နှုတ်ဆက်
ခဲ့ကာ ထွက်လာခဲ့ပါသည်။ ရုံးရောက်သောအခါ ရေခဲမုန့်
တွေကို ဆေးကြောရင်း သူမကို သွားသတိရမိကာ ပြုံးမိလေ
အင်း ... ကျွန်တော့်အတွက်တော့ ဒီနေ့ဟာ ထူးခြားတဲ့ အမှတ်
နေ့ ဖြစ်နေခဲ့ပါသည်။ ရေခဲမုန့်နံ့လေး ကျန်နေရစ်ခဲ့သော
ကို ပြန်လည် ဝတ်ဆင်ရင်း တစ်ခါတလေ ဖြစ်တတ်
မတော်တဆမှုလေးတစ်ခုဟု သဘောထားနိုင်သွားသောအခါ
ကို ခွင့်လွှတ်နိုင်သွားပါသည်။ ပြီးတော့လည်း မေ့မေ့
ပျောက်ပင်။

သို့သော် ကျွန်တော် ကြုံတွေ့ခဲ့ရသည်မှာ
တဆအမှု မဟုတ်ဘဲ မကြာခဏ ဖြစ်တတ်သော အမှုတွေ
နေသည်ဆိုတာကို နောက်ထပ် မကြာမီမှာပဲ ထပ်မံ သိရှိ
ပြန်လေသည်။

ဒီတစ်ခါကတော့ ယုဇန ပလာဇာက My Mi
ဖြစ်သည်။ ကျွန်တော်က ကောင်တာဆီသို့ မုန့်ဝယ်ရန်
ကျွန်တော့်ရှေ့မှ ဂျင်းဂါဝန်ကြီး တဖားဖားနှင့် မိန်းကလေ





ရာ လင်ပန်းကိုမကာ ကမန်းကတန်းပင် ကောင်တာမှ ရှေ့
နောက်မကြည့်ဘဲ ပြန်လည်အထွက်မှာ ကျွန်တော့်ကို
သုန်းကား ဝင်တိုက်ပစ်တော့တာပင်။ သူမရဲ့ ကော်ဖီခွက်ကား
တော့် အကျီတစ်ခုလုံး ရွှဲစိုသွားစေလျက် အောက်သို့ ခွမ်းခနဲ
သံနှင့်အတူ ကျကွဲသွားသံ၊ မုန့်ပန်းကန်၊ လင်ဗန်း ကျသွား
တွေကလည်း ဆိုင်ထဲမှာ ညံခနဲ။

ဘယ်လိုဖြစ်တာပါလိမ့်။ ကျွန်တော်ကပဲ ကံဇာတာ
ကလား၊ ခုခေတ်မိန်းကလေးတွေကပဲ နမော်နမဲ့နိုင်ကုန်ကြတာ
ဟု စဉ်းစားမိကာ တိုက်ချသွားသော မိန်းကလေးကို ကြည့်
သောအခါ ပို၍ အံ့အားသင့် သွားရပြန်လေသည်။ သူမ
မုန့်နှင့် ပင်ဆယ်ဟီးလ် အစပ်အဟပ် မတည့်ခဲ့သူ ဖြစ်နေပြန်
သည်။

တိုက်ဆိုင်လှချည်လားကွာ၊ သူမကတော့ ကျွန်တော့်
မြင်ဟန်မတူသေးဘဲ ပန်းကန် အကွဲစတွေ လိုက်လံ ကောက်
နေပါသည်။ ကျွန်တော်က သူမ မော့ကြည့်လာမည့် အချိန်
လက်ပိုက်၍ အသာ စောင့်ကြည့်နေလိုက်သည်။ သူမက
စတွေကို လင်ဗန်းထဲ ကောက်ထည့်ပြီး မတ်တတ်ထအရပ်မှာ
တော့်ကို မြင်တွေ့သွားပါသည်။ သူမ မျက်နှာ အနည်းငယ်
သွားသလို စိတ်ညစ်သွားပုံလည်း ပေါ်သွားပါသည်။ ဒီတစ်ခါ
တခစ်ခစ် ရယ်ချင်စိတ်လည်း ရှိတော့ပုံမရသော သူမရဲ့
မှာ ဖြစ်ချင်ရာဖြစ်ဟူသော ပုံစံကလည်း အထင်းသား ပင်။



www.burmeseclassic.com

www.burmeseclassic.com



"မင်း ပြဿနာတွေ အရင် ရှင်းလိုက်ပါဦး၊ ပြီး
စားစရာအသစ်တွေနှင့် ထောင့်က စားပွဲကို လာခဲ့"

ကျွန်တော်က ခပ်တည်တည်ပင် ပြောခဲ့ပြီး
မှာ သွားထိုင်စောင့်နေလိုက်သည်။ ခဏကြာတော့ သူမက
စရာတွေပါသော လင်ဗန်းတစ်ချပ်နှင့်အတူ ရောက်လာလေ

"မင်း တမင် လုပ်တာတော့ ဟုတ်ဟန်မတူပါဘူး

"ရှင် နောက်ကရောက်နေတာ ကျွန်မ မသိပါဘူး"

သူမရဲ့အသံက စူကောက်ကောက်။ ကျွန်
သူမကို သဘောကျစိတ်ဖြင့် ပြုံးစိုက်ကြည့်လိုက်ကာ ...

"ဒါဆို မတော်တဆပဲလား"

"ဟုတ်တယ်"

သူမ ကြည့်ရတာ ပါးစပ်တပြင်ပြင်နှင့်
ဖြစ်နေပါသည်။ ကျွန်တော်က အကဲခတ်နေစဉ်မှာပဲ
ယတိပြတ် ဆုံးဖြတ်ချက် ချလိုက်တော့ဟန်ပေါက်ကာ ကျွ
ရှေ့သို့ ချောကလက် မစ်ရှိတ်ဖန်ခွက်ကို ချပေးလိုက်တော့

"ဒီမှာ ကိုဘယ်သူလဲတော့ မသိဘူး၊ မုန့်လုံး
မစားရသေးဘူး၊ ဗိုက်အရမ်းဆာနေပြီ၊ အဲဒါ ရှ
စားပါ၊ မုန့်လုံးလည်း စားတော့မယ်"

ပြောပြီး ပြီးချင်းပင် သူမက ပန်းကန်ထဲမှ
သီးကိတ်တစ်ခုကို အားရပါးရ ကောက်ဝါးကာ ချောက
မော့လိုက်၊ နောက်ထပ် မုန့်ထပ်စားလိုက်နှင့် ရှေ့မှ





ရှိတယ်လို့ပင် ထင်ပုံမရ။ ဘယ်လို မိန်းကလေးမျိုးပါလိမ့်။
သူစိမ်း ယောကျ်ားလေးတစ်ယောက် ရှေ့ရယ်လည်း ရှက်ရွံ့ခြင်းတွေ
ဘာတွေ မရှိပါဘဲ အားရပါးရ စားသောက်နေပုံမှာ ချစ်စရာပင်
ကောင်းနေသေးတော့။ ချော့ကလက် တစ်ခွက်ကုန်ခါနီး မုန့်သုံးခု
လောက် ဗိုက်ထဲဝင်သွားပြီးတော့မှ နေသာထိုင်သာ ရှိသွားဟန်
တူသော သူမက ကျွန်တော့်ကို ပြုံးပြဖော် ရလာပါသည်။
ကျွန်တော်က ကော်ဖီတွေနှင့် စေးကပ်ကပ် ရှိလှသော အင်္ကျီဝတ်
လျက်နှင့်ပင် သူမကို ပြုံးလျက် ကြည့်နေမိသည်။ ဒီအခါမှ သူမ
က ရှက်ကိုးရှက်ကန်းပြုံးရင်း အင်္ကျီကိုလည်း သတိထားမိသွား
ဟန်တူကာ ...

"ရှင် စားမှာဖြင့် စားလေ၊ ပြီးရင် မုန့်လုံးတို့ အင်္ကျီဆိုင်
တစ်ဆိုင်လောက် သွားရအောင်"

"ဘာအတွက်များလဲ"

"ရှင့်အင်္ကျီ ပေနေတယ်လေ၊ နှစ်ခါရှိသွားပြီ၊ မုန့်လုံး
အင်္ကျီတစ်ထည်လောက် ဝယ်ပေးပါရစေ"

အင်း ... ဒီလိုဆိုတော့လည်း ဘယ်ဆိုးလို့လဲ။ စိတ်
သဘောထားလေး ဖြူစင်ပွင့်လင်းရဲ့သားနှင့်များ ဘာကြောင့်
နမော်နမဲ့နိုင်မှုတွေ များနေရတာလဲ ကောင်မလေးရယ်။ ပုံစံကြည့်
ရတာလည်း အဆင့်အတန်းမြင့်မြင့်ထဲကမှန်း သိသာပါသည်။

ရပ်လေးကလည်း ချစ်စဖွယ်အတိ ပြီးပြီးသားပင်။
ါနှင့်များ ကျွန်တော်က သူမကို သဘောတကျ ပြုံးငေးနေရင်းမှ



www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့်မှန်းမသိဘဲ သူမနှင့် ထပ်မံ ဆုံတွေ့ချင်စိတ်တွေကို လည်း ကိုယ့်ဘာသာကိုယ် အံ့သြမိကာ ကျီစယ်ချင်သော စိတ်ဖြင့် ...

"အကျီအသစ် မလိုချင်ပါဘူး၊ ဒီအကျီကို မင်း လျှော်ပေးချ ရင်တော့ ပေး၊ ရမလား"

သူမက အတန်ငယ် တွေဝေသွားပါသည်။ ပြီးတော့ မှ လှစ်ခနဲ ပြုံးလိုက်ရင်း ...

"ဒါဆို ရှင် အခု ချွတ်ပေးလိုက်လေ၊ ဘယ်လိုလဲ"

ကျွန်တော် အနည်းငယ်တော့ တွန့်သွားမိသည်။ ကိစ္စတော့မရှိ။ အောက်မှာ စွပ်ကျယ်တစ်ထည် ရှိသေးတာပင်။

"အိုကေ ရတယ်၊ မင်းသာ လျှော်ပေး၊ ဒါဆို ကျေနပ်ပြီ"

"ရရမှာပေါ့ရှင်"

သူမက ခုတော့လည်း ဘာမှ မဖြစ်သလိုန အဓိပ္ပာယ်ပါပါပြုံးကာ အောက်ထပ် ကားနားသို့ ရောက်သောအခါ အမှန်တကယ်ပင် အကျီကို ယူသွားခဲ့ပါသည်။ နောက်တစ်နေ့ ဒီနေရာမှာပဲ အကျီပြန်ပေးဖို့လည်း ပြန်လည်ချိန်းဆို ခဲ့ပါသေးသည်။ လက်ပြ နှုတ်ဆက်ကာ ထွက်ခွာသွားသော သူမရဲ့ ကားလေးကို မျက်စိတစ်ဆုံးငေးရင်း ကျွန်တော်ကတော့ အတွေးထဲမှာ မျောမနေ နိုင်အားသေးဘဲ ကားပေါ်တက်၍ အမြန် မောင်းထွက်လာရပါသည်။

ဘာတဲ့ မုန့်လုံးတဲ့။ ဆန်းကြယ်တဲ့ နာမည်နှ ဖြစ်တဲ့အပြင် စတင် ပတ်သက်ခဲ့တာလည်း ရေခဲမုန့်၊ ကော်ဖီတို့ နှင့် ဖြစ်နေပြန်လေရာ သူမရဲ့ အစားအသောက် ခုံမင်ပုံကိုလည်





သဘောကျမိကာ ထူးဆန်းစွာ တွေ့ကြုံခဲ့ရသော ကံကြမ္မာကိုလည်း အားသင့်မိပါသည်။ ဘာကြောင့်များ နမော်နမဲ့ နိုင်လှသော သူမကို ခင်မင်လိုစိတ် ဖြစ်ထွန်းခဲ့ရပါသလဲ။ ဒါဟာ ကျွန်တော့် ဘဝမှာ သူစိမ်း မိန်းကလေးတစ်ယောက်ကို စတင် စိတ်ဝင်စား မိသော အချိန်လည်း ဖြစ်သည်လေ။

သေချာတာကတော့ ကျွန်တော် နှစ်သက်သဘောကျ မိခဲ့သည်မှာ သူမရဲ့ ပွင့်လင်းဖြူစင် သော စိတ်ထားလေးပင် ဖြစ် သည်။ ပြီးတော့ အဲဒီ စိတ်ထားလေးရဲ့ပိုင်ရှင် ချစ်စရာ ခင်မင် ရကောင်းသည့် သူမကို တည်ငြိမ်အေးဆေးသော မိန်းကလေး တစ်ယောက်အဖြစ် မြင်ချင်ခဲ့သည်။ ထိုစိတ်က အတော် ဆန်းကြယ် ပါသည်။ ဘာကြောင့်များ သူမကို ထိုသို့ ပြ်စေချင်ခဲ့မှန်း ကျွန်တော့်ကိုယ် ကျွန်တော်လည်း မသိချေ။ ဘဝမှာ လက်ထပ်ဖို့ ဆုံးဖြတ်ထားခဲ့သော မိန်းကလေးရဲ့ ပုံစံဟာ သူမရဲ့ပုံစံ မဟုတ်ခဲ့ ချေ။ သို့သော်လည်း သူမကတော့ ကျွန်တော့်ကို အမြဲတစေ ဖြူစင်ခဲ့၊ ပွင့်လင်းဆိုးသားခဲ့ခြင်းတွေနှင့် လှပစွာ ဆွဲဆောင်မှန်းမသိ ဆွဲဆောင်နေခဲ့တာ ဖြစ်ပါသည်။

နောက်တစ်နေ့ကျတော့ ကျွန်တော် ရုံးမှ အသာလစ် ကာ သူမထံက လျှော်ပြီးသား အကျီပြန်ယူဖို့ သွားပါသည်။ သူမနေပလာဇာ၏ ကားပါကင် အထပ်မှာ မနေ့က မောင်းထွ သွားသော သူမရဲ့ကားကို တွေ့လိုက်ရတာမို့ My Milk မှာ သူမ ရောက်နေပြီမှန်း တွက်လိုက်မိပါသည်။ ထင်တဲ့အတိုင်း သူမက



www.burmeseclassic.com

www.burmeseclassic.com



ရောက်နှင့်နေကာ စားစရာတချို့ပင် စားသောက်နေပြီ။ ကျွန်တေ
က ကော်ဖီတစ်ခွက်ဝယ်ကာ သူမရဲ့စားပွဲမှာ ဝင်ထိုင်လိုက်သည်
သူမက စားသောက်နေရာမှ မျက်လုံးလှန်ကြည့်ကာ ...

"လာသားပဲ"

"လာတာပေါ့ ဘာလို့လဲ၊ မလာတော့ဘူး ထင်နေတာလာ

"အင်း ... ကဲ ... အင်္ကျီ လျှော်ခဲ့တယ်၊ သန့်သွား
ကျေနပ်ပြီ မဟုတ်လား"

သူမက ပြုံးစိစိပြောရင်း ကျွန်တော့်ကို စက္ကူအိ
တစ်အိတ် ကမ်းပေးလာသည်။ ကျွန်တော်က လှမ်းယူ
ဘေးနားချထားရင်း ...

"မင်းကိုယ်တိုင် လျှော်တာလား"

"ဒါပေါ့၊ အိမ်ကလူတွေ မိအောင် ဖွပ်လျှော်ရတဲ့ ဥ
ဘာလဲ မယုံဘူးလား"

ဒီလိုဆိုတော့ ကျွန်တော် ယုံသွားပါသည်။ ဟုတ်
ပဲ၊ အိမ်သားတွေရဲ့အင်္ကျီမဟုတ်သော အင်္ကျီတစ်ထည်ကို သူမ
အဝတ်ခြင်းထဲ ထည့်မှာမဟုတ်။ ကိုယ့်ဟာကိုယ် တိတ်တ
လျှော်မှသာ အဆင်ပြေနိုင်မည်လေ။ ကျွန်တော် သဘောကျ
သည်။

"ယုံပါတယ် မင်းကို ကျေးဇူးတင်ပါတယ်၊ ဒါပေ
တစ်ခုလောက် အကြံပေးချင်တယ် ရမလား"

"ပြောပေါ့"





"ဪ ... သွားတဲ့လာတဲ့အခါမှာ ဂရုလေးစိုက်ပြီး သွား
ပါလို့ ဂရုစိုက်ရင် ဘာမှမဖြစ်ပါဘူး၊ မင်း ကားမောင်းတော့
ဂရုစိုက်မောင်းတာပဲ မဟုတ်လား၊ အဲဒီလိုပေါ့ ကိုယ့်ကိုယ်
ကိုယ်လည်း ဂရုစိုက်ပေါ့၊ အဲဒါ အကြံပေးတာ"

သူမ မျက်နှာသည် အနည်းငယ် ရှက်ရဲရဲ ဖြစ်သွား
ပါသည်။ ကျွန်တော့်ကို မျက်စောင်းတစ်ချက် ခဲရင်းမှ ...

"စိတ်ချပါ တိုက်ဆိုင်မှုဆိုတာ သုံးခါ ရှိမလာတော့ပါဘူး၊
ရှင့်ကို နောက်တစ်ခါ ဒုက္ခမပေးတော့ဘူး"

"တခြား သူတွေကိုတော့ ဒုက္ခပေးမယ်ပေါ့၊ ကိုယ်က
အဲလို ဆိုလိုတာ မဟုတ်ပါဘူး၊ မင်းအတွက် ပြောတာပါ"

သူမက နှုတ်ခမ်းနှစ်လွှာကို အသာမဲ့ပြသည်။
ကျွန်တော်က သဘောကျစိတ်ဖြင့် ခေါင်းတစ်ချက် ဆတ်ကာ
ခေါင်းစဉ် ပြောင်းလိုက်ပါသည်။ ဒါကတော့ သူ့အကြောင်း
ကိုယ့်အကြောင်း ဖလှယ်ဘာပင်။ ရိုးသားပွင့်လင်းကာ စကားပြော
ရာမှာလည်း မြန်လွန်းသဖြင့် တစ်ခါတစ်ခါ နားမလည်နိုင်
ဖြစ်ရသော သူမရဲ့အမည်ရင်းမှာ မင်းမြတ်ဖြူ ဖြစ်ပေမယ့် မုန့်လုံး
လို့သာ ခေါ်ကြကြောင်း၊ သူမက ကွန်ပျူတာ နောက်ဆုံးနှစ်
ကျောင်းသူဖြစ်ကာ ကျွန်တော်တို့ ရုံးနားက ကွန်ပျူတာစင်တာ
တစ်ခုမှာ မွမ်းမံအဆင့်မြင့်သင်တန်းတစ်ခု တက်နေကြောင်း
သိရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ပညာအရည်အချင်း၊ လူနေမှု အဆင့်အတန်းမှာ ဘာမှ ပြောစရာ မရှိသည့် သူမကို ကျွန်တော်က ထိုအချိန်ကတည်းကပင် အေးအေးဆေးဆေး ပြောဆို သွားလာတတ်သော မိန်းကလေးတစ်ယောက်အဖြစ် မြင်ချင်ခဲ့တာပင်။

နောင်တစ်ချိန် သူမရဲ့ ပြန်လည်ပြောပြချက် အရကတော့ သူမကို အဲဒီလို လူကြီးဆန်ဆန် ဂရုတစိုက် ဆုံးမသွန်သင်ခဲ့တာတွေကြောင့် လေးစားချစ်မြတ်နိုးခဲ့တာ ဖြစ်သည်တဲ့။ ဒါဆို ကျွန်တော်ကတော့ သူမရဲ့ နမော်နမဲ့ ပုံစံလေးတွေကို ချစ်မြတ်နိုးခဲ့သည်ဟု ဆိုရပေမပေါ့။ ဟင် … ထားပါတော့၊ ကျွန်တော်တို့စုံတွဲ နှစ်ယောက်ကတော့ တကာယ်ကို ဆန့်ကျင်ဘက်တွေချည်း ခြားနားလို့ နေတာပင်။

ကျွန်တော်က လူကြီးဆန်ကာ တည်ငြိမ်သလောက် သူမက ကလေးဆန်ကာ နေရာတကာမှာ တစ်ခုခုတော့ လွဲချော်တတ်စမြဲ။ ဒါကိုက သူမရဲ့ အမှတ်အသားတစ်ခုလို ဖြစ်နေခဲ့ချေပြီ။ ကျွန်တော် သူမကို ပြုပြင်ပြောင်းလဲဖို့ တော်တော်ကြိုးစားယူခဲ့ရသည်။ သူမကိုကြည့်ကာ အမြဲ ရင်မောခဲ့ရလေသည်။

သူမရဲ့ သင်တန်းက ကျွန်တော်တို့ရုံးအနားမှာမို့ တွေ့ကြဆုံကြဖို့ဆိုတာ သိပ် မခဲယဉ်းလှဘဲ အမြဲလိုလို ဆုံဖြစ်ခဲ့ကြခြင်းက ကျွန်တော်တို့ကို နီးစပ်ဖို့ ပို၍ အကြောင်းဖန်လာခဲ့သလိုပင်။ အဲဒီလို အကြောင်းတွေကြောင့် သူမနှင့် ကျွန်တော့်ကြားမှာ နောင်တွယ်မှုတွေလည်း များလာခဲ့တာ ဖြစ်သည်။ သူမက





နမော်နမဲ့နိုင်ရုံမျှမက နောက်တီးနောက်တောက်ကလည်း အတော်လုပ်တတ်ပေရာ တစ်ခါက ကြုံဖူးသော ပြဿနာ တစ်ခုကို ခုထိ အမှတ်ရနေဆဲ။

ထိုအချိန်က ကျွန်တော့် ဆဲလ်ဖုန်းကို သူမက လှမ်းခေါ်ခဲ့တာဖြစ်ပြီး သူမရဲ့အသံက စိတ်ညစ်ညူးဟန် အပြည့်။

"ခေါင်ခေါင် လာပါဦး၊ ဒီမှာ မုန့်လုံး လိုင်စင် အသိမ်းခံရလို့"

ကျွန်တော် သူမအတွက် အတော်စိတ်ပူသွားခဲ့သည်။ ကားအက်ဆီးဒင့်တစ်ခုခု ဖြစ်တာဟုပဲ တန်းယူဆမိခြင်းကြောင့်ပင်။

"ဘာဖြစ်တာလဲ မုန့်လုံး၊ ဟင် … အခု ဘယ်မှာလဲ".

"ဘာမှ မဖြစ်ဘူး၊ အခု ရွှေဂုံတိုင်နားမှာ၊ အဲဒီက ပွိုင့်မှာ၊ မြန်မြန်လာခဲ့၊ ဒါပဲနော်"

ကျွန်တော် ချက်ချင်းပင် ဇဝေဇဝါနှင့် ရွှေဂုံတိုင်မီးပွိုင့်ကို မောင်းသွားပါသည်။ ဟိုရောက်တော့ ယာဉ်ထိန်းရဲနံဘေးမှာ သူမက မှုန်ကုပ်ကုပ် ရပ်နေသည်။ သူမဘေးက သူငယ်ချင်းက စပ်ဖြဲဖြဲ။ ကျွန်တော့်ကိုမြင်တော့ နှစ်ဦးစလုံး ဝမ်းသာအားရ ဖြစ်သွားကာ ပြေးလာကြပါသည်။ ဘာမှ ထိခိုက်ထားတာ မတွေ့ရ၍ စိတ်အေးသွားရသော်လည်း သူမရဲ့လုပ်ရပ်က စိတ်အေးချင်စရာ မရှိချေ။

"ဟီး … မုန့်လုံးတို့ ကားခေါင်မိုးမှာ တ[illegible]ဆိုတဲ့ တံဆိပ်တုံးကြီးတပ်ပြီး ကားလျှောက်ဆွဲ[illegible]တာ၊ အဲဒါ



www.burmeseclassic.com

www.burmeseclassic.com



ဒီမှာ တားပြီး ဖမ်းခံရတာပဲ၊ လိုင်စင် သိမ်းမလို့တဲ့၊ လုပ်ပါဦး၊ အမှုက ကြီးလားဟင်"

"ဟာ ... ဘာတွေ လျှောက်လုပ်နေတာလဲ မုန့်လုံးရယ်၊ နံပါတ်အနက်နှင့် တက္ကစီမဆွဲရဘူးလေ၊ ပြီးတော့ ဘာကိစ္စ မိန်းကလေးတွေတန်မဲ့ တက္ကစီဆွဲနေရတာလဲ၊ အပြစ်ကြီး တာပေါ့၊ ကျွတ် ... ကလေးမဟုတ်၊ ဘာမဟုတ်နှင့်ကွာ"

ကျွန်တော့် အပြောကို သူမက ဇက်လေးအသာပု ကာ ထုံးစံအတိုင်း လျှာလေး တစ်လစ်ထုတ်လျက် တုံ့ပြန်လေသည်။ ကျွန်တော်က သူမကို စိတ်ညစ်စွာ တစ်ချက်ကြည့်ရင်း ယာဉ်ထိန်း ရဲကို ရှိခိုးဦးတင်မတတ် အမျိုးမျိုး တောင်းပန်ရသည်။ သဘော ကောင်းသော ယာဉ်ထိန်းရဲကြောင့် နောက်ဆုံးတော့ သူမ ရုံးမှာ ဒဏ်ငွေများများ ဆောင်လိုက်ရခြင်းနှင့်သာ အဆုံးသတ်သွားပါ သည်။ အဲဒီမှာလည်း အစမှအဆုံး ကျွန်တော်ပင် လုပ်ပေးရတာ ဖြစ်သည်။ အားလုံး ပြီးသွားတော့မှ သူမက မျက်နှာငယ်လေးနှင့် ...

"ကျေးဇူးတင်ပါတယ် ခေါင်ခေါင်ရယ်၊ နောက် ဒါမျိုး မဖြစ်စေရပါဘူး"

ဟု ပြောလျှင် ဘယ်လို ပြောလိုက်မည်ဟု မောင်း တင်ထားခဲ့သော ကျွန်တော် အဲဒီ အသံလေးအောက်မှာ ပျော်ဝင် ကျဆုံးခဲ့တာနှင့် ဘာမှ မပြောဖြစ်တော့။ အေး ... ပြီးတာပဲပေါ့ ကွာ ဆိုတာနှင့် ပြီးသွားတတ်မြဲ။ နောက်တော့ သူမက ဒုံရင်း ဒုံရင်းပင်။ ကျွန်တော့် နာမည်ကိုလည်း ဘယ်တော့မှ ကောင်းကောင်း





ခေါ်လေ့မရှိ။ မေမေ ပေးထားခဲ့သော မြင့်မြတ်ခေါင်ဆိုသော နာမည်ကို သူမမို့ ကြဲကြဲဖန်ဖန် ခေါင်ခေါင်ဟု ရွေးခေါ်တတ်သည်။ ချစ်သူဘဝ ရောက်သွားသည့်တိုင်အောင်လည်း ခေါင်ခေါင်ပဲ ဖြစ်ပါသည်။

"မုန့်လုံးရယ် တခြား တစ်ခုခု ခေါ်စမ်းပါကွာ၊ ကိုလို့ ခေါ်လည်း ရတာပဲ၊ ကိုယ်က မင်းထက် သုံးနှစ်ကြီး တယ်လေ"

"ဟင့်အင်း ခေါ်ချင်ဘူး၊ ဒါပဲ နှုတ်ကျိုးနေပြီ၊ ခေါင်ခေါင် ပဲ"

ဟု ဆိုတတ်စမြဲ။ ကြာတော့ ကျွန်တော်ကိုယ်တိုင် လည်း အဲဒီ ခေါင်ခေါင် ဆိုတာလေးကိုပဲ နားစွဲလာရတော့တာပဲ ဖြစ်သည်။ သူမကို တစ်ခု ချီးကျူးတာက သူတစ်ပါးအပေါ် အလွန် ကူညီတတ်သော စိတ်ဓာတ်လေးနှင့် မာန်မာနမရှိ ရိုးဖြောင့်သော စိတ်ထားလေးကို ဖြစ်ပါသည်။

ဒါတွေကြောင့်လည်း သူမအပေါ် ကျွန်တော် များစွာ ခွင့်လွှတ်နားလည်ပေးကာ ပြောင်းလဲဖို့ ကြိုးစားခဲ့ခြင်း ဖြစ်သည်လေ။ အဲဒီစိတ်ထားပိုင်ရှင်လေးကို ကျွန်တော် လက်လွှတ်မခံနိုင်။ ခုချိန်မှာ ခင်မတန် ရှားပါးနေသော အဖြူရောင် စိတ်ထားလေးမို့လို့ပင်။

သို့သော် တစ်ခါ တစ်ခါတော့ သူမက အတော် စိတ်ပျက်စရာ ကောင်းပါသည်။ ဘွဲ့ယူသွားတာကို အလုပြင်ဆိုင် မှာ ခေါင်းဆောင်းသည့် ဘွဲ့ဦးထုပ် မေ့ကျန်ခဲ့တာမျိုး ယုဇန



www.burmeseclassic.com

www.burmeseclassic.com



ပလာဇာမှာ ချိန်းထားတာကို မေ့လျော့ကာ ယုဇနစင်တာ ရော
သွားတာမျိုး၊ ကွန်ပျူတာ ပရိုဂရမ်ကြဲထည့်ဖို့ သစ်ခွတွေ
ခတ်ပုံရိုက်ချင်သည်ဆိုကာ ကျွန်တော့်မှာတော့ ဟိုဥယျာဉ် ဒီဥယျ
လိုက်ပို့သမျှ အရိုက်ကြီးရိုက်၍ ပြီးတော့မှ ပြီးတော့မှ ကင်မရာ
ဖလင်မပါမှန်း သိတာမျိုး၊ ဆဲလ်ဖုန်းကို စားသောက်ဆိုင်မှ
ကျန်နေခဲ့တာမျိုး စသည်ဖြင့် အများကြီးပင်။ အသေးအဖွဲတွေ
ဆိုတာ မရေတွက်နိုင်ချေ။

"မုန့်လုံးရယ် ကိုယ် ပြောပေါင်းလည်း များလှပြီ၊ ကိုယ်
စကားကို အရေးလည်း လုပ်စမ်းပါဦး၊ နေရာတကာမှ
နမော်နမဲ့ မနိုင်စမ်းပါနှင့်ကွာ၊ ဘွဲ့လည်း ရပြီးနေပြီ
ရင့်ကျက်စမ်းပါတော့"

အဲဒီအခါမျိုးတွင် သူမက စိတ်ရှုပ်သလိုနှင့် ...

"ကဲကွယ် နောက်တစ်ခါ ဒါမျိုး မဖြစ်စေရဘူး၊ ရင့်တော်
မယ် ဟုတ်ပြီလား"

"ဒါပါနှင့်ဆို အကြိမ်တစ်ရာ မကတော့ဘူး၊ ကဲ ... အ
ကျောင်းပြီးပြီ၊ ဘာလုပ်မလဲ ပြော၊ အလုပ်လုပ်ရင် ရုပ်ဖျာ
ပုံစံနှင့် မရတော့ဘူးနော်"

"သိပါတယ် ဘာဖြစ်နေတာလဲ၊ ကျောင်းပြီးတာနှင့် ခိုင်းဖို့
စဉ်းစားနေ၊ အတူတူပဲ အိမ်က မိဘနှစ်ပါးနှင့်"

"မုန့်လုံးကို နားလည်စေချင်လို့ပါ၊ ပြီးတော့ သင်ထားတဲ့
ပညာတွေလည်း အလဟဿ မဖြစ်အောင်ပေါ့"





"အေးပါဟာ လုပ်မယ်၊ တခြားတော့ မလုပ်ဘူး၊ ခေါင်ခေါင့်
ရုံးမှာပဲ လုပ်မယ် ဒါပဲ"

ကျွန်တော် သူမ စကားကြောင့် သောက်လက်စ
ပင် နင်သွားရလေသည်။ သူမကတော့ ခပ်တည်တည်ပင်၊
ပြုံးမပျက်ချေ။

"ဘာလဲ မခန့်ချင်ဘူးလား၊ ခေါင်ခေါင့် ရုံးမှာ ကွန်ပျူတာ
နေရာတစ်နေရာ လိုတယ်ဆို၊ အဲဒါ မုန့်လုံး လုပ်မှာပေါ့"

နောက်ဆုံးတော့ ကိုယ်ရှုံးကိုယ့်ပတ်ကာ သူမကို
ရုံးပေးခဲ့ရတာပင်။ ကျွန်တော့်ကို ကတိတွေ အထပ်ထပ်ခံကာ
ကြိုးစားပါ့မယ်ဟု ပြောခဲ့သော သူမကား နောက်တစ်နေ့တော့
ရုံ့မှာပင် ကုတ်အင်္ကျီ၊ မီနီစကတ်တို့နှင့် ကျွန်တော့်ထက်
ပင် ဟန်ကျပန်ကျ ရောက်နေသည်။ အပြုံးနှင့် ဦးညွှတ်နှုတ်
ကာ ကျွန်တော့်နောက်မှ ခပ်ယို့ယို့ လိုက်ပါလာကာ သူ့ကိုယ်
လည်း ယုံကြည်မှုအပြည့်ရှိသော ဟန်ပန်နှင့်။

ကျွန်တော်က စိတ်ထဲမှ အသာပင် ကျိတ်ချီးကျူး
သည်။ ဘယ်ဆိုးလို့လဲ ဝီရိယကြီးစွာနှင့် စောစောရောက်
။ သပ်သပ်ရပ်ရပ် စတိုင်ကျကျနှင့်။ ကိုယ် ထင်ထားတာက
ယားဖားယား ပြေးလွှား ရုံးတက်လာမည့် ဒီဇိုင်းမျိုး။ အခုတော့
ပုံစံက ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု အပြည့်ရှိသော
စမ်းကောင်းတစ်ယောက်ရဲ့ ပုံစံ အပြည့်အဝပင်။



www.burmeseclassic.com

www.burmeseclassic.com



"ခုတော့လည်း မုန့်လုံးက ဘယ်ဆိုးလို့လဲ၊ ဒီလို
အမြဲ နေပါကွာ၊ ကိုယ် စိတ်ချမ်းသာအောင်လို့"

"နေပါမယ်ရှင် ဟင်း ... ဟင်း"

သူမက စပ်ဖြဲဖြဲနှင့် ပခုံးလေးကျုံ့ကာ ရယ်ပြ ကျွန်တော် ထိုပုံစံလေးကို ချစ်စနိုးဖြစ်သွားလျက် သူမရဲ့ န လေးကို အသာ မွေးကြူဖို့ အငုံ့မှာပဲ ...

"ဟပ် ... ဟပ်ချိုး"

သူမက အားပါးတရ နှာချေချလိုက်တာပ ကျွန်တော့်ရဲ့ မျက်နှာမှာ နှာရည်တွေ စဉ်ကုန်သည်မှာ ချက်ချင်း ထိုးအန်မိမတတ်။ ကျွန်တော့်လောက် အသန့်အပြန့် ကြိုက်သော မရှိဟု ပြောရလောက်အောင် ကျွန်တော်ကား အသန့်အ ကြိုက်လွန်းလေရာ လတ်တလော အခြေအနေအတွက် အ စိတ်ညစ်ကာ ဖီလင်လည်း အောက်သွားရပါသည်။ သူမ မျက်လုံး အဝိုင်းသားနှင့်ပင် ပျာပျာသလဲ လက်ကိုင်ပဝါ ထုတ် ကျွန်တော့် မျက်နှာကို သုတ်ပေးရှာပါသည်။ ထိုအခါမှ ပို တော့တာပင်။ သူမရဲ့ လက်ကိုင်ပဝါကား ဘာနံ့မှန်းမသိ အတော် အော်ဂလီဆန်စရာ ကောင်းတာတော့ အမှန်ပင် ဖြစ်သည်

"ဟာ ... ဘာနံ့ကြီးလဲကွာ၊ မုန့်လုံး ဘာအဝတ်ကြီး
သုတ်တာလဲကွာ"

"အယ် ... ဒုက္ခပါပဲ၊ မနေ့က တုတ်ထိုးစားရင်
ပေါင်ပေါ် အချဉ်ရည်မှောက်ကျလို့ သုတ်ထားတဲ့ အဝတ်"





သူမ စကားပင် မဆုံးသေးချေ။ ကျွန်တော်က း ရာ အမှိုက်ပုံးထဲ ထိုးအန်ပြီးသား ဖြစ်နေချေပြီ။ ပြီးတာနှင့် သန့်စင်ခန်းထဲမှာ မျက်နှာတွေ သစ်ပစ်ရသည်။ တစ်ခဏတော့ အလုပ်ရှုပ်သွားရလေသည်။ သူမကတော့ မျက်နှာငယ်လေးနှင့် ရပ်လျက်သား။

"ဟို ... ဟို ... မုန့်လုံး တောင်းပန်ပါတယ် ခေါင်ခေါင်
ရယ်၊ ဟိုလေ"

"နောက် ဒါမျိုး မဖြစ်စေရပါဘူး၊ ဒါပဲ မဟုတ်လား၊
ကျွတ် ... ထားပါတော့ကွာ ဟူး"

ကျွန်တော်က စိတ်မောလက်မောနှင့်ပင် ခုံမှာ နောက်မှီချလိုက်လေသည်။ အလုပ်စဝင်သည့် ပထမဆုံးရက်မှာ ပင် မုန့်လုံးရဲ့ဒဏ်ကို စခံရတာ ဘယ်သူဖြစ်မလဲလို့ စိုးရိမ်ခဲ့ရသမျှ နောက်ဆုံး ကျွန်တော်ကိုယ်တိုင်ပင် ဖြစ်နေခဲ့တာ ဖြစ်သည်။ ါကြောင့် ဆုံးဖြတ်ချက်တစ်ခုနှင့်အတူ မုန့်လုံးကို ကျွန်တော့် နားမှာပင် ထားဖို့ဆုံးဖြတ်ကာ Personal ecretary အဖြစ်သာ န့်ဖို့ ဆုံးဖြတ်လိုက်ပါသည်။ သူမကား ကျွန်တော်နှင့် ဝေးရာတွင် ား၍မဖြစ်သော သူတစ်ဦး ဖြစ်လေသည်။

ကျွန်တော်တို့ အကြောင်းကို နှစ်ဖက်မိဘတွေက လည်း သဘောတူ ကြည်ဖြူစွာ လက်ခံထားပြီးကြလေရာ မုန့်လုံး အမေကိုယ်တိုင်က ကျွန်တော့် ကို သူ့သမီးအကြောင်း ပါလှစွာ အထပ်ထပ် မေတ္တာရပ်ခံထားခဲ့ပြီး ဖြစ်လေရာ ကျွန်တော့်မှာ



www.burmeseclassic.com

www.burmeseclassic.com



တခြား ရွေးချယ်စရာ လမ်းမရှိတော့။ သူမကို ချစ်ရခြင်းသည် ချစ်သူတစ်ယောက်ကို ရင်ခုန်ကြည်နူးစွာ ချစ်ရသည်မျိုး မဟုတ်ဘဲ ဖခင်တစ်ဦးက သမီးတစ်ယောက်ကို ပူပင်နေရသော အပူမျိုးနှင့် သာ တူပါသည်။

ဘယ်အချိန် ဘာများဖြစ်မလဲဆိုတာကို ရင်တထိတ်ထိတ်နှင့် စောင့်နေရတာ ဖြစ်သည်။ အပြစ်လည်း မယူရက်၊ ပြောလည်း မပြောရက်သော ကျွန်တော်နှင့် သူမရဲ့ ဇာတ်လမ်းကား ဇာတ်ရှိန်မြင့်သည်ထက် မြင့်လာခဲ့ပါသည်။

တစ်နေရာမှာ ချို့ယွင်းချက်ရှိနေသော သူတချို့ဟာ တခြားတစ်နေရာမှာ ပို၍ ထူးချွန်သည်ဆိုတာ အမှန်ပဲလားတော့ မသိပါ။ သူမက အတော်နမော်နမဲ့နိုင်သလောက် တစ်ခါတစ်ခါ ကျတော့လည်း အလွန်တော်ပါသည်။ ကွန်ပျူတာနှင့် ပတ်သက်လာလျှင်တော့ ဆရာကြီးပင်ဖြစ်သည်။ ဘာမှလှည့်ကြည့်စရာ မလိုဘဲ ကျွန်တော့်ကို အကူအညီများစွာ ပေးနိုင်ပါသည်။

ကျွန်တော့်ရဲ့တစ်ဖက်က စားပွဲမှာ စာရိုက်နေသော သူမကို ချစ်စနိုး ငေးကြည့်ကာ တစ်ခါတစ်ရံတော့လည်း သူမကို တစ်ဘဝလုံးစာအတွက် ရွေးချယ်မိတာမှားများနေပြီလားဟု တွေး မိခဲ့ဖူးသေးသည်။ သူမရဲ့ အလွဲအမှားတွေကလည်း တော်တော် ဆိုးခဲ့တာပင်။ တစ်ခါတစ်ရံကျတော့လည်း ကျွန်တော့်အပေါ်မှာ ချစ်ခင်မြတ်နိုးမှု အပြည့်ရှိကာ ဖြူစင်လွန်းသော စိတ်ထားလေး တစ်ခုနှင့်ပင် သူမကို ချစ်ခဲ့မိတာမှန်ကြောင်း လက်သင့်ခံရပါသည်။





"မုန့်လုံးရေ ဒီည ကိုယ်နှင့် ဒင်နာတစ်ခု သွားစရာရှိတယ် နော်၊ ခုနစ်နာရီ ကိုယ် လာခေါ်မယ် ဟုတ်လား"

"ဟုတ်ကဲ့ ဟုတ်ကဲ့ ဘာဝတ်ရမှာလဲ"

"ကြိုက်တာဝတ်၊ ဒါက အလုပ်နှင့်မပတ်သက်ဘူး၊ မိတ်ဆွေ တစ်ယောက်ရဲ့ Aniversary ကို သွားမှာ"

သူမက ကျွန်တော့်ကို ဖျတ်ခနဲ မျက်လုံးလှန်ကြည့်ကာ ပြုံးပြသည်။ မကြာသော အချိန်ကာလတစ်ခုမှာ ကျွန်တော်တို့လည်း လက်ထပ်ကြတော့မှာ ဖြစ်လေသည်။ ဒီအတွက် အခုကတည်းက ကျွန်တော့်မှာ ကြိုတင်ပြင်ဆင်မှုတွေနှင့် စတင် အလုပ်ရှုပ်နေချေပြီ။ မုန့်လုံးကိုတော့ ဘာကိုမှ မခိုင်းရဲ။ ကျွန်တော်နှင့် သူမရဲ့မောင် အမြွှာနှစ်ယောက်သာ အလုပ်ရှုပ်နေကြတာဖြစ်သည်။ ဒါကိုပင် သူမက ဝင်မလုပ်ရ၍ စူပွပွ ဖြစ်နေသေးသည်။ ကျွန်တော်ကတော့ ဘဝရဲ့ အရေးအကြီးဆုံး မှတ်တိုင်တစ်ခုဖြစ်သော မင်္ဂလာပွဲမှာ ဘယ်လို တိမ်းစောင်းလွဲချော်မှုမျိုးကိုမှ မခံနိုင်ဖြစ်ရလေကာ အခုကတည်းက တစ်ခုချင်း အသေးစိတ်ပြင်ဆင် လျက်ရှိပါသည်။

ညနေ ခြောက်နာရီခွဲလောက်မှာပင် သူမကို သွားခေါ်တော့ သူမက လှပစွာ ပြင်ဆင်ပြီးသားနှင့် အသင့် စောင့်ကြိုနေပါသည်။ ငွေမင်ရောင်ဝတ်စုံနှင့် သူမကို ကျွန်တော်ပင် စောင့်ယူရအောင် ချောမောနေလေသည်။ ဒီလိုဆိုတော့လည်း သူမကို များစွာ ကျေနပ်မိပြန်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမက ခါတိုင်းလို စကားမများဘဲ ငြိမ်ငြိမ်သက်သက်နှင့် လိုက်ပါလာပါသည်။ ဒီတစ်ခါတော့ သူမ ဘာမှ အမှားအယွင်း ရှိမည်မထင်ချေ။ ဟိုတယ်ရောက်တော့ အခမ်းအနားကျင်းပရာ Ball room က ရှစ်ထပ်မှာမို့ ဧည့်သည်တွေအားလုံး ဓာတ်လှေကားဖြင့် တက်ရပါသည်။ ဓာတ်လှေကားမှာ လူသိပ်မပါချေ။ ကျွန်တော် သူမ လက်ဖျားလေးကို အသာကိုင်ထားကာ အားပေးပြုံးစာစ်ချက် ပြုံးပြလိုက်ပါသေးသည်။ အိုကေပဲပေါ့။ ဘာပြဿနာမှ မရှိ။

သို့သော် ဒီတစ်ခါမှာလည်း သူမက အစဉ်အလာကို မချိုးဖောက်ခဲ့ချေ။ ဓာတ်လှေကားထဲမှ အထွက်တွင် ကျွန်တော့်ကို ချိတ်ထားသော သူမ၏လက် တုံ့ခနဲဖြစ်သွားကာ ...

"အယ် ... ခေါင်ခေါင် လှပ်ပါဦး၊ ဒီမှာ ဒေါက်က ဒီကြားထဲ ညှပ်နေပြီ"

သူမရဲ့ သေးသွယ်ချွန်မြသော ဒေါက်ကား ဓာတ်လှေကားရဲ့အပေါက် တံခါးအဖွင့်အပိတ် နေရာမှာ အတိအကျပင် ညှပ်နေလေသည်။

ကျွန်တော် ချက်ချင်းပင် ငိုချင်စိတ် ပေါက်သွားရသည်။ သူမ မျက်နှာကလည်း ရှုံ့မဲ့မဲ့နှင့်။

"ဆွဲထုတ်ကြည့်ပါဦး၊ ကျွတ် ... ဒီလောက်သေးတဲ့ ဒေါက်ကို ဘာလို့ စီးလာတာလဲကွာ၊ ဒုက္ခပဲ"





ဖိနပ်ကား လုံးဝပင် ဆွဲထုတ်၍မရချေ။ ဘေးမှ ူတွေကလည်း သူမအဖြစ်ကို ပြုံးစိစိ ကြည့်ကြလျက်။ ကျွန်တော် ာ်တော် ချွေးပြန်လာပါသည်။ သူမ မျက်နှာမှာလည်း ငိုတော့ ည့်ဟန်ဖြင့် အထင်းသား။ ဓာတ်လှေကားကလည်း အပေါ်သို့ က်လက်တက်ဦးမှာ ဖြစ်သည့်အတွက် ကျွန်တော် အတော် ားနာနေရချေပြီ။ သူမကတော့ အားကုန် ဆွဲထုတ်နေဆဲ။ ြထောက်ကို ဖိနပ်မှချွတ်ကာ ဒူးထောက် ဆွဲထုတ်နေသော ူမကို နောက်မှ စိတ်ပျက်လက်ပျက် ငေးကြည့်နေဆဲမှာပဲ ူမရဲ့ခွဲကို အရှုံးပေးလိုက်ရသော ဖိနပ်ကား လှလှပပကြီး ခုန် ျက်လာကာ အရှိန်မထိန်းနိုင်တော့သော သူမသည်လည်း ာက်သို့ ပက်လက်လန် လဲကျသွားပါသည်။

ကျွန်တော့် မျက်နှာမှာ ရှက်ရွံ့ရိပ်တွေကား အထင်းသား။ သူမကို ကြည့်မိသော ကျွန်တော့် အကြည့်တွေမှာလည်း ိတ်ပျက် အထင်သေးရိပ်တွေ ပါကောင်းပါနေနိုင်ပေမည်။ အချိန် တော်ကြာသည်အထိ သူမကို ကျွန်တော် မထူမိ။ သူမက ျွန်တော့်ကို ငေးစိုက်ကြည့်နေသော မျက်ဝန်းမှာ မျက်ရည်စတွေ ိုင်းလာတာကို ကျွန်တော် ငေးကြောင်ကြည့်နေစဉ်မှာပဲ ူမက ဖိနပ်တစ်ဖက်ကို လက်ကကိုင်ကာ ငိုရှိုက်ရင်း ပြေးထွက် ားခဲ့ပါသည်။ ကျွန်တော်က နေရာမှာတင် မလှုပ်မယှက်။

ထိုအဖြစ်အပျက် ဖြစ်ပွားပြီးသည့် နောက်ပိုင်းမှာ ူမနှင့် ကျွန်တော် မဆုံဖြစ်တော့ပါ။ သူမလည်း အလုပ်



www.burmeseclassic.com

www.burmeseclassic.com



လာမဆင်းတော့။ ကျွန်တော်နှင့်အတူ မင်္ဂလာကိစ္စတွေ စီစဉ်ပေးသော သူမရဲ့ မောင်နှစ်ဦးလည်း ရောက်မလာခဲ့တော့။ အခြေအနေတို့က တိတ်ဆိတ်စွာ ကျွန်တော်ကတော့ ထိုအချိန်တွေ အတွင်းမှာ တစ်စုံတစ်ခုကို အလေးအနက်ထား စဉ်းစားနေခဲ့ခြင်း ဖြစ်သည်။

ဘဝမှာ အမြဲတမ်း သူများတွေအတွက် စံပြဖြစ်ခဲ့သော ကျွန်တော့်အဖို့ သူမကို လက်ထပ်ပြီးသည့်နောက်ပိုင်းမှာ နောင်တကြီးစွာ ရနိုင်လားဟူသော အရာကိုပင်။ သူမရဲ့ နမော်နမဲ့မှုတွေကို ရှေ့ဆက် ခွင့်လွှတ်နိုင်သေးရဲ့လား ဟူသော အချက်တွေပါ စဉ်းစားခဲ့ပါသည်။ သိပ်မသေချာဘဲနှင့် ကျွန်တော် ရှေ့ဆက် မတိုးချင်တော့။ ဒါတွေကို နားလည်သွားလို့ သူမကိုယ်တိုင်လည်း ကျွန်တော့်ဆီကို ရောက်မလာခဲ့ခြင်း ဖြစ်သည်ဟု ယူဆရပါသည်။

ဒီလိုနှင့် ရက်များစွာ ကြာခဲ့ပါသည်။ ကျွန်တော် [illegible] ဝခွဲမရစွာ မပြတ်သားတုန်းပင်။ တစ်ခါခါတော့ သူမ [illegible]ချင်စိတ်တွေ အတော်ပြင်းပြလာတတ်ပါသည်။ လူ တစ်ယောက်မရှိတော့တာ သိပ်သိသာလွန်းသည်။ အရင်က ကျွန်တော် ရုံးခန်းထဲတွင် ခေါင်ခေါင်ရေ ဟူသော အမြည်နေတတ်သည့် သူမ အသံလေးကို ကျွန်တော် တောင့်တလာမိသည်။ သူမ မရှိ အချိန်ပိုင်း ဝင်လုပ်သော ကောင်မလေးရဲ့ မှားယွင်းမှုတွေကိုမြင်ရ ကွန်ပျူတာရိုက်ရာမှာ ကီးဘုတ်ကိုတောင် မကြည့်ဘဲ ရိုက်နိုင်စွမ်း အားရှိသော သူမရဲ့ ထူးချွန်မှုတွေကို မြင်ယောင်လာမိသည်။





ကျွန်တော် အလုပ်တွေများ၍ ခေါင်းတွေ ကိုက်လာလျှင် ကျွန်တော့်ခေါင်းကို ကြင်ကြင်နာနာ နှိပ်ပေးတတ်သော လက်ချောင်းလေးများကို လွမ်းလာသည်။ လူကြီးတစ်ယောက်လို အမြဲတည်တတ်သော ကျွန်တော့်ကို သူမရဲ့ဟာသပေါင်းစုံဖြင့် အာရုံကြောတွေ လျှော့ပေးခဲ့သောအဖြစ်တွေကို သတိရလာမိသော အခါ ကျွန်တော့်ဘေးမှာ သူမ လိုကိုလိုအပ်ကြောင်း သိမြင်လာခဲ့ရလေသည်။ ဒီအကြောင်းတွေ မေမေ့ကို ရင်ဖွင့်မိတော့ မေမေက နားလည်စွာ ပြုံးကြည့်ရင်း ...

"သား တစ်နေ့ ဒီလို နားလည်လာမယ်ဆိုတာ မေမေ သိပြီးသားပါ၊ တကယ်တော့ မုန့်လုံးဟာ အင်မတန် ချစ်စရာကောင်းတဲ့ ကလေးမလေးပါ သားရယ်၊ သူ့မှာ တော်တာတွေ အများကြီး ရှိပါတယ်၊ ချွတ်ယွင်းချက်လေးတွေလည်း ရှိတာပေါ့၊ ဒါကို သားက နားလည်စွာနှင့် ပြုပြင်ယူပါ၊ သူလည်း ကြိုးစားရှာမှာပါ၊

လူတစ်ယောက်မှာ စင်းလုံးချောတော့ အပြစ်မကင်းနိုင်ဘူးပေါ့ သားရယ်၊ တစ်ဘဝစာအတွက် ရည်ရွယ်တဲ့ ချစ်သူတွေဟာ တစ်ယောက်ရဲ့ ချွတ်ယွင်းချက်လေးတွေကို တစ်ယောက်က နားလည်ပြီး ပြုပြင်ယူသွားရင် အဆင်ပြေသွားမှာပါ၊ လက်တွဲဖော်ဆိုတာ စေတနာ စစ်[illegible] ရတယ် သား"

"သား မုန့်လုံးဆီ သွားလိုက်ဦးမယ် မေမေ"



www.burmeseclassic.com

www.burmeseclassic.com



မေမေက ကျွန်တော့်ကို နားလည်စွာ ပြုံးကြည့်ရင်း ကျန်နေခဲ့ပါသည်။ ဟုတ်တာပေါ့ မုန့်လုံးရယ်။ မင်းကို ကိုယ် တစ်ဘဝလုံးစာအတွက် လက်တွဲဖော်အဖြစ် ရည်ရွယ်ပြီးတဲ့နောက်မှာ မင်းနှင့် ပတ်သက်တဲ့ အကောင်းအဆိုးမှန်သမျှကို အတတ်နိုင်ဆုံး ပြုပြင်ယူဖို့ ကိုယ့်မှာ တာဝန်ရှိလာတာပေါ့။

လက်တွဲဖော်ကောင်းတစ်ယောက် ပီသစွာနှင့် ကိုယ် မင်းကို တစ်သက်လုံး နားလည်ပေးမ တွဲခေါ်သွားမှာပါ။ ဒါမှလည်း စစ်မှန်တဲ့ ချစ်ခြင်းတစ်ခု၊ ချစ်ခြင်းရဲ့ စေတနာတစ်ခု ဖြစ်တော့မှာပေါ့ကွာ။

ကျွန်တော့်ရဲ့ အတွေးတွေနှင့်အတူ ကျွန်တော့်ကားက မုန့်လုံးတို့ခြံနား ရောက်လာခဲ့ပါသည်။ မုန့်လုံးတစ်ယောက် ကျွန်တော့်ကို ဘယ်လို ကြိုဆိုနေမှာပါလိမ့်။ စိတ်များ ကောက်နေမလား။ ဒါမှမဟုတ် မျက်ရည်တွေနှင့် ပြုံးနေမလား။ ကျွန်တော့်ရင်ဘတ်ကို မနာအောင်ထုပြီး ရက်နေမလား။ သေချာတာကတော့ သူမ ကျွန်တော့် အပြစ်မယူဘဲ ချစ်ဆဲပဲနေပါမည်။

အလွန် မြတ်နိုးဖွယ် စိတ်ထားလေးနှင့် အပြစ်ကင်းသော အပြုံးတစ်ပွင့်နှင့် ကြိုရှာပါမည်။ ကျွန်တော့်ကရော အင်း ... မင်း စိတ်ဆိုးလည်း ကိုယ်က ချော့ဖို့ပါပဲ ချစ်သူ ရုပ်ပျာမလေးရယ်။ မင်းနှင့် ကိုယ်တို့နှစ်ဦးကြားမှာ တစ်ယောက်ကိုတစ်ယောက် မြတ်နိုးစုံမက်ပြီးခဲ့ကြမှတော့ မင်းမှာ ဘာတွေပဲ ဖြစ်နေ ကိုယ် နားလည်စွာ ပြုပြင်ယူရမှာပေါ့။ ဒါမှသာလျှင်လည်း လက်တွဲဖော် အစစ်တွေ ပီသတော့မှာပေါ့ ချစ်သူရယ်။





ကဲ ... ခင်ဗျားတို့လည်း နားလည်မှု လွဲနေတဲ့ ချစ်သူတွေ ရှိနေခဲ့ရင် ကြင်နာစွာနှင့် ဖေးမလိုက်ပါဗျာ။ ဒါဆို ကမ္ဘာလောကကြီး ပိုလှသွားမှာပါ။

ကျွန်တော့်အတွက်ကတော့ စစ်မှန်တဲ့ ချစ်ခြင်းမေတ္တာထဲမှာ ကြင်နာစွာ နားလည်ဖေးမခြင်းလည်း ပါတယ်ဆိုတာကို ကိုယ်တွေ့တစ်ရပ် အနေနှင့်ကို ယုံကြည်စွာ လက်ခံလိုက်တော့တာပင် ဖြစ်လေသည်။

❂ ❃ ❂

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com






BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... အာကာ ထစမ်း၊ သူများတွေ အောင်စာရင်း သွားကြည့်တာ ပြန်လာကုန်ပြီ၊ နင်က အခုထိ အိပ်ကောင်းတုန်း"

ကျယ်လောင်လှသော မေမေရဲ့အသံနှင့်အတူ တွန်းထိုး လှုပ်ခတ်နိုးမှုကြောင့် အာကာ မျက်လုံးကို အတင်းဖြဲယူရသည်။ မျက်လုံးကို လက်ဖြင့် ပွတ်သပ်ရင်း ခန္ဓာကိုယ်မှ စောင်ကို ခွာယူကာ ...

"အာ ... မေကလည်းဗျာ၊ မေလည်း ကာ့ခုံနံပါတ် သိနေသားနဲ့၊ သွားကြည့်ပေါ့ မေရာ"

မေမေ့ထံမှ စကားပြန်ပင်မရတော့ဘဲ အာကာ့ နားရွက်တစ်ဖက် ပြုတ်သွားလောက်အောင် နာကျင်မှု ပေါ်လာတော့မှ အာကာသည် အိပ်ရာထဲမှ ပြေးထွက်ကာ ရေချိုးခန်း ပြေးဝင်ရတော့သည်။ ဟုတ်သားပဲ၊ ဒီနေ့ အာကာတို့ ဆယ်တန်းအောင်စာရင်း ထွက်သောနေ့ပဲ။ ထွက်တော့လည်း ဘာထူးမှာလဲ။ အာကာက ကိုယ့်အခြေအနေ ကိုယ် သိပြီးသား။ ဒါတော့ထူးက



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါမှ ပါမှာမဟုတ်။ အောင်မှာတော့ အသေအချာ။ ဒါကို ဘာကိစ္စနှင့် အိပ်ရေးပျက်ခံ၊ တိုးဝှေ့ပြီး သွားကြည့်နေရဦးမှာလဲ။ ဟိုကောင်တွေလည်း ခုထိ အာကာ့ဆီ မလာကြသေးပါလား။ ဧကန္တ သူတို့ပဲ အောင်စာရင်း သွားကြည့်ပြီး အာကာ့ဆီ အပြန်မှ ဝင်ပြောမည် ထင်သည်။

"အာကာ ရေချိုးခန်းထဲတင် သေနေပြီလား၊ နင်နဲ့တော့ ငါ စိတ်ညစ်ရတာပါပဲ အာကာရယ်"

တဘက်တစ်ထည်ကို အမြန်ဆွဲယူကာ မေမေ ရှိနေသော ဧည့်ခန်းထဲ အမြန်ပြေးလာရသည်။ ဆိုဖာပေါ်တွင် စိတ်ပျက်လက်ပျက် ထိုင်နေသော မေမေ့မျက်နှာတွင် အာကာ့အပေါ် သဘောမကျရိပ် စိတ်မာတ်ကျရိပ်တို့က အထင်းသား။

"မေရာ မအော်စမ်းပါနှင့်၊ ကာ အောင်မှာပါ၊ ဟန်စုတို့ ကဲကဲတို့ ကြည့်လာမှာပါ၊ မေက အလကားနေရင်း ကိုယ့်ဒုက္ခကိုယ် ရှာနေတာပဲ"

အာကာ့ စကားမှ မဆုံးသေးခင် ခြံထဲသို့ ဆိုင်ကယ်သံများ တဝေါဝေါနှင့် ထိုးဝင်လာပြီး ဟဲလ်မက်ကိုယ်စီပိုက်လျက် ဟန်စုတို့တစ်သိုက် ဝင်လာကြလေသည်။ အာကာကား ခုန်ပေါက်ပြေးလွှားလျက် ကိုယ်က ဦးအောင် အပြစ်တင်ထားလိုက်သည်။

"ဟေ့ကောင်တွေ စောင့်လိုက်ရတာကွာ၊ အခြေအနေ ဘယ်လိုလဲ"





"အာကာရာ သူများ သွားပြောစမ်းပါ၊ အန်တီ့ လက်ချက်နှင့် အခုမှ အိပ်ရာထဲက ထလာတဲ့ ရုပ်ကများ၊ အခြေအနေက တို့လေးယောက်လုံးအောင်တယ်၊ ဒါပဲ"

ဆိုဖာပေါ်မှ အာကာ့မေမေ ဒေါ်ခင်မိုးဆွေက ရှုံ့မဲ့သော မျက်နှာထားဖြင့် ...

"ဂုဏ်ထူးလေး ဘာလေးများ မပါဘူးလား ဟန်စုရယ်"

ဟန်စုက သူ့ဝသီအတိုင်း ရယ်ကျဲကျဲနှင့် ခေါင်းကုတ်နေသလောက် အာအပြဲဆုံး ကဲကဲကတော့ ...

"အန်တီကလည်း သမီးတို့က ဂုဏ်ထူး-ကပ်ပြုတ်တာပါ၊ ၇၂၊ ၇၃ တွေ နေမှာပေါ့၊ ကြည့်နေ အမှတ်ကျတော့ များပါလိမ့်မယ်၊ ကဲ ... ကာကာ သွားစို့"

"အေးပါ အကျီတော့ လဲပါရစေဦး၊ မေ ကာ အပြင်သွားဦးမယ်နော်၊ အဲဒါ အဟဲ"

ဒေါ်ခင်မိုးဆွေမှာ ဘာမှ မပြောတော့ဘဲ စားပွဲပေါ်သို့သာ လက်ပိုက်လျက် မျက်စပစ်ပြလိုက်သည်။ စားပွဲပေါ်၌ တစ်ထောင်တန် ခပ်ပါးပါးတစ်ထပ်။ အာကာက ဖျတ်ခနဲ ဆွဲယူရင်း ဘောင်းဘီကြားထဲ ထိုးထည့်ကာ မိခင်၏ပါးကို ရွှတ်ခနဲနမ်းကာ အိမ်ထဲ ပြေးဝင်သွားသည်။ သားသမီးကို ချစ်တတ်သော မိခင်ပီပီ ...

"ဦးသောင်းစိန်ရေ ကာကာ့ ဆိုင်ကယ် ထုတ်ပေးထားလိုက်ဦး"



www.burmeseclassic.com

www.burmeseclassic.com



ငါးမိနစ်ပင် မကြာလိုက်ဘဲ အဖြူရောင် တီရှပ်နှင့် ကာကီရောင် ဘောင်းဘီရှည်နှင့် ပြန်ပြေးထွက်လာသော အာကာသည် မိခင်ကို နှုတ်ဆက်ရင်း ပေါ်တီကိုအောက်၌ အဆင်သင့်ရပ်ထားသော တောက်ပြောင် သားနားလှသည့် ခရမ်းရောင်နှင့် အဖြူရောင် စပ်ထားသော ဒီတီကြီးကို လီဗာ တဝေါဝေါ ကစားလျက် စီးနင်းထွက်ခွာသွားလေပြီ။

"ကာကာ အောင်တယ် မဟုတ်လား ဆွေဆွေ"

အာကာ၏ အချစ်တော် အဒေါ်ဖြစ်သူက အာကာ ထွက်သွားသည်နှင့် တစ်ပြိုင်နက် ရောက်လာကာ ဆိုဖာပေါ်၌ ဝင်ထိုင်ရင်း မေးလိုက်သည်။ ဒေါ်ခင်မိုးဆွေက သက်ပြင်း သဲ့သဲ့ချရင်း ...

"အောင်ပါတယ် မမရယ်၊ အောင်ရုံပါပဲ၊ ကာကာနှင့်တော့ စိတ်ညစ်တာပါပဲ၊ ဘာမှလဲ အလေးအနက်မထား၊ နေတာထိုင်တာ ကျတော့လည်း ပုံမှန်မဟုတ်နှင့် ရင်လေးတယ် မမရယ်"

"ဘာလို့ ကိုယ့်စိတ်ကို ဒုက္ခရှာချင်ရတာလဲ ဆွေဆွေ၊ ကလေးက သူ နေတတ်သလိုနေတာပဲ၊ သွားတာ လာတာတော့ လူငယ်သဘာဝပဲ၊ ရှိမှာပေါ့၊ နင် ရှာသမျှဟာ ဒီကာကာ့ အတွက်ပဲ မဟုတ်လား၊ ငါကလည်း အပျိုကြီး၊ ငါ့အမွေ မှန်သမျှဟာ ကာကာ့ အတွက်ပဲ၊ ဘာပူစရာ ရှိလဲ၊ အခုရော ဘာပူဆာနေပြန်သလဲ"





"ဟိုတလောကတော့ စာမေးပွဲအောင်ရင် အမိုးဖွင့် ပြိုင်ကားဝယ်ပေးရမယ်တဲ့"

"ဝယ်ပေးလိုက်ပေါ့၊ နင့်ပိုက်ဆံတွေက ဒါမှ ကုန်မှာ"

"ဒါ အရေးမကြီးဘူး မမ၊ ကာကာ ဒီလို ဟိုယောင်ဒီယောင် လုပ်နေတာ ဆွေ မကြိုက်ဘူး၊ အိမ်ရှေ့အိမ်က ပွင့်ပွင့်ဟာ ဘယ်လောက် စာတော်သလဲ၊ သူ့အမေဆို ဆွေ့ကို အမြဲ ကြွားတယ်၊ သူ့သမီး ဘယ်လို တော်ကြောင်း၊ ဆွေ့မှာတော့ ကြွားစရာ ဘာမှ မရှိဘူး၊ နောက်နှစ်ဆို ပွင့်ပွင့်က ဆယ်တန်း၊ ခုတည်းက အပြတ် ကြိုးစားနေပြီ"

အပျိုကြီးဖြစ်သော ဒေါ်ခင်မိုးဝေက ညီမဖြစ်သူကို မျက်စောင်းထိုးရင်း ...

"ရှည်းစားထား တော်တာကိုရော ထည့်ပြောဦးလေ၊ ကာကာက လုံးဝ သန့်တယ်၊ ကာကာကရော စာ ဘယ်လောက် ညံ့နေလို့လဲ၊ ဆွေဆွေ ညည်းဟာ သူများဆို သိပ် အထင်ကြီးတာပဲနော်၊ ဟင်း"

ဒေါ်ခင်မိုးဝေက မာန်သလို ပြောရင်း နောက်ထဲသို့ ပြန်ဝင်သွားသည်။ ခင်မိုးဆွေ သက်ပြင်းကိုသာ အသာရှိုက်မိပါသည်။ နေ့စဉ် ဆိုင်ကယ်တစ်စီးဖြင့် ပတ်သွားနေသော အာကာ့ကို တကယ် အားမရပါ။ အရာရာ အလေးအနက်မထားတာ သည်း လုံးဝမကြိုက်။ ခင်မိုးဆွေသည် အသက် ၂၀ ၌ အိမ်ထောင်ကျခဲ့သည်။ အာကာ ဆယ်နှစ်အရွယ်မှာပင် ခင်မွန်းဖြစ်သူ

www.burmeseclassic.com



ဆုံးပါးသွားရာ အာကာ့မျက်နှာကိုသာ ထောက်လျက် အချစ် ပုံနှင်းပြီး မနားမနေ အားသွန်းကြိုးပမ်းခဲ့ရာ ယခု မန္တလေ ဆပ်ပြာမှုန့် စက်ရုံနှင့် ရေသန့် စက်ရုံတို့ကိုပါ ပိုင်ဆိုင်ထား ခဲ့လေသည်။

အလုပ်လုပ်ရာမှာ ထက်ထက်မြက်မြက် ရှိ ပြတ်သားသောကြောင့် ခင်မိုးဆွေဆိုလျှင် မသိသူ ရှားသ ရုပ်ရည် ချောမောမှုကြောင့်လည်း အသက်သုံးဆယ့်ရှစ်ဟူ အရွယ်ထက် နုပျိုသောကြောင့် ကမ်းလှမ်းသူလည်း မ ဒါပေမဲ့ ချစ်ရသော ချစ်ရသော မိုးအားကာနှင့် အစ်မဖြစ် အပျိုကြီး ခင်မိုးဝေနှင့်သာ ဘဝကို အရိုးထုတ်မည်ဟု ရည် ပြီးသား။ မိမိက ထက်မြက်စွာနှင့် အရာရာမှာ ဦးဆောင်နေ သလို၊ သူများအပေါ် ဩဇာတည်သလို အာကာကိုလည်း ဖြစ် ချင်သည်။

အခု တော့ အာကာဟာ ဘာကိုမှ အလေးအ မထား။ သူမ ဖြစ်ချင်သလို ငြိမ်ဝပ်ပိပြားစွာနှင့်လည်း မနေတ စိတ်ရင်းကတော့ အင်မတန် ဖြူစင်သည့် ကလေးပါ။ ဒါ မိခင်ဆိုတာတော့ ပူရသည်လေ။ မြင့်မားသော အရပ်အမော ဖြူစင်ဝင်းနှစ်သော အသားအရေနှင့် သောက်ရူးကြွယ်လို လက်တောက်ပနေသည့် မျက်ဝန်းအစုံနှင့် ဝဲဖြာနေသော ရောင်ပြေးနေသော ဆံပင်ပိုင်ရှင်လေး။ ခင်မိုးဆွေ၏ အသည် မိုးအာကာဟာ အင်မတန် ချစ်စရာကောင်းသည့် သမီးလေး





အာကာဟာ သူမ သိပ်ချစ်ရတဲ့ သမီးလေးမို့ ပူပန် နေရတာပါရှင်။

❀ ✱ ❀

အရင်တစ်ပတ်ကမှ ရန်ကုန် ဆင်းဝယ်ထားသော ပြိုင်ကား အနီရဲရဲကို အာကာက ပန်းသီး အနီရဲရဲစားလျက် လှည့် ပတ်ကြည့်ရှုလျက် ရှိသည်။ အင်း ... ဟိုကောင်တွေကိုခေါ်ပြီး ဒီကားနှင့် မန္တလေးတောင် တက်ဦးမှ။ အရင်ဆုံး ရေမြင်းလေးဆီ ဖုန်းဆက်ရမယ်။ တော်တော်ဟန်များတတ်တဲ့ နှင်းနှင်းကို အာကာ ကတော့ ရေမြင်းလေးဟု အမည်ပေးထားသည်။

"မကာ ဘာတွေ သဘောကျနေတာလဲ"

ဖျတ်ခနဲ လှည့်ကြည့်လိုက်တော့ အာကာ အတော် အမြင်ကတ်ရသည့် အိမ်ရှေ့အိမ်က ပွင့်ပွင့်။ ထိုသားအမိကို သိပ် ကြည့်မရချေ။ အတော်အကြွားပိုသော သားအမိပင်။ မေမေက လည်း ပွင့်ပွင့်ဆို အလွန်အထင်ကြီး။

"ဩော် ... လေဒီပွင့်၊ ဆိုပါဦး"

ကာကာက ပခုံးကို ဟန်ပါပါတွန့်ရင်း မေးလိုက် သည်။

"အဟင်း ... ဟင်း ... အဲဒီ မကာကလေ ရာ[illegible]ဝင်း စတိုင်လ်နှင့်"

"အပိုတွေ လိမ့်မနေနှင့် မပွင့်လျာ၊ ဘာ[illegible]ပြောချင်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... ဒီမှာ ပွင့် ထိုးထားတဲ့ ဆန္ဒွင်းမကောင်း လာ
တာပါ"

ဒါသည်လည်း ကြွားခြင်းတစ်မျိုးပဲလေ။ သူ ဘယ်
မီးဖိုချောင်နိုင်နင်းကြောင်း ကြွားတာပဲပေါ့။ ဆန္ဒွင်းမကောင်း လာ
တာဆိုလည်း ပြီးနေတဲ့ ကိစ္စကို။ သူ ထိုးသလေး ဘာလေး
ထည့်ပြောနေစရာကို မလိုပေ။ ထိုစဉ်မှာပင် ရုံးသွားရန် ကားမော
ထွက်လာသော မေမေက ကားထဲမှခေါင်းပြူရင်း ...

"ပွင့်ပွင့်ပါလား၊ ဘာတွေ လာပို့တာလဲ သမီးရဲ့"

"ဆန္ဒွင်းမကောင်းပါ အန်တီ၊ အန်တီ ရုံးသွားတော့မလို့လာ
ယူသွားပါလား အန်တီ ရော့"

မေမေက အာကာ့ကို တစ်ချက် လှမ်းကြည့်သည်
ပြီးမှ ကျေးဇူးပဲကွယ်ဟုဆိုကာ ပွင့်ပွင့် လက်ထဲမှ ချိုင့်ကိုယူ
ကားထဲ ထည့်လိုက်သည်။ အိမ်မှာထားလည်း အာကာ
တို့ဝရီးက မစားမှန်း သိပြီးသားမို့ ဖြစ်သည်။

"အာကာ ဒီနေ့ ဘယ်သွားဦးမှာလဲ"

"မန္တလေးတောင် သွားမလို့ မေ ဘာမှာဦးမလဲ"

"ပေါက်ပေါက်ရှာရှာ ကားကို ဂရုစိုက်မောင်း၊ ဩော်
ပွင့် သွားမယ်နော်"

"ဟုတ်ကဲ့ အန်တီ"

မေမေ့ ကားနောက်ကို မျက်စိတစ်ဆုံး လိုက်ကြ
ပြီးသော ပွင့်ပွင့်က အာကာ့ဘက်လှည့်ကာ ရယ်ပြရင်း ...





"မကာလည်း အန်တီ့လို ပါတိတ်တွေဝတ်ရင် သိပ်လှမှာ၊
အခုတော့ မကာက တွမ်ဘွိုင်းလိုလိုနှင့်"

"အေး ... ငါ တွမ်ဘွိုင်းက နင့်ထက် ချောပြီးသားပါ"

"လူမှာ အရည်အချင်းက အဓိကပါ မကာရယ်၊ မကာ
ဒီအတိုင်း နေရတာ အချိန်တွေ မနှမြောဘူးလား"

နေရင်းထိုင်ရင်း ဆရာကြီး လာလုပ်နေသော ပွင့်ပွင့်
ကို ကြည့်ကာ အရေခွံ ဆုတ်ပစ်ချင်သော စိတ်ကို မနည်း
ထားရင်း မဲ့ပြုံးတစ်ချက် ပြုံးလိုက်သည်။ အရည်အချင်းဆိုတာ
ချိန်တန်မှလည်း ထုတ်သုံးရတယ်ကွယ့်။ မင်း စိတ်ထဲမှာ
ကို ရေလိုသုံးပြီး လွတ်လပ်ပျော်ပါးနေတဲ့ ငါ့ကို မနာလိုဖြစ်
တာ အသိသာကြီးပါ ကလေးမရယ်။ ငါ့ထက်ကျော့ဖို့ စိတ်မကူး
ပါနှင့်။ ငါဟာ မင်းထက် ထမင်းတစ်နှစ်စော စားလာတာပါ။
တစ်ချိန်မှာ မိုးအာကာ ဘာဆိုတာ မင်း သိလာရမှာပေါ့။

✻ ✻ ✻

အောင်စာရင်းထွက်ပြီး ကျောင်းတွေ မဖွင့်ခင်ကြား၌
ကာတို့ သူငယ်ချင်းတစ်စုမှာ Speaking နှင့် ကွန်ပျူတာ
တန်းကိုတော့ တလေးတနက် တက်ကြပါသည်။ သူများတွေ
တွေ့ကရာပေါင်းစုံ မတက်ဘဲ ဤနှစ်ခုကိုသာ ကျွမ်းကျွမ်းကျင်
ဖြစ်အောင် အိမ်မှာလည်း လေ့ကျင့်လျက် ရှိကြ
အန်တီကတော့ ချီးကျူးစကားတဖွဖွ။

www.burmeseclassic.com

www.burmeseclassic.com



"ငါ မပြောဘူးလား၊ ကာကာက ဉာဏ်ရှိပြီးသား၊ မ Speaking ဆိုရင်လည်း ပြောတတ် ဆိုတတ်နေပြီ၊ သူတို့ ချင်းလည်း အားရင်လေ့ကျင့်နေတာ၊ ကွန်ပျူတာလည်း ကောင်းကောင်းနိုင်တယ်၊ သူများတွေလို ဟိုစပ်စပ် ဒီစပ်စပ် မဟုတ်ဘူး"

ဟု ပြောလေတိုင်း အာကာ့ မေမေကတော့ ခေါင်း တညိတ်ညိတ်နှင့် မအီမလည် ပြုံးလျက်တည်း။

ဒီနေ့တော့ ဘာစိတ်ကူးပေါက်မှန်း မသိချေ။ မိခင် ရုံးပိတ်ရက်ဖြစ်သော ဥပုသ်နေ့၌ အိမ်မြဲနေကာ အပေါ်ဆုံးထပ်၌ အုပ်စုလိုက် စကားဝိုင်းဖွဲ့နေကြသည်။ ကာကာက ဂီတာခေါက်နေ သလို ဟန်စုက ကွာစေ့စားရင်း အားပေးနေသည်။ ရေမြင်းလေးက မျက်ခုံးမွှေးနုတ်လျက်။ ကဲကဲကတော့ ရည်းစားဆီ ဖုန်းဆက်နေ လေသည်။ ရေမြင်းလေးက တစ်ဖက်ခြံသို့ ကြည့်ရင်း ...

"ကာကာ အဲဒီအိမ်က ပွင့်ပွင့်ဆိုတာ ရည်းစားရှိလား"

"စိတ်မဝင်စားတော့ မသိဘူး"

ကာကာက ခပ်ဆတ်ဆတ် ဆိုသည်။

"ငါ ဟိုနေ့က နိုင်လွန်မှာ တွေ့လိုက်လို့"

ရည်းစားနှင့် ဖုန်းပြောနေသော ကဲကဲကပါ ဗီဇကို မဖျောက်နိုင်စွာ ...

"အေး ... ငါလည်း ယူနီဆန်မှာ မြင်ဖူးတယ်"





"အမျိုးသမီးက ရုပ်ပါတယ်ကွာ၊ ဒီနှစ်တော့ ဆယ်တန်းမို့ ငြိမ်နေတယ်၊ သူကလည်း တိုက်ခိုက်တယ်ဟ၊ ငါ့ဆို စကားပြောရင် ထေ့သလို ဘာလိုလိုနှင့်"

"တစ်ချက်လောက် ပညာပေးလိုက်ပါလား"

ကာကာက ဂစ်တာကို ပြင်းပြင်းခေါက်ရင်း ...

"အချိုကြီး မတွေ့သေးလို့ပါ။ သူတို့ သားအမိက ငါ နေတာ ထိုင်တာကို ပြောချင်နေတာ၊ ငါ စကိတ်စီးတာ၊ ဒီတီစီးတာ၊ ပြိုင်ကားမောင်းတာ၊ ဂစ်တာခေါက်တာကို အပြစ်တစ်ခုလို ပြောနေတာ၊ တီတီဝေက နားလည်တယ်၊ မေမေကသာ အမြဲ ဆူနေတာ၊ ငါလည်း အဲဒါကို မခံချင် တာပဲ၊ ပွင့်ပွင့်က နေကော့သာ ဗိုင်းကောင်းလိုလို ဘာလိုလိုနှင့် လူတွေက မလွယ်ဘူးဟာ"

ရေမြင်းလေးက စာနာစွာ နားထောင်ရင်း ...

"အန်တီက နှင့်ကို ချစ်ပါတယ်၊ နင်ကလည်း မိန်းမလို ဝတ်ရင် သိပ်လှမှာ၊ ဝတ်ပါလား"

"ငါ တစ်ခါတလေ ဝတ်ပါတယ်ဟာ၊ ငါ မိန်းမစိတ်ပါ၊ ဒါပေမဲ့ ဘောင်းဘီက လွတ်လပ်တယ်ဟ၊ နင်တို့ဟာတွေက အသက်ရှူကျပ်တယ်"

တစ်ချိန်လုံး နားထောင်နေသော ဟန်စုက ဝင်၍ ...

"ဒီအတိုင်းက ပိုကောင်းတယ်၊ ရဲဘော် ဆက်လုပ်"

ရေမြင်းလေးက မျက်စောင်းထိုးရင်း အာကာ့ကို ...



www.burmeseclassic.com

www.burmeseclassic.com



"အေးပါ နင် ရည်းစားရမှ လှချင်ပချင်မှာ မြင်ယော
သေး၊ ဟေး ... ဟေး"

အာကာက နှင်းနှင်းလေး စကားကို ရှုံ့မဲ့ပြီ လက်ခါပြကာ ဖုန်းပြောနေသော ကဲကဲအနားသို့ ဇွေ့ခနဲဝင်ရင် ဖုန်းလိုင်းကို ဖြတ်ချလိုက်လေသည်။ ကဲကဲ၏ ဆူပူအော်ဟစ်သံ နှင့် ရယ်မောသံတို့က အပေါ်ထပ်၌ ဖုံးလွှမ်းသွားသည်။ အချစ်နှင့် မတွေ့ခင်အထိ အာကာသည် သူများကိုစဖို့ နှောက်ဖို့သာ ဝါသနာ ရင့်သန်နေလေရာ အချစ်ဟူသော ဝေါဟာရနှင့် မနီးစပ် လှချေ။ အဲဒီ အချစ်ဆိုတာကြီးကို အာကာ တကယ်ပဲ စိတ်မဝင် စားပါချေ။

အာကာနှင့် မိခင်ကြား၌ရှိသော ပဋိပက္ခမှုလေးများ မှာ အချိန်တွေနှင့်အတူ ပုံမှန် စီးမျောလျက် ရှိကြပေသည်။ မေမေ့ စိတ်ကြိုက်နေပါမှ မေမေနှင့် အဆင်ပြေမည်ဟူသော အဖြစ်မျိုးကို အာကာကလည်း လုံးလုံး အဖြစ်မခံနိုင်။ မေမေ့ ရင်မှဖြစ်သော သမီးတစ်ယောက်ဟာ မိဘကို ဂုဏ်ဆောင်မှသာ မိဘက ချစ်မယ်တဲ့လား။ ဒါ နည်းလမ်းမကျသော ပြဿနာတစ်ခု ဟု အာကာကတော့ လက်ခံထားသည်။ သို့တိုင်အောင် ဆိုးသွမ်း ပျက်စီး နိုက်ကလပ်တက်ကာ ဘီယာသောက်သော မိန်းကလေး မျိုးထဲတွင် အာကာ မပါဝင်။





အာကာဝတ်သော တီရှပ်နှင့် ဘောင်းဘီများမှာ ပါးလှစ်ပိုက်ပြနေသော မလုံ့တလုံ မိန်းမအဝတ်စားများနှင့်စာလျှင် အများကြီး လုံခြုံမှုရှိသည်။ သက်သောင့်သက်သာရှိသော လွတ်လပ် သော လုံခြုံမှုရှိသော အဝတ်များကိုသာ ရွေးဝတ်သည်မှလွဲ၍ အာကာနှစ်သက်သော ပြိုင်ကား နှင့် ဒီတီစီးခြင်းဟာလည်း ဣန္ဒြေ မဲ့မှု အာကာကတော့ လက်ခံထားလေသည်။

ဒါ့အပြင် အဝေးသင် လျှောက်ထားသော အာကာ အတွက် ရတနာပုံ တက္ကသိုလ်၌ အင်္ဂလိပ်စာ အထူးပြု ကျရောက် လာသောအခါ အင်္ဂလိပ်စာနှင့် ကွန်ပျူတာ ထူးချွန်အဆင့်၌ ရနေပါလျက် မေမေက အသာပြုံးကာ တိတ်တဆိတ် ကျေနပ်နေ သည်ကို အာကာ မကျေနပ်ပါ။ မေမေ့ နှုတ်ဖျားက ချီးကျူး စကားကို အာကာ ကြားချင်လှပါသည်။

ဒါပေမဲ့ ပွင့်ပွင့် ဂုဏ်ထူး ငါးဘာသာဖြင့် အောင်မြင် ခဲ့သော အခါတွင်တော့။ ထိုအချိန်ကာလများသည် အာကာ့နား တွင် ကမ္ဘာ့အပြင်းဆုံး ဗုံးများပေါက်နေသည့် အချိန်များပင် ဖြစ် ပါတော့သည်။ ဆေးတက္ကသိုလ်တက်မည့် ပွင့်ပွင့်၊ စကားအပြော အဆို လိမ္မာယဉ်ကျေးလှသည့် ပွင့်ပွင့်၊ ရပ်ရွာထဲ အလှူမင်္ဂလာ ဆောင်များထဲတွင် မပါမဖြစ်ပါသည့် ပွင့်ပွင့်၏ ဂုဏ်ပုဒ်များကို ပေါ်ကြွားပို လာရောက် ဂုဏ်ဖော်လေတိုင်း မေမေနှင့် အာကာလည်း စစ်ခင်းရစမြဲပင်။



www.burmeseclassic.com

www.burmeseclassic.com



အန်တီဝေကတော့ ကြားလူပီပီ အခြေအနေတွေကို အမြဲသုံးသပ်ကာ ရှင်းပြတတ်ပါသည်။

"ပွင့်ပွင့်လျာလေးရဲ့ အမေဒေါ်ဝင်းမာ ကိုယ်တိုင်က အပျို တုန်းတည်းက ဆွေ့ဆွေ့ကို လိုက်ပြိုင်နေတာ၊ အမြဲတမ်း ဆွေဆွေက အသာဘက်ကပဲလေ၊ ရုပ်ရည်၊ ပညာ၊ ဥစ္စာ၊ နောက်ဆုံး အိမ်ထောင်ဖက် အထိပဲ၊ ဆွေက မုဆိုးမဖြစ်ပြီး အရာရာမှာ ဦးဆောင်နိုင်တာ၊ သူ့ထက် ငွေအရမ်းချမ်းသာ တာတွေကို မနာလိုဝန်တို ဖြစ်နေတာပေါ့ ကာရဲ့ ...

အခုတော့ သူ့သမီးနှင့် ကာ့ကို ယှဉ်တာပေါ့၊ ကာ ကတော့ ကာ့ဘာသာ နေတာပဲလေ၊ သူတို့က လိုက်ပြိုင် နေတာ၊ ဆွေကလည်း သူ တစ်သက်လုံး အနိုင်ရခဲ့တဲ့ ကြွားပိုးမကို အခုမှ ရှုံးနေရသလိုဖြစ်တော့ စိတ်တိုတာ ပေါ့၊ ကာ့ကိုလည်း ပွင့်ပွင့်ထက် တော်စေချင်တာပေါ့၊ အားလုံးကတော့ အမှန်တွေချည်းပဲ၊ မမှန်တာက ကြွားပိုးမ"

ထိုအခါမျိုးတွင် တူဝရီးနှစ်ယောက်ကား သဘော တကျနှင့် ရယ်မောလျက်တည်း။ အာကာကလည်း တစ်ချိန်ချိန်မှာ ထူးချွန်ပေါက်မြောက်သည့် အဆင့်ရောက်ဖို့ ကြိုးစားမည်ဟု အဓိဋ္ဌာန်ပြုပြီးသားပင်။

အစပထမပိုင်းတော့ ပွင့်ပွင့်တို့သားအမိ၏ တိုက် ခိုက်မှုများကို အမြဲလိုလို လျစ်လျူရှုခဲ့သော အာကာသည် နောက် ပိုင်းမှာတော့ ကြုံရင် ကြုံသလို ပွင့်ပွင့်ကို အနှောင့်အယှက် ပေး





ပါတော့သည်။ အလှူလှည့်စဉ် ပွင့်ပွင့်စီးမည့် ကားကို ပရမ်းပတာ မောင်းပစ်တာမျိုး၊ သင်တန်းပေါင်းစုံ လျှောက်တက်နေသော ပွင့်ပွင့်ဆိုင်ကယ်ကို နည်းအမျိုးမျိုး ဒုက္ခပေးတာမျိုး၊ လူရှေ့သူရှေ့ တွင် သိုးဖြူလေးပမာ ဟန်ဆောင်နေတတ်သော ပွင့်ပွင့်တစ် ယောက် ရန်ကင်းတောင်တွင် အတွဲနှင့် ကြည်နူးနေသည့် ဓာတ်ပုံ များကို ပွင့်ပွင့် လက်ထဲရောက်အောင် ပြန်ပို့ပေးတာမျိုး (ပွင့်ပွင့် ၏ အမေထံတော့ မပို့ပါ)၊ ပွင့်ပွင့် ဆိုင်ကယ်ကို ဒီတီနှင့် ပွတ်ဆွဲ သွားတာမျိုး စသည်ဖြင့် ပညာပေးလျက် ရှိနေရာ ပွင့်ပွင့်မှာ အာကာ့ကို တစ္ဆေတစ်ကောင်ပမာ ကြောက်လန့်လျက်။

သူ့အမေကိုလည်း ပြန်မတိုင်ရဲလေရာ အာကာ့ကို ဝေးဝေးရှောင်နေသော ပွင့်ပွင့်ကို အန်တီဝေနှင့် အာကာတို့ ရယ်စုက အူနိပ်မတတ် သဘောကျလျက်တည်း။

ဆောင်းနှင်းပွင့်တို့ ဝေသည့်အခါတိုင်း နံနက်စောစော ဝေလီဝေလင်း၌ အာကာသည် စကိတ်စီး ထွက်နေကျ ဖြစ်သည်။ အာကာတို့နေသည့် အပိုင်းက လူချမ်းသာ ရပ်ကွက်ဖြစ်သလို လမ်းတွေကလည်း ချောနေပေရာ အာကာ့အတွက်တော့ စကိတ် စီးရန် အတော်အဆင်ပြေသည်။ လူသူလုံးဝရှင်းသော ဒီအချိန် မျိုးမှာ အာကာသည် စိတ်လွတ်ကိုယ်လွတ် ခုန်ပျံလျက် စတန့် အမျိုးမျိုးထွင်ကာ စီးတတ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



စီးနေကျအတိုင်း လမ်းကွေ့တစ်ခုအတွင်းသို့ ရောက်သောအခါမှာ အရှိန်ယူပြီး အပေါ်သို့ ဝဲပျံလိုက်စဉ် တစ်ဖက်မှ အားမာန်အပြည့်နှင့် ပြေးလာသူနှင့် အဖျားခတ်မိလိုက်လေရာ ထိုလူ့အပေါ်သို့ အာကာက ခုန်အုပ်လိုက်သလို ဖြစ်သွားပြီး နှစ်ဦးသား လုံးထွေး လဲကျသွားလေတော့သည်။ ထိုပုဂ္ဂိုလ်မှာ အတော်နာသွားဟန်ဖြင့် ရုတ်တရက် မထနိုင်။ အပေါ်မှ အာကာက လူးလဲထလိုက်ပြီး လဲကျနေသည့် ထိုလူကို ပြူးပြဲကာ ငုံ့ကြည့်လိုက်သည်။

အားပါး ရှုံ့မဲ့နေတာတောင် အတော်ချောတာပါလား။ မိန်းမချော ချောတာမျိုးမဟုတ်ဘဲ ယောကျ်ားပီပီသသနှင့် အတော်ကြည့်ကောင်းသော ရုပ်ရည်မျိုး ဖြစ်သည်။ ဒီအပိုင်းမှာတော့ တစ်ခါမှမမြင်ဖူးပါဘူး။

"ဒီမှာ ဟေ့လူ အတော်အီသွားတာလား၊ အခြေအနေတော့ ကောင်းပါတယ်နော်"

"အား ... ကျွတ် ... ကျွတ်၊ မင်း ရမ်းကားလှချည်လား ကွ၊ ဘယ်လိုလုပ် စီးလာတာလဲ၊ အား ... ဖိထားတာလည်း တအားပဲ"

"အံမာ လာသေးတယ်၊ ကျွန်တော်လည်း ချက်ချင်း ထတာပဲ၊ ကဲ ... ခင်ဗျား ထမှာလား၊ ရော့ ... ကမ်းမင်း"

လက်တစ်ဖက်ကို ဟန်ပါပါ ကမ်းပေးလာသော ကောင်မလေးကို ကြည့်ကာ နေသူရ ပခုံးတစ်ချက် တွန့်လိုက်သည်။





အင်း ... ပုံစံကတော့ အတော်ရဲရင့်တဲ့ ပုံစံပဲ။ အလယ်နှစ်ဖက်ခွဲထားသော ဝဲဖြာအုပ်ကျနေသည့် ဆံပင်တိုလေးကြားမှ ဖြူဥနှစ်ဝင်းနေသော မျက်နှာလေးက အတော်ချောမောနေသည်။

ဘာမှ လိမ်းခြယ်မထားပဲ သဘာဝအတိုင်းကို ဂျပန်မင်းသမီးလေး ချောသလို ချောပုံမျိုး။ ဆံတော်ခနဲ ခေါင်းအမော့မှာ နား၌ရှိသော ရွှေရောင် နားကွင်းလေးက ဖျတ်ခနဲ ပေါ်လာသည်။ သူမလေးက စိတ်မရှည်စွာနှင့် မေးငေါ့အပြမှာ သူမကမ်းပေးသော လက်ကို ဆွဲယူကာ ထလိုက်သည်။ သူမက စကိတ်ကို ကုန်းချွတ်ရင်း ဆတ်တောက်တောက် လေသံဖြင့် မေးသည်။

"ခင်ဗျား လျှောက်နိုင်ပါ့မလား"

သူက ညစ်ကျယ်ကျယ်ပြုံးရင်း ချက်ချင်းပင် ရင်းနှီးခင်မင်လိုသောစိတ်ဖြင့် ...

"ကော်ဖီတစ်ခွက်လောက် သောက်လိုက်ရရင်တော့ ကောင်းသွားမှာပဲ"

သူမက ရုတ်ခနဲ တစ်ချက်ကြည့်ပြီး စဉ်းစားဟန်ဖြင့် တွေးနေပြီးမှ ခေါင်းညိတ်ပြသည်။

"ကောင်းပြီလေ ရှေ့နားမှာ ကော်ဖီဆိုင် ရှိတယ် သွားကြတာပေါ့"

ကော်ဖီဆိုင်လေးက နံနက်စောစောမို့ လူရှင်းနေသည်။ ထောင့်ကျကျ စားပွဲလေးမှာထိုင်ရင်း နေသူရက သူမကို



www.burmeseclassic.com

www.burmeseclassic.com



စတင်၍ မိတ်ဆက်လိုက်သည်။ သူမက ကော်ဖီကို အသာငုံ့ရ
နားထောင်နေသည်။

"ကိုယ့်နာမည် နေသူရ၊ ရန်ကုန်ကပါ၊ ဒီကို အလုပ်ကိ
နှင့် လာတာ၊ ဒီနားကအိမ်မှာ တည်းတယ်၊ မင်းရော"

"ကျွန်တော်က ဒီရပ်ကွက်ကပဲ၊ မိုးအာကာတဲ့၊ ကာကာလို့
လူသိများတယ်"

သူမက ခပ်တည်တည် ပြန်ပြောသည်။

"ကိုယ် ဒီကိုရောက်တာ နှစ်ရက်ပဲရှိသေးတယ်၊ မန္တလေ
မှာကလည်း အသိမိတ်ဆွေ မရှိဘူး၊ အာကာ့ကို မိတ်ဆွေ
ဖြစ်ခွင့်ရမလား"

အာကာက ခေါင်းတစ်ချက်ဆတ်ရင်း သူ့ကို စူးရှ
ကြည့်ကာ ...

"ကျွန်တော်က လူတိုင်းနှင့် မခင်တတ်ဘူး၊ ဒါပေမဲ့
ခင်ဗျားက ညှော်သည်ပဲ၊ ခင်ကြည့်တာပေါ့"

နေသူရက တစ်ချက်ပြုံးရင်း ခေါင်းညိတ်လိုက်သည်
အာကာကလည်း ပြုံးပြကာ ရှေ့မှ ကော်ဖီခွက်ကို သောက်ပါဦး
ဟူသော ပုံစံဖြင့် လက်ကမ်းပြသည်။ အာကာက ပိုက်ဆံရှင်းပြီ
ပြန်ရန် ထသည်။

စကိတ်ဝတ်နေစဉ် စိတ်ကူးပေါက်၍ ရန်ကုန်သာ
ချောချောကို ဘယ်မှာ တည်းတာလဲဟု မေးစဉ် သူက ဝမ်းသာ
အားရဖြေသည်။





"ကာကာ သိမလား မသိဘူး၊ သုခမြိုင် ခြံလေ၊ ဦးမြတ်
ထွန်းနှင့် ဒေါ်ဝင်းမာတို့ အိမ်လေ"

အာကာ့သွေးတို့ ပူနွေးသွားရသည်။ နားထဲမှာ
လွန်ခဲ့သောနှစ်ရက်က အမှတ်တမဲ့ နားထောင်မိခဲ့သော စကားသံ
တို့ကို ပြန်ကြားယောင်မိသည်။

"ကြွားပိုးမတို့အိမ်မှာ ကောင်လေးတစ်ယောက် ရောက်နေ
တယ်၊ ပွင့်ပွင့်ထက် ကြီးပါတယ်၊ ချောတယ်ဟဲ့၊ ရန်ကုန်
ကတဲ့၊ တော်တော် ချမ်းသာတယ်၊ Sunday စားသောက်
ကုန်ရဲ့ သားအငယ်ဆုံးတဲ့၊ ကြွားပိုးမကတော့ သူ့သမီးနှင့်
စေ့စပ်မယ့်သူလို့ ပြောတာပဲ၊ အရပ်တကာ ကြွားနေတာ
လေ၊ သိတဲ့အတိုင်းပဲ"

ခေါင်းကိုယမ်းရင်း စကိတ်ဝတ်ပြီးသောအခါ မတ်
တတ်ရပ်၍ နေသူရနှင့် မျက်နှာချင်းဆိုင်လိုက်သည်။ ချိုမြပြုံး
နေသော နေသူရက ရွှန်းလဲ့နေသော မျက်ဝန်းများနှင့် အသံတိတ်
နှုတ်ဆိတ်လျက်။

"ကာကာ့ အိမ်ကရော ဘယ်နားမှာလဲ"

မဲ့ပြုံးတစ်ချက်ကို ပြုံးရင်းမှ ...

"ခင်ဗျား ရှိတဲ့နေရာနှင့် အနီးဆုံးမှာ၊ ဂွတ်ဘိုင် ပြန်ဦးမယ်သေး
တာပေါ့"

နှင်းပွင့်လေးများ လွင့်သွားသလို မျက်စိရှေ့မှ ပျောက်
ကွယ်သွားသော ကောင်မလေးကိုကြည့်လျက် သူ့ရင်ထဲတွင်



www.burmeseclassic.com

www.burmeseclassic.com



တစ်စုံတစ်ရာ ကျန်နေခဲ့သလို ခံစားရသည်။ မန္တလေးကို လာရခြ
ကိစ္စများထဲတွင် အထက်မြန်မာပြည်၌ Sundayမုန့်မျိုးစုံကို လ
ဆတ်စွာ စားနိုင်ရန် ထုတ်လုပ်မည့် စက်ရုံတည်ဆောက်မှုန
နောက်တစ်ခုက ဖေဖေ့မိတ်ဆွေ၏သမီး ဆရာဝန်လောင်းလျ
ပွင့်ပွင့်လျှာလေးကိုလည်း အကဲခတ်နိုင်ဖို့တည်း။

ပွင့်ပွင့်လျှာလေးသည် နေသူရအတွက်တော့ ထူးခြ
မှု တစ်စုံတစ်ရာ မပေးနိုင်သည့် သာမန် မိန်းကလေးသာဖြ
သည်။ အနည်းငယ် ခင်မင်သည်မှလွဲ၍ ဘာခံစားချက်မှမရှိ
ဖေဖေတို့ကလည်း အရွယ်ရောက်လာသော သားကို အနည်းငယ်
ကြည့်ရှုပေးရုံမှလွဲ၍ ဘာတစ်ခုမှ အတင်းအကျပ်မစီစဉ်ပါ။ နေသူ
သဘောအတိုင်းသာ။

အမြဲတမ်း အေးခဲလျက်ရှိသော နေသူရ၏ နှလုံ
သားတို့ကား မိုးအာကာဆိုသည့် မန္တလာသူ ချောဖြူဖြူလေးနှင့်မှ
လှုပ်ခတ်သွားသည်ကိုတော့ ဝန်ခံရမည်သာ ဖြစ်သည်။

ဘာပဲဖြစ်ဖြစ်ပေါ့လေ၊ ကိုယ်နှင့် အနီးဆုံးမှာ ရှိတယ်
ဆိုတဲ့ ကောင်မလေးရဲ့စကားဟာ ကိုယ့်အတွက်တော့ နိမိတ်ကောင်
တွေ ဆောင်ယူတဲ့စကား ဖြစ်ပါစေလို့ ဆုတောင်းရတော့မှာပဲ။
ဆောင်းမနက်ခင်းဟာ အာကာဆိုသော မိန်းမမဆန်သည့် ကောင်မ
လေးကြောင့် ပိုမို အသက်ဝင်သွားရတော့တာပဲ မဟုတ်လား။

ထော့နင်း ထော့နင်းဖြင့် ပြန်ရောက်လာသော သူ့ကို
ပွင့်ပွင့်က ပျာပျာသလဲ ဆီးကြိုသည်။





"ဟယ် ... ကိုနေလေး၊ ဘာဖြစ်လာတာလဲ၊ တစ်ခုခုနှင့်
တိုက်မိတာလား၊ ဒုက္ခပါပဲ"

အလွန်အမင်း စိုးရိမ်သောပုံစံဖြင့် ပူပန်နေသော
ပွင့်ပွင့်ကို လက်ကာပြရင်း ထိုင်ခုံမှာ အသာဝင်ထိုင်လိုက်သည်။
ာကာနှင့် တွေ့ခဲ့ပုံအကြောင်း ပြောပြဖို့ သင့်မသင့် စိတ်ကူးမိသည်။
သားပွင့်လင်းမှုနှင့် ရဲရင့်မှုကပင် အတော်စားသွားသော အာကာ့ကို
ပွင့် သေချာပေါက် သိမည်ဟုထင်သည်။ သူနေသော အိမ်ကို
ပြောပြစဉ်က နှင်းဆီဖူး နှုတ်ခမ်းလေးမှာ မဲ့တဲ့တဲ့ ဖြစ်သွားသည်ကို
က်တောင်မခတ် ကြည့်နေသော သူက သေချာစွာ သတိထား
လိုက်လေသည်။

ဒါကြောင့် ဘာရယ်မဟုတ်ဘဲ ချော်လဲလာသည့်
ဖြင့် ပေါ့ပေါ့ပါးပါး ပြောပြလိုက်သည်။

"ကိုနေလေး နေ့ခင်း ထမင်း လာစားမယ် မဟုတ်လား"

"မသေချာဘူး ပွင့်ပွင့်၊ ဘာမှ မစီစဉ်ပါနှင့် ကျွန်တော်က
ဖြစ်သလို စားတာပါ"

သူ့အခြေအနေနှင့် မန္တလေးရှိ ဟိုတယ်ကောင်း
ကောင်း တစ်ခု၌ အဆင်ပြေစွာ နေနိုင်သော်လည်း ဒေါ်ဝင်းမာတို့
သားစုက ရှိခိုးဦးတင်မတတ် ဖိတ်ကြားသည်မို့ကတစ်ကြောင်း၊
မြတ်ထွန်းက နယ်ခံဖြစ်သည့်အပြင် အရာရှိဘက်မှ ဖြစ်ခြင်း
ကြောင့်တစ်ကြောင်း၊ အစစ အဆင်ပြေစေရန် တည်းခိုသော်လည်း
ဆန္ဒအရမူ မတည်းချင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



သမီးပျိုတစ်ယောက်ရှိသော အိမ်မှာ ဘာရယ်ကြေ
မဟုတ်သော်လည်း ယခုတော့ တည်းဖြစ်သည့် ကံကြမ္မာကို
ကျေးဇူးတင်ရပေတော့မည်။

❀ ❋ ❀

ကာကာ ပြောသောစကားကို အားလုံးက စိတ်
တစား နားထောင်နေပြီး စကားဆုံးသောအခါ တဒင်္ဂ တိတ်ဆိ
သွားသည်။ ကဲကဲက စတင်၍ မေးခွန်းထုတ်သည်။

"ဒါဆို နှင်နဲ့ အဲဒီ ဘိုးတော်နှင့် ခင်သွားပြီပေါ့"

"အေး"

မျက်မှောင်ကုတ်ကာ အတွေးနက်နေဟန်ရှိ
နှင်းနှင်းလေးက တွေးတွေးဆဆဖြင့် မေးသည်။

"နှင် တစ်ခါက ပြောဖူးတယ်၊ အချိုကြီးမှ လုပ်
ဆိုတာလေ၊ အခု ဒီဘိုးတော်ကို နှင် လှုပ်ရှားမှာလား"

ကာကာ့ မျက်နှာက ခါးခါးသီးသီး ရှုံ့မဲ့သွားလျှ
ခေါင်းယမ်းပြရင်း အပြင်သွားရန် အဝတ်အစားတချို့ ထုတ်
နေကာ စကားဆက်ပြောသည်။

"အဓိပ္ပာယ် မရှိတာပဲ၊ ဒါမျိုး ဝါသနာ မပါပါဘူး"

အာကာ ချွတ်ကာ လှမ်းပစ်လိုက်သော အကျီ
ကို ဟန်စုက လိုက်လံ ခေါက်သိမ်းရင်းမှ ...





"ဒါပေမဲ့ တစ်ခုတော့ ဝန်ခံ၊ တော် အဲဒီ ဘိုးတော်ကို
သဘောကျတယ် မဟုတ်လား"

အာကာက ဘောင်းဘီခါးပတ် ပတ်ရင်း သဘော
ကျ ရယ်မောနေသည်။ ဂျပန်မင်းသမီး တစ်ယောက်လို
ချောမောလှပနေသော အာကာ့ကို ငေးကြည့်ရင်း အာကာ့မှာ
ချစ်သူရှိလာရင် ဘယ်လိုနေမလဲဟု တွေးမိသည်။ ကဲကဲနှင့်
ရေမြင့်လေးကတော့ အသစ်အဆန်း ကိစ္စတစ်ခုကို ခေါင်းချင်း
ဆိုင်ကာ စိတ်ဝင်စားလျက် ရှိကြသည်။ အဝတ်အစားလဲပြီး
အပြင်သွားဖို့ အဆင်သင့်ဖြစ်နေသော အာကာက မျက်နှာကို
ရည် အနည်းငယ်လိမ်းကာ ပေါင်ဒါမှုန့် ပုတ်ပြီးသည်နှင့်
ကြည့်ကောင်းရုံ ပြင်ဆင်ပြီးနေပြီ။ ပိုက်ဆံအိတ်၊ ကားသော့၊
မျက်မှန်၊ ဦးထုပ်တို့ကို လိုက်လံယူရင်း ကျိတ်ကျိတ် ကျိတ်ကျိတ်
နှင့် အတင်းအုပ်နေသော ကဲကဲခေါင်းကို အုပ်မိုးလှုပ်ယမ်းကာ ...

"အမျိုးသမီးလေးတို့ သွားကြရအောင်၊ ဘိုးတော်က ဒီကို
အလုပ်ကိစ္စနှင့် လာတာတဲ့၊ အန်တီဝေ့ စကားအရ Sun-
day ပိုင်ရှင်ဆိုတော့ မန္တလေးမှာများ လာခွဲဖွင့်မလို့လား
မသိဘူး၊ ကဲ ... ဒီထက် စိတ်ဝင်စားစရာရှိတယ် သွားကြစို့"

ဟန်စုက အနားသို့ကပ်ကာ တိုးတိုးမေးသော်လည်း
ကာကာ့ အော်သံက ဖုံးလွှမ်းသွားရာ အားလုံး အလုအယက်နှင့်
ကားပေါ်ပြေးတက်ပြီး အိမ်ရှေ့အိမ်ကို ပြူးပြဲကြည့်ကြလေတော့
သည်။



www.burmeseclassic.com

www.burmeseclassic.com



ခြံရှေ့မှာ ပွင့်ပွင့်နှင့် စကားရပ်ပြောနေသေ
အင်မတန်ကြည့်ကောင်းသည့် နေသူရသည် တစ်ဖက်ခြံထဲ
အနီရောင် စိုလက်နေသည့် အမိုးဖွင့် ပြိုင်ကားကို မောင်းထွ
သွားကာ သူ့ကို ပြုံးထေ့ထေ့ ကြည့်သွားသော ကောင်းမလေး
အမြင်မှာ ဇဝေဇဝါ ဖြစ်သွားရသည်။ မြက်ဦးထုပ် ခပ်ငိုက်ငို
နှင့် ဘဲဥပုံမျက်မှန် အဝိုင်းလေး တပ်ထားသော မျက်နှာတစ်
ရင်းနှီးစွာ ဖတ်မိသည့်အခါ ကားအနီလေးက ပျောက်ကွယ်သွ
လေပြီ။ ကိုယ်နေတဲ့ နေရာနှင့် အနီးဆုံးမှာ ရှိနေတယ်ဆို
စကားသံလေး။ ဟာ ... မိုးအာကာရယ်။

"ပွင့်ပွင့် အဲဒီ ပြိုင်ကားမောင်းသွားတဲ့ ကောင်လေး
ပွင့်ပွင့် သူငယ်ချင်းလား"

ပွင့်ပွင့်က သဘောတကျ ရယ်ရင်း ...

"အဲဒါ မိန်းကလေးပါ ကိုနေလေးရဲ့၊ သူက ပွင့်
တစ်နှစ်ကြီးကယ်၊ လူကလည်း ယောကျ်ားပုံ၊ နာမ
ကလည်း ကြမ်းတယ်နော်၊ ပွင့်တော့ လန့်တယ်"

"ဟင် ... ဟုတ်လား၊ ဘယ်လို ကြမ်းတာလဲ"

"ခပ်ရမ်းရမ်း နေတတ်တာပါ၊ ဘာမှ သိပ်ဂရုစိုက်
မဟုတ်ဘူး ဆိုးတယ်၊ ကိုနေလေး သိမှာပါ၊ နေမြ
ဆပ်ပြာမှုန့် Stream ရေသန့်က သူတို့ ပိုင်တာ
သူ့မှာ အဖေ မရှိတော့ဘူး၊ ဖတာဆိုးဆိုတော့ အလိုလို
ထားတာပေါ့လေ၊ ဒါပေမဲ့ အသိတရားက အဓိကပါ"





ရောင်စုံပြုပြင်ထားသော မျက်နှာကို မဲ့တစ်ခါ ရွဲ့
စ်ခါ ပြောနေသော ပွင့်ပွင့်ကိုကြည့်ကာ မသက်မသာနှင့် ရယ်
က်မိသည်။ အင်း ... စိတ်ဝင်စားရတဲ့ အာကာနှင့် ပွင့်ပွင့်တို့
ကြားမှာ သူ မသိသေးတဲ့ ဘာအရာတွေများ ရှိသေးသလဲ၊
အာကာနှင့် အမြန်ဆုံး တွေ့ချင်မိလာလေသည်။

နောက်တစ်နေ့ နံနက် စောစောပိုင်းမှာပင် မိုးအာ
ကာနှင့် ထပ်မံ ဆုံတွေ့ရသည်။ မိုးအာကာက သူ့ကိုအတွေ့မှာ
ကြည်ကြည်လင်လင် ပြုံးပြသည်။ ဒီအပြုံးလေးမှာ သူ အတော်
ဝင်နေသည်ဆိုတာကိုတော့ ရက်ရှုံ့စွာ ဝန်ခံရပေမည်။ စကိတ်ကို
ရှိန်သတ်ရင်း မိုးအာကာက သူ့အနားလာရပ်ကာ နှုတ်ဆက်
သည်။

"ခြေထောက် ကောင်းသွားပြီလား"

"ကောင်းပါပြီ မနေ့က ပြိုင်ကားအနီ မောင်းသွားတာ
အာကာ မဟုတ်လား"

အာကာက ပြန်မဖြေဘဲ ရယ်မောရင်း ပခုံးတွန့်ပြ
သည်။ ဒီလို ဟန်ဆောင် မာယာကင်းတဲ့ အပြုအမူတွေကို သူ
ကျင်နေချေပြီ။

"အာကာနှင့် အနီးဆုံးမှာ ရှိနေပြီး စရောက်ချိန်က
မတွေ့ဘူးနော်၊ တွေ့မယ့်တွေ့တော့လည်း"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က rolling stone လေ၊ မဆန်းပါဘူး"

"အာကာ ကျွန်တော်လို့ ပြောတာဟာ မန္တလေးသူ မို့လို့လား၊ ဒါမှမဟုတ် ယောကျ်ားလျာမို့လို့လား"

အာကာ့စိတ်ကို စမ်းသည့်အနေဖြင့် မေးလိုက်သော်လည်း အာကာက စိတ်မဆိုးဘဲ ဟက်ဟက်ပက်ပက် ရယ်ရင်း ...

"မန္တလေးသူမို့ပါဗျာ"

အာကာ့မျက်နှာကို တစ်ချက် အကဲခတ်လိုက်ရင်း ...

"အာကာတို့အိမ် လာလည်လို့ရမလား"

အာကာက ဖျတ်ခနဲ တည်သွားရင်း စဉ်းစားပြီးမှ ခေါင်းကစ်ချက်ဆတ်ရင်း ...

"သဘောပဲ၊ ဒါပေမဲ့ ခင်ဗျား တည်းတဲ့အိမ်က ကြိုက်ပါ့မလား"

"ဘာဖြစ်လို့ မကြိုက်ရမှာလဲ၊ ပွင့်ပွင့်နှင့် အာကာက သူငယ်ချင်း မဟုတ်ဘူးလား"

အာကာက တစ်ချက်မဲ့ရင်း ...

"အာပလာတွေပါ အနှစ်မရှိပါဘူး၊ ခင်ဗျား လာမယ်ဆိုကြိုပြောလေ၊ ကျွန်တော်က အားတာမဟုတ်ဘူး"

"ကျွန်တော် အခု လိုက်လာမယ် ရမလား"

အာကာက ခေါင်းမော့ရယ်လိုက်ရင်း ...





"ဟား ... ဟား ... ဟား ... ကြိုက်သွားပြီ၊ ဒါမျိုးမှ၊ ဒါပေမဲ့ ကျွန်တော်က လမ်းလျှောက်ရတာ ဝါသနာမပါဘူး၊ သွားနှင့်ပြီ"

ပြောပြောဆိုဆို အာကာက လေကဲ့သို့ လျင်မြန်သော ...ဟုန်ဖြင့် ပြေးထွက်သွားသည်။ နွဲ့နှောင်းသော ပုံသဏ္ဍာန်ဖြင့် ...မှာ စကိတ်စီးသွားသော အာကာ့ကို အားကျမိသည်။ တစ်နေ့ ...မှာ အာကာ့ဆီမှ စကိတ်စီး သင်ဦးမှပါလေ။

အာကာတို့ ခြံရှေ့အရောက်မှာ တံခါးဝမှ လူကြီး ...ယောက်က အဆင်သင့် တံခါးဖွင့်ပေး၍ သူ လှမ်းဝင်ခဲ့သည်။ ...ရို လှပသော ဂျပန်မြက်ခင်းပြင်နှင့် သစ်ခွတိုင်များက အစီအရီ။ ...တော်ဖြူ တစ်ခုလို ခံ့ညားသော အဆောက်အအုံကို တစ်ချက် ...ကြည့်ရင်း ချမ်းသာသလောက် မာန်မာနမရှိသော အာကာ့ကို ...စားမိသည်။ အတွေးနှင့် လျှောက်လာစဉ်မှာပင် ...

"ခင်ဗျား ရောက်လာသားပဲ"

ပန်းရုံတစ်ခုနောက်မှ အာကာက ကိုယ်ထင်ပြလာ...ည်။ စကိတ်စီးစဉ်က ဝတ်စုံမဟုတ်တော့ဘဲ အနက်ရောင် ...တ်အင်္ကျီ၊ စကတ်ရှည်ရှည်၊ ရှူးဖိနပ်အနက်တို့ဖြင့် တစ်မျိုး ...လှကောင်းနေသည်။ ခရမ်းရောင်ဖျော့ဖျော့ ဆံပင်တို့ကြားမှ ...င်းမှုသာရှိနေသော မျက်နှာလေးက ခပ်တည်တည်နှင့် လက်ပိုက် ...ကာ်။

"ခင်ဗျား ဘာရည်ရွယ်ချက်နှင့် အိမ်လာလည်...ကာလဲ"



www.burmeseclassic.com

www.burmeseclassic.com



သူ ရုတ်တရက် အဖြေကျပ်သွားသည်။

"အာကာ့ မိတ်ဆွေတစ်ယောက်အနေနှင့်ပါ၊ ပြီးတော့ အာကာမိဘတွေနှင့်လည်း တွေ့ရအောင်ပေါ့"

အာကာ့ မျက်နှာမှာ အရိပ်တစ်မျိုး ဖြတ်ပြေးသွားပြီ ဝင်းပသွားကာ ကျေနပ်သွားဟန်နှင့် ခေါင်းညိတ်သည်။

"ခင်ဗျား ရည်ရွယ်ချက်ကို သဘောကျတယ်၊ ဒါပေမဲ့ ခင်ဗျားအကြောင်း ဘာမှ မသိသေးဘူး၊ ခင်ဗျားဘာသာ မေမေ့ရှေ့မှာ ပြောပြပေတော့"

အာကာက ဦးဆောင်ကာ သူ့ကို အိမ်ထဲခေါ်သွား သည်။ အသစ်ရလာသော မိတ်ဆွေတစ်ယောက်ကို မိဘရှေ့ အလေးထားကာ ဘာမဆို အသိပေးတတ်သော အမျိုးကောင်း သမီးလေးတစ်ဦးဖြစ်မည်ဟု အာကာ့ကို သူ သဘောကျ နှစ်ခြိုက် သွားရတော့သည်။

အာကာက ထမင်းစားခန်းထဲသို့ အရောက်ခေါ်သွား သည်။ ဟိုတယ်တစ်ခု၏ စားသောက်ခန်းလို သပ်ရပ်သန့်ရှင်းသော ထမင်းစားခန်း၏ မဟော်ဂနီရောင် စားပွဲကြီး၏ ထိပ်တွင် ကျက် သရေရှိစွာ တင့်တယ်ချောမောနေသော၊ အသက်အရွယ် အားဖြင့် သိပ်မကြီးသေးသော ရုပ်ချင်းဆင်သည့် အမျိုးသမီးနှစ်ဦး ထိုင် နေလေသည်။ အာကာ့ မျက်နှာသည် တည်တည်ငြိမ်ငြိမ်ပင် ရှိ နေသည်။





"မေမေ ဒါ ကာ့မိတ်ဆွေပါ၊ နေသူရလို့ ခေါ်ပါတယ်၊ ကိုနေသူရ ဒါ ကာ့မေမေပါ၊ ဒါ ကာ့အန်တီ ဒေါ်ခင်မိုးဝေ၊ မေမေက ဒေါ်ခင်မိုးဆွေ၊ အန်တီဝေက လုပ်ငန်းတွေမှာ ရှယ်ယာဝင်ထားတယ်၊ မေမေက နေခြည် ဆပ်ပြာမှုန့်နှင့် Stream ရေသန့် ပိုင်ရှင်ပါ"

အပိုလိုမရှိ မိတ်ဆက်ပေးသွားသော အာကာ့စကားသံ အဆုံးမှာ နေသူရက လျှင်လျှင်မြန်မြန်ပင် ခေါင်းညိတ်ပြလိုက် ပြီး ...

"တွေ့ရတာ ဝမ်းသာပါတယ် ခင်ဗျာ၊ ကျွန်တော်က ရန်ကုန်ကပါ၊ အန်တီတို့ သိမှာပါ၊ Sunday စားသောက် ကုန်က ကျွန်တော်တို့ မိသားစုလုပ်ငန်းပါ၊ မန္တလေးမှာ စက်ရုံခွဲဆောက်ဖို့ လိုအပ်တဲ့ကိစ္စလေးတွေ လာလုပ်တာ ပါ၊ ဦးမြတ်ထွန်းတို့နှင့် အဲတော်လေးရင်းနှီးတာမို့ အဲဒီ မှာပဲတည်းပါတယ် ခင်ဗျ၊ ကျွန်တော့်မှာ မန္တလေးက မိတ်ဆွေအရင်းချာလည်း မရှိတာမို့ အန်တီတို့နှင့် ခင်မင် ချင်ပါတယ်"

သပ်ရပ်ပီသသော နေ့သူရရဲ့ မွန်ရည်သော စကားသံ အဆုံးမှာ ဒေါ်ခင်မိုးဆွေက ပြုံးရင်း ခေါင်းညိတ်ပြသည်။

"အေးပေါ့ကွယ် မင်းနှင့် ခင်မင်ရတာ အန်တီတို့လည်း ဝမ်းသာပါတယ်၊ လိုတဲ့အကူအညီရှိလည်း ပြောပါ၊ မနက် စာလည်း ဒီမှာပဲ စားသွားပါကွယ်၊ မိတ်ဆွေဖြစ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



မိခင်၏ စကားဆုံးသည်နှင့် အာကာက ကော်ဖီငှဲ့ပေးကာ မုန့်ပန်းကန်များကို ရှေ့သို့ တိုးပေးသည်။ သူ့ဟာသူလည်း အားရစွာစားနေသည်။ အာကာ့အဒေါ် ဆိုသူကလည်း စကားစမြည်လေးတွေ ဝင်ပြောသည်။ တစ်ခဏအတွင်းမှာပင် အာကာတို့ မိသားစုနှင့် ရင်းနှီးခင်မင်သွားရသည်။

အာကာနှင့် သူ၏မိခင်တို့ကို အကဲခတ် ကြည့်မိသည်။ နှစ်ဦးသားက ကြည်ကြည်လင်လင်ဖြစ်သည်။ အာကာမှာ သူစိမ်းယောကျ်ားလေးတစ်ယောက် ရှိနေသည်ကို ဘာမှခံစားရပုံမပေါ်ဘဲ အဒေါ်နှင့် အမေကို သွက်သွက်လက်လက် စကားပြောနေသည်။

အာကာ့မိခင်က လာလည်ဖို့၊ အကူအညီပေးဖို့ အဆင်သင့်ရှိကြောင်းပြောကာ နှုတ်ဆက်ထွက်သွားသည်။ အာကာက သူ့ကို ခြံရှေ့အထိ လိုက်ပို့သည်။ မိုးသောက်နေခြည်လို လန်းဆန်းလှပနေသော အာကာ့မျက်နှာလေးကို တစိမ့်စိမ့် ကြည့်ရင်းမှ သူ့စိတ်ထဲတွင် အာကာ့အပေါ် အတော် နှောင်တွယ်မိပြီဟု ရိပ်စားမိလိုက်လေသည်။

"အခုလို မိဘတွေနှင့်ပါ ခင်မင်ခွင့်ပေးခဲ့တဲ့ အာကာ့ကို ကျေးဇူးတင်ပါတယ်၊ လေးစားတယ် သိလား"

အာကာက ဘာမှမပြောဘဲ အသာပြုံးနေသည်။ အဲဒီလို မထေ့တထေ့ပုံလေးတွေဟာ တစ်ဖက်သားကို အသည်းယားစေသည်လေ။





"အာကာ ကျွန်တော် ဒီရောက်မှ ဘယ်မှ သိပ်မရောက်သေးဘူး၊ အာကာ လိုက်ပို့ပါလား"

"ဖြစ်ပါတယ် ကျွန်တော့် class အချိန်တွေနှင့် မငြိရင်ပေါ့၊ ခင်ဗျား ဘယ်သွားချင်တာလဲ"

"အင်း... မန္တလေးရဲ့ အထင်ကရ နေရာတွေပေါ့၊ အစုံပဲပေါ့"

"လောဘကလည်း ကြီးပါ့ဗျာ၊ ထားပါလေ ဘယ်တော့သွားချင်သလဲ"

သူက လှပစွာ တစ်ချက် ပြုံးလိုက်ရင်း ...

"ဒီနေ့ပဲ"

အာကာက ခေါင်းမော့ကာ ခပ်ဟက်ဟက် ရယ်မောလိုက်ရင်း ခေါင်းတစ်ချက် ညိတ်ပြလိုက်လေသည်။ စည်းတစ်ခုအတွင်းမှာရှိသော အာကာရဲ့ ရိုးသားပွင့်လင်းသည့် စိတ်ဓာတ်၊ မာယာမရှိသော၊ မိန်းကလေး အကျင့်စရိုက်တွေ သိပ်မရှိသော အာကာဟာ သူ့အတွက်တော့ ယောကျ်ားလေးသူငယ်ချင်းတစ်ယောက် ကောက်ရသလို အဖိုးတန်လှပါသည်။ ဒါပေမဲ့ နွယ် ချစ်စဖွယ်ကောင်းသော အာကာ့ မျက်နှာလေးဟာ ယောကျ်ားရုပ်ကြီးမှ မဟုတ်တာလေ။ သူ့အသည်းနှလုံးကတော့ ယောကျ်ားလေးအသည်းနှလုံးပဲ မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



ရန်ကင်းတောင်သို့ အာကာ၏ ကားနှင့် သွားခဲ့ကြပြီး အပြန်လမ်း၌ အာကာ့အကြောင်း သူ့အတွေးတို့က တစ်စတစ်စ နက်လာခဲ့သည်။ အာကာ၏ ဆိုင်ကယ်ရော၊ ပြိုင်ကားရော၊ ထားခဲ့ပြီး ဖြူလွှနေသော Mark II ကားနှင့် ထွက်လာခဲ့ခြင်းဖြစ်သလို အာကာ့သူငယ်ချင်းမ နှစ်ယောက်ပါ ပါလာခဲ့ကြသည်။ ဘာရယ် မဟုတ်ဘဲ ကားရွေးချယ်သည့် အကြောင်းကို မေးခွန်းထုတ်မိတော့ အာကာက မကွယ်ဝှက်ဘဲ အမှန်တိုင်းပြောသည်။

"ကျွန်တော့် ကားပေါ်မှာ ဘယ်ယောကျ်ားကိုမှ မတင်ဘူး"

သူ အနည်းငယ် အံ့ဩသလို အာကာ့အပေါ်လည်း နားမလည်နိုင် ဖြစ်သွားရသည်။ ယောကျ်ားလေးတစ်ဦးကို မိဘနှင့် ခင်မင်သိကျွမ်းစေပြီး ကိုယ်တိုင်လည်း သိက္ခာရှိရှိ ခင်မင်တတ်သော အာကာ့မှာ ဒီလို အတွေးခေါင်ခေါင်များလည်း ရှိနေတတ်သည်ကို သူ နားမလည်နိုင်စဉ်မှာပင် ...

"ခင်ဗျား ကျွန်တော့်ကို နားလည်ဖို့ မကြိုးစားပါနှင့်၊ water follow fish follow နေပေါ့"

ရေလိုက်ငါးလိုက်ဟူသော စကားကို အင်္ဂလိပ်လို ဗန်းစကားဖြင့်လှည့်ပြောသော အာကာ့ကို ငေးနေစဉ်မှာပင် နောက်ခန်းရှိ ဇာခြည်အောင်သိန်း အမည်တွင်သော်လည်း ကာကာက ကဲကဲဟု ချစ်စနိုးခေါ်သော ကောင်မလေးက ဝင်ပြောသည်။





"ကာကာက ဒီအတိုင်းပဲ ကိုနေသူရရဲ့၊ တစ်ခါ တစ်ခါကျ ကျွန်တော်တို့လည်း သူ့ကို နားမလည်ဘူး၊ နောက်တော့ ဒီအတိုင်းနေလိုက်တာပဲ"

တကယ်ပဲ အာကာဟာ စိတ်ဝင်စားစရာကောင်းတဲ့ မိန်းကလေးဆိုတာ မငြင်းနိုင်ခဲ့ပါချေ။ ပုသိမ်ကြီး အရောက်နားမှာ လမ်းမနားရှိ မိသားစုကဖေး ခြံဝင်းထဲသို့ အာကာက ကားကို ချိုးကွေ့ဝင်လိုက်သည်။ မိသားစုကဖေး ဆိုင်လေးမှာ သစ်ရိပ်ဝါးရိပ် ပန်းချုံလေးများနှင့် အင်မတန် အေးအေးချမ်းချမ်း ရှိလှပေသည်။ အာကာက ပြုံးကာဆင်းရင်း ...

"ဒီဆိုင်က မန္တလေးကလူတွေ တော်တော်များများ လာပြီး အေးအေးလူလူ စကားပြောကြတယ်လေ၊ ကြိုက်လား"

"အာကာကတော်တယ်နော်၊ နေရာလေးက အရမ်းငြိမ်းချမ်းတယ်"

"ကျွန်တော်တို့တွေ ဒီကို မကြာခဏလာတယ်လေ၊ ကဲ ... ခင်ဗျား ဘာသုံးဆောင်မလဲ"

"လက်ဖက်ရည်ကောင်းကောင်း တစ်ခွက်ဆိုရပါပြီ"

အာကာက မှာကြားလိုက်ပြီး ချစ်စဖွယ် မေးထောက်နေသည်။ အာကာ့ သူငယ်ချင်းမနှစ်ယောက်က ပတ်ဝန်းကျင် အလှအပများကို ငေးမောရန် လျှောက်လှမ်းထွက်သွားသည်။ သူ အာကာ့မျက်နှာလေးကို ငေးစိုက်ကြည့်မိနေရင်းမှ ...



www.burmeseclassic.com

www.burmeseclassic.com



"အာကာ ကျွန်တော် ဒီကို ရောက်လာတာ အာကာနှင့် တွေ့ရလိမ့်မယ်လို့ မမျှော်လင့်ခဲ့ဘူး၊ အခုလို အာကာနှင့် ရင်းနှီးခွင့်ရတဲ့အတွက် ဘာကို ကျေးဇူးတင်သင့်သလဲဟင်"

အာကာက မျက်လုံးတစ်ချက် လှန်ကြည့်ရင်း ...

"တွေးစရာတွေတော့ အများကြီးပဲ၊ ပွင့်ပွင့်လျာလေးကို ကျေးဇူးတင်လိုက်ပေါ့"

အာကာက ဖြူစင်စွာပြောသည်။

"ပွင့်ပွင့်နှင့် အာကာက ဒီလောက်အိမ်နီးနေတာကို သိပ် မခင်ဘူးနော်"

အာကာက ခေါင်းညိတ်ပြရင်း ...

"မအပ်စပ်လို့ပါ"

အာကာနှင့် ပွင့်ပွင့်ကြားရှိ ပတ်သက်မှု သဘောထားကို သူ သိချင်လာမိသည်။ ဒါဟာ ယောကျ်ားတန်မဲ့ စပ်စုလိုစိတ် ရှိခြင်းကြောင့်မဟုတ်ဘဲ အာကာနှင့် ပတ်သက်သည့် အရာအားလုံးကို သဘောပေါက်ထားချင်သော သူ့ရဲ့ အာကာ့အပေါ် နှောင်တွယ်မှု သက်သက်သာ ဖြစ်လေသည်။ အာကာ့ကို ပြေလည်စွာရှင်းပြရင်း မေးခွန်းထုတ်မိတော့ အာကာက သူ့ရင်ထဲကအတိုင်းဖြေသည်။

"လူတွေက အမြင်ချင်းမတူဘူးပေါ့၊ ဒါကို ကျွန်တော်က နားလည် လက်ခံထားပြီးသားပါ၊ ကျွန်တော်က ကျွန်တော် နေတတ်သလိုနေတယ်၊ ဒါပေမဲ့ ကျွန်တော် စာရိတ္တ မပျက်ဘူး၊ ဘောင်းဘီနှင့် ဘုရားကြီး မသွားဘူး၊ ဒါပေမဲ့





ဒေါ်ဝင်းမေက ကျွန်တော့်ကို ပြောချင်တယ်၊ ပြောတယ် ပေါ့ဗျာ၊ ကျွန်တော် ရန်လည်းမဖြစ်ချင်ဘူး၊ ဒါကြောင့် ခပ်ကင်းကင်း နေတာပါ၊ ကျွန်တော် ဆိုလိုချင်တာက လူတွေဟာ အပေါ်ယံကြည့်ပြီး ဆုံးဖြတ်တတ်တာပဲ၊ ဒါပေမဲ့ ကျွန်တော် လောကကြီးနှင့် အဆင်ပြေပါတယ်"

ခဏအတွင်းမှာပင် သူ အာကာ့ကို နားလည်သွားရသည်။ အဝတ်အစား အပြင်အဆင်ခေတ်မီပြီး လွတ်လပ်စွာ နေထိုင်တတ်သော အာကာ့ ရင်ထဲတွင် မြန်မာအမျိုးသမီးကောင်း၏ စိတ်ဓာတ်တို့ အပြည့်အဝရှိခဲ့ကြောင်းကို သူ လက်တွေ့ သိခွင့်ရခဲ့ သလို သူ့ရင်ထဲမှာလည်း အချိန်တိုတိုအတွင်း အာကာက နေရာ တစ်ခုတော့ ယူထားပြီဖြစ်ကြောင်း သဘောပေါက်ခဲ့ရလေသည်။

❀ ✻ ❀

အသွားအပြန်တွေ ရှိသော မေတ္တာတွေ ကြားမှာ အာကာ တစ်ယောက်လည်း နေသူရအပေါ် အတော်နှောင်တွယ် မိပြီဆိုတာ ကိုယ့်ကိုယ်ကိုယ် သုံးသပ်ကြည့်ရင်း တဖြည်းဖြည်း သိမြင်လာရသည်။ ခင်မင်ခဲ့သည့် ရက်လေးဆယ်နီးပါး သက်တမ်း အတွင်းမှာ မိန်းမသားတစ်ဦး၏ အသည်းနှလုံးဖြင့် နေသူရ၏ မျက်ဝန်းတွေကို ဖတ်တတ်မိခဲ့လေသည်။ ညညအတွေးထဲမှာ နေသူရအကြောင်းကို အမြဲ တွေးတောနေတတ်ခြင်းသည် မည်သည့် အရာဖြစ်ကြောင်း ဆန်းစစ်ကြည့်မိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ယခင်က ဝါသနာအရ ဂစ်တာ တီးနေသော်လည်း ယခုတော့ ချိုမြလှပသည့် သံစဉ်လေးတွေဟာ ပိုမို ပီပြင်လာခဲ့ပေသည်။ အတွေးနှင့်ပြုံးနေသော အာကာတစ်ယောက် ဖုန်းမြည်သံကြောင့် ကောက်ကိုင်လိုက်တော့ မေမေ့အသံက နားထဲဝင်လာသည်။

"အောက်က အိမ်ဖုန်းမှာ ကာကာ့အတွက် ဖုန်းလာနေတယ်၊ လာပြောလိုက် အာကာ"

ဘယ်သူများပါလိမ့်ကွာ၊ အာကာ့ သူငယ်ချင်းတွေက အမြဲတမ်း အာကာ့ သီးသန့်ဖုန်းကို ဆက်နေကျပါ။ ဘယ်သူလဲ၊ အောက်ထပ်ရောက်တော့ မေမေက မဂ္ဂဇင်းတစ်အုပ်ကို အေးအေးဆေးဆေး ဖတ်နေသည်။ အာကာက ဖုန်းခွက်ကို ကောက်ယူလိုက်တော့ ...

"အာကာလား ကိုယ်ပါ"

သတ္တုသံသံသဲ့သဲ့ စွတ်နေသော နေသူရ၏ ချိုမြကြည်ရှသော အသံ။

"သြော် ... ပြောပါ"

"အာကာ ဘာလုပ်နေတာလဲ"

စကားအသွားအလာရဆိုလျှင် စကားပြောချင်၍ သက်သက်နှင့် ဖုန်းဆက်ခြင်းဖြစ်သည်ဟု အာကာ အဘောပေါက်သွားသည်။ သက်ပြင်းကို အသာရှိုက်ရင်း ...

"ခေါင်းကိုက်လို့ အိပ်နေတာ၊ ဘာပြောချင်တာလဲ"

မြန်မြန်ပြီးစေရန် ဒဲ့ဒိုး မေးချလိုက်သည်။





"သတိရလို့ ဆက်တာပါ၊ ခေါင်းကိုက်နေရင် ဆေးသောက်ပြီးအိပ်တော့ အာကာ၊ ဝမ်းရောမှန်ရဲ့လား"

"မှန်ပါတယ် ဒုက္ခပဲ"

"အာကာ နေမကောင်းရင်လည်း အိပ်တော့နော်၊ မနက်ဖြန်ကျမှ တွေ့တာပေါ့"

"အိုကေ"

အာကာ ဖုန်းချလိုက်ပြီး အသာလှည့်အထွက်မှာ မေမေ့အသံက အချိန်မီစွာ လိုက်ပါလာသည်။

"ခဏထိုင်ပါဦး အာကာ၊ မေမေ စကားပြောချင်လို့"

မေမေ့ရှေ့မှာ အသာဝင်ထိုင်ရင်း ဦးနှောက်ကို ချက်ချင်း အလုပ်ပေးထားလိုက်သည်။ လက်နှစ်ဖက်ကို ချိုးလျက် မေမေ့အသံကို စိတ်ဝင်စားစွာ နားစွင့်မိသည်။

"အာကာနှင့် နေသူရနှင့်က ဘယ်လောက်ထိ ရင်းနှီးနေပြီလဲ"

"အာကာတို့က သူငယ်ချင်းပဲ မေမေ၊ အတိုင်းအတာတော့ မခန့်မှန်းတတ်ဘူး"

"ထားပါလေ ရန်ကုန်ကနေ ရောက်နေတဲ့ သူငယ်ချင်းကို ဟိုဟိုဒီဒီ လိုက်ပို့တာကို ဘာမှ မပြောလိုပါဘူး၊ ဒါပေမဲ့ အခြေအနေဆိုတာတော့ ရှိတယ်လေ၊ အာကာ့မှာ မြန်မာမိန်းကလေး"



www.burmeseclassic.com

www.burmeseclassic.com



"မေမေ ဘာကို ဆိုလိုချင်တာလဲ၊ တည့်တည့်ပဲပြောပါ အာကာ့ကို နိဒါန်းပျိုးမနေပါနှင့်"

"ကောင်းပြီလေ၊ နေသူရနှင့် အာကာ နီးစပ်သွားမှာကို မေမေ မလိုလားဘူး၊ ဘာဖြစ်လို့လဲဆိုတော့ နေသူရဟာ ပွင့်ပွင့်နှင့် စေ့စပ်မယ့်သူပဲ၊ သူနှင့် အာကာသာ ဖြစ်သွား ရင် ပြောကြမယ့် စကားတွေ အာကာ သဘောပေါက်မှာပါ"

အာကာ့ မျက်ဝန်းတွေ စူးခနဲလက်သွားရင်း မိခင် ဖြစ်သူကို စူးစိုက်စွာကြည့်နေမိသည်။ ဒါ ဘာစကားလဲ၊ မေမေ ဟာ အာကာ့ကို အထင်သေးလို့ ပြောတဲ့စကားလား။ နေသူရနှင့် ပွင့်ပွင့်ဟာ စေ့စပ်မည့်သူတွေ လုံးဝ မဟုတ်ဆိုတာကို အာကာ အသေအချာသိထားပြီးပြီ။

ဒါဟာ နေသူရ ညာတာလို့ အာကာ မထင်မိပေ။ အာကာ့စိတ်ထဲ အသည်းထဲမှာ ကိုနေသူရဟာ မမှန်ကန်သော စကားတွေ ဆိုလိမ့်မည် မဟုတ်ဟု လုံးဝ ယုံကြည်ထားသည်လေ။ ပြီးတော့ အဖြစ်သနစ်တွေကို စေ့စပ်စွာ မစုံစမ်းဘဲနှင့် မှန်ကန်တဲ့ အာကာရဲ့ မေတ္တာဦး အညွန့်အဖူးတွေကို ချိုးဖျက်တော့မှာလား မေမေ။ အာကာ မတ်တတ်ရပ်လိုက်ရင်း မေမေ့ကိုကြည့်ကာ တစ်လုံးချင်း ပြောလိုက်သည်။

"နေသူရနှင့် ပွင့်ပွင့်ဟာ ဘယ်တော့မှ စေ့စပ်မယ့်သူတွေ မဟုတ်ဘူး မေ၊ အဲဒါ သေချာတယ်"





မေမေ့ မျက်လုံးတွေ လက်သွားရင်း နှုတ်ခမ်းများက ...သာ ဟသွားသည်။ တစ်စုံတစ်ခုကို တွေးနေဟန်ဖြင့် နက်နဲနေ ...ဉ်မှာ အာကာ လှည့်ထွက်လာခဲ့သည်။ နောက်ပါးမှ မေမေ့အသံ ...က ကပ်ပါလာသည်။

"ဒါပေမဲ့ မေမေ့ ဆန္ဒကတော့ မပြောင်းလဲဘူး၊ ဒါ မှတ်ထားပါ"

✌ ❋ ✌

မေမေ့ သတိပေးချက်သည် ပုံမှန်လည်ပတ် စီးဆင်း ...နေသော အာကာ့ ရင်ခုန်သံများကို တပ်လှန့်လိုက်သကဲ့သို့ ...ရှိသည်။ ဝေးများဝေးရင် သီချင်းကို သံစဉ် တီးခတ်နေရင်းမှ ...နီးစပ်မှု၊ ဝေးကွာမှု၊ အကြောင်းတရားတို့ကား ရင်ထဲ၌ တစ်စ ...တစ်စ နေရာယူ ဝင်ရောက်လာကာ ဦးနှောက်ကို အလုပ်ပေးလျက် ...ရှိသည်။ လာမည့် တနင်္ဂနွေနေ့တွင် ကျရောက်တော့သည့် ...အာကာ့ မွေးနေ့ပွဲကို နေသူရကို ဖိတ်သင့် မဖိတ်သင့် အကြိမ် ...ကြိမ် စဉ်းစားနေမိသည်။ ဟန်စုကတော့ ဝသီအတိုင်း ခပ်အေး ...အေးပင် ပြောသည်။

"နင့်စိတ်ထဲမှာ ဆန္ဒရှိရင် ဖိတ်ပေါ့၊ အရင်က နင့်မှာ ဒါမျိုး မရှိပါဘူး၊ ဒါ ပုံမှန်တော့ မဟုတ်ဘူး အာကာ"

ယခင်က စဉ်းစားသည့် အလုပ်ဆိုတာ စိတ်မဝင် ...စားခဲ့သော အာကာ။ စားမေးပွဲ ဖြေရာမှာတောင် မစဉ်းစားဘဲ



www.burmeseclassic.com

www.burmeseclassic.com



အဖြေကို ရဲရဲဝံ့ဝံ့ ရေးတတ်ခဲ့သည့် အာကာဟာ ဘယ်အရာတွေ ကြောင့် တွေဝေနေရပြီလဲ။ မဖြစ်သင့်ဘူးကွာ။

ဝတ်ထားသော စွပ်ကျယ် လက်ပြတ်ပေါ်မှာ ဂျာကင် ထတစ်ထည် ကောက်ဝတ်ပြီး အောက်ထပ်သို့ ဆင်းလာခဲ့သည်။ ခြံထဲ၌ ခင်းထားသော နိုင်လွန်ကတ္တရာလမ်းပေါ် ရဲရဲလျှောက်ရင်း ခြံတံခါးကို တွန်းဖွင့်ကာ အိမ်ရှေ့ခြံ၏ လူခေါ်ဘဲလ်ကို တီးလိုက် သည်။ မကြာခင်မှာပင် လူဝင်တံခါးပေါက်မှ ပွင့်ပွင့် ထွက်လာ ကာ အံ့သြသော မျက်နှာထားဖြင့် ...

"ဟယ် ... မကာ၊ ထူးထူးခြားခြားပါလား၊ အိမ်လာလည် တာလား"

ခေါင်းကို သွက်သွက်ယမ်းရင်း ...

"မဟုတ်ဘူး ပွင့်ပွင့်၊ ကိုနေသူရကို ခဏခေါ်ပေးပါ"

ပွင့်ပွင့် မျက်နှာသည် ချက်ချင်း မည်းသွားကာ ...

"ဘာကိစ္စများလဲ မကာ"

"နင့်အမေးကို ငါ ဖြေဖို့ ဆန္ဒမရှိဘူး၊ ကဲ ... ငါ့ကို ခေါ် ပေးပါ"

ပွင့်ပွင့် မျက်နှာမှာ ရုတ်တရက် ငေးသွားသော်လည် ချက်ချင်းပင် လှောင်ပြောင်ရိပ်စွန်းသော မျက်နှာသို့ ပြောင်းသွား ကာ ...

"အဟင်းဟင်း မကာက ကြည့်တော့သာ Tom Boy လိုလို နင့်၊ ခုတော့လည်း ရှာန်လျှောပြီပေါ့"





အခုချိန်သာ အာကာ့ မျက်နှာရှေ့ မှန်ထောင်ပြလိုက် ချင် နီရဲတွတ်နေသော ဒေါသရှက်မျက်နှာကို မြင်ရပေမည်။ ပွင့်ပွင့်ကို နစ်နစ်နာနာ တစ်ခုခုပြောဖို့ ကြံစဉ်မှာပင် ခြံတံခါးမကြီး ပွင့်သွားပြီး အာကာ့ကို မြင်သွားကာ ဝမ်းသာအားရဖြင့် ...

"ဟာ ... အာကာ"

သွေးဆူနေသော စိတ်ခာတ်တို့က အာကာ့ကို ကားပေါ်တင်ပေးလိုက်ကြသည်။ နေသူရ မောင်းသည့်ဘေးမှာ ထိုင်ရင်း တံခါးကို အသံကျယ်စွာ ပိတ်လိုက်သည်ကို နေသူရက သောတကျ ရယ်မောရင်း ကားကို မောင်းထွက်ခဲ့သည်။ ကျယ်ငြင်း ဇာတ်ပြတ်ကျန်ခဲ့သော ပွင့်ပွင့်မျက်နှာကို နောက်ကြည့် မှ ကြည့်ရင်း မေးလာသော နေသူရကို အကြောင်းစုံ ရှင်းပြ လိုက်သည်။

"လာမဲ့ ဆန်းဒေးက ကျွန်တော့် Birthday ပါ၊ အဲဒါ ကိုနေသူရကို ဖိတ်ပါတယ်၊ ပြီးတော့ ပြောရဦးမယ်၊ ကျွန်တော့် သီးသန့်ဖုန်းက ..... ပါ၊ ဟိုနေ့က ဆက်တာ အများသုံးဖုန်း"

"ကိုယ် မသိလိုက်ဘူးလေ၊ အဲဒီအတွက် တောင်းပန်ပါ တယ်"

အာကာ ပြုံးရင်း အသာနေရာမှ ပတ်ဝန်းကျင်ကို ပြုမိယာန့်ဖြင့် ...

"ခင်ဗျား ဘယ်သွားနေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"စက်မှုဇုန်လေ"

ထို့နေ့ တစ်နေ့လုံး အာကာတစ်ယောက် နေသူ
နောက် တကောက်ကောက် လိုက်ပါကာ ရင်ထဲ၌ရှိသော တစ်
တစ်ရာကိုလည်း သဘောပေါက် နားလည်လာခဲ့ပါတော့သည်
မန္တလေး၏ နာမည်ကျော် အေးမေတ္တာ မြန်မာထမင်းဆိုင်
ထမင်းစားစဉ် ရေငုံ့ပေးခြင်း။ တစ်သျှူးထုတ်ပေးခြင်း၊ ကြက်သား
နွှင်ပေးခြင်း၊ အအေးဘူးဖောက်ကာ ထည့်ပေးခြင်း၊ ဖန်ခွက်
သေချာ သုတ်ပေးခြင်းတို့သည် ချစ်သူတစ်ယောက်၏ အကြ
နာများပင်ဖြစ်သည် မဟုတ်ပါလား။

❀ ✱ ❀

တစ်နေ့တာ၏ အဆုံးသတ်ကို မန္တလေး၏ နာမည်
ကျော် တင်ဝင်း ကီးမားပလာတာ စားခဲ့ပြီးမှ အိမ်ပြန်ရောက်လာ
သောအခါ ညခုနစ်နာရီ ထိုးပြီးနေချေပြီ။ မိဘ မသိဘဲ သွားလာ
သည့် သမီးတစ်ယောက်အဖြစ်မှ ကင်းဝေးအောင် နေသူရ
မနက်တည်းကပင် သူ့ Hand Phone ထုတ်ပေးကာ အိမ်
အကြောင်းကြားခိုင်းခဲ့၍ အန်တီဝေက သဘောတူ ခွင့်ပြုခဲ့ပြီး
ပြီ။ ဘာမပြော ညာမပြောနှင့် ထထွက်သွားကာ အေးမေတ္တာမှ
တောင် ထမင်းစားနေခဲ့သည့် အာကာ့ကို ကဲကဲတို့က
ကျိန်စာတိုက်ကာ ဆဲဆဲဆိုဆိုနှင့် ပြန်သွားကြသည်တဲ့။

"ထိုင်စမ်းပါဦး အာကာ၊ အတော်မှ ပျော်ခဲ့ရဲ့လား"





မေမေ့အသံက အဖျားခတ်ကာ တုန်ယင်နေ၍
မေမေ ဒေါသထွက်နေပြီဟု သိလိုက်သည်။ ခေါင်းငုံ့ရင်း ဆိုဖာမှာ
အသာ ဝင်ထိုင်လိုက်သည်။ မေမေ့ထံမှ စကားသံ ထွက်မလာဘဲ
သက်ရှူသံ ပြင်းပြင်းသာ ထွက်နေသည်။ ခဏကြာမှ စူးအက်စွာ
ပြောလာသည်။

"နေ့ခင်းက ရုံးကို မဝင်းမေ ဖုန်းဆက်တယ်၊ သူတို့ခြံရှေ့
ကိုရောက်လာပြီး ထွက်လာတဲ့ နေသူရကားပေါ်ကို ဘာ
မပြော ညာမပြောနှင့် တက်လိုက်သွားတယ်တဲ့၊ ဒါမျိုးကို
ကြည့်ထိန်းဖို့ ပြောပြီး ကွယ်ကွယ်ဝိုက်ဝိုက်နှင့် ငါ့သိက္ခာ
ရော၊ နင့်သိက္ခာရောပါ ကောင်းကောင်းကြီး စော်ကားသွား
တယ်၊ ကဲ ... ဆင်ခြေပေးစမ်း အာကာ"

လူသတ်မှုတွေ ဘာကြောင့် ဖြစ်သလဲဆိုတာ အာကာ
သဘောပေါက်လာရသည်။ တစ်ဖက်သားရဲ့စိတ်မှာ သည်းခံမှု
အတိုင်းအတာ ကုန်ဆုံးသွားလျှင်။ လျှာဖျားလေးနှင့် လူသတ်နေ
သော ပြစ်မှုတွေကိုရော မဆုံးမတော့ဘူးတဲ့လား။ တင်းမာနေသော
မျက်ဝန်းတွေကို အာကာ ရဲရဲရင်ဆိုင်လိုက်ကာ တည်ငြိမ်စွာ
ပြောလိုက်သည်။

"တစ်ခါတလေမှာ အမှန်တရားဟာ လိုသလို လှည့်ပြော
ပြီး အမှားဖြစ်အောင်လည်း လုပ်လို့ရပါတယ် မေမေ၊
ဒီကိစ္စဟာ ဘာမှ ကြီးကျယ်တဲ့ကိစ္စ မဟုတ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



မေမေ့ မျက်နှာပေါ်တွင် ဒေါသများအစား အံ့ဩမှု၊ မယုံနိုင်မှု၊ စိတ်ဓာတ်ကျမှုတို့နှင့် နောက်ဆုံး လက်မှိုင်ချကာ တိုးတိုးရေရွတ်လိုက်သံသည့် စကားလုံးပေါင်းများစွာနှင့် ဆူပူမာန်မဲမှုများထက် ပြင်းရှကာ အာကာ့အသည်းကို ထိမှန်လေသည်။

"နင့်ကို မွေးမိတာ သိပ်မှားသွားပြီ အာကာ"

☙ ❋ ❧

အာကာ၏ မွေးနေ့ကို မနက်ပိုင်း မိဘမဲ့ဂေဟာနှင့် ဘိုးဘွားရိပ်သာ၌ လှူဒါန်းခဲ့ပြီး မေမေနှင့် အန်တီဝေက အလိုရှိရာကို တောင်းစေသည်။ အနည်းငယ် တင်းသော်လည်း မေမေက အာကာ့မွေးနေ့ကို ပျော်ရွှင်စေချင်ဟန်တူသည်။

"မေမေ့ကြောင့် ကာ အစစအရာရာ ပြည့်စုံခဲ့ရပါပြီ၊ ကာ ဘာမှ မလိုချင်တော့ပါဘူး"

"အာကာ့အတွက်နှင့်တော့ မေ ဘာမှ မပြည့်စုံသေးဘူး၊ ကဲ ... ထားပါလေ ကာ ဒီနေ့ ဘာလုပ်ချင်လဲ"

"ကာ သူငယ်ချင်းတွေကို Honey မှာ ကျွေးချင်တယ်၊ ဒါပါပဲ၊ နေ့ခင်းစာ ကျွေးမယ်"

"ကောင်းပြီလေ၊ အာကာ့အတွက် မေ ဘဏ်စာရင်း ဖွင့်ပေးထားတယ်၊ ပြီးရင် စာအုပ်ပေးမယ်၊ နောက်ဆို ကာကာ မေ့ဆီက မုန့်ဖိုးတောင်းစရာမလိုတော့ဘူး၊ ကာကာ ကြိုက်သလိုသုံး၊ ဒါပေမဲ့ အကျိုးရှိပါစေ"





မေမေက အာကာ့ပခုံးလေးကို ဖွဖွညှစ်ကာ တစ်ချက်ပြုံးပြရင်း ထွက်ခွာသွားသည်။ ကျက်သရေရှိစွာ ချောမောနုပျိုဆဲ မေမေဟာ အာကာ့ မျက်နှာကို ထောက်ထားစွာနှင့် ဒီအတိုင်း နေခဲ့ခြင်းကို အာကာ လေးစားစွာ ဦးညွှတ်ရပါသည်။ အာကာက ဖိတ်ရောက်လာသော သူငယ်ချင်းသုံးယောက် ကိုခေါ်ကာ Honey သို့ ကားနှင့်ထွက်ခဲ့သည်။ ဘာမှ မထူးခြားသော မွေးနေ့သာ ဖြစ်သလို မွေးနေ့ရှင် ကိုယ်တိုင်လည်း မီးခိုးရောင်တီရှပ်နှင့် ခပ်ငြိမ်းမှိုင်းပင်။

Honey Garden ထဲသို့ ကားကို ချိုးကွေ့ဝင်ရင်း ပစ်ခွပင်တွေနားမှာ ထိုင်ကာ နေသူရကို စောင့်သည်။ မကြာခင်မှာပင် အတိအကျပင် နေသူရ၏ကား ဝင်လာကာ အာကာ့ကားဘေးမှာရပ်ပြီး ဆင်းလာသည်။ အားလုံး အတူတကွနှင့် ကြိုတင်မှာထားသော သီးသန့်ခန်းများဘက်သို့ လျှောက်ဝင်လာကြသည်။ မကြာခင်မှာပင် ကြိုတင်မှာထားသော အစားအစာများ ရောက်လာသည်။

"ကိုနေသူရ ဘာမှ အားမနာနှင့်နော်၊ အဝစား ဒါက ကာ့ သူငယ်ချင်းတွေ"

အာကာက တစ်ဦးချင်းနှင့် မိတ်ဆက်ပေးလိုက်သည်။ ထိုစဉ်မှာပင် ဝိတ်တာက မွေးနေ့ကိတ်တစ်လုံးကို လှပစွာ ယူဆောင်လာသည်။ အနီရဲရဲ အသည်းပုံ မွေးနေ့ကိတ်သည် အာကာ့ကို အံ့ဩစေပြီး ရင်ခုန်ကြည်နူးမှုများကို ယူဆောင်လာ



www.burmeseclassic.com

www.burmeseclassic.com



လေသည်။ နေသူရက ခပ်ပြုံးပြုံး နေရင်း အိတ်ထဲမှ ဖယော
တိုင်ငယ်လေးများကို အစီအရီ ထုတ်စိုက်နေကာ မီးညှိရင်းမှ ...

"အံ့ဩသွားလား အာကာ၊ ဒါ အာကာ့အတွက် မှာထား
တာ၊ ကဲ ... ဝိုင်းဆုတောင်းပေးကြဦး၊ အာကာ ပြီးရင်
မီးမှုတ်မယ်နော်"

သူငယ်ချင်းတွေက တစ်ယောက် တစ်ပေါက်နှင့်
ရှိသှဲသှဲ ဝိုင်းဆုတောင်းပေးကြသလို နေသူရ မျက်နှာမှာလည်း
အာကာ့အပေါ် ချစ်မြတ်နိုးရိပ်များက ဖုံးဖိမရစွာ ထင်ဟပ်လျက်
ရှိသည်။ နောက်ဆုံး မှင်တက်နေသော အာကာ့ကို လက်တို့က
နေသူရကပါ မီးဝိုင်းမှုတ်ပေးရတော့သည်။

စားသောက်ပြီးချိန်မှာ နေသူရကို Honey Gard
ထဲ၌ လိုက်လံပြသသည်။ ပိန်းပင်လေးတွေ စိမ်းစိုနေသော နေရာ
လေးမှာ နှစ်ဦးသား အတူထိုင်ကြသည်။ နေသူရက ခပ်တိုးတိုး
စပြောသည်။

"အာကာ့ မွေးနေ့မှာ အခွင့်ရေးယူတယ် မထင်စေချင်ဘူး
အာကာလည်း ရိပ်မိမှာပါ၊ အာကာ့ကို ကိုယ် ချစ်နေပါတယ်
အာကာ၊ အာကာ လက်ခံမယ်ဆို ကိုယ် မိသားဖသား
လာတောင်းပါ့မယ်၊ ကိုယ် ဘာမှ အပိုတွေ မပြောချင်ပါ
ဘူး အာကာရယ်၊ ကိုယ် အာကာ့ကို ရင်ခုန်မြတ်နိုးစွာနှင့်
ချစ်ရပါတယ်၊ အာကာ ကိုယ့်ကို တစ်ခုခု ပြန်ပြောဦးလေ
စိတ်ဆိုးသွားပြီလား"





ခေါင်းယမ်းပြရင်း ခေါင်းမော်အကြည့်မှာ
လက်ဖြာနေသော နေသူရ မျက်လုံးများနှင့် ဆုံသည်။
ရင်ထဲမှာရှိသည့်အရာကို အာကာ သဘောပေါက်နေပြီပဲ၊
ပိုဖို့ အာကာ စိတ်မဝင်စားပါ။ မျက်နှာကို မော့ရင်း ပုံမှန်
ဖြင့် ...

"ကျွန်တော်လည်း အပို မပြောတတ်ပါဘူး၊ ခင်ဗျားရဲ့
ဘာလဲ"

"အာကာ့ရဲ့ အချစ်ကို ပြန်ရဖို့ပေါ့၊ အာကာ
နေရင် ဒီမှာလေ အာကာ့ဖို့ မွေးနေ့လက်ဆောင်၊
၃၄ လမ်းက Smile Fashion က ဝယ်လာတာ၊
အာကာ ဆန္ဒရှိတဲ့နေ့မှာ ဝတ်ပြပါနော်"

အာကာ့ လက်ထဲကို ရောက်လာသည်က
ရောင်ပြေးနေသည့် လေးရတီခွဲခန့်ရှိ စိန်လက်စွပ်ပင်။
တစ်ခုက လှပလွန်းသော အဖြူရောင်ဝတ်စုံတစ်ခု။
နေသူများပီပီ အာကာက မငြင်းဘဲ ပြုံးယူထားရင်း ...

"Happy New Year ရောက်ရင် အာကာတို့ခြံထဲ
ဒီကြားထဲတော့ မတွေ့ချင်ဘူး၊ ပြန်စို့"

ရတနာတွေကို ဝါသနာပါသော နှင်း
စိန်လက်စွပ်လေးကို လှည့်ပတ်ကြည့်ရှုနေသည်။



www.burmeseclassic.com

www.burmeseclassic.com



နူးညံ့ကာ ဖြူဖွေးနေသည့် အဖြူရောင် ဂါဝန်ရှည်လေးကို စုတ်တသပ်သပ်နှင့် ချီးကျူးမဆုံး။ ဟန်စုက ကွာစေ့ကိုက်ရင်းမှ ...

"ဒါတွေကို New Year ရောက်ရင် ဝတ်တော့မှာပေါ့"

"အင်းပေါ့"

အာကာက မျက်ခုံးပင့်ရင်း ဖြေသည်။

"နှင့် မေမေကို ထည့်မတွက်တော့ဘူးလား"

မစားရ အသျှော်ခံနေသော ဟိုနှစ်ယောက်ကလည်း ဒီအဖြေကိုတော့ စိတ်ဝင်စားကာ အနားကပ်လာကြသည်။ ဒီမေးခွန်းကို မကြားချင်သလို စဉ်းလည်း မစဉ်းစားချင်ပါပေ။ ဒါပေမဲ့ မေမေ နားလည်ပေးနိုင်မှာပါလေ။ နေသူရဟာ ဘယ်ဘက်ကမှ အပြစ်ပြောစရာမရှိအောင် ပြည့်စုံသည့် ယောကျ်ားကောင်းတစ်ဦး။ မေမေ သဘောတူ လက်ခံမည်လို့ အာကာက စိတ်ကူးယဉ်လိုက်လေသည်။

❀ ❋ ❀

New Year ရောက်ဖို့ သုံးပတ်လောက် လိုချိန်ဖြစ်၍ ကြားထဲ၌ အာကာတစ်ယောက် နေသူရနှင့် မတွေ့ဖြစ်ပါချေ။ ကိုယ့်စိတ်ကို ဆန်းစစ်နေချိန်ဖြစ်ရာ ထိုအချိန်များ၌ အာကာတစ်ယောက် နေသူရကို အင်မတန် လွမ်းဆွတ်မိကြောင်း တိတ်တဆိတ် ဝန်ခံရပေမည်။ အလွန်ကြင်နာ ဂရုစိုက်တတ်သော အချစ်တွေကို အာကာ ငြင်းပယ်ဖို့ ခွန်အားမရှိတော့တာ သိလာ





ရသလို ဝတ်စုံလေးကို ဝတ်ဖို့လည်း အာကာ ရင်ခုန် မျှော်လင့်ရပေပြီ။

ဝေးကွာနေချိန်မှာ ဘယ်လောက် ချစ်နေပြီဆိုတာ သိလာခဲ့ရပြီလေ။ အခုတလော အိမ်မြဲနေကာ သစ်ပင်လေးတွေနှင့် အချိန်ကုန်လာတတ်သော အာကာ့ကို မေမေနှင့် အန်တီဝေ အပါအဝင် တစ်အိမ်သားလုံးက အနည်းငယ်တော့ အံ့ဩလေသည်။

"မြင်လား ဆွေဆွေ၊ အချိန်တန်ရင် ဖြစ်လာတာပဲလေ"

အန်တီဝေကတော့ ရိုးစင်းစွာနှင့် ချီးကျူးနေလေသည်။

တဖြည်းဖြည်းနှင့် New Year သည် နီးကပ်လာချေပြီ။ ထိုညတွင် ကျယ်ဝန်းလှသော အာကာတို့ခြံထဲ၌ မေမေက စက်ရုံနှစ်ရုံလုံးမှ ဝန်ထမ်းများကို လက်ဆောင်များပေးကာ ပျော်ပွဲရွှင်ပွဲများ နှစ်တိုင်း ကျင်းပပေးလေ့ရှိသည်မှာ အစီအစဉ်ကောင်းတစ်ခုဖြစ်လေသည်။ နှစ်တိုင်း ခြံအလှအပ ပြင်ဆင်သော အာကာသည် မနက်တည်းက ယခင်နှစ်များအတိုင်း တက်ကြွစွာ ပြင်ဆင်လျက်ရှိလေသည်။ ဝန်ထမ်းအချို့က လာရောက်ကူညီကာ အားလုံးပျော်ရွှင်တက်ကြွလျက်ရှိသည်။

ဒီလိုနှင့် ညနေစောင်းပိုင်း ရောက်လာလေလေ အာကာ့ရင်တွေ အခုန်မြန်လာလေ ဖြစ်သည်။ အာကာ့ ရင်ခုန်သံတွေကို မျှဝေယူထားသော မချောသုံးယောက်က ညနေစောစောကတည်းက ... ရောက်နှာရိုကျော်ကာ ခွဲပြီးသည်နှင့် အပေါ်ထပ်သို့ လက်တို့



www.burmeseclassic.com

www.burmeseclassic.com



ခေါ်ဆောင်သွားကာ ပဥ္စလက် ပညာရှင်များလို အာကာ့ကို ပုံပြောင်းဖို့ ကြိုးပမ်းတော့သည်။

ရေမြင်းလေးက အလှအပဆိုင်ရာမှာ ဆရာကြီး နာရီတွေ ကြာလာလေ အာကာသည် ဂျပန်မင်းသမီး တစ်ဦးပ အင်မတန် နုချောလှပလျက် ကိုယ့်ကိုယ်ကိုယ်တောင် လူမှားရ သည်။ အားလုံး ပြင်ဆင်ပြီးနောက် ကဲကဲက ဆွဲဆောင်မှုအ ကောင်းသော ရေမွှေး လာဖျန်းပေးသည်။ ဟန်စုက ဖန်ဒေါက်မြ လေးကို စီးစေသည်။ ကုပ်ပေါ်၌ အထပ်ထပ် ဝဲနေသော ဆံပ တိုလေးက စနစ်တကျ ပုံကျနေသည်။

ဒီအတိုင်းတောင် နုချောသော အာကာသည် မိတ်က ပညာအစွမ်းနှင့် ပေါင်းလိုက်သောအခါ ကြွေရောင်တောက် လေသည်။

ကျစ်လျစ်သော ကိုယ်လေးမှာ အလွန်လှပသော ဂါဝန်ရှည်လေးက အတိအကျ တိုင်းချုပ်ထားသလို ချပ်ရပ် သည်။ နောက်ဆုံးအဆင့်အနေနှင့် လက်သူကြွယ်၌ စိန်လက်စွ လေးကို ဝတ်လိုက်သည်နှင့် အာကာ့ တစ်ကိုယ်လုံး ခတ်တစ်မျ က လွှမ်းခြုံသွားလေသည်။

"လှလိုက်တာ အာကာရယ်၊ နေသူရ မြင်လို့ကတေ ဖက်ထားလိမ့်မယ်၊ သူက အပါးပဲ၊ အာကာ့ကို ဂါဝ ဝတ်နိုင်းနိုင်တာ သူတစ်ယောက်ပဲ ရှိတယ်၊ ဟား ... ဟား ... ဟား"





ညနေသည် တဖြည်းဖြည်း မှောင်လာလေပြီ။ မီးများ ကလည်း လှပစွာ လင်းကျင်းနေပြီ။ ခြံထဲ ဆင်းရပေတော့မည်။ အာကာ့မိခင်နှင့် အဒေါ်ဖြစ်သူမှာ ဧည့်ခန်းထဲ၌ လက်ဆောင်ပစ္စည်း တွေ စီစဉ်နေကြစဉ် ဘာရယ်မဟုတ်ဘဲ လှေကားသို့ အကြည့် ရောက်၌ အဖြူရောင် အရိပ်တစ်ခုကို အံ့သြစွာနှင့် ငေးစိုက် နေမိလေသည်။ အရင်ဆုံး သတိဝင်လာသူမှာ အန်တီဝေ ဖြစ်ပြီး အာကာ့ဆီ အပြေးလာလေသည်။

"ဟယ် ... ကာကာ၊ အမယ်လေး ... ချောလိုက်တာဟယ်၊ ငါ့တူမလေးရယ် ဘယ်လိုလှမှန်း မသိဘူး၊ ဆွေရေ ဒီမှာ ကြည့်ဦးဟော့၊ ကြည့်ပါဦးဟယ် လှရက်လိုက်တာ"

မေမေက ကာကာ့အနားသို့ လျှောက်လာရင်း တစ်ကိုယ်လုံး စေ့စပ်စွာ ကြည့်ရင်းမှ လေသံအေးနှင့် မေးသည်။

"ဘာစိတ်ကူးပေါက်ပြီး ဝတ်ထားတာလဲ အာကာ"

"အပြောင်းအလဲ တစ်ခုအနေနှင့်ပါ မေမေ"

"အင်း ... ကာကာ ပြောင်းလဲလာတာ ထူးခြားနေတယ်၊ ဒါ ကောင်းသောပြောင်းလဲခြင်းပဲ ဖြစ်ပါစေလေ၊ အခု ဝတ်ရတာ ဘယ်လိုနေလဲ"

"ကာ ကြိုက်ပါတယ်"

မေမေက အာကာ့ပါးလေးကို ဆွဲလိမ်ရင်း ပြုံးကာ ...

"ဒါဆို နောက် ဒါမျိုးတွေပဲ ဝတ်တော့လေ၊ မျက်နှာ ပြင်ထားတာကရော"



www.burmeseclassic.com

www.burmeseclassic.com



"ရေမြင်းလေး လုပ်ပေးတာ၊ ကာ မပြင်တတ်ပါဘူး
ပြီးတော့ ကာ့ ဘောင်းဘီတွေကိုလည်း ဝတ်ဦးမှာပါ"

"ဒါပေမဲ့ အာကာ့အလှကိုတော့ သိထားပေါ့၊ ဒါဟာလည်း
အရည်အချင်းတစ်ခုပါပဲ၊ ကဲ ... ခြံထဲ ဆင်းစို့"

မီးရောင်စုံများ၊ တေးဂီတသံများ ဝေဆာနေသော New Yearပွဲက စတင် အသက်ဝင်နေပေပြီ။ သဘောကောင်းရ လည်း နှစ်ယောက်မရှိသော မေမေဟာ ပြတ်သားရင်လည် လှည့်မကြည့်တတ်တာမို့ ဝန်ထမ်းအားလုံးဟာ စည်းကမ်းရှိရှိပ ပျော်ရွှင်ကြပါသည်။ ဝန်ထမ်းတွေသာ ဖိတ်ထားသော်လည် ရပ်ကွက်ထဲမှ အနည်းငယ်ကိုတော့ ဖိတ်ထားသဖြင့် ပွင့်ပွင့်တ သားအမိ ရောက်လာလေသည်။ နတ်သမီးတစ်ပါးလို လှပနေသော အာကာ့ထံမှ မျက်လုံး မခွာနိုင်ကြချေ။

ထိုအချိန်မှာပင် နေသူရက ပန်းစည်းတစ်စည်းနှ ခြံထဲ ဝင်လာလေသည်။ အဖြူရောင် လည်ပင်းပိတ် အင်္ကျီလက်ရှည် နှင့် နေသူရပုံစံက ပေါ့ပေါ့ပါးပါးနှင့် ခံ့ညားနေသည်။ အာကာ သည် ထိုင်ရာမှထကာ နေသူရဆီ တန်းတန်းပင် လျှောက်သွာ လိုက်သည်။ အာကာ့ကို မြင်လိုက်သော နေသူရ မျက်ဝန်းများသည် ဒီကမ္ဘာပေါ်တွင် အတောက်ပဆုံး ဖြစ်ပေလိမ့်မည်။ အားလုံး၏ မျက်ဝန်းများသည် လိုက်ဖက်ညီလှသော သူတို့နှစ်ဦးကို ငေးလို့ သာတည်း။





ဘာစကားမှ ပြောစရာမလိုဘဲနှင့်ကို အရာရာကို ားလည်စွာနှင့် ရင်ထဲကိုယ်စီ သိနေကြသူများပီပီ နေသူရက ပြုံးရင်း ပန်းစည်းကို လှမ်းပေးလိုက်ကာ ...

"အာကာရဲ့အလှကို ဂုဏ်ပြုပါတယ်၊ ကိုယ် အရမ်း
ဝမ်းသာတယ်"

ပန်းစည်းကို အလိုက်သင့် ယူလိုက်သော အာကာ့ က်သူကြွယ်တွင် စိန်လက်စွပ်က တဖျပ်ဖျပ် လက်သွားသည်။ ာကာက အနည်းငယ် နီမြန်းနေသော မျက်နှာနှင့် ရယ်ကျဲကျဲ ပ်နေရင်း နေသူရကို စားပွဲဝိုင်းတွေဆီ ခေါ်လာသည်။ နေသူရ အာကာ့မိခင်နှင့် အဒေါ်ကို ယဉ်ကျေးစွာ သွားရောက်နှုတ်ဆက် မှ အာကာက သူငယ်ချင်းတွေရှိသော စားပွဲဝိုင်းဆီ ခေါ်လာခဲ့ ည်။ အားလုံးက လွတ်လွတ်လပ်လပ်မို့ ဘာကိုမှ အာရုံမစိုက် တော့ချေ။

"ကိုနေသူရ ဘာစားမလဲ၊ ကျွန်တော် သွားယူပေးရမလား"

"နေပါစေ ဘာမှတောင် မစားချင်ဘူး၊ အရမ်းပျော်နေ
တာကိုး၊ အာကာရော"

"feel အသစ် တစ်မျိုးပဲ၊ ခုမှပဲ ခံစားဖူးတာ"

အာကာက စိတ်ထဲရှိတာကို ရိုးစင်းစွာ ပြောသည်။

"အာကာ အရမ်းလှနေတယ် သိလား၊ ဒါပေမဲ့ ကိုယ့်ကို
တော့ ကိုနေသူရလို့တော့ မခေါ်စေချင်တော့ဘူးကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ဘာခေါ်ရမလဲ"

"တစ်ခုခုပေါ့"

အာကာက စဉ်းစားသလိုနှင့် တစ်ချက်ပြုံးကာ

"နေနေလို့ ခေါ်မယ်"

"ဟာ ... ဝမ်းသာစရာပဲ၊ မေမေက ကိုယ့်ကို နေနေ ခေါ်တာ၊ ကြည့်စမ်း လာ တိုက်ဆိုင်နေတယ်၊ ကိုယ့်အချ ဆုံး မိန်းမနှစ်ယောက်က စိတ်ချင်း လာတူနေတယ်နော်"

အာကာက ချစ်စဖွယ်ပြုံးကာ ကျေနပ်နေသည် ခုတော့ဖြင့် အရာရာတိုင်းဟာ အချစ်ကြောင့် လှပလျက်သာတည် နှစ်သစ်မှာ အချစ်တွေနှင့် ပျော်မြူးနေသော အာကာသည် ရှေ့ဆက် ပျော်မြူးချင်ပါသည်။

❀ ✻ ❀

ချစ်သူဖြစ်ပြီး အချိန်များသည် တကယ့်ကို သာယာ လှပသော နေ့ရက်များ ဖြစ်လာခဲ့သည်။ နေသူရ၏ တိုက်တွ ချက်အရ အာကာ ဘောင်းဘီပင် သိပ်မဝတ်ဖြစ်တော့ပါ။ အာ ချစ်ရသော ဆိုင်ကယ်ကြီးကိုလည်း မစီးရတာ ကြာချေပြီ လှပသော fancy ဒီဇိုင်း အဝတ်အစားများကလည်း နေသူ ရွေးပေးခဲ့တာချည်းပင်။ အစစအရာရာ အာကာ့အပေါ်မှာ ဂရုစိ လွန်းသော နေသူရ အချစ်တွေကို အာကာ ဘယ်လိုမှ မစွန့်လွှ နိုင်အောင် မက်မောခဲ့ရပါပြီတည်း။





"နေနေ ... ကာ ခရီးထွက်ရမယ်"

"ဟင် ... ဟုတ်လား၊ ဘယ်ကိုလဲ"

"ကလောကိုပါ ကာ့လေးလေး ရှိတယ်၊ မေမေ့ မောင်လေ၊ မေမေနှင့် လိုက်သွားရမှာ"

"ဩော် ... ကိုယ်လည်း ရန်ကုန် ခဏပြန်ရဦးမယ်၊ ဖေဖေနှင့် ပြောစရာတွေ ရှိတယ်၊ ပြီးတော့ ကာ့အကြောင်း လည်း ပြောပြမလို့လေ"

အာကာသည် တစ်ခါက မေမေ ပြောပြဖူးသော စကားတွေးတို့ကို နှုတ်ခမ်းမှ ပုံဖော်လိုက်သည်။

"နေနေ့ မိဘတွေက ပွင့်ပွင့်နှင့် သဘောတူထားတယ်ဆို"

နေသူရက ပြုံးရင်း ပကတိဖြူစင်သော အာကာ့ခေါင်း လေးကို အုပ်မိုးလိုက်ကာ လှုပ်ယမ်းပစ်လိုက်ရင်း ...

"မဟုတ်ပါဘူး ကာကာရယ်၊ ဒါပေမဲ့ ပြောပြထားတာပေါ့၊ ဒီလောက်ပါ၊ ဒါကို အကျယ်ချဲ့နေကြတာ"

"ရပါတယ် ကာက အေးဆေးပဲ"

နေသူရက အာကာ့ခေါင်းလေးကို အသာပွတ်သပ် နေလေသည်။ အာကာဟာ အင်မတန် ဖြူစင်သော မိန်းကလေး တစ်ဦးဖြစ်ကြောင်း အချိန်နှင့်အမျှ သိလာရသည်။ သဝန်တိုတာ ဆိုတာ ဘာမှမရှိ။ သူ့ဟာသူ ခပ်အေးအေးနေကာ ပျော်တတ်သူ တစ်ဦး။ သူ့အပေါ်ကိုလည်း သည်းသည်းလှုပ် ချစ်မပြသော်လည်း နှစ်ကာကာ ချစ်တာတော့ အသေအချာပင်။ စကားများမများ



www.burmeseclassic.com

www.burmeseclassic.com



ရေခဲတုံးလည်း မဟုတ်ဘဲ အင်မတန် နားအေးပါးအေး
သဘောထားကြီးတတ်သူတစ်ဦးမို့ သူ လုံးဝအဆုံးအရှုံး မခံ
ပါချေ။

ꩰ ❋ ꩰ

အာကာ့ လေးလေး၏ ခြံကျယ်ကြီးမှာ ကလော
အစွန် အဝင်ဝနားတွင်ရှိကာ သစ်ပင်၊ ပန်းပင်၊ စိုက်ပျိုးမွေး
ရေးကို အကြီးအကျယ် လုပ်ကိုင်နေသော ခြံဝင်းကြီး ဖြစ်ပေသည်
လေးလေးက ကလောသူနှင့် အကြောင်းပါပြီး ကလောမှာ
အခြေချခြင်း ဖြစ်သည်။

မေမေက လေးလေးနှင့် နှီးဆီချက်စက်ရုံ တည်ထော
ရန် လာတိုင်ပင် ဆွေးနွေးခြင်းပင်။ တစ်ခါတလေလည်း က
မှာ လာအနားယူလေ့ ရှိကြသည်။ မေမေတို့ မောင်နှမသုံးယော
က အလွန်ချစ်ကြလေသည်။

"အာကာ သေချာ လေ့လာထားနော်၊ ဒါ အာကာ့အတွ
ရည်ရွယ်တယ်"

အာကာက ခေါင်းညိတ်ပြပြီး အစစအရာရာ လေ့လ
ထားလေသည်။ မှိုင်းညို့ညို့ တောင်စဥ်တန်းတွေ မြင်တေ
နေနေ့ကို ရင်မှာ လွမ်းဆွတ်မိသည်။ နေနေဟာ အစစအရာ
အာကာ့ကို ရှေ့ဆောင် လမ်းပြခဲ့သူ တစ်ဦးပင် ဖြစ်သည်။ ချစ်
တစ်ယောက်ပေါ်မှာ သန့်ရှင်းစွာနှင့် နွေးနွေးထွေးထွေး ဆက်





ကလွဲ၍ အေးအေးဆေးဆေး ဆုံးမတတ်သည်။ အလုပ်လုပ်
ခြင်း၏ တန်ဖိုးကို သိမြင်လာအောင် ရှင်းပြခဲ့သည်။

"ဘယ်အလုပ်မဆို သမ္မာအာဇီဝပေါ့လေ၊ ကိုယ့်အတွက်
ဂုဏ်ရှိစေပါတယ်၊ အလုပ်လုပ်တော့ ကိုယ့်ကိုယ်ကိုယ်
ယုံကြည်မှု ပိုလာတယ်၊ အာကာ နည်းနည်း စိတ်ဝင်စား
ကြည့်ပေါ့"

နားဝမှာ နေနေ့ စကားသံတွေ ကြားယောင်လာ
သည်။

"လူတစ်ယောက်ရဲ့ အရည်အချင်းကို သူ့ရဲ့ လုပ်ဆောင်ချက်
နှင့် ပိုင်းဖြတ်ရတာပေါ့၊ သူဟာ ဘယ်လောက် အရည်အချင်း
ရှိလဲဆိုတာ သူ့လုပ်ရပ်မှာ မူတည်တယ်၊ အာကာ့ကို
အဲလို ဖြစ်စေချင်တာ"

စသည်ဖြင့် နေနေ့ စကားတွေဟာ မေမေ့ဆန္ဒတွေနှင့်
ကိုက်ညီနေတာကို အာကာ တဖြည်းဖြည်း သဘောပေါက်လာ
သည်။ နေနေဟာ သူ လိုချင်တဲ့ ပုံစံအတိုင်း အာကာ့ကို
ပုံသွင်းခေါ်ယူနိုင်ခဲ့သည်။ ဘာပဲဖြစ်ဖြစ်လေ နေနေဟာ အရည်
အချင်း ပြည့်ဝစွာ ရှိနေတဲ့ ယောကျ်ားကောင်းတစ်ဦးမို့ အာကာ
လက်ချမ်းမြေ့ရပါသည်။

ကလောမှာ ၁၀ ရက် ရှိသည့်တိုင်အောင် အာကာ
နေနေ့ကို မဆက်သွယ်ခဲ့ပါ။ နေနေလည်း ရန်ကုန် ပြန်သွားပြီး
မိဘတွေနှင့် အလုပ်ကိစ္စ သွားလုပ်သည်ဟု သိထားရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါ ပြန်လာရင် နေနေက ပွင့်ပွင့်တို့အိမ်မှ တည်းဖို့ အ
အစဉ် မရှိတော့ဟု ပြောသွားလေသည်။

❀ ✱ ❀

ကလောမှာ နှစ်ပတ်လောက် ကြာပြီးသည်နှ
အာကာတို့ မန္တလေး ပြန်လာခဲ့ကြသည်။ မေမေက ဆားမှတို
ကာ ပုတီးစိပ်ရင်း လိုက်ပါလာသည်။ အာကာက ဘေးဘီဝဲယာ
ကိုကြည့်ရင်း ကားကို သတိထား မောင်းနှင်လာလေသည်။
ရင်မှာ ချစ်သူနှင့် ပြန်တွေ့ရတော့မည်ဟူသော အသိသည် နှလုံ
သားကို လန်းဆန်းစေလေသည်။

နှစ်ပတ်လောက် အစိမ်းသက်သက် ဝေးကွာနေပေမဲ့
အာကာ့စိတ်ထဲတွင် မနေ့တစ်နေ့ကလို နုပျို လန်းဆန်းနေလေ
သည်။

"အာကာ"

"ရှင်"

အာကာ့မိခင်က ကားမောင်းနေသော သမီး
တစ်ချက် ကြည့်လိုက်သည်။ ဆင်စွယ်ရောင် ဆွယ်တာနှ
အဖြူရောင် ဘောင်းဘီရှည် ဝတ်ထားကာ ပခုံးထိနေသော ste
ဆံပင်လှလှလေးကြောင့် အရင်ကထက် များစွာ ချောမောနေသည်။
အလုပ်မှာလည်း စိတ်ဝင်တစား ဝင်ပါတတ်လာသည်။ အရင်က
ထက် များစွာတိုးတက်လာသော အကြောင်းကို ရိပ်မိနေလေသည်။





"အခုတလော အာကာ အရမ်း ပြောင်းလဲလာတယ်၊ ဒါ
ဘယ်သူ့ကြောင့်လဲ"

မေမေ့ အမေးကို ရုတ်တရက် မဖြေနိုင်။

"ကာ့ဆန္ဒနှင့် ပြောင်းလဲလာတာပါ မေ၊ ဒါပေမဲ့ တခြား
တစ်ခုနှင့်လည်း ပတ်သက်နေပါတယ်"

"ဘာနှင့် ပတ်သက်တာလဲ"

"ကိုနေသူရနှင့်ပါ"

မေမေက ဆတ်ခနဲ လှည့်ကြည့်သည်။

"ဒီကလေးနှင့် အာကာက ဘယ်လို ပတ်သက်နေလဲ"

အာကာသည် အသက်ကို ဝဝရှူရှိုက်ရင်း ရဲရင့်စွာ
ဖြေလိုက်သည်။

"ကာတို့က ချစ်သူတွေပါ မေမေ"

ကားထဲတွင် တိတ်ဆိတ်ခြင်းက ကြီးစိုးသွားသည်။
အာကာနှင့် မေမေ့ကြားထဲမှာ အဆင်ပြေနေသော ဆက်ဆံရေး
တစ်ခု ပြိုကွဲသွားပြီလားဟု ချောက်ချားစွာ တွေးမိသည်။ အတွေး
ကို မောင်းထုတ်ပစ်သည်။

"အာကာ့ကို မေ အတန်တန် မှာထားလျက်နှင့် ဖြစ်လာခဲ့
ပြီကိုး၊ မေ့ကို လျှော့တွက်ထားတာလား ကာကာ"

"မေ့ကို ကာ ရှင်းပြပါစေ၊ နေနေနှင့် ပွင့်ပွင့်ဟာ စေ့စပ်
မယ့်သူတွေ မဟုတ်ပါဘူး၊ ဒါပေမဲ့ နေနေ့ မိဘတွေဟာ



www.burmeseclassic.com

www.burmeseclassic.com



ပွင့်ပွင့်ကို သဘောကျရင်လည်း ရတယ်ဆိုပြီး ပြောထား တာပါ၊ ဒါပေမဲ့ ဒေါ်ကြွားပိုက နေနေ့ကို သဘောကျတော့ ချဲ့ပြောတာ"

"ချဲ့ပြောပြော ဘာပြောပြော သူတို့ အဲလို ပြောထားတဲ့ သူနှင့် သဘောမတူနိုင်ဘူး၊ ပြီးတော့ နေသူရ စကားကို လည်း မယုံဘူး"

"ဒါတော့ အစ်ပွာယ် မရှိဘူး မေ"

မန္တလေးမြို့ထဲ ဝင်လာပြီမို့ ကားတွေ ရှုပ်ထွေးလာ တာကြောင့် စကားစကို ရပ်လိုက်သော်လည်း နှစ်ဦးသား ရင်ထဲ၌ မတည်ငြိမ်ကြပါချေ။

ဒေါ်ခင်မိုးဆွေ၏ ရင်ထဲ၌ တနုံ့နုံ့နှင့် ဗလောင်ဆူလျက် ရှိသည်။ အမြဲတမ်း ဂုဏ်ဖော်နေတတ်သော ဒေါ်ဝင်းမေက ယခု တလော ရွဲ့သလိုလို စကားများ ပြောလာသည်ကို မခံရပ်နိုင်ချေ။ အာကာ့ရပ်ရည်၊ အဆင့်အတန်းနှင့် နေသူရထက် သာတာတွေ ရနိုင်သည်ဟု မာန်တင်းဆဲ အာကာက မိုက်သွားခဲ့ပြီ။ အာကာနှင့် နေသူရဟာ အတိုင်းအတာ တစ်ခုထိ နီးစပ်သွားခဲ့လျှင် တစ်သက် လုံး ဒေါ်ဝင်းမေ၏ အပြောအောက်မှ လွတ်တော့မည် မဟုတ် ကြောင်း နားလည်မိလေသည်။

ပြီးတော့ ရပ်ကွက်ထဲမှ တော်တော်များများကလည်း နေသူရနှင့် ပွင့်ပွင့်တို့ကို နောင်တစ်ချိန် လက်ထပ်မည့်သူမျာ





ဖြစ် မြင်ထားပြီးချေပြီ။ ဒီအခြေအနေမျိုးမှာ နေသူရနှင့် အာကာအကြောင်းသာ ပွင့်သွားပါက အမြဲတမ်း မာနနှင့်နေခဲ့သူ ခင်မိုးဆွေတစ်ယောက် အရှက်ကွဲရလေမည်။

တွေးရင်းနှင့်ပင် ကားက အိမ်ထဲသို့ ရောက်လာသည်။ အာကာကတော့ ကားကို ပေါ်တီကိုအောက် ထိုးရပ်ထားခဲ့ပြီး အပေါ်ထပ်သို့ တက်သွားချေပြီ။ အိမ်မှ အလုပ်သမားများက ပစ္စည်းများကို သယ်ချပေးကြသည်။ ဘေးမှ သက်သောင့်သက်သာ ကိုင်စီးခဲ့ရသော်လည်း အာကာ့ စကားကြောင့် ရင်မှာ မောပဲ့ကိုက် ချည့်နေလေသည်။

ရင်ဖွင့်စရာ အစ်မဖြစ်သူက တော်တော်နှင့် မလာ၍ ဒေါ်နိုင်းစဉ် သံပရာခွက်နှင့် ရောက်လာသည်။

"မောရောပေါ့၊ ရော့ ... ဒါ အရင်သောက်လိုက်၊ အဆင် ပြေခဲ့တယ် မဟုတ်လား"

သံပရာရည် အေးချဉ်ချိုလေးက ရင်၏အမောကို ပြေပျောက်သွားစေပါသည်။ အစ်မဖြစ်သူ၏ လက်ကို အားကိုး တကြီး ကိုင်လျက် ရင်ဖွင့်မိသည်။

"မမဝေ အာကာလေ နေသူရနှင့် ချစ်သူဖြစ်နေပြီတဲ့၊ ဘယ်လို လုပ်ကြမလဲဟင်"

ခင်မိုးဝေက ဘာမှ မအံ့ဩသလိုနှင့် တည်တည်ငြိမ် ငြိမ်ပင် ပြန်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လဲ အခုဆို အာကာက အရမ်း ပြောင်းလဲလာတာပဲ၊ နေသူရကလည်း ဒီလောက် ကောင်းနေတာ၊ ဒီ့ထက်ကောင်းတာ ဘာမှ မရှိတော့ဘူး၊ ဆွေဆွေ နှင့် စိတ်တွေ ဘာဖြစ်နေတာလဲ"

"မမဝေ ဘာမှ မသိဘူး၊ နေသူရက ပွင့်ပွင့်နှင့် စကားပြောထားတာ၊ ဒါ အားလုံးအသိ၊ အာကာနှင့် ဖြစ်သွားတာ ဆွေတော့ ရှက်တယ်၊ ဝင်းမေတို့ အပြောလည်း လွတ်မှာ မဟုတ်တော့ဘူး၊ ဆွေက သူများ အပြောခံတဲ့ မိန်းမ မဟုတ်ဘူး"

"မဆိုင်တာတွေ ပြောမနေနှင့်၊ တရားဝင် စေ့စပ်တာ မဟုတ်ဘူး၊ နေသူရက အရွယ်ရောက်နေလို့ သူ့မိဘက သင့်တော်ရာ ရှာပေးတာ၊ ဒါပေမဲ့ အတည်ပြောတာ မဟုတ်ဘူး၊ အားလုံးက နေသူရသဘော၊ ဒါကို ကြားပိုမက ချဲ့ပြောတာ"

"အို ... ဆွေတော့ လုံးဝ သဘောမတူနိုင်ဘူး၊ ဝင်းမေ အပြောကို လုံးဝ မခံနိုင်ဘူး"

ခင်မိုးဝေက ညီမဖြစ်သူကို စိတ်ပျက်သလိုကြည့်ရင်း ထိုင်ရာမှ ထရပ်လိုက်သည်။ ခေါင်းကို ဖြည်းညင်းစွာ ယမ်းရင်း ...

"ဆွေဆွေ တကယ်တော့ နင်ဟာ အတ္တ သိပ်ကြီးတာပဲ၊ နင့် အတ္တတွေ လျှော့ဦးဟာ၊ ဒါ မကောင်းဘူး"





ခင်မိုးဝေ စကား ဆက်မပြောချင်တော့၍ ထွက်သွားသည်။ ခင်မိုးဆွေတစ်ယောက် ဆိုဖာ လက်ရန်းပေါ် လက်မှီတင်ရင်း နားထဲမှ ပွင့်ပွင့်အမေ ပြောသော စကားများကို ကြားယောင်လာမိသည်။

"နေသူရနှင့် ပွင့်ပွင့်ကို ရည်မှန်းထားတာ၊ တော့တော့ဆိုင်ဆိုင်တော့ မပြောရသေးဘူးပေါ့၊ စဉ်းစားကြည့်ရင် နေသူရတို့က ဟိုင်းဘော့စ်ပဲ၊ ဟိုတယ်မှာ အပျံစား တည်းနိုင်ပေမယ့် ဒီကိုမှ လာတည်းတာ၊ ဒါ နားဖောက်ထားတာပဲ၊ အားလုံးကလည်း သိနေပြီလေ၊ အခုတော့ နေသူရက ဘာဖြစ်လဲ မသိပါဘူး၊ အာကာ့ဘက် လှည့်နေတယ်၊ အာကာကလည်း အမေ ဆုံးမတာ မရဘဲ နေသူရနှင့်မှ ပြားပြားဝပ်ဝပ် နေတာပဲ၊ အဟင်းဟင်း ကောင်းပါတယ်လေ၊ ခုထဲက ရှိသေတော့ ပွင့်ပွင့်ကတော့ ဆရာဝန်ဆိုတော့ ဒီလောက်လည်း နှိမ့်ချမနေနိုင်ဘူးပေါ့၊ ပွင့်ပွင့်အတွက်က ပေါပါတယ် ဟင်း ... ဟင်း"

သွားစမ်း ဒီအသံတွေ လုံးဝ မကြားချင်ဘူး၊ တစ်သက်လုံး ဒီလို အပြောမျိုးတွေ ခံလာရခြင်းမရှိတဲ့ မိန်းမက အခုမှ အာကာ့အတွက်နှင့် ခံဘက်ကချည်းပဲ။

မဖြစ်ချေ၊ အာကာ့ကိစ္စကို လုံးဝ ဖျက်ပြားစေရမည်။



www.burmeseclassic.com

www.burmeseclassic.com



နေသူရနှင့် တွေ့သော်လည်း အာကာ့မျက်နှာ သိပ် မကြည်သည်မို့ အကြောင်းစုံကို သိသွားသောအခါ နေသူရက မိဘတွေနှင့် တောင်းရမ်းဖို့အထိ စီစဉ်တော့သည်။ ဒါမှသာ အာကာ့ မေမေက ယုံကြည်လက်ခံနိုင်မယ်ဟု ယူဆရလေသည်။ အန်တီဒေ့ဝ်ကို ကြိုတင် အသိပေးထား၍ နေသူရက မိသားဖသား ပီပီ လာရောက် တောင်းရမ်းပါလေသည်။ စာရင်းတွေ စစ်နေသော ဒေါ်ခင်မိုးဆွေသည် ပထမ ဇဝေဇဝါနှင့် ကြောင်နေသည်။

"ကဲ ... လာ အောက်မှာ ရောက်ကုန်ပြီ၊ ဒါ အကောင်းဆုံး သက်သေပဲ၊ သူ့မိဘတွေနှင့် လာတောင်းမှတော့ ဘာမှ ငြင်းစရာ မရှိတော့ဘူး၊ သူ့မိဘတွေက ပွင့်ပွင့်နှင့် သဘောတူ ထားမှတော့ လာတောင် တောင်းပေးမနေဘူး၊ လာပါ"

အစ်မဖြစ်သူက လက်မောင်းမှ ဆွဲခေါ်သည့်အခါမှ သတိ ပြန်ဝင်လာကာ ဒေါသသွေးတို့က ဆူတက်လာသည်။ အာကာ၊ အာကာ၊ အမေ ဒီလောက် တားနေ ကန့်ကွက်နေတာ တောင် ယောကျ်ားလေးရှင်တွေကို ခေါ်လာရဲတဲ့ မိန်းမ၊ တွေ့ကြ သေးတာပေါ့၊ ပြီးတော့ ဝင်းမေဆိုသည့် မိန်းမ၊ သူ့ကို အာသာ ငမ်းငမ်းရချင်တဲ့ သမက်နှင့် ယောက္ခမတွေကို လုလုပပ ငြင်းပြ လိုက်မယ်၊ အကြောင်းသိရောပေါ့။





ညှော်ခန်းထဲအရောက်မှာ နေသူရတို့ မိသားစုနှင့် အတူ မကောင်းတတ်၍ လိုက်ပေးရဟန်တူသော ဒေါ်ဝင်းမေ ကိုပါ တွေ့လိုက်သည်နှင့် ဆုံးဖြတ်ချက်တို့က ပိုမို ခိုင်မာသွား သည်။

နေသူရ၏ ဖခင်က စတင် စကားကမ်းလှမ်းပြီး နောက်ထပ်လည်း လူကြီးစုံရာနှင့် တရားဝင် လာရောက်တောင်း ယူပါမည် ဆိုသောအကြောင်း အရသာရှိစွာ နားထောင်ပြီးမှ ...

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ ကျွန်မ သမီးနှင့် ရှင်တို့သားကို သဘောမတူနိုင်ပါဘူးရှင်"

ညှော်ခန်းထဲ၌ အာမေဍိတ်အသံများ ညံသွားသည်။ ခင်မိုးဝေက သတိပေးသလို ဟန့်သည်။ အားလုံးက မျက်စိ မျက်နှာ ပျက်ကုန်ကြသည်။ နေသူရ၏ မိဘများက လူယဉ်ကျေး များပီပီ အေးဆေးစွာပြောသည်။

"သားက ဒီသမီးကို မြတ်နိုးလို့ ကျွန်တော်တို့က လာတောင်း ပေးတာပါ၊ ကျွန်တော်တို့က သားကို အိမ်ထောင်ရေးမှာ လွတ်လပ်ခွင့် အပြည့်ပေးထားပါတယ်၊ သားကို တခြား ဘာမှ မစီစဉ်ပေးပါဘူး၊ ဒီက ဒေါ်ခင်မိုးဆွေရဲ့ သမီးနှင့် လည်း မေတ္တာမျှနေပြီးသားမို့ပါ၊ အခုတော့ အခြေအနေ တွေက ပြောင်းကုန်ပြီ၊ ထားပါလေ ဒါ မိခင်ရဲ့ဆန္ဒအရ ပဲပေါ့၊ ကဲ ... ခွင့်ပြုပါဦး ခင်ဗျား"



www.burmeseclassic.com

www.burmeseclassic.com



နေသူရတို့ မိသားစု ထွက်သွားသည်နှင့် အပေါ် ထပ်မှ တဒုန်းဒုန်းနှင့် အာကာ ပြေးဆင်းလာသည်။

နီကျင်ရဲတောက်နေသော မျက်လုံးများဖြင့် စူးစူးရဲရဲ ကြည့်နေသည်။

"ဘာကြည့်တာလဲ အာကာ၊ ဒါ နှင့်အတွက် လုပ်ရတာ"

"ဘာ နှင့်အတွက်လဲ၊ ဒါ မေမေ့အတွက် လုပ်တာ၊ လုံးဝ အဓိပ္ပာယ် မရှိဘူး၊ မေမေ မတရားဘူး"

"တော်စမ်း အာကာ၊ ယောကျ်ားတစ်ယောက်အတွက် နှင့် တစ်သက်လုံး ရှာကျွေးလာတဲ့ အမေကို ကျေးဇူးဆပ် နေတာလား"

"ဘာဆိုင်လို့လဲ မေမေ၊ နေနေဟာ ယောကျ်ားကောင်း၊ မေမေ သက်သက် အာကာကို ဗိုလ်ကျတာ၊ ဒါ မေမေ့ အမှား၊ အာကာ လုံးဝ လက်မခံနိုင်ဘူး"

အာကာက ပေါက်ကွဲမတတ် အော်ဟစ်ကာ မျက် ရည်တွေ ကျလာသည်။

"ပါးစပ် ပိတ်ထားစမ်း အာကာ၊ ဆက်မပြောနှင့်"

"ပြောမယ်၊ မေမေ သက်သက်မဲ့ ဒေါ်ဝင်းမေကို နိုင်ချင် တာနှင့် အာကာ့ကို သက်သက် နစ်တုံးလုပ်တာ၊ တကယ် တော့ ဘာအပြစ်မှ မရှိဘဲနှင့် အာကာ့ကို ရက်စက်တာ၊ မေမေ့မှာ မေတ္တာ မရှိဘူး၊ အတ္တတွေပဲ ရှိတယ်"





ဒေါ်ခင်မိုးဆွေ၏ လက်တစ်ဖက် မြောက်တက် သွားကာ အာကာ့ပါးပြင်တစ်ဖက် ပူလောင်သွားရသည်။ တစ်သက် နှင့်တစ်ကိုယ် လက်ဖျားနှင့် မထိခဲ့ဖူးသော သမီးကို ရက်စက် ပြီ။ အာကာက ပါးပြင်ကို နာကျင်စွာပွတ်ရင်း ငေးကြောင်နေ သည်။ ဒေါ်ခင်မိုးဆွေတစ်ယောက် ငိုရှိုက်ရင်း ခုံပေါ်၌ အရုပ် ကြိုးပြတ် ထိုင်ချလိုက်ကာ ...

"နှင့်ကို ငါ မွေးထားတာတွေ ကျေးဇူးဆပ်နေတာပေါ့ မိအာကာရဲ့၊ ဟုတ်လား"

အာကာက ငိုရှိုက်ရင်း မျက်ရည်များကို လက်ခုံ ဖြင့် ခပ်ကြမ်းကြမ်းပွတ်ကာ ထိုင်ရာမှ ထလိုက်သည်။

"ကောင်းပြီ မေမေ၊ ဒီလောက်မှ ခါးသီးနေရင်လည်း အာကာ အရှုံးပေးပါတယ်၊ တစ်သက်လုံး ကျွေးမွေးလာတဲ့ ကျေးဇူးတွေကို အာကာ့ နှလုံးသားနှင့်ရင်းပြီး ဆပ်ပါ့မယ်၊ မေမေ့ရဲ့ အတ္တလမ်းအတွက် ကာ့နှလုံးသားတွေကို နင်းခြေ လျှောက်သွားပါတော့"

အာကာတစ်ယောက် အခန်းထဲသို့ ပြေးဝင်သွားပြီး ကြာမီ ကျောပိုးအိတ်တစ်လုံး လွယ်လျက် ပြန်ထွက်လာသည်။

ငိုထားသော မျက်နှာရဲရဲ၊ အသားရောင် တီရှပ်နှင့် ဂျင်းဘောင်းဘီ ဖျော့ဖျော့နှင့် အာကာသည် လေလွင့်သွားတော့ မည့် လူငယ်တစ်ဦးလို။ အန်တီဝေက ငိုရှိုက်ရင်း တားသည်။

"မသွားပါနှင့် ကာကာရယ်၊ ဘယ်သွားမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်မပူပါနှင့် အန်တီဝေ၊ ကာ. လေးလေးဆီ သွားမှာပါ၊ ဒီမှာ မနေပါရစေနှင့်တော့၊ အချစ်တွေ၊ အတ္တတွေ၊ ပူလောင်ပြင်းပြတဲ့ မီးတွေနှင့် ဝေးဝေးသွားပါရစေ၊ ကာ. နလုံးသားကို အေးချမ်းအောင် မွေးရဦးမယ်"

မျက်ရည်မကျမိအောင် အံကို တင်းတင်းကြိတ်ရင်း အာကာ ထွက်လာခဲ့သည်။ အာကာ့ အချစ်ဆုံး ဒီတီကြီးကို စက်နှိုးကာ ဟဲလ်မက် ဆောင်းလိုက်သည်။ အရင်ပုံစံအတိုင်း ဖြစ်သွားသော အာကာသည် ခြံထဲမှ အပြင်းဆုံး မောင်းထွက်လာခဲ့သည်။ နောက်ဆုံး အရင်းစစ်လိုက်တော့ အာကာ အသည်း တွေပဲ ကွဲကြေခဲ့ရတာပါပဲ။ အားလုံးကတော့ မပြောင်းလဲ။

✻

နုနယ်လှပသော ပုံလေးနှင့် မလိုက်ဖက်စွာ ကျော ပိုးအိတ်တစ်လုံး၊ ဆိုင်ကယ်တစ်စီးဖြင့် ရောက်လာသော အာကာ့ ကို လေးလေးက နွေးထွေးစွာ ကြိုဆိုခဲ့ပါသည်။ အန်တီဝေ ဖုန်း ကြိုဆက်ထား၍ လေးလေးက အားလုံး ကြိုသိနေပေပြီ။

"အာကာ ပျော်သလောက်နေ၊ ဘာမှ လုပ်စရာ မလိုဘူး၊ ဒါတွေဟာ ခဏပါကွာ၊ ကဲ ... နားလိုက်တော့"

မွမွကြေကာ နာကျင်နေသော အာကာ့အသည်းကို ဘယ်လိုဆေးမျိုးနှင့် ကုစားရပါ့မလဲ။ အသည်းကွဲတယ်ဆိုတာ





ကို အရင်က ပြောင်ခဲ့သော အာကာဟာ အခုမှ တကယ် အီစိမ့် နေအောင် ခံစားတတ်ချေပြီ။ မေမေ ပျော်ပါစေတော့။ မေမေ့ ကျေးဇူးတွေကို အာကာ့ နှလုံးသွေးတွေနှင့်ရင်းပြီး ဆပ်လိုက်ပါ ရဲ့လေ။

အာကာသည် ကလောမှာ ရှိနေစဉ်အတွင်း ဘာကိုမှ မစဉ်းစားမိအောင် အပင်တွေ၊ တိရစ္ဆာန်တွေနှင့် အချိန်ကုန်လာတတ် လေသည်။

ပထမဆုံး အချစ်မို့လည်း နေနေ့ကို တကယ်ပဲ သတိရပါသည်။ ချစ်လည်း ချစ်ဆဲပါပင်။ ဒါပေမဲ့ မေမေ မကြည်ဖြူသည့် ကိစ္စကို အာကာ ဇွတ်မတိုးချင်တော့။ မိဘ စိတ်ချမ်းသာသည့်လမ်းကိုပဲ ရွေးတော့မည်။ ချစ်ခဲ့ဖူးသည့် အာကာ့ နှလုံးသားသည်လည်း တစ်နေရာတွင် ငြိမ်သက်စွာ လဲလျောင်းလျက် ရှိနေပေမည်။ ဘာပဲပြောပြောပေါ့ နေနေရယ်၊ တကယ်ပဲ လွမ်းမိပါ ရဲ့နော်၊ ဒါပေမဲ့ ဒီဘဝမှာတော့ ..."

✻

ဘာလိုလိုနှင့် အာကာ ထွက်သွားတာ နှစ်လတောင် ကျော်နေပြီလေ။ မောင်ဖြစ်သူနှင့် အဆက်အသွယ် အမြဲတမ်းရှိ အာကာ့သတင်းတွေကတော့ ကြားနေရပါသည်။ အာကာ တစ်ယောက် ခံနိုင်ရည်ရှိဖို့ တော်တော် ကြိုးစားနေသည်ဆိုပဲ။



www.burmeseclassic.com

www.burmeseclassic.com



သမီးလေးတစ်ယောက် အရွယ်နှင့်မလိုက်ဖက်စွာ နှလုံးသားဒဏ်ရ ကို ခံစားသွားခဲ့ရပေပြီ။ အာကာဟာ တခြား မိန်းကလေးတွေလို မဟုတ်ဘဲ စိတ်နှလုံးလေးဟာ အဖြူထည်လေးမို့ အင်မတန် ရိုးသားလှပေသည်။ သမီးလေးက ဘာပဲပြောပြော အမေ စိတ်ချမ်း သာစေရန် နောက်ဆုတ်ပေးသွားခဲ့သည်။

လူငယ်ပီပီ တစ်ဇွတ်ထိုး မလုပ်သွား။ အချိန်တွေ ကြာလာသည်နှင့်အမျှ အရာရာတို့ကို ခင်မိုးဆွေ သဘောပေါက် ခဲ့ရပါသည်။ မမဝေနှင့် အာကာ ပြောသလို အတွတွေ မာနတွေ ရှေ့တန်းတင်ခဲ့၍ ဘာအမှန်ကိုမှ မသိမြင်နိုင်ခဲ့။ နေသူရဆိုသော ကောင်လေးကလည်း လာရှင်းပြသွားပါသည်။ သူကလည်း ဒီ သဘောမတူလျှင် အာကာ့ကို လုံးဝ မဆက်သွယ်ပါတဲ့။ ကောင် လေးလည်း အတော် ခံစားနေရဟန်တူသည်။ မမဝေကတော့ စကားပင် သိပ်မပြောတော့။

"ကဲ ... အခု နင် နိုင်သွားပြီလား၊ ဘာရလိုက်လဲ၊ ပျော် ရဲ့လား"

ဟု ခနဲ့တဲ့တဲ့နှင့်တော့ မေးစမြဲတည်း။ ရလိုက်တာ ကတော့ အားလုံး စိတ်ဆင်းရဲမှုပင် ဖြစ်သည်။ မည်သူ တစ်ဦး တစ်ယောက်မှ မပျော်ရွှင်နိုင်။ ကိုယ်တိုင်လည်း အချိန်နှင့်အမျှ စိတ်ဆင်းရဲရသည်။ အရင်းစစ်တော့ နေနေနှင့် ကာကာတို့သာ အသည်းကြေကွဲရပေသည်။





"မမဝေ၊ ဆွေ သိပ်မှားသွားပြီ၊ သမီးလေး သနားပါတယ် မဝေရယ်"

"နင့်သမီးက နင့်ကို သိပ်ချစ်ရှာပါတယ် ဆွေရယ်၊ နင် စိတ်ဆင်းရဲတဲ့အလုပ် သူ မလုပ်ပါဘူး၊ သူတို့ မှန်ရဲ့သား နင့်ကို နင့်ဘက်က ရပ်ခဲ့တာပါ"

မမဝေကို ဖက်ကာ ငိုရှိုက်မိသည်။ အရင်က အာကာ့အသံလေးတွေ ဝေစည်ခဲ့တာကို သတိရခဲ့တာ ကြာပါပြီ၊ အာကာရယ် အချစ်ရဆုံး သမီးလေး၊ သမီးဟာ မေမေ့ရင်က ဖြစ် လာတာပါ၊ သမီးရဲ့ နှလုံးသားလမ်းကို မေမေ မလျှောက်ရက်ပါ ဘူး သမီးရယ်။ သမီးမပျော်ရင် မေမေလည်း ဝမ်းနည်းရပါတယ်။

❀ ✻ ❀

မြေနီလမ်းလေးအတိုင်း ဆိုင်ကယ်ကို ဖြည်းဖြည်း း၀င်ခဲ့ပြီးနောက် ဂျုံခင်းအစပ်တွင် ဆိုင်ကယ် ရပ်လိုက်သည်။ မျက်စိတစ်ဆုံး ဂျုံခင်းကြီးကို ငေးမောကြည့်နေမိသည်။ မိုးပြာ ပြာအောက်တွင် ဝါဝင်းသော ရွှေရောင် ဂျုံနှံများက ဦးခေါင်း ငိုက်နေကြပြီ။ ခြံလုပ်သားများ စကားအရ ဂျုံနှံများ ငိုက်လာလျှင် ရိတ်သိမ်းရတော့မည် ဖြစ်သည်။

ခြံလုပ်သားလေးတစ်ဦးက အဝေးမှ လက်လှမ်းပြ တာကို အာကာက ပြုံးရွှင်စွာ ပြန်နှုတ်ဆက်ပြလိုက်သည်။ ဂျူကောက်ရိုး ဦးထုပ်၊ စစ်အင်္ကျီကို လက်ခေါက်ဝတ်ထားပြီး ဂျင်းဘောင်းဘီနှင့် ဆိုင်ကယ်ကြမ်းကြမ်း စီးတတ်သော အာကာ့



www.burmeseclassic.com

www.burmeseclassic.com



ကို ဒီဒေသတစ်ဝိုက်မှ လူများက ခင်မင်နေကြပြီ။ အာကာကလည်း လတ်ဆတ်ရှင်းသန့်သောလေနှင့် ရိုးသားအေးချမ်းသော ဤဒေသ ကို ချစ်ခင်တွယ်တာနေမိပါပြီ။ ဩော် ... အာကာ ဒီရောက်လာတာ သုံးလတောင် ရှိပါရော့လား။

မန္တလေးနှင့် သံယောဇဉ် လူသားများကို အပြ အထန် လွမ်းစိတ်သည် အခုတော့ တည်ငြိမ်လာချေပြီ။ အေးချမ်း သော သစ်ပင်တွေ၊ တိရစ္ဆာန်တွေ၊ ဂျုံခင်းတွေ၊ မြေနီလမ်းတွေ တောင်တန်းတွေကို အာကာ သံယောဇဉ် တွယ်မိချေပြီ။ အာကာ အနားမှာ အာကာ့ဆိုင်ကယ်ကြီး ရှိနေရုံနှင့် ကျေနပ်နေပြီ အာကာသည် ငေးမောရင်းမှ ဆိုင်ကယ်ကြီး နံဘေးတွင် ထိုင် လိုက်သည်။ ကိုးတန်းအောင်တုန်းက မေမေ လက်ဆော ဝယ်ပေးထားခဲ့တာ။

အားလုံးဟာ ပြောင်းလဲသွားပေမဲ့ မင်းကတော့ မပြောင်းလဲဘူးနော်။ အာကာ့ရင်ထဲက အချစ်စိတ်ဟာလည်း မပြောင်းလဲခဲ့ပါချေ။ ဒါပေမဲ့ အချစ်ရဲ့ ဝေဒနာကတော့ အာကာ ကို အဝေးဆုံး လွင့်ထွက်သွားစေတာပဲလေ။

"အာကာ"

အဝေးတစ်နေရာဆီမှာ ပဲ့တင်ထပ်ကာ ပြေးထွက် လာသော အသံသည် အာကာ့ရင့်ကို ဆတ်ခနဲ တုန်သွားစေသည်။ ဒီအသံရှင်ဟာ ဘယ်လိုနေရာမျိုးကပဲကြားကြား အာကာ ဘယ် တော့မှ မေ့မရနိုင်သည့် အသံရှင်။ ဘုရားရေ နေနေ အာကာ ရှိတဲ့နေရာကို ရောက်လာခဲ့ပြီပေါ့။





နေသူရသည် ဆိုင်ကယ်ကြီးကို ခြေပစ်လက်ပစ် ထိုင်နေကာ အဝေးကိုငေးနေသော အာကာ့ကို မြင်လျှင်မြင် ချင်း ရင်ကွဲမတတ် ဟစ်အော်မိသည်။ အာကာက ဆတ်ခနဲ ဖြစ်သွားပြီး မတ်တတ်ထရပ်ကာ ပြေးလာသည်။ ဇဟိုဆုံမှတ် အရောက်မှာ နှစ်ဦးသား တင်းကျပ်စွာ ဖက်ထားမိသည်။ အာကာ့ မျက်ရည်စတွေက ပခုံးမှာ လာရောက် စွန်းထင်သည်။ ခွဲခွာနေရ သော နေနေ့မျက်နှာကို ကြည့်မဝစွာ ငေးနေရာမှ အာကာက သတိ ဝင်လာသလို နောက်ဆုတ်သွားသည်။

"နေနေ အာကာ့ကို မနှိပ်စက်ပါနှင့်၊ ပြန်ပါတော့"

အာကာရယ် မိခင် စိတ်ချမ်းသာဖို့အတွက် အသည်း ကိုတောင် စတေးခဲ့သူရယ်။ ဒါပေမဲ့ စစ်မှန်တဲ့ မေတ္တာတရား ကြောင့် ကံတရားက ကိုယ်တို့နှစ်ဦးကို ဆုံခွင့်ပေးလိုက်ပါပြီ။ နေသူရက အာကာ့မိခင် ပေးလိုက်သော စာလေးကို ထုတ်ပေး လိုက်သည်။

"သမီးလေး ...

သမီးနှင့် မေမေဟာ ဘဝတစ်ခုပါကွယ်၊ သမီးမရှိ ဘဲနှင့် မေ့ဘဝဟာ ဘဝမမည်ပါဘူး၊ မေ့ရဲ့ အတ္တတွေကို အာကာ့ရဲ့ မေတ္တာတွေက အလင်းပေးလိုက်ပါပြီ။ နေနေနှင့် အမြန်ဆုံး ပြန်လာခဲ့တော့။

လွမ်းနေတဲ့
မေမေ"



www.burmeseclassic.com

www.burmeseclassic.com




စာကိုဖတ်ပြီး နေသူရကို မော့ကြည့်လာသော အာကာ့ မျက်ဝန်းများသည် မျက်ရည်စများနှင့် ရစ်သိုင်းနေသည်။ နှုတ်ခမ်းများက ဘာစကားမှ မဆိုနိုင်အောင် တဆတ်ဆတ် တုန်နေသည်။ အခုတော့ အာကာ့ရဲ့ နိဂုံးဟာ အလှပဆုံး နိဂုံး တစ်ခု ဖြစ်လာခဲ့ပြီ။

နေသူရက ဆိုင်ကယ်စက်ကို နှိုးလိုက်သည်။ အာကာ့ မျက်နှာသည် တိမ်မည်းတွေ ကင်းစင်သွားသော လဝန်းပမာ ဝင်းကြည်လျက် ဆိုင်ကယ်နောက်မှ တက်ထိုင်ကာ နေသူရခါးကို တင်းတင်းဖက်ထားလိုက်ပြီး မျက်နှာနှင့် နေနေ့ ကျောပြင်ကို အပ်ထားလိုက်ကာ ဝင်လုလု နေမင်းကြီးနှင့် ရွှေရောင် ဂျူခင်း ကြီးကို စိတ်ထဲမှ တီးတိုး နှုတ်ဆက်လိုက်သည်။ လေအဝေ့မှာ ယိမ်းနွဲ့သွားသော ဂျူတွေက အာကာတို့ကို လက်ပြသည့်နယ် ခဏာတွင်းမှာပင် ရယ်သံတွေ ဝေစည်သွားခဲ့ပြီး ဆိုင်ကယ်လေး သည် ချစ်သူနှစ်ဦးကို တင်ဆောင်ကာ ...။

❦ ✱ ❦





www.burmeseclassic.com



လူတစ်ယောက်ရဲ့ဘဝမှာ နှစ်သက်သဘောကျကာ ပြုထားရသော Role Model တစ်ဦးတော့ရှိတတ်ကြသည်။ သူတို့မှာ သာမာန်ထက် ထူးခြားသော အရည်အချင်းတွေ ပိုင်ဆိုင်နေမှာ လည်း လွဲမှာမဟုတ်။ ဒါဖြင့်ရင် သူမရဲ့ Role Model ကရော ဘယ်သူဖြစ်မည် ထင်ပါသလဲ။ ဟင်း ... ဘယ်သူ ရှိရမလဲ။ သူမရဲ့ ချစ်စဖွယ်ကောင်းသော လွန်းကုံ့ကော်ဆိုသည့် နာမည်ကို အတိုင်းမခေါ်ဘဲ L ကုံ့ကော်ဟု ပြောင်းလဲ ခေါ်ပတ်တတ်သော သူမရဲ့ အဒေါ်ပဲပေါ့။ အဒေါ်ဆို၍ အသက်ကြီးကြီး၊ ပုံတုံးတုံး နှင့် ပစ်ပစပ်များကာ လောကကြီးကို အလိုမကျ ဖြစ်နေတတ်သော အပျိုကြီးဟု မျက်လုံးထဲတွင် ပြေး၍ မမြင်ကြစေလိုပါ။ သူမကပင် M Role Model ဟု သတ်မှတ်ထားရသော ကေသည် သူမထက် ရနှစ်နှစ်မျှသာကြီးသော၊ မြင်လိုက်လျှင် အသက်သုံးဆယ်ဟု ထင်ချင်စရာ မရှိသော သူမရဲ့ အန်တီ အငယ်လေးပင် ဖြစ်လေ တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကော့ကို အဒေါ်တစ်ယောက်လို သံယောဇဉ်လည်
အတိုင်းအဆမရှိ ချစ်ရသလို ကော့ရဲ့ စိတ်ဓာတ်၊ ခံယူချက်နှ
အထူးသဖြင့် ကော့ရဲ့ life style ကိုပါ သူမက နှစ်ခြိုက် သဘော
ကျခြင်း ဖြစ်သည်။ ကော့ကို စံပြအဖြစ် သဘောကျ နှစ်ခြိုက်
သည်မှာ ကော့အလှနှင့် ကော့ရဲ့ သူမတူ ပြတ်သားတတ်သော စိတ်
ဓာတ်တို့ကြောင့် ဖြစ်လေသည်။ ကေသည် တစ်ဦးတည်းသော
သမီးဖြစ်သော သူမအတွက် ငယ်သူငယ်ချင်းဆိုလည်း ဟုတ်
သည်။ အိပ်မက်နတ်သမီးဆိုလည်း ဟုတ်သည်။

ကေ တက်ခဲ့သော ရေဆင်း တက္ကသိုလ်၏ အတွေ့
အကြုံတွေ၊ ကော့ရဲ့ အဆောင်ကျောင်းသူ ဘဝတွေအားလုံးက
သူမ အားကျစရာ ဖြစ်ခဲ့သည်။ ကျောင်းရက်ရှည်ပိတ်၍ ကေ
ပြန်ရောက်လာပြီဆိုလျှင် ကော့အနားက သူမ မခွာတော့။ အိမ်ပင်
ပြန်မအိပ်ဘဲ ကေနှင့် အတူတူနေလေ့ရှိတော့သည်။ အရွယ်လေး
ရောက်လာတော့လည်း ဘာပဲဖြစ်ဖြစ် ကေနှင့်သာပင်။ အဝတ်အစား
ဝယ်တာကအစ ဘာပဲလုပ်လုပ် အသေးစိတ်ကလေးကအစ ကေ
မပါလျှင် သူမ ဘာမှမလုပ်တတ်။ ကေက ဒါကို သိပ်မကြိုက်ချင်
ပေ။

"ယူ မှားနေပြီ၊ နေရာတကာမှာ ကော့ကိုပဲ အားကိုးမနေ
နှင့်လေ၊ တစ်ခါတလေ အသေးအမွှားကအစ ယူ့ ဆုံးဖြတ်
ချက်နှင့်ပဲ လုပ်လေ"





ဘယ်လို သဘောလဲတော့ မသိချေ။ ကေသည်
သူမကို သိတတ် နားလည်စ အရွယ်တည်းက ယူလို့ သုံးနှုန်းခဲ့
တာ ဖြစ်သည်။ သူ့ကိုယ်သူလည်း ကေလို့ပဲ ပြောတတ်သည်။
သူမကလည်း ကေလို့ပဲ ခေါ်ခဲ့သည်။ မေမေက သူ့ယောက်မ
ချောကို ဒီလိုခေါ်တာ သိပ်မကြိုက်ချင်ပေ။ သို့သော် ကေက
ကြည်ကြည်ဖြူဖြူနှင့် ခွင့်ပြုထားသဖြင့် သူမနှင့် ကေသည် မသိ
လျှင် သူငယ်ချင်းတွေလိုပင်။

အထူးသဖြင့် ကော့ကို သိပ်ချစ်ရခြင်းမှာ မေမေ့ထံက
ခွင့်အရေး တော်တော်များများကို ကော့ကြောင့် ရရှိခဲ့ခြင်းကြောင့်
ဖြစ်လေသည်။ အိမ်မှာ တစ်ခုခု အရေးဆို၍ မအောင်မြင်လျှင်
ကော့ထံသို့ သူက ရောက်သွားတတ်စမြဲ။

"ကေ၊ မားသားကြီးကို ပြောပေးဦးကွာ"

"ဘာဖြစ်လာပြန်ပြီလဲ"

"ဒီမှာ ကံ့ကော် သူငယ်ချင်းတွေနှင့် ကျိုက်ထီးရိုး သွားမယ့်
ဟာကို မသွားရဘူးတဲ့"

"မသွားရဘူးဆိုတော့လည်း မသွားနှင့်ပေါ့၊ ဒါလေးများ"

ကေက သူ့ ပန်းပင်တွေနှင့် အလုပ်ရှုပ်နေရာမှ
မော့ပင်မကြည့်။ သူမ အသည်းယားလာသည်။

"ကေပဲ စဉ်းစားကြည့်၊ ဒါမျိုး ဖြစ်သင့်လား၊ လွတ်လပ်
ခွင့်ကို ပိတ်ပင်တာ မတရားဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါ ယူ့ အမေကို ယူ သေချာပေါက် ပြောရမယ့် စကာ တွေပဲ၊ ခု သွားပြောတော့ သွား"

အဲဒီအခါမျိုးတွင် ကေ့ရဲ့ စိတ်ဓာတ်ကို သူမ မကြိုက်ချင်တော့။ တစ်ခါတစ်ရံတွင် ကေ့မှာ အသည်းနှလုံးမှ ရှိရဲ့လားဟုပင် သူမ ထင်မိသည်။ သူမ ဘယ်လောက်ပဲ စိတ် ကောက်ပြပြ ကေက ချော့တတ် သနားတတ်သော သူတစ်ယောက် မဟုတ်။ သူမက နှုတ်ခမ်းစူလျက် တိတ်ဆိတ်နေတာ ကြာမှပင် ကေက လုပ်လက်စ အလုပ်ကို လက်စသတ်လျက် ...

"ယူ့ကို ယူ့ အမေက ဘယ်မှ မလွှတ်ချင်တာ ယူ့မှာ ကိုယ်ပိုင်ဆုံးဖြတ်ချက် ချနိုင်စွမ်းမရှိတာကြောင့်ပဲ ကဲ့ကော် တခြား ယူ့မှာ ဘာအပြစ်မှ ကြီးကြီးမားမားမရှိဘူး၊ ယူက အရာရာမှာ သူများကိုပဲ အားကိုးတတ်တော့ ယူ့မားသာ ကြီးရဲ့ စိတ်ထဲမှာ သူ့သမီးကို ကလေးလို့ပဲ မြင်နေတာပေါ့...

အမှန်က ယူ မငယ်တော့ပါဘူး၊ ယူ့အရွယ် တချို့ တွေ အိမ်ထောင်တောင် ပြုနေပြီပဲ၊ ယူ့ကို ကေ အကောင် ဆုံး အကြံဉာဏ် ပေးရရင် ဘာကိစ္စမဆို ယူ့ဘာသာ ဆုံးဖြတ်တတ်တဲ့ အရည်အချင်း ရှိအောင်လုပ်ပါ၊ ကိုယ့် အား ကိုယ်ကိုးပါ၊ မှန်တယ်ထင်ရင် နောက်မဆုတ်နှင့် ကြောက်တတ်ရင် ရှေ့တိုး၊ အဲဒါ ကေ့ရဲ့ အကောင်းဆုံး အကြံဉာဏ်ပဲ၊ ကဲ ... ယူ့ဘာသာ လှုပ်ရှားတော့၊ ယူ့ အစွမ်းကို ကေ ကြည့်မယ်"





ကေသည် ဘူးဆို ဖရုံမသီးတတ်သော လူစားမျိုး ဖို့ သူမက နှုတ်ခမ်း အသာကိုက်ကာ ပြန်လာခဲ့ရသည်။ ယူ့ အစွမ်းကို ကေ ကြည့်မယ်ဟု ပြောလိုက်သော အခါတုန်းက ကေ့ အကြည့်တွေကို သူမ မမေ့။ ဒါ့အပြင် ကျိုက်ထီးရိုး ခရီးစဉ်ကို လည်း လက်လွှတ် မခံနိုင်သေးလေရာ သူမ လိုက်ပါရရေးအတွက် ကိုယ့်ဘာသာပင် အားထုတ်ရတော့သည်။ သူငယ်ချင်းတွေကို အကူအညီတောင်းခြင်း၊ သူငယ်ချင်းတွေရဲ့ မိဘတွေကိုပါ အိမ်ကို ပြောပေးဖို့ မေတ္တာ ရပ်ခံရခြင်း စသဖြင့် သူမ တော်တော် အလုပ် ရှုပ်သွားခဲ့သည်။

နောက်ဆုံးတော့ မေမေက သူငယ်ချင်းရဲ့ မိဘတွေ ကို အားနာတာရော၊ စိတ်ချယုံကြည်သွားတာကြောင့်ရော၊ သူမ အတွက် ကျိုက်ထီးရိုး ခရီးစဉ်က တစ်သက်စာ အမှတ်တရဖြစ်ရ လောက်အောင် ပျော်ရွှင်စရာ ကောင်းခဲ့လေသည်။ သူမ ကျိုက် ထီးရိုးက ပြန်လာ၍ ကေ့ကို ကျိုက်ထီးရိုးပြန် လက်ဆောင်နှင့် ဓာတ်ပုံတွေ သွားပြသောအခါ ကေက သူမကို ကျေနပ်သော အပြုံးများဖြင့် စိုက်ကြည့်နေခဲ့သည်။

"အဲဒီ ကေက ချစ်ဖို့လည်း မကောင်းဘူး၊ တူမလေးတစ် ယောက် ရှိတာကို အလိုလည်း မလိုက်ဘူး၊ ကေ ပြောပေး ရင် တစ်ချက်တည်းနှင့်ပြီးမယ့်ဥစ္စာကို"

"ဒါပေမဲ့ ယူ စဉ်းစားကြည့်စမ်း၊ အဲဒါကိုက ယူ့အတွက် အလားအလာ မကောင်းတာ၊ ကေ ပြောပေးရင် ယူ



www.burmeseclassic.com

www.burmeseclassic.com



ဘာမှ မလုပ်နိုင်တော့ဘူးလား၊ ခု ယူ လုပ်နိုင်တယ် မဟုတ်လား၊ ပြီးတော့ ယူ့ဘာသာ စွမ်းဆောင်ရတဲ့အတွက် လိုက်ခွင့်ရသွားတဲ့အခါမှာ ယူ့အတွက် ပိုပြီး ဖီလင်ရှိတယ် မဟုတ်လား"

"ကေက တော်တယ်နော်"

"ကေ စာတမ်းလုပ်တုန်းက အချက်လေးတစ်ချက် လိုနေ လို့ ကော့ရဲ့ပါမောက္ခဆီ သွားမေးတယ်၊ အဲဒီမှာ သူက ကော့ကို စာအုပ်အထူကြီးတစ်အုပ်ပေးပြီး အဲဒီထဲမှာ မင်းလို ချင်တဲ့အချက်ပါတယ် ရှာတဲ့၊ သူ ပြောပြလိုက်ရင် ငါးမိနစ် လောက်နဲ့ ပြီးမယ့်ကိစ္စကို ကော့မှာ တစ်နေကုန်အောင် ရှာရတယ်၊

တီချယ့်ကိုကြောက်တော့ ပြောလည်း မပြောရဲဘူး၊ နောက်မှ ကေ သိခဲ့ရတာက တီချယ်က ကော့ကို အားလုံး သိမြင်သွားစေချင်တဲ့ စေတနာရှယ်၊ ကိုယ့်ဘာသာ လုပ် တတ်စေချင်တဲ့ မေတ္တာရှယ်ပေါ့၊ တကယ်တမ်း မေတ္တာ စစ်ဟာ လွတ်လပ်စွာ ရှင်သန်ခွင့် ပေးရမယ်တဲ့"

"ဒါဖြင့်ရင် အချစ်မှာရော လွတ်လပ်စွာ ရှင်သန်ခွင့် ပေးမှာ လား၊ အချစ်ဆိုတာ ချုပ်နှောင်ခြင်း တစ်မျိုးပဲ မဟုတ်လား"

"အဲဒါတော့ ကေ မသိ"

သူမက ကော့ကို စေ့စေ့ ကြည့်မိသည်။ ခါးလယ် မရောက်တရောက်ရှိသော ဆံနွယ်များကို ဒီအတိုင်း ဖြန့်ချထားလျက်





ခနီရောင် လည်ထောင်အင်္ကျီလက်ပြတ် ဝတ်ဆင်ထားကာ ခြေ ထောက်ချိတ်ထိုင်နေသော ကေသည် ဘယ်သူပဲဖြစ်ဖြစ် နှစ်ခါပြန် လှည့်ကြည့်ရသော အလှရှင်တစ်ဦးပင်။ မိန်းမသားဝါဒလည်းမရှိ၊ မာနကြီးလွန်းသော သူတစ်ယောက်လည်း မဟုတ်ပါဘဲနှင့် ကော့ရဲ့ နှလုံးသားရေးရာကိစ္စများ တိတ်ဆိတ်လွန်းတာကိုတော့ သူမ ဘဝင်မကျချေ။ သူမက ငယ်ရွယ်သူပီပီ ကေနှင့် အချစ်အကြောင်း ပြောချင်သည်။ စိတ်လှုပ်ရှားရသော ကောင်လေးတွေအကြောင်း ရင်ဖွင့်ချင်သည်။ ကေကတော့ ရင်ဖွင့်ကာမှဖွင့်ရော ဘာတစ်ခုမှ ဝေဖန်ချက်မပေး၊ ထောက်ခံချက်မပေး။ ကေက အချစ်ကို လုံးလုံး စိတ်မဝင်စားဘူးဟု ဆိုသည်။

"ကော့ကို မေးခွန်းတစ်ခု မေးမယ်၊ ကော့မှာ ချစ်သူ ရှိခဲ့ ဖူးလား"

သူမ မေးခွန်းအတွက် ကော့မျက်နှာတွင် အရောင် ပြောင်းလဲသွားခြင်း မရှိပေ။ မင်း ငယ်ပါသေးတယ်ဆိုသော အပြုံးနှင့်သာ။

"ဆောရီးပဲ Lကံ့ကော်၊ အဲဒီ question ကို out ပါတယ်"

သူမက ကော့ မျက်နှာကို ညစ်ကျယ်ကျယ် ပြုံးကြည့် ကာ ...

"ကေ မဖြေလည်း ရတယ်လေ၊ အဲဒီ့ ကော့စ်ကို ကံ့ကော် ရအောင် လိုက်ပြမယ်၊ ကံ့ကော် သိကို သိနေတယ်၊ လူ တစ်ယောက်ဟာ တစ်ချိန်ချိန်မှာတော့ ချစ်ကို ချစ်ဖူးခဲ့ကြ



www.burmeseclassic.com

www.burmeseclassic.com



မှာပဲ၊ အဲဒီထဲမှာ ကေလည်း ပါမှာပဲ၊ ကေ အချစ်ကို မပတ်သက်ချင်လို့လည်း မရဘူး၊ တစ်နေ့နေ့မှာ ကံ့ကော် အမှန်တကယ် ဖီးလ်လာတဲ့သူနှင့်တွေ့ရင် ကေ့ဆီက အချစ် ဒဿနတွေ ပြောကိုပြောပြရမယ်၊ ကေ အချစ်ကို ကျွမ်းကျင်မှန်း ကံ့ကော် သိတယ်"

ကေက အသည်းယားစဖွယ်ကောင်းအောင်ပင် နှုတ်ခမ်းလေး တွန့်ရုံသာ ပြုံးနေလေသည်။ သူမကတော့ အမှန်တကယ်ကိုပင် တေးထားခဲ့သည်။ တကယ်တမ်းလည်း သိပ်မကြာမီမှာပင် သူမရဲ့ နှလုံးသားကို အမှန်တကယ် လှုပ်ခတ်နိုင်စွမ်းရှိသူတစ်ဦးနှင့် ဆုံတွေ့ခဲ့ကြတာ ဖြစ်လေသည်။ အံ့သြစရာ ကောင်းတာက သူက သူမကို လုံးဝ စိတ်ဝင်စားပုံမရဘဲ သူမကသာ သူ့အပြုံးလေးတစ်ချက်မှာ ငေးမော ကျဆုံးသွားခဲ့ရတာလေ။ ဟုတ်တယ်၊ သိပ်ချစ်စရာကောင်းတဲ့ ပါးချိုင့်လေးထဲမှာ။

○ ✳ ○

တကယ်တမ်း ပြောရလျှင် သူနှင့် ဆုံတွေ့ခဲ့ခြင်းမှာ ကေ့ရဲ့ ပယောဂကြောင့်ဟု ပြောရပါသည်။ အဲဒီနေ့က သူမ နားမလည်သော ကွန်ပျူတာကီစွတစ်ခုကို ကေ့ထံ ဖုန်းဖြင့် လှမ်းမေးသောအခါ ဆရာကောင်း တပည့်ပီသသော ကေက သူ့ထံမှစာအုပ်ထဲ ကိုယ့်ဘာသာလာရှာဖို့ ပြောသည်မို့ သူမသွားရခြင်းဖြစ်သည်။ ဘွားဘွားက ထမင်းစားသွားဖို့ ပြောသော်လည်း





သူမက ကေ့ကို စိတ်ကောက်ချင်သည်မို့ မစားတော့။ အိမ်ကို ပြန်လာသော လမ်းတစ်လျှောက်မှာ ကေ့အကြောင်း တွေးရင်း မောင်းလာတာမို့ အကွေ့တစ်ခုမှာ သူမရဲ့ကားက တခြားတစ်ဖက်မှလာသောကားကို ပွတ်ဆွဲမိသွားတော့၏။ ကားနှစ်စီးမှာ အသီးသီး ထိုးရပ်လိုက်ပြီး သကာလ သူမသည်လည်း စိတ်ညစ်ညူးစွာဖြင့် ကားပေါ်မှ ဆင်းရတော့သည်။ သူမ ဘယ်သူ့ကို အရင်ဆုံး သတိရသွားလဲဆိုတာ ပြောဖို့တောင် လိုမယ်မထင်ချေ။

တစ်ဖက်ကားပေါ်မှ ဆင်းလာသောသူကို သူမလှမ်း ကြည့်မိချိန်တွင် ခြေလှမ်းတွေတောင် ရုတ်တရက် တုံ့သွားရသည် အထိ သူက ဖမ်းစားထားခဲ့သည်။ ဖမ်းစားသည်ဟု ဆိုရာဝယ် သူက သူမကို ယောင်လို့တောင် ကြည့်မနေခဲ့ပါ။ သူ့ကားဘာဖြစ် သွားသလဲဆိုတာသာ စိတ်ဝင်တစား ငုံ့ကြည့်နေတာဖြစ်သည်။

ဒီအချိန်မှာတော့ သူမက သူ့ကား ဘာဖြစ်ဖြစ် စိတ်မဝင်စားတော့။ ဖြစ်ချင်တာဖြစ် များများဖြစ်လေ ကောင်းလေဟုပင် တွေးမိတဲ့အထိ သူနှင့် ပတ်သက်ချင်သွားသည်မှာ ထူးတော့ ထူးဆန်းလေသည်။ အဝါရောင်သွေးဆန်သော အသားအရေနှင့် မြင့်မားကျစ်လျစ်သော အရပ်အမောင်းရှိသည့် သူ့ရုပ် သွင်သည် အတော့်ကို manly ဆန်သည်။

နောက်တစ်ခုက သူသည် သေချာပေါက်ကို သူမ ထက် အသက်ကြီးပုံ ရသည်။ သူ့အနားကို သူမ ရောက်သွားသည် အထိ သူက မော့မကြည့်လာသေး။



www.burmeseclassic.com

www.burmeseclassic.com



"ကံ့ကော် တောင်းပန်ပါတယ်၊ ကား ဘာဖြစ်သွားသေ
လဲဟင်"

ဒီတော့မှ သူက သူမကို အသေအချာ ကြည့်လ
တော့တာ ဖြစ်သည်။ သို့သော် သူ့မျက်လုံးတွေက ပုံမှန်ပင်
သူမကသာ သူ ပြုံးလိုက်ချိန်ဝယ် သူ့ထံ၌ တမေ့တမော နစ်မြော
သွားခဲ့ရတာ ဖြစ်လေသည်။ ကြည့်ပါဦးကွယ်၊ ယောကျ်ား ပီသ
နှင့် ဆန့်ကျင်ဘက် သူ့မှာ ပါးချိုင့်လေးတစ်ခု ထင်ထင်ရှားရှ
ကို ရှိနေတော့တာပါလား။ သေချာသည် သူ့အပြုံးကို ဘယ်မိန်း
ကမှ အသိအမှတ် မပြုဘဲနေမှာ မဟုတ်။

"ဘန်ဘာ နည်းနည်းချိုင့်သွားတာလောက်ပါ၊ ကိစ္စမရှိဘ
ရတယ် ညီမလေး"

အို ... ညီမလေးတဲ့။ အဲဒီ ခေါ်သံက သူမ နားစ
ကို ဖြတ်သန်းကာ ဟိုး ... နှလုံးသားအထိ စိမ့်ဝင် စီးဆင်းသွာ
သည်။ သူ့ပုံစံသည် မိန်းကလေးတစ်ယောက်မို့ မျက်နှာ
မျက်နှာရလုပ်၍ ပြောတာမျိုးထက် အမှန်တကယ် စိတ်သဘော
ထား ကောင်းစွာဖြင့် ခွင့်လွှတ်တတ်သော ပုံစံ ဖြစ်သည်။ သူမ
သူ့ကိုငေးကာ ဘာမှ ပြန်မပြောနိုင်သေးခင်မှာပင် ...

"ကိုယ့်ကို ခွင့်ပြုပါဦး"

"ကိုကြီး နေပါဦး"

သူမ နှုတ်က ဘယ်လိုလုပ်ကာ ကိုကြီးဟု ထွ
သွားမှန်း မသိချေ။ သူက ခြေလှမ်းတုံ့ကာ လှည့်ကြည့်သည်





"ဒီလိုတော့ မလုပ်ပါနှင့်၊ ကံ့ကော်ကြောင့်ဖြစ်တာ ကံ့ကော်
တာဝန်ယူပါရစေ၊ နို့မို့ဆို ကံ့ကော် လိပ်ပြာမသန့်လို့ပါ"

သူမ စကားကို သူက လှစ်ခနဲ ပြုံးသည်။ သူမဟာ
တွေ့ကတည်းက အဲဒီ အပြုံးတွေကို ထိသွားခဲ့ရတာ။ နောက်လည်း
အဲဒီ အပြုံးတွေအောက်မှာ ကျဆုံးဦးမှာကို အလိုလိုပင် ကြိုသိနေ
ခဲ့လေသည်။

"ကိုယ် အချိန်သိပ်မရလို့ပါ၊ ညီမလေးရဲ့ စိတ်ထားကို
လေးစားပါတယ်"

"ဒါဖြင့်ရင် နောက်မှ ပြန်လုပ်မှာ မဟုတ်လား၊ ဘာပဲ
ဖြစ်ဖြစ် ကံ့ကော် တာဝန်ယူပါရစေ၊ ကိုကြီးရဲ့ ဖုန်းနံပါတ်
ပဲဖြစ်ဖြစ် Address card ပဲ ဖြစ်ဖြစ် ပေးခဲ့ပါလား"

သူက ကလေးတစ်ယောက်ကို အလိုလိုက်သော
အပြုံးမျိုးဖြင့်ပြုံးကာ သူ့ကားထဲမှ ရွှေရောင်ကဒ်လေး တစ်ခုကို
ယူလျက် သူမကို ပေးလေသည်။ အဲဒီနောက် ဘာမှ မပြောတော့။
ကားပေါ်တက်လျက် စက်နှိုးပြီး ထွက်ခါနီးမှပင် လက်တစ်ဖက်
ထောင်ပြ နှုတ်ဆက်လျက် ...

"သွားတော့မယ်နော်"

သူ့ကားလေး သူမ မြင်ကွင်းထဲကနေ၍ လုံးဝ
ပျောက်ကွယ်သွားချိန်မှ သူမက လက်ထဲမှ ရွှေရောင်ကဒ်လေးကို
ကြည့်မိတော့သည်။ သူက သူ့အကြိုက်ကို ဖြည့်ဆည်းပေး
သွားခဲ့တာပါလား။ သူ့အမည်၊ သူ့အလုပ်အကိုင်နှင့် သူ့ရဲ့လက်



www.burmeseclassic.com

www.burmeseclassic.com



ကိုင်ဖုန်းနံပါတ်။ ဘာလိုသေးလဲ။ သူမက လေတစ်ချက်ချွန်က သူ့နာမည်ကို ခပ်တိုးတိုး ရွတ်ကြည့်ရင်း ကေ့ကို ဖျတ်ခနဲ သတိ ရသွားမိသည်။ အင်း ... ကိုကြီးဟာ ကေနှင့် ရွယ်တူလောက်ရှိ လားပဲ။

ဟုတ်နိုင်လောက်တယ်၊ ကေ့ထက်ကြီးလှ တစ်နှ နှစ်နှစ်ပေါ့။ ကေရေ ကဲ့ကော်တော့ ကေ့ရဲ့ အချစ်ဖလော်ဖေ လက်ချာရိုက်ဖို့ အချိန်ကျပြီ ထင်တယ်နော်။ မင်းမဟော်ဆို ယောက်ျားတစ်ယောက်ကို ကေ့ တူမက တွေ့တွေ့ချင်းပဲ။

○ ❊ ○

တစ်ခါတစ်ရံတွင် လောကကြီးသည် မယုံနိုင်လော အောင်ကိုပင် အံ့သြဝမ်းသာမှုတွေကို ပေးစွမ်းနိုင်ခြင်းလည်း ရှိ ပါသည်။ အဘယ့်ကြောင့်ဆိုသော် မြင်မြင်ချင်းပင် သူမ နှစ်သ သဘောကျကာ စိတ်ဝင်စားခဲ့ရသော ကိုကြီးရဲ့ မိခင်နှင့် သူမ မေမေတို့ဟာ ခင်မင်ရင်းနှီးသော မိတ်ဆွေများ ဖြစ်နေခြင်းပ ကိုကြီးရဲ့ကားကို သူမက တာဝန်ယူကာ ပြန်လုပ်ပေးသေ လည်း ထင်ရာထက် ပို၍ ရင်းနှီးခွင့် မရခဲ့။

ကိုကြီးရဲ့ မျက်လုံး ထဲတွင် သူမကို အရေးမပါသေ ကလေးတစ်ယောက်လိုပဲ မြင်ပုံရသည်။ ဒါမှမဟုတ် ကိုကြီးက တွေ့ကရာ မိန်းကလေးကို စိတ်မဝင်စားတတ်တာပဲလား။ ဒီလို တော့လည်း သူမ နည်းနည်း ဘဝင်ကျသွားရပြန်သည်။





ကိုကြီးရဲ့ လိပ်စာကဒ်လေးကိုသာ လှည့်ပတ်ကြည့် ရှုလျက် ဘယ်လို ထပ်မံ ကြံဆောင်ရပါ့မလဲဆိုတာ အကြံအိုက် နေတုန်းမှာပင် မေမေ ဖွတ်အတင်းခေါ်သဖြင့် ကိုကြီးတို့အိမ်ရဲ့ ဘုရားကိုးဆူကို ရောက်သွားခဲ့ရခြင်း ဖြစ်လေသည်။ သူမသည် ကံကြမ္မာကို ယုံတောင် မယုံချင်ပေ။ မေတ္တာစစ်မှန်၍ ကိုကြီးနှင့် သူမကို နီးစပ်သွားအောင် ဆောင်ကြဉ်းပေးလိုက်တာဟုပင် တွေး လိုက်သေးသည်။ သူမကိုမြင်သွားသောအခါ ကိုကြီးကလည်း အံ့သြ သလိုနှင့်ပင် နွေးထွေးစွာ ပြုံးပြဖော်ရဖြင့် ကျေနပ်ရပြန်သည်။ မေမေက ကိုကြီးရဲ့ အမေနှင့်ရော ကိုကြီးနှင့်ပါ မိတ်ဆက်ပေးလျှင် သူမက ...

“ကိုကြီးကိုတော့ သိပြီးသားပါ၊ ဟိုတစ်ခါတုန်းက ကိုကြီးရဲ့ ကားကို ပွတ်ဆွဲမိသွားတာပေါ့”

“ဟော ... ဖြစ်ရမယ်၊ ဒီရုပ်ပလာမကတော့ အဲလိုပဲ မမ သန်းရေ၊ ကျွန်မမှာ ဒီသမီးမျိုး တစ်ယောက်တည်းရှိနေ လို့သာပဲ၊ မဟော့်ကိုလည်း တောင်းပန်ပါတယ်ကွယ်”

“ရပါတယ် အန်တီ၊ သူက. တာဝန်သိတတ်ပါတယ်၊ ကျွန်တော်က မလိုဘူးဆိုတာတောင် သူက ဖွတ်ပြန်လုပ် ပေးတာပါ၊ သိပ်အများကြီးလည်း မဟုတ်ပါဘူး”

စကားပြောလျှင် အမြဲ ပြုံးတတ်ကာ ပါးချိုင့်လေး ဖွက်ဝင်သွားသော ကိုကြီးကို အဲဒီကစလို့ သူမက အရှုံးကို ရင်းနီးပစ်လိုက်တော့တာပင်။ အထူးသဖြင့် ကိုကြီးရဲ့အမေ။



www.burmeseclassic.com

www.burmeseclassic.com



တော်သော လိမ္မာသော ရုပ်ရည်ကအစ ပြောစရာမရှိ
တစ်ဦးတည်းသောသားရဲ့ မိခင်ပီပီ ဘယ်လို သဘောထား
ရှိသည်ဆိုတာကို သူမက ပါးနပ်စွာသိ၍ ဘယ်သူ့ကို ပီ
ပေါင်းရမည်ဆိုတာ နားလည်လေသည်။

အဲဒီက စလို့ သူမက ကိုကြီးရဲ့ မိခင်ကို အ
တလည်ပင် ရိုကျိုးပြတတ်တော့သည်။ သူမ ပါးစပ်ဟလျှင်
ဘယ်နခွေဆိုတာကို သိထားသော သူမရဲ့မေမေကလည်း သ
အထာကိုညက်စွာ ကိုကြီး မိခင်နှင့် တွဲပေးရာပါသည်။
နှစ်ယောက်က ဟိုသွား ဒီသွား အတူတူမို့ သိပ်မကြာခင်မှာ
သူမနှင့် ကိုကြီးတို့ မိသားစုသည် ထင်တာထက်ကို ရင်းနှီး
ထွေးသွားခဲ့တော့သည်။

ဘာပြောပြော ဟုတ်ကဲ့ ဟုတ်ကဲ့နှင့် ခေါင်းညိ
တတ်သော သူမကို ကိုကြီးရဲ့ မေမေကလည်း သဘောကျ
ဆိုတာ သူမ အလိုလိုကို သိသည်။ သဘောမကျစရာ
ဘာအကြောင်း ရှိလဲ။ ငယ်ရွယ်လှပသော၊ ဩဇာနာခံတတ်သော
များစွာ ကြွယ်ဝ ချမ်းသာသော တစ်ဦးတည်းသောသမီး၊ ပြီး
သူ့သားကိုလည်း မြတ်နိုးဟန် အပြည့်အဝ ပေါ်လွင်နေ
ဒီလို မိန်းကလေးမျိုးကို ဘယ်ယောက္ခမလောင်းက မကြည်ဖြူ
ရှိပါမည်နည်း။ တစ်ခုပဲ လိုသည်။ အဲဒါကတော့ ကိုကြီးရဲ့အ

ကိုကြီးနှင့် ရူးနေရသဖြင့် သူမ ကေ့ကို
သွားမတွေ့ဖြစ်တာ အတော်ကြာချေပြီ။ ဖုန်းဆက်တိုင်းလ





က မရှိတတ်။ အလုပ်ကိစ္စတွေနှင့် နယ်ကို မကြာခဏ သွား
သော ကေ့ကို ခုတလော သိပ်ဖမ်းမမိတတ်ပေ။ ကဲ ... ကေရေ
ကြီးရဲ့အချစ်ကလွဲလို့ ကျန်တာအားလုံး အိုကေနေအောင်
ကော် စွမ်းဆောင်ထားနိုင်တယ်ဆိုရင် ကေ ဘာပြောဦးမှာလဲ။
ခရီးကနေ၍ ပြန်ရောက်ပြီဟု ကြားလျှင်ကြားချင်း ကေ့ထံ
ချက်ချင်းပင် ပြေးလာခဲ့တော့သည်။

"ဒေါ်ကျော်နှင်းဆီ ဘာတွေလုပ်နေလို့ ဒီလောက် အရမ်း
ကြာနေရတာလဲ"

သူမက တစ်ခါတလေ စိတ်ကူးပေါက်လျှင် ကေ့ရဲ့
မည်အရင်းကိုလည်း ဒေါ်တပ်၍ ခေါ်တတ်သေးသည်။ ကေက
လိုခေါ်လျှင် သဘောတကျ ရယ်တတ်လေသည်။ သူ့နာမည် ရဲ့
ဆုံးစာလုံးပေါင်းဖြစ်သော Kဆိုတာကိုတော့ နှစ်သက်တ
ဖြင့် ရင်းနှီးသူ တော်တော်များများက ကေဟုသာ ခေါ်တ
သည်။ ကေသည် တောင်ကြီးမှာ အနေကြာခဲ့သည်မို့
လေးတွေပင် ရဲနေသည်မှာ ပိုချစ်ဖို့ ကောင်းသေးတော့။

"ကေ တောင်ကြီးမှာ ပြောင်းနေရင်တောင် ကောင်းမလား
လို့ စဉ်းစားနေတာ"

"ဘာလဲ၊ တောင်ကြီးသားတွေက ချောတယ်လို့ ကြားဖူး
တယ်နော်၊ တွေ့လာပြီလား"

ကေ အဲလို စလို့လည်း ဘယ်လိုမှ နေဟန်မတူပေ။
ကို အကျအန နှပ်နေရင်းမှ ...



www.burmeseclassic.com

www.burmeseclassic.com



"ကေ ရှမ်းပြည်နယ်ကို သိပ်သဘောကျတယ်၊ မြသန်တွေ ရှိုးသားတာတွေ၊ သစ်သီးဝလံ လတ်ဆတ်တာတွေ၊ နောက် ရာသီဥတုနှင့် တောတောင်တွေ၊ ကေ့အတွက် အရမ်း ဖမ်းစားတယ်၊ ကေ အဲဒီမှာပဲ အေးအေးဆေးဆေး နေချင် တော့တယ်၊ ခု ပြန်လာတာတောင် ကေ အဲဒီကို လွမ်း ကျန်ရစ်ခဲ့တာ၊ ယူ တစ်ခါလောက် လိုက်လည်ပါလား"

စိုက်ပျိုးရေးမှာ အထူးကျွမ်းကျင်ကာ အရည်အချင်း လည်းရှိသော ကေသည် လက်ရှိ ရန်ကုန်မှာ အောင်မြင် နာမည် ကြီးသော ပန်းဥယျာဉ်ခြံကြီးနှစ်ခုနှင့် မြို့ပြင်မှာ နှင်းဆီခြံကြီးတစ်ခု ကို ပိုင်ဆိုင်ထားသလို အခုလည်း တောင်ကြီးတွင် နိုင်ငံခြားသား တစ်ဦးနှင့် စပျစ်ဝိုင်စက်ရုံကို ဖက်စပ်တည်ဆောက်ဖို့ အလုပ် များနေသူ ဖြစ်သည်။ တောင်ကြီးနှင့် မိတ္ထီလာနယ်တစ်ဝိုက်တွင် ကေ ပိုင်ဆိုင်သော စပျစ်ခြံတွေ ရှိသေးသည်။

ဘွားဘွားရဲ့ စိန်အရောင်းအဝယ်ကို လုံးဝ စိတ်မဝင် စားသော သစ်ပင်တွေကြားမှာသာ ပျော်မွေ့သောသူတစ်ဦး ဖြစ်သည်။ 'ညည်းတို့ ကျော်နှင်းဆီက ငယ်ငယ်တည်းက မှန်ကို စုပြီး အပင်လေးတွေ ဝယ်တာအေ့၊ သူ့ဗီဇနှင့်သူ'ဟု ဘွားဘွားက ပြောပြောပြဖူးတာကို အမှတ်ရမိ၏။

"ကေ့ကို ပြောပြစရာရှိတယ် သိလား"

"သိပါတယ် ယူ ရင်ခုန်ရတဲ့လူကို တွေ့နေပြီ မဟုတ်လား"

"ဟယ် ... ကေ ဘယ်လိုလုပ် သိလဲ"





"ယူ့ မျက်လုံးတွေက ပြောပြနေတယ်လေ၊ ယူ သူနှင့် အဆင်လည်း ပြေနေတယ် မဟုတ်လား"

သူမက ကော်ဖီဖျော်နေသော ကေ့ရဲ့ နောက်ကနေ၍ ပခါးကို ဖက်ထားလိုက်မိသည်။ ကေ့ကို သိပ်ပြောပြချင်တာပဲ။

"ဟုတ်တယ် ကေ၊ သူ့ မားသားကြီးကလည်း ကဲ့ကော် ကို သိပ်သဘောကျနေပြီ၊ မေမေကလည်း သူ့ကို သဘောကျ တယ် ကေ၊ သူက ကဲ့ကော်ထက် ရှစ်နှစ်လောက် ကြီး တယ်၊ ကဲ့ကော်က ကိုကြီးလို့ ခေါ်တယ်၊ သူက ကဲ့ကော် ကို ညီမလေးတဲ့၊ သူ ကဲ့ကော်ကို ချစ်လာစေချင်တယ် ကေရယ်၊ အကြံပေးပါဦးနော်"

ကေနှင့် သူမက ကော်ဖီခွက် ကိုယ်စီဖြင့် ခြံထဲ ဆင်းလာခဲ့ကြသည်။ သူမကသာ ကိုကြီးရဲ့အချစ်ကို ရချင်စိတ် နှင့် ကြောင့်ကြနေရသလောက် ကေကတော့ စိတ်ချမ်းသာ၍ ဝင်သည်။ ပို၍တောင် နုငယ်သွားသယောင် ရှိသည်။

"ကိုယ့်ကိုချစ်လာအောင် လုပ်ယူလို့ ရတယ်လို့တော့ ကေ မကြားဖူးဘူး၊ ယူ့ ကိုကြီးမှာ girlfriend ရှိသလား"

ကေ့ထံမှ အကောင်းဆုံး အကြံဉာဏ်တွေ ရတော့ မည် ထင်သည်။ သူမ လိုက်ခနဲ ပျော်သွားသည်။ ထိုအပျော်သည် ကိုကြီးကို ပြန်လည်တွေ့ဆုံစဉ်က ပျော်သောအပျော်နှင့်အတူတူ လောက် ရှိမည်။ ကေပါ ပါဝင်လာလျှင် ပွဲက သိမ်းပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"girlfriendလည်း မရှိဘူး၊ ချစ်သူလည်း မရှိဘူး၊ ကံ့ကော်ကို ချစ်လာဖို့ပဲ လိုတာ"

"ကံ့ကော်ကို ကေ ချီးကျူးပါတယ်"

"ဘာလို့လဲ ကေ"

"ဩော် ... ယူ့ ယောက္ခမလောင်းကြီးနှင့် အိုကေအောင် ကြိုးစားနိုင်လို့လေ၊ ကေက သူများအကြိုက်လိုက်ပြီး မနေတတ်ဘူး မဟုတ်လား၊ သူများအကြိုက်ကို လိုက်နေတတ်တာလည်း အရည်အချင်း တစ်မျိုးပါပဲ၊ ယူ တော်တယ်၊ တကယ် တော်ပါတယ်"

အဲလို ပြောစဉ်မှာ ကေ့ မျက်ဝန်းတွေ၌ ထူးခြားသော အရိပ်အယောင်တစ်မျိုးကို သူမ မြင်တွေ့လိုက်ရသလိုပင်။

"ကိုကြီး ကံ့ကော်ကို ချစ်လာအောင် ကံ့ကော် ဘာလုပ်ရမလဲ ကေ ဟင်"

သူမ အသည်းအသန် ဖြစ်နေပုံကို ကေက ဟက်ခနဲ တစ်ချက်ရယ်ကာ သူမ၏ ချိုနွဲ့မှုကို သရော်ဟန်ဖြင့် ...

"ကိုကြီးလို့ ခေါ်ရုံနှင့်တင် လုံလောက်နေပါပြီ၊ နောက်တာပါ Lကံ့ကော်ရယ်၊ အချစ်ဆိုတာ ဖန်တီးယူလို့ရတဲ့ ကိစ္စမှ မဟုတ်တာ၊ ကေ့ကိုများ အထင်တကြီးနှင့် လာမေးနေတယ်၊ ကေက အချစ် စာမေးပွဲကို တလိမ့်ခေါက်ကွေး ပြုတ်ကျခဲ့တဲ့သူပါ"

"ဒါဆို ကေ အသည်းကွဲဖူးတယ်ပေါ့"





ဒီမေးခွန်းကို ကေက အတန်ကြာအောင် ငြိမ်သက်မှာ စဉ်းစားနေသည်။ ကြည့်စမ်း ကြည့်စမ်း ကေ့လို အဘက်ဘက်က ပြည့်စုံတဲ့လူတောင် အချစ်ရေးမှာ အဆင်မပြေခဲ့ရှာပါလား။ ကေ့အတွက် စိတ်မကောင်းလိုက်တာ။

"ကေ အသည်း မကွဲခဲ့ဘူး၊ အဲဒီအချိန်မှာ စာတွေအလုပ်တွေ ဖိကြိုးစားပစ်ခဲ့တဲ့အတွက် အသည်းကွဲတဲ့ဘေးက သီသီလေး လွတ်ခဲ့တယ်"

"ကေတို့ ဘာလို့ ဝေးသွားကြတာလဲဟင်"

ကေ့ မျက်ဝန်းတွေ ရုတ်တရက် ရီဝေသွားကြသည်။ သို့သော် ခဏလေးသာပင်။ ချက်ချင်းပင် ပြန်ပြုံးလာကာ ...

"မာန တစ်ခုကြောင့်ပေါ့ ကံ့ကော်၊ နောက် သူများအကြိုက် မလိုက်တတ်တဲ့ စိတ်ခါတ်ကြောင့်ပေါ့၊ ဒါကြောင့်မို့ ယူ့ကို ချီးကျူးတယ် ပြောတာပေါ့၊ ယူက ယူ ချစ်တဲ့သူအတွက် ဘာမဆို ပေးဆပ်ရဲပုံရတယ်၊ မတော်ရသေးတဲ့ ယောက္ခမကို အဆင်ပြေအောင် ပေါင်းနိုင်တဲ့ နေရာမှာ ယူနှင့် ကေက မိုးနှင့်မြေလို ကွာပါတယ်၊

သူ့အချစ်ကို ရမယ်လို့တော့ ကေ အာမမခံနိုင်ဘူး၊ ဒါပေမဲ့ တစ်ခု ပြောရရင် ယောကျ်ားတွေက သဲသဲလှုပ် ဂရုစိုက်ပြတာကိုတော့ သာယာတတ်ကြတယ်၊ တစ်ခါ တစ်ရံမှာ သာယာမှုဟာလည်း အချစ်ဖြစ်သွားနိုင်တာပဲ လေ ...



www.burmeseclassic.com

www.burmeseclassic.com



ယူ့ ကိုကြီးကို တစ်ပတ်တစ်ခါ ခြေသည်း လက်သည်း ညှပ်ပေးကြည့်ပါလား၊ သူ ဘာကြိုက်တတ်သလဲ သူ့အကြိုက်တွေ ဖြည့်ဆည်းပေးပေါ့"

သူမက ကိုယ့်အတွက် ဝမ်းမသာနိုင်အားသေးဘဲ ကေ့ကို စေ့စေ့ကြည့်ကာ ...

"ကေ့ အချစ်ကို ရခဲ့တဲ့လူက တော်တော် ကံကောင်းမှာပဲ နော်၊ ဒါပေမဲ့ ကံအဆိုးဆုံးကလည်း သူပဲ၊ သူ့ကို ကံ့ကော် မြင်ဖူးချင်လိုက်တာ၊ သူရော အိမ်ထောင်ကျသွားပြီလား ဟင်"

"ကေ မသိဘူး ကံ့ကော်၊ သူ့ကို ကေ့ဘဝထဲက အပြီး ထုတ်ပစ်ထားခဲ့တာ တော်တော် ကြာခဲ့ပါပြီ"

သူမက ကေ့ စကားကို သိပ်မယုံချင်ပေ။ ဘဝထဲမှာ ကျန်နေရစ်ခဲ့ရင်ရောဟု စောဒက မတက်တော့ပါ။ ကေ မရှိတုန်း ကေ့ အခန်းထဲမှာ သဲလွန်စတစ်ခုခု ထပ်ရှာဖို့သာ အတွေး သိမ်းထားခဲ့လေသည်။

○ ☼ ○

ကေ ပေးခဲ့သော အကြံဉာဏ်ကောင်းသည် သူမ အတွက် အများကြီး အကျိုးထူးခဲ့သည်။ သူမက ကိုယ်ချစ်သော သူတစ်ယောက်ကို ချွဲနွဲ့ဖို့သာ စိတ်ကူးရလျက် အချစ်ကို ချုချုချ သော သူမျိုးဖြစ်သည်။ ကေက ဒီလိုမျိုးကို အားမပေးချေ။





အရာရာကို နားလည်ပေးတတ်၊ ဖြည့်ဆည်းပေးတတ်ခြင်းကသာ ပို၍ အမှတ်တရ ရှိစေသည်ဟု ပြောပြခဲ့သည်။ ကေ ပြောတာလည်း မမှားချေ။ ကိုကြီးကိုယ်တိုင်ကိုက သူမကို ...

"ကံ့ကော်က တွေ့ခါစကနှင့် မတူတော့သလိုပဲ၊ အများ ကြီး ပြောင်းလဲလာတယ်"

"ဟုတ်လား ဘာတွေ ပြောင်းလဲလာတာလဲ"

"အရင်က ကံ့ကော် အရမ်း ဂျီတိုက်တယ်၊ အခု ကံ့ကော် က ကိုယ့်ကို ပြန်ပြီး အလိုလိုက်နေသလိုပဲ၊ အလိုက်သိတာ တွေလည်း အများကြီးပဲ၊ ဘယ်သူက သင်ပေးလိုက်တာ လဲ"

သူမက ခစ်ခနဲ့ရယ်ကာ ကိုကြီးကို ပြောပြဖို့ ဆုံး ဖြတ်လိုက်သည်။ ကေ သိလျှင် စိတ်များ ဆိုးမလား မသိချေ။

"ကေပေါ့ ကိုကြီးရဲ့"

"ဟာ ... အဒေါ်က တူမကို ဒီလို သင်ပေးတယ်"

"ဟင် ... ကေ့ကို ဒီလို မပြောပါနှင့် ကံ့ကော် ဇွတ်မေး လို့ပါ၊ ကိုကြီး ကံ့ကော်ကို ပိုအလိုလိုက်လာအောင် ဘယ်လိုလုပ်ရမလဲလို့ မေးလို့ပါ"

ကိုကြီးက သူမ ဦးခေါင်းလေးကို အုပ်မိုး လှုပ်သိမ်း ပစ်လိုက်ကာ ညီမလေးရယ်ဟု တိုးတိုး ရေရွတ်သည်။ အဲဒီ အပြု အမူလေးက သူမရင်ထဲ ဘယ်လိုဖြစ်သွားလဲကို မသိချေ။ ကိုကြီးက သူမကို စာနာနားလည်သော မျက်ဝန်းများဖြင့် ...

www.burmeseclassic.com

www.burmeseclassic.com



"ကဲ့ကော်ကို ကိုယ် သံယောဇဉ် ရှိပါတယ်၊ မေမေကလည်း ကဲ့ကော်နှင့် လက်တွဲစေချင်ပါတယ်၊ ဒါပေမဲ့ ကိုယ် တစ်စုံတစ်ယောက်ကို ချစ်နေဆဲမို့ပါ ကဲ့ကော်"

သူမ ကိုယ်ထဲတွင် လည်ပတ်နေသော သွေးများ ချက်ချင်းပင် ရပ်တန့် အေးခဲသွားသလို ခံစားလိုက်ရလေသည်။

"သူ ... သူက အခု ဘယ်မှာလဲ"

"သူက ကိုယ်နှင့် လမ်းခွဲပြီးတဲ့နောက် နိုင်ငံခြားကို ပညာတောင်သင့် အကြာကြီး ထွက်သွားရတယ်၊ သူ့ကို ပြန်မတွေ့တော့တာ ခုချိန်ထိအောင်ပါပဲ"

အဲဒီနေ့က သူမသည် ကိုကြီးရှေ့မှာ ဘာစကားမှ ပြန်မပြောနိုင်တော့အောင်ပင် မျက်နှာပျက်ပျက်နှင့် ပြန်လာခဲ့ရသည်။ ဒီအကြောင်းတွေကို ကေ့ထံသို့ အထိတ်ထိတ် အလန့်လန့်ဖြင့် ရင်ဖွင့်လျှင် ကေက ဒါလေးများဟူသော အပြုံးမျိုးဖြင့် ...

"ကဲ့ကော်ရယ် ယူက သိပ်တိမ်တာပဲ၊ အေးလေ ယူက မွှန်နေဆဲဆိုတော့လည်း ယူ စဉ်းစားကြည့်စမ်း၊ အသက် သုံးဆယ်ကျော် ယောကျ်ားတစ်ယောက်မှာ ချစ်သူ ရှိခဲ့ဖူးတာ ဆန်းတဲ့ကိစ္စလား၊ ဒီအရွယ်မှာ အိမ်ထောင်တောင် ပြုသင့်နေပြီ၊ ဒါကိုများ ရေးကြီးခွင်ကျယ် လုပ်လို့ကွာ၊ ယူ့ အများကြီး လိုသေးတယ်"

"အဲဒီ ကေကလည်း ကိုယ်ချင်းမစာနာ ဖိပြောနေတော့တာပဲ၊ သူက ဟိုလေဒီကို ချစ်နေဆဲပဲတဲ့"





"ချစ်ပစေပေါ့ ဒါ သူ့ကဏ္ဍပဲလေ၊ သောက တွေ မမွေးစမ်းပါနှင့် ကဲ့ကော်ရယ်၊ ဟိုလေဒီက သူ ပြောသလို ဒီနိုင်ငံမှာတောင် ရှိချင်မှ ရှိတော့မှာပါ၊ အိမ်ထောင်လည်း ကျသွားနိုင်တာပဲ၊ လက်ရှိမှာ ယူကသာ သူ့အနားက လူပါ"

ကေက ဖြေသိမ့်ပေးလိုက်တော့လည်း သူမ ဝေဒနာ သက်သာသွားရသလိုပင်။ အဲဒီထက် ပို၍ စိတ်ချမ်းမြေ့ဖွယ်ကောင်းတာက ကေသည် မေမေ့ထံကို ဖုန်းလှမ်းဆက်၍ ဘယ်လိုပြောလိုက်လဲတော့ မသိချေ။

မေမေက ကိုကြီး၏ မိခင်ထံ သွယ်ဝိုက်သော စကားဖြင့် တောက်ကြည့်ရာ ကိုကြီးတို့ဘက်ကလည်း သူမကို ကမ်းလှမ်းစကား ဆိုလာခဲ့လေတော့သည်။

"ကလေးနှစ်ယောက်က ချစ်သူရည်းစားတွေ မဟုတ်ကြပေမယ့် သံယောဇဉ်တော့ အရမ်းရှိကြတာပဲ မဟုတ်လား၊ အားလုံးကလည်း သင့်တော်နေတော့ စေ့စပ်ထားချင်တယ်၊ သားက အရွယ်တောင် နည်းနည်းလွန်ချင်နေပြီ"

ဟု ကိုကြီးနှင့် သူ့မိခင် အိမ်လာပြောတုန်းက သူမသည် ဝမ်းသာရက်နှင့်ကို ရှက်အားပိုရသေးသည်။ ကိုကြီးနှင့် သူမတို့ခြံထဲမှာ စကားဆင်းပြောကြလျှင် သူမက စတင်၍ ...

"ကဲ့ကော်နှင့် လက်ထပ်ဖို့ သဘောတူလိုက်တော့ ကိုကြီး မေမေရဲ့ စကားကို နားထောင်လိုက်တာလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ဘယ်လို ပြောရမလဲ၊ ကိုယ်လည်း အိမ်ထောင်ပြု သင့်တဲ့အရွယ် ရောက်နေပြီလေ၊ ကိုယ့်ကိုယ်တိုင်ကလည်း သင့်တော်မယ် ထင်လို့ပါ"

ကေ သင်ပေးထား၍ သူမက ထိုစကားနှင့်တပ် ကျေနပ်ပျော်ရွှင်နေတတ်ပြီ ဖြစ်သည်။ သူမ ပြုံးသွားတာကိုမြင် တော့ ကိုကြီးက ငုံ့စောင်းကြည့်ကာ ...

"ကဲ့ကော် ဘာပြုံးတာလဲ၊ စိတ်မကောက်တော့တာလည်း ထူးဆန်းတယ်"

"ဘာ စိတ်ကောက်စရာလိုလဲ ကိုကြီးရယ်၊ ချစ်သူ ရှိခဲ့တာ ချစ်သူကို ချစ်နေဆဲပဲဆိုတာ အပြစ်မှ မဟုတ်တာ၊ လက်ထပ် ပြီးသွားရင် ကိုကြီးဟာ ယောကျ်ားကောင်းတစ်ယောက် ပီသမယ်ဆိုတာ ကဲ့ကော် ယုံကြည်ပြီးသားပါ"

ကိုကြီးရဲ့ မျက်လုံးထဲတွင် သူမအပေါ် အထင်ကြီး သွားသည့် အရိပ်အယောင်များ အပြည့်အသိပ်ပင်။

"ကဲ့ကော်က အရမ်း တော်လာတာပဲ၊ ကိုယ် ကံကောင်းမယ် ထင်ပါရဲ့၊ အန်တီက သင်ပေးလိုက်ပြန်ပြီလား၊ ဟုတ်လား"

"အဟင်း ... ဟုတ်တယ်၊ ကေက အရမ်းတော်တဲ့ သူ တစ်ယောက်ပါ"

"ကေ ဆိုတာနှင့် ကိုယ်နှင့်ခုထိ မဆုံသေးဘူးနော်၊ ကဲ့ကော် ရဲ့အဒေါ်ဆိုတော့ ချောမှာပေါ့"





"အာ ... အရမ်းချောတာ၊ ဟုတ်သားပဲ၊ ကေနှင့် ကိုကြီး လုံးဝကို မဆုံဖူးကြဘူးနော်၊ ကေက ရန်ကုန်မှာ သိပ်မနေဘူး ကိုကြီးရဲ့၊ သူ့အလုပ်က ခရီးထွက်နေရတာ များတယ်၊ ကေရဲ့ life styleက အတွယ်အတာ သိပ်မရှိတဲ့ ဒီဇိုင်းမျိုး၊ အခုလည်း စပျစ်ဝိုင်စက်ရုံကိစ္စနှင့် ထွက်ဖို့တောင် စီစဉ်ထား တယ်"

"အားပါး အမိုက်စားပါလား၊ သိပ်ကော်နေလို့ ယောကျ်ား တွေကို စိတ်မဝင်စားတာနှင့် တူတယ်"

"ကေ့မှာ အချစ်ရှိခဲ့ဖူးပါတယ်၊ ယောက္ခမလောင်းနှင့် အဆင် မပြေလို့ ကွဲသွားပုံပဲ၊ ကေက လျှို့ဝှက်တယ် ကိုကြီးရဲ့၊ ဒါပေမဲ့ ကိုကြီးမြင်ရင်ခင်မှာပါ၊ ဒီတစ်ခေါက် ကေ တောင်ကြီးကပြန်လာရင် ကိုကြီးနှင့် မိတ်ဆက်ပေးမယ်"

ကိုကြီး ပြုံး၍ ခေါင်းညိတ်ပြကာ စကား ထပ်မဆို တော့။ သူမက ကိုကြီးရဲ့ ပခုံးစွန်းလေး၌ ခေါင်းမှီတင်လိုက်လျှင် ကိုကြီးက သူမရဲ့ ပခုံးလေးကို ခပ်ဖွဖွ ပြန်၍ ဖေးမထားပေးသည်။ ကေရေ ကဲ့ကော်တော့ ကျေနပ်ခြင်းတွေနှင့် ပျော်ရွှင်နေရပြီ။

အဲဒါတွေဟာ ကေ့ရဲ့ ပံ့ပိုးမှုတွေ တစ်စိတ်တစ်ပိုင်း ပါတယ်ဆိုတာကိုတော့ ကဲ့ကော် မငြင်းလိုပါဘူး၊ ကဲ့ကော်လိုပဲ ကေ့ကို ချစ်သူနှင့် ပျော်ရွှင်စေချင်လိုက်တာ။ ကိုကြီးကို ကဲ့ကော် ပိုင်ဆိုင်ခွင့် ရသွားသလို ကေ့ ချစ်သူကိုလည်း ကေ ပိုင်ဆိုင်ခွင့် ရစေချင်ပါတယ် ကေရယ်။

✧ ✳ ✧



www.burmeseclassic.com

www.burmeseclassic.com



ကေသည် သူမနှင့် ကိုကြီး စေ့စပ်ပြီးသွားသည်အ
တောင်ကြီးမှ ပြန်ရောက်မလာခဲ့ပါ။ စေ့စပ်ပွဲမှာ သူ့ညီမ ရှိမ
ရကောင်းလားဟု ဖေဖေကပင် တဖွဖွ ပြော၍မဆုံး။ တောင်က
ကို ဖုန်းဆက်သော်လည်း ဘယ်တော့မှ ကေနှင့် တွေ့ရသည်ဟူ
မရှိတတ်။ လူကြီးတွေက စေ့စပ်သည့်ရက်နှင့် လက်ထပ်ပွဲ
တစ်လလောက်ပဲ ခြားစေချင်သည်မို့ သူမ ကေ့ကို စကားပြော
လွန်းလှသည်။ သူမရဲ့ မင်္ဂလာပွဲကို ကေ့ စိတ်ကူးတွေ
အကောင်အထည် ဖော်ချင်လွန်းလှသည်။

စိတ်ကိုတိုနှင့် တောင်ကြီးအထိ လိုက်သွားဖို့
စိတ်ကူးထားသော သူမကို ကိုကြီးကပင် ချော့မော့ နှစ်သိမ့်ရသည်

"သူလည်း မအားလို့ နေမှာပေါ့ ကံ့ကော်ရယ်၊ နိုင်ငံ
သားတွေနှင့် အလုပ်တွဲလုပ်တာ တာဝန် သိပ်ကြီးတာ"

"တာဝန်က ကြီးကြီးပါစေဦး၊ ကိုယ့်တူမရဲ့ မင်္ဂလာပွဲ
စိတ်မဝင်စားတာကတော့ ကေ ရက်စက်လွန်းတယ်၊ ဖု
လည်း လုံးဝ ပြောလို့မရဘူး၊ ကေ ဘာဖြစ်နေ
မသိဘူး၊ တစ်ခုခုတော့ တစ်ခုခုပဲ"

သူမက ကေ့ကို မကျေနပ်ချေ။ ထို့ကြောင့်
မရှိတုန်း ဘွားဘွားထံ ခွင့်တောင်းကာ ကေ့အခန်းကို
စိတ်ကူးရလျက် အကောင်အထည် ဖော်တော့သည်။





လူ မရှိပေမယ့် ကေ့ အခန်းလေးသည် သပ်ရပ်သန့်
ရှင်းနေသည်။ သူမက တခြား နေရာတွေထက် ကေ့ရဲ့ စာအုပ်စင်
နှင့် စာကြည့်စားပွဲကို ပို၍ စိတ်ဝင်စားလေသည်။ စားပွဲက
သော့ခတ်ထားသော အံ့ဆွဲလေးကို စိတ်အဝင်စားဆုံးပင်။ သော့
ခတ်ထားလည်း ပူစရာ မလိုချေ။ အဘွားထံက သော့အပိုတွေ
တောင်းလာသဖြင့် သူမက ထိုအံဆွဲလေးကို အလွယ်တကူပင်
ဖွင့်လိုက်နိုင်သည်။

ဟော ... တွေ့ပြီ၊ ကြည့်စမ်း ကေ့ရဲ့ ဒိုင်ယာရီပါ
လား။ ဒိုင်ယာရီလေးကို ကြည့်ရင်းမှ သူမ နှလုံးသားတွေ
ဒုတ်ဒုတ် ခုန်လာသလိုပင်။ သို့သော် မဖတ်ရဲသေး။ မဖတ်ချင်
သေးပါ။ ထိုဒိုင်ယာရီလေးဖြင့် ကေ့ကို ရန်ကုန် ဆင်းလာအောင်
ကျုပ်ကိုင်ရမည်။ အတွေးနှင့် ပျော်ရွှင်ကျေနပ်သွားသော သူမက
ဖုံးလေးကိုတော့ ဖျတ်ခနဲပင် လှန်ကြည့်လိုက်သေးသည်။

ဓာတ်ပုံလေး တစ်ပုံပါလား။ ဓာတ်ပုံလေးမှာ အတည့်
ကပ်ထားခြင်းမဟုတ်ဘဲ မှောက်၍ကပ်ထားခြင်း ဖြစ်သဖြင့် ဘယ်သူ
ဆိုတာ မြင်ခွင့်မရပါ။ သေချာတာကတော့ ကေ့ချစ်သူရဲ့
ဓာတ်ပုံဟောင်းလေးပဲ ဖြစ်ပါမည်။ ဓာတ်ပုံလေးကဖြင့် အတော်
တောင် ကြာနေလောက်ပြီ။ အဝါဘက်တောင် ကူးချင်ချင်ပင်။

ဩော် ... ကေ အခုချိန်ထိ သူ့ချစ်သူကို မမေ့
ကိုး။

www.burmeseclassic.com

www.burmeseclassic.com



သူမကတော့ ကေ့ကို စာနာသနားစိတ်ဖြင့် ဒိုင်ယာ လေးကို အသာယူလာခဲ့ကာ ကိုကြီးကိုပင် အကျိုးအကြော ပြောပြသေးသည်။

"သိလား ကိုကြီး၊ ကေကလေ ခုချိန်ထိ သူ့ချစ်သူကို ချ နေတုန်းပဲ၊ ကျွန်မ ဆီမှာ သူ့ ဒိုင်ယာရီ ရထားတယ်"

"ဟာ ... ကျွန်မကလည်းကွာ၊ ဘာလို့ အဲလို လုပ်ရတာ လဲ၊ အဲဒါ အရမ်း ရိုင်းတယ်နော်၊ ပြန်ထားလိုက်ပါကွာ"

"ကျွန်မ မဖတ်ရသေးပါဘူး၊ ကေ ပြန်လာအောင် ခြိမ်း ခြောက်ရုံလေးတင်ပါ ကိုကြီးရဲ့"

တစ်သက်လုံးက သူမအပေါ် နှာတစ်ဖျားသာက အညှာကိုင်တတ်ခဲ့သော ကေ့ကို ဒီတစ်ခါ အညှာပြန်ကိုင်ရတော့ မည် ဟူသော အတွေးနှင့် သူမက ကေ့ထံ ဖုန်းခေါ်လေသည်။ တိုက်ဆိုင်ချင်တော့ ကေနှင့် စကားပြောခွင့်ရသည်။

"ကေ ဘာတွေ လုပ်နေတာလဲ၊ စေ့စပ်ပွဲမှာလည်း မရှိနဲ့ ဆယ့်ငါးရက်နေ့ မင်္ဂလာဆောင်မှာနော်၊ ကေ ခုပြန်လာခဲ့"

"ဆောရီး ကျွန်မ၊ ကေ အရမ်း အလုပ်ရှုပ်နေလို့ပါ၊ မင်္ဂလာပွဲပြီးရင် ကေ့ဆီကို ဟန်းနီးမွန်း လိုက်ခဲ့ပေါ့"

"ဘယ်လို ကေ၊ ကေ ပြောတဲ့သဘောက မင်္ဂလာပွဲကို ကေ မလာနိုင်ဘူးပေါ့၊ ဟုတ်လား"

"ဟုတ်တယ် ကျွန်မ၊ ကေတို့ ယူ့မင်္ဂလာဆောင် ပြီးမှပဲ တွေ့ကြတာပေါ့"





"ဟာ ... ဘာလဲ၊ ကေ ဘာဖြစ်နေတာလဲ၊ ကေ လာ မလား မလာဘူးလား ပြော"

"ကေ လာခြင်း မလာခြင်းဟာ ဘာများ ထူးခြားသွားမှာ မို့လဲ ကျွန်မ၊ ကေ ပြင်သစ်သွားဖို့အတွက် ဒီက အလုပ် တွေ အရေးကြီးနေတယ်၊ ကေ့ကို နားလည်ပေးပါ"

"နားမလည်ဘူး ကေ၊ ကေ့ရဲ့ ဒိုင်ယာရီ ကျွန်မဆီမှာ ရှိတယ်နော်၊ ကေ တစ်သက်လုံး လျှို့ဝှက်ထားတဲ့ ကေ့ ချစ်သူအကြောင်းကို ကျွန်မ ဖတ်လိုက်မှာနော်၊ ကေ လာ မယ်လို့ ကတိပေးရင် ကျွန်မ မဖတ်ဘူး၊ ဘယ်လိုလဲပြော"

ကေ့ဘက်မှ ရုတ်တရက် အသံ တိတ်ဆိတ်သွားတာမှ အကြာကြီးပင်။

"ကေ ဘာငြိမ်သွားတာလဲ၊ လာမှာမဟုတ်လား ပြော၊ ဒိုင်ယာရီထဲမှာ ဓာတ်ပုံတစ်ပုံလည်း တွေ့တယ်နော်"

"ကျွန်မရဲ့ လုပ်ရပ်က အရမ်းအောက်တန်းကျတယ် ဆိုတာရော သိရဲ့လား"

"ဒါတွေ ကျွန်မ နားမလည်ဘူး၊ ကျွန်မ သိတာတော့ ကေ ကျွန်မကို မချစ်ဘူး ဆိုတာပဲ"

"ကေ နောက်ဆုံး စကားတစ်ခွန်းပဲပြောမယ် ကျွန်မ၊ ယူ့မင်္ဂလာပွဲကို ကေ ရောက်မလာနိုင်ဘူး၊ ကေ့ရဲ့ ဒိုင်ယာရီ ကိုလည်း အံဆွဲထဲ ပြန်ထည့်ထားလိုက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကေ မလာရင် ဖတ်မှာပဲ၊ ကေ ကံ့ကော်ကို မချစ်ဘူး၊ ကံ့ကော်ကိုဆို ကေ အရမ်း စိမ်းကားတယ်"

သူမသည် ပြောရင်းနှင့်ပင် ရုတ်တရက် ဝမ်းနည်းနာကျင်လာကာ ငိုချပစ်လိုက်မိသည်။ 'ကေသည် အကြာကြီး တိတ်ဆိတ်လျက် ရှိနေပြီးမှ ...

"အဲဒီ စာအုပ်ကို ဖတ်လိုက်ရင် ကံ့ကော် တစ်သက်လုံး နောင်တရသွားမယ်၊ ငါ မဖတ်ခဲ့မိရင် ကောင်းသားလို့ တစ်သက်လုံး တွေးသွားနေရလိမ့်မယ်၊ ဒါပေမဲ့ တစ်ဆက်တည်းမှာပဲ ယူ့ကို ကေ ချစ်မချစ် ယူ သိသွားပါလိမ့်မယ်၊ ယူ အဲဒီ စာအုပ်ကို ဖတ်သည်ဖြစ်စေ၊ မဖြစ်သည်ဖြစ်စေ ကေကတော့ ယူ့မင်္ဂလာပွဲကို လာနိုင်မှာ မဟုတ်ပါဘူး၊ ကေ့ စိတ်ဓာတ်ကို ယူ သိရဲ့သားနှင့် ကေ့ကို ချောင်ပိတ်ဖို့ ကြိုးစားရင် ယူ မှားသွားလိမ့်မယ်၊ ယူ့အတွက် ကေ စိတ်မကောင်းပါဘူး"

ကေက ခပ်တိုးတိုး ရေရွတ်ကာ ဖုန်းချသွားခဲ့လေသည်။ ချက်ချင်းပင် ကေနှင့် သူမသည် အဝေးကြီး ဝေးသွားရသလို ခံစားသွားရသည်မှာ ဘာကြောင့်များပါလိမ့်။ ကေ့ကို သူက နာကျင်လာသည်။ နာကျင်မှုနှင့်အတူ သူမက တုန်ယင်နေသော လက်အစုံနှင့် ဒိုင်ယာရီ၏ ပထမစာမျက်နှာ မှောက်၍ ကပ်ထားသော ဓာတ်ပုံလေးကို ခွာယူကာ ဆွဲလှည့်ကြည့်လိုက်သည်။





ကမ္ဘာကြီးတစ်ခုလုံး အိုးထိန်းစက်လို ချာချာလည်၍ သွားခဲ့လေသည်။ ဓာတ်ပုံထဲတွင် ကေနှင့်အတူ သူမ သိပ်ချစ်ရသော လူတစ်ယောက်တို့က သူမကို ပြုံး၍ စိုက်ကြည့်နေကြသည်။ သူမ သိပ်ချစ်သော လူက ကေ့ကို နောက်ဘက်မှ သိုင်းဖက်ထားလျက် မေးဖျားကို ကေ့ ဦးခေါင်းထက်တွင် တင်ထားသည်။ ကေ့ကို ရင်ခွင်ထဲ အမြဲထည့်ထားချင်အောင် ချစ်သည့်ပုံပင်။

"တစ်စုံတစ်ယောက်ကို ကိုယ် အခုထိ ချစ်နေဆဲပဲ ကံ့ကော်"

ကိုကြီးပြောသော တစ်စုံတစ်ယောက်။ ကေ့ တစ်သက်၌ တစ်ယောက်သာ ချစ်ခဲ့ဖူးသော လူတစ်ယောက်။ စေ့စပ်ပွဲမတိုင်ခင်က မေမေ ပြောခဲ့ဖူးသော စကားတို့ကို ပြန်လည်ကြားယောင်လာမိသည်။

"အပေါင်းအသင်းဆုံ့တဲ့ ကေ့ကို မင်းမပော်အကြောင်း သိလားလို့ မေးကြည့်တော့ ကေ အံ့သြသွားတာ အကြာကြီးပဲ၊ ပြီးတော့မှ သူ ကောင်းကောင်း သိပါတယ်တဲ့၊ ကံ့ကော်အတွက် အထိုက်တန်ဆုံး ယောကျ်ားဟာ မင်းမပော်ပါပဲတဲ့၊ ကေက မပော့်ကို ကံ့ကော်နှင့် သိပ်သဘောတူတယ်၊ သူနှင့်ဆိုရင် စိတ်ချသွားပြီတဲ့"

သူမ ရင်တွေကွဲအောင် အော်မေးပစ်လိုက်ချင်သည်။ သို့သော် ကေက ကြားမှာ မဟုတ်တော့။ ကေ ဘယ်လို ဆုံးဖြတ်သွားလဲဆိုတာ သူမ သိသည်။ အထူးသဖြင့် သူမ စိတ်ချမ်းသာဖို့ ကေက ရှေးရှုပေးခဲ့သည်။ သို့သော် နှလုံးသားရဲ့ ဒဏ်ရာကို



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တည်းသာ ကျိတ်၍ ခံစားလိုသော ကော့ကို ကံဇာတ် ဆရာက သနားသောအားဖြင့် အမိုက်မဲဆုံးဖြစ်သော သူမကိုပါ ပူးတွဲ ခံစားသွားစေပုံမှာ ဇာတ်ပုံလေးတစ်ပုံနှင့်။ ဇာတ်ပုံဟောင်း လေး တစ်ပုံနှင့် ...။

✧ ❊ ✧






www.burmeseclassic.com

www.burmeseclassic.com



ရွှေထားလွင် ဆိုသော သူမ ဘဝတွင် သံယောဇဉ်အတွယ်တာရဆုံး (သူစိမ်း) လူသားတစ်ဦးအား ပြပါဆိုရင် သက်ခတ္တာကိုပဲ လက်ညှိုးထိုးပြရပါမည်။ ခတ္တာသည် သူမအတွက်တော့ ဘဝမှာ မမေ့နိုင်ဆုံးနှင့် အမှတ်တရအဖြစ်ဆုံး သူတစ်ယောက်လည်း ဖြစ်လေသည်။ ခတ္တာနှင့် သူမတို့ လေးတန်းနှစ်မှာ စတင် ဆုံခဲ့ကြတာဖြစ်သည်။ ခတ္တာမှာ မိဘတွေ မရှိတော့ဘဲ ဦးလေးအိမ်မှာ ကပ်နေရသည့်သူ တစ်ဦးဖြစ်သည့်အတွက်လည်း ကရုဏာ အရင်းခံကာ ခင်မင်ခဲ့ရပါသည်။ ဒါတွေထက်ပိုကာ တစ်သက်လုံး ဖြစ်တတ်သွားမည့် သံယောဇဉ် ထုထည်ကတော့ အဲဒီနောက်မှ ရတာဖြစ်လေသည်။ အဲဒီနေ့ကို သူမအခုထိ မမေ့သေးချေ။ ပြန်တွေးကြည့်လျှင် ကြက်သီးများတောင်ထတုန်းပင်။

ထိုနေ့က ကျောင်းဆင်းချိန် ဖြစ်သဖြင့် ခတ္တာနှင့်သူမ ကျောင်းအပြင်ဘက် ခပ်လှမ်းလှမ်းကို ရေခဲချောင်း ထွက်ဝယ်စားချိန် ဖြစ်ပါသည်။ အဲဒီမှာပဲ မထင်မှတ်ထားသော အဖြစ်တစ်ခုက ပေါ်လာခဲ့တာပင်။



www.burmeseclassic.com

www.burmeseclassic.com



လူတချို့ရဲ့ ခွေးရူး ခွေးရူးဆိုသော ဆူဆူည့
အော်ဟစ်သံတွေ ကြားမှပင် ကလေးတွေ အားလုံးလည်း ဟိုပြေ
ဒီပြေး ကစဥ့်ကလျား။ သူမနှင့် ခတ္တာသည်လည်း ရေခဲချောင်းတွေ
ကိုယ်စီကိုင်လျက် ပြေးမိပြေးရာ တစ်ယောက်တခြားပင်။ အဲ
အချိန်မှာပင် ပို၍ ကြောက်အားပိုတတ်သော သူမက သတ်သ
ကွဲထွက်ပြေးသည်မို့ ခွေးရူးရဲ့ဦးတည်ချက်က သူမ ဖြစ်သွ
လေသည်။ အသည်းပေါက်မတတ် ကြောက်လန့်ကာပြေး၊ ခွေးရူ
ကလည်းလိုက်လာ၍ မိကာနီးမှာပင် သူမ ခလုတ်တိုက် လဲပါ
တော့သည်။

ဒီအချိန်မှာပဲ ဘယ်အချိန်ကတည်းက ပြေးလိုက်
လာမှန်း မသိသော ခတ္တာက ခွေးရူးကို နောက်မှ တုတ်နှ
ဝင်ရိုက်ပါတော့သည်။ ခွေးရူးကလည်း ခတ္တာကို ပြန်အကိုက်၊
ထိုအချိန်မှာပဲ လူကြီးတွေက တုတ်တွေဆွဲလျက် ပြေးလာကြသည်
မို့ ခတ္တာမှာ ဒဏ်ရာလည်း သိပ်မများလှဘဲ ခွေးရူးကတော့ ဘ
ပြောင်းသွားခဲ့ပါသည်။ ခြေထောက်မှာ ဒဏ်ရာရထားလျက်ကပင်
လဲကျနေရာမှ ခုထိ မထနိုင်သေးသော သူမကို လာထူပေးသော
ခတ္တာရဲ့ မျက်ဝန်းမှာ မျက်ရည်စတွေနှင့်။ သူမလည်းပဲ မျက်ရည်
တွေနှင့်။ တစ်ယောက်ကိုတစ်ယောက် ဖက်ထားသည်မှာ အကြာ
ကြီးပင်။

အဲဒီက စလို့ သူမသည် ခတ္တာကို အတော် စာန
သနားထောက်ထားသွားခဲ့ပါသည်။ ခွေးရူးပြန် ကာကွယ်ဆေးတွေ





ဆယ့်လေးလုံး ထိုးရှာသော ခတ္တာကို မျက်ရည်အစို့သားဖြင့်
ငေးလျက် ကြေကွဲရသည်မှာ အတိုင်းအဆမဲ့ပင်။ သူမရဲ့ မိဘတွေ
ကလည်း ခတ္တာရဲ့ ရဲရင့်စိတ်၊ စောင့်ရှောက်တတ်သည့် စိတ်ကို
ကျောင်းအခမ်းအနားနှင့် ဂုဏ်ပြု အမွှမ်းတင်ခဲ့သလို သူမကလည်း
သူမရဲ့ အသည်းနှလုံးထဲမှာ ထာဝရ ဂုဏ်ပြု မှတ်တမ်းတင်ထား
ခဲ့ပါသည်။ ကိုယ် ဒုက္ခတွေ့ချိန်မှာ ကူညီခဲ့ဖူးသော လူတစ်ယောက်
ကို ဘယ်သူမှ မေ့ပျောက်နိုင်စွမ်း မရှိသလို သူမရဲ့ နှလုံးသား
မှာလည်း ခတ္တာကို ဘယ်တော့မှ ထုတ်ဖယ်မထားခဲ့။ အမြဲမခွဲ
တတွဲတွဲချစ်သော သူငယ်ချင်းညီအစ်မများ ဖြစ်ခဲ့ကြပါသည်။

ခတ္တာနှင့် အနီးကပ်နေရတာ ကြာလာသောအခါ
ခတ္တာရဲ့ စိတ်သဘောထားတွေကိုပါ သူမ နားလည်လာခဲ့ရလေ
သည်။ မပြည့်စုံသည့်ဘဝ၊ မျက်နှာငယ်ရသောဘဝမှာ နေထိုင်လာ
ခဲ့ရသော ခတ္တာတွင် အင်မတန် ကြီးမားသည့် ချမ်းသာချင်စိတ်ကြီး
ရှိနေကြောင်း သိလိုက်ရသောအခါ သူမ ဝမ်းမသာချင်တော့။

ပညာရေးကို စိတ်မဝင်စားလှသော ခတ္တာကို
ဆယ်တန်းနှစ်ချင်းပေါက်စေဖို့ သူမ အတော်လေး တိုက်တွန်း
ခဲ့ရသည်။ ခတ္တာကတော့ တစ်နေ့တခြားပင် သူမရဲ့ စိတ်ဓာတ်နှင့်
သွေသွေကြီး ဆန့်ကျင်ကာ အရွယ်နှင့်မမျှအောင် ချမ်းသာကြွယ်ဝ
လိုစိတ်၊ အောင်မြင်ကျော်ကြားလိုစိတ်များ များပြားလွန်းလာသော
သူငယ်ချင်းအတွက် သူမ စိတ်မကောင်း ဖြစ်ခဲ့ရပါသည်။

✧ ✧



www.burmeseclassic.com

www.burmeseclassic.com



"ရင်ခွင်မှာ မောင်မောင် ရောက်လာတော့ ... စံပယ်ရဲ့ ငယ်သူငယ်ချင်းအချစ်ကို ... ဘယ်လို သံသယ ရှိမလဲ ... အရင်လို နွေးထွေး ချစ်ခင်ခဲ့ ... ဒါပေမဲ့လည်း မင်း စိတ် ထား တွေ ... ရုတ်တရက် ပြောင်းလဲသွားတော့ ကိုယ့်မှာ"

CD Player ထဲမှ ငြိမ့်ငြောင်းစွာ ထွက်ပေါ်နေသော သီချင်းကို သူမက သိပ်ကြိုက်လေသည်။ ဒါပေမဲ့ ဒီသီချင်းကို ခတ္တာက သိပ်မုန်းသည်တဲ့။ ဘာကြောင့်လဲဆိုတာတော့ သူမ မသိချေ။ ခတ္တာကတော့ သီချင်းထဲက စံပယ်ကို အတော်မုန်း တယ်၊ ဒါကြောင့် မဖွင့်နှင့်ဟု ဒီသီချင်းဖွင့်တိုင်း တားမြစ်ဖူးသည်။

ဒါ့ကြောင့် ခတ္တာ လာလျှင် ဘယ်တော့မှ မဖွင့် တတ်ချေ။ ဒါပေမဲ့ ပါးစပ်ကတော့ မကြာခဏ ညည်းမိလေသည်။ အခုလည်း အိမ်ဘက်ကို ခတ္တာ လှမ်းဝင်လာတာ တွေ့ရ၍ ဖွင့်လက်စ သီချင်းကိုရပ်ကာ ခတ္တာ ကြိုက်နှစ်သက်သော သီချင်း ခွေ ပြောင်းတည့်ပေးထားနှင့်လိုက်သည်။ ဆန္ဒနှစ်ခု ရှေ့တန်းတင် လာကြပြီဆိုလျှင် သူမက အမြဲတစေ ခတ္တာကို ဦးစားပေးနှင့်ပြီး သား ဖြစ်ခဲ့ပါသည်။

ဒါဟာ သံယောဇဉ်လား၊ ခင်မင်မှုလား၊ အသေအချာ တော့ သူမ မဝေခွဲတတ်။ သေချာတာတော့ သူမလောက် မပြည့် စုံရှာသည့် ခတ္တာနှင့် မငြင်းလိုချင်းက ပိုပါမည်။ သူမရဲ့ အခန်း တံခါးကို မခေါက်ဘဲ ဝင်လာသူသည် ခတ္တာပဲ ဖြစ်သည်။





"ဘာလုပ်နေတာလဲ"

"သီချင်း နားထောင်နေတာ"

ခတ္တာက စာအုပ်တချို့ကို ဟိုလှန် ဒီလှောလုပ်ရင်း သာ ပြန်ချထားလိုက်ကာ ...

"ပျင်းတယ်ဟာ ဘာလုပ်ရင် ကောင်းမလဲ"

"ဘာမှ မလုပ်တာ ပိုမကောင်းဘူးလား၊ ဘာစားမလဲ"

"အစားဆိုတာ ဗိုက်ဆာမှ ပိုစားကောင်းတာဟ၊ ဗိုက်ဆာ အောင် လုပ်ကြစို့"

"အဆန်းပဲ မကြားဖူးဘူး"

ခတ္တာက ပြတင်းပေါက်မှနေ ာစ်ဖက်ခြံသို့ စေ့စေ့ ပ်စပ် ကြည့်နေရင်း ...

"ကြက်တောင် ရိုက်မယ်လေဟာ၊ ဒါမှမဟုတ် တင်းနစ် ရိုက်မလား"

"မောရမယ့်ဟာတွေပါလား၊ ချက်စ်ထိုးပါလားဟယ်၊ ဒါမှ မဟုတ် ဘီလီယက် ထိုးရင်လည်းထိုး"

အဲဒီလိုမျိုးပင် သူမနှင့် ခတ္တာက ဆန့်ကျင်ဘက် ည်းဖြစ်သည်။ သူမသည် အေးအေးဆေးဆေး ငြိမ်ငြိမ်သက် က်နှင့် ဦးနှောက်သုံးရသော ကစားနည်းတွေကို ကြိုက်လေ့ရှိ လို ခတ္တာက ပြေးပြေးလွှားလွှား လှုပ်ရှားနေရတာမျိုးကို သဘောကျသူ ဖြစ်သည်။ တစ်ဖက်ခြံသို့ ငေးနေရင်းမှ ခတ္တာက ခေါင်းလှည့်လာရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"လာပါဟာ အဲဒါတွေက ပျင်းဖို့ကောင်းပါတယ် လာပါ"

ခတ္တာက လက်ကို ဆွဲမသောအခါ သူမ ထိုင်နေ မရတော့။ နောက်တော့ ခတ္တာရဲ့ ဆန္ဒကိုဦးစားပေးခဲ့ရတာ ဖြ လေသည်။ ဘက်မင်တန် တစ်ယောက်တစ်ချောင်းစီ ကိုင်လျ ခြံထဲ ဆင်းခဲ့ကြရင်းမှနေ တစ်ဖက်ခြံကို စိတ်ဝင်စားနေဟန်တူသေ ခတ္တာက မေးလာသည်။

တစ်ဖက်ခြံက လူမနေသေးသော အိမ်သစ်ဖြစ်သ အပြင်အဆင် လုပခဲ့ညားပါသည်။ သူမတို့ခြံထက် သာလွန် ဖြင့် ရေကူးကန်တောင် ပါသေးသည်။ ခတ္တာ မေးတာတွေ သိသလောက် ဖြေရင်း ...

"ဘာလဲ သဘောကျလို့လား"

ခတ္တာရဲ့ မျက်ဝန်းရိပ်တွေက သဘောကျရိပ်ဖြ ဖျပ်ဖျပ်လက်နေတာကို သူမက သွားသတိပြုမိလေသည်။ ခတ္တာက မပြည့်စုံသော သူ့ဘဝကို နှမ်းနယ်လျက် ပြည့်စုံမှုကို အမြဲမျှော်လ နေသူတစ်ဦးဖြစ်သည်။

ခတ္တာရဲ့ မျက်လုံးတွေက အိမ်ကြီးကို အားကျ လိုချင်စိတ်တွေဖြင့် ငေးမောကာ နေသည်။

"ခမ်းနား လိုက်တာဟယ်၊ ငါ့တစ်သက်မှာ ဒီလို အိမ်မျိုး နှင့် နေရဖို့ဆိုတာ သိပ်မဖြစ်နိုင်ဘူးနော်"

"အိုး ... ဘာလို့ မဖြစ်နိုင်ရမှာလဲ၊ ကံဆိုတာ ကြိုသိတာမှ မဟုတ်တာ၊ ကဲ ... လာ"





အဲဒီနေ့က သူနိုင်ကိုယ်နိုင် အပြိုင်ကျဲ ရိုက်ခဲ့ကြ သော ဘက်မင်တန်ပွဲတွင် သူမ ရှုံးခဲ့ပါသည်။ ရှုံးခဲ့သည်ဆိုတာ က် အရှုံးပေးခြင်းဆိုလျှင် ပိုမှန်မည် ဖြစ်သည်။ ဒါပေမဲ့ အရှုံး ပေးခဲ့တယ် ဆိုတာတော့ ခတ္တာ မသိစေရ။ ပေးမှန်းမသိအောင် ပေးရသော အဲဒီပညာက လွယ်မယောင်နှင့် ခက်ပါသည်။

ခတ္တာ သိလျှင် ကျေနပ်မှာမဟုတ်၍ အပီပြင်ဆုံး ပွဲချင်ဟန်ဆောင်ကာ ရှုံးပေးခဲ့သည်။ အဲဒီလို အရှုံးပေးတာတွေ၊ လျှော့ပေးခဲ့တာတွေ မရေတွက်နိုင်ခဲ့တော့။ အမြဲတမ်း အလို ကျမှုတွေနှင့် ရင်သန်ရရှာသော သူငယ်ချင်း ပျော်ပါစေတော့ဟူ သည့် စေတနာတစ်ခုနှင့်သာ ပီတိတွေ ဖြာခဲ့ရသည်။ ရွှေးစတွေ ကြားမှာပင် အနိုင်ရ၍ ဝမ်းသာနေရှာသော ခတ္တာရဲ့ မျက်နှာလေး ကိုငေးကာ သူမလည်း ချမ်းမြေ့ခဲ့ရပါသည်။ ဪ ... ခတ္တာက သူမ သိပ်ချစ်ရတဲ့ သူငယ်ချင်းပဲလေ။

✧ ✧

ရက်တွေ ဖြတ်ကျော်ကာ လတွေ ပြောင်းပြီးနောက် နှစ်တွေ တစ်နှစ်ပြီးတစ်နှစ် ပုံမှန်ပြောင်းလဲလျက် ရှိသလို သူမနှင့် ခတ္တာတို့သည်လည်း တစ်မျိုးတစ်ဖုံ ပြောင်းလဲလာခဲ့ကြပါသည်။ ငယ်ရင်လို ဆယ်ကျော်သက်အရွယ်တွေ မဟုတ်ကြတော့။ နှစ်ဆယ် ကျော်ပြီးသည့်နောက်ပိုင်းမှာ သူမ အတွေးအခေါ်တွေ ပြောင်းလဲ လာခဲ့သလို ခတ္တာရဲ့ အတွေးတွေလည်း အများကြီး ပြောင်းလဲလာ တာကို သူမ သိခွင့်ရခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘွဲ့ရပြီး နောက်ပိုင်းမှာလည်း သူမက အဆင့်မြ
သင်တန်းတွေ ထပ်မံ တက်ရောက်နေသဖြင့် ခပ်ငယ်ငယ်တု
ကလောက် ခတ္တာနှင့် ဆုံစည်းခွင့် မရတော့။ တစ်ခါတလေ
တွေ့ဆုံကြသည့် အခိုက်မှာတော့ ကြားသိရသည့် ခတ္တာ၏
စကားများအရ သူ့ရဲ့ ကြီးပွား ချမ်းသာလိုစိတ်ဟာ အရင်က
ထက်တောင် အဆများစွာ ပိုမို ရင့်သန်လာတာတော့ အမှန်ပင်
သူငယ်ချင်းကို လောဘစိတ် မများဖို့ သူမ ဆုံးမသည်။ ဒီအခါ
ခတ္တာက တမင် လုပ်ယူထားသော အပြုံးမဲ့မဲ့ဖြင့် ...

"နင်က ပြောအားရှိမှာပေါ့၊ နင့်ဘဝမှာ အရာအားလုံ
ပြည့်စုံနေတာကိုး"

သူမက ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းနေရင်း
မှ ...

"မဟုတ်ဘူး ခတ္တာ၊ လောကမှာ Perfect ဖြစ်တဲ့ လူဆို
တာ မရှိပါဘူး၊ နင့်စိတ်ထဲမှာ လိုချင်မှုတွေများပြီး ပူလောင်
နေတာကို ငါ သဘောမကျဘူး၊ ကြိုးစားချင်တဲ့ စိတ်ကို
ငါ အားပေးတယ်၊ ဒါပေမဲ့ အရမ်းကြီး ချမ်းသာချင်တဲ့စိတ်
ကို လျှော့ပါဟာ"

"လျှော့လို့ မရတော့ဘူး၊ ရွှေတားး ငါ ငယ်ငယ်လေး
တည်းက အမြစ်တွယ်လာတဲ့စိတ်ဟာ ရင့်သန်နေပြီ၊ ငါ
ချမ်းသာမှ ဖြစ်မယ်၊ လူကုံထံ အသိုက်အဝန်းမှာ ဝင်ဆံ့
နိုင်တဲ့လူ ဖြစ်ချင်တယ်၊ နင် နားလည်ပါတယ်ဟာ"





"ခတ္တာ၊ နင့် စိတ်တွေ ပြင်းထန်လွန်းနေပြီနော်၊ အဲလောက်
လောဘမများနှင့်၊ လောဘစိတ်ဟာ မိန်းကလေးတစ်
ယောက်အတွက်တော့ အန္တရာယ်ပဲ"

ခတ္တာက သူမ စကားကို ရယ်စရာတစ်ခုလေ
အလား ခပ်ဟက်ဟက် ရယ်မောနေရင်းမှနေ မပြောတော့ဘူး
ဟူသော ဒီဇိုင်းနှင့် သူမရဲ့ စီဒီအချပ်တွေကို စိတ်ကြိုက် မွှေနှောက်
ကာ နေလိုက်သည်။ မကြာသေးခင်ကမှ အသစ်လဲထားသော
ပိုင်အိုနီးယား စက်ကြီးကို သဘောတကျဖွင့်ကာ နားဆင်ရင်း
မျက်လုံးမှိတ်ထားသော ခတ္တာကိုကြည့်လျက် သူမကတော့
သက်ပြင်းတွေပဲ ချမိပါသည်။

ငွေတွေပေါတိုင်း ပျော်မယ်ထင်လား ခတ္တာရယ်။
ပြီးတော့ ဘယ်အရာမဆို အပေးအယူတစ်ခုတော့ ရှိစမြဲဆိုတာ
နင် နားလည်ထားသင့်ပါတယ်။ လောကကြီးမှာ ဘယ်အရာမှ
အလကား မရတတ်ဘူးလေ။

ဘဝက မပြည့်စုံသော်ငြား ရုပ်ရည်ရှုပ်ကာအားဖြင့်
တော့ စားသည်ဟု ဝန်ခံရမည်ဖြစ်သော ခတ္တာရဲ့ လုပမှုကို သူမ
က သဘောဘကျနှင့် ချီးမွမ်းတတ်ရုံမျှမက ဘာပစ္စည်းပဲ အသစ်
အဆန်းပေါ်ပေါ် အမှတ်တရ သတိတရ ရှိတတ်တာလည်း
အမှန်ပဲ ဖြစ်သည်။ fancy ပစ္စည်းတွေကို သူမက လုံးလုံးလျားလျား
စိတ်မဝင်စားသော်လည်း ခတ္တာက crazy ဖြစ်လွန်းသည်မို့ မွေးနေ့တ
တွေ၊ ပလာဇာတွေရောက်တိုင်း fancy ကြိုးတွေ၊ လက်ဆောင်တွေ
ဆိုလျှင် မက်မောလွန်းလှသော ခတ္တာက တစ်ခါက ပြောပြဖူးသည်။



www.burmeseclassic.com

www.burmeseclassic.com



"နှင့်လို ပလက်တီနမ်တွေ ဝတ်ချင်တာပေါ့၊ . ဒါတွေ မရနိုင်တော့လည်း အဲဒါတွေ ကြိုက်လိုက်ရတာပေါ့ဟယ်၊ ဒါပါပဲ"

ခတ္တာက အဲဒီလို ပွင့်ပွင့်လင်းလင်းတော့ ရှိလေသည်။ သူမကလည်း အဲဒီ စိတ်ထားလေးကိုပင် နှစ်သက်သဘောကျ၍ ဒီအချိန်ထိ ခတ္တာနှင့် အပေါင်းအသင်း လုပ်နေတာဖြစ်သည်။ တကယ်တမ်းဆိုရင် ခတ္တာနှင့် သူမရဲ့စိတ်ဓာတ်၊ ခံယူချက်၊ အသိအမြင်တို့ဟာ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်ကွာခြားလွန်းလှတာလေ။

ချမ်းသာခြင်း၊ ဆင်းရဲခြင်းသည် အတိတ်ရဲ့ ဘဝပေးကုသိုလ်ကံအရ ဖြစ်တည်လာမှုကြောင့်ဟု ခံယူထားကာ လက်ရှိအချိန်မှာတော့ ကိုယ့်ကိုယ်ကိုယ် အကောင်းဆုံးဖြစ်အောင် တည်ဆောက်နိုင်ခြင်းကသာ လူတစ်ယောက်၏ အရည်အချင်းဟု သူမ လက်ခံထားပါသည်။ အခုချိန်မှာတော့ ခတ္တာအတွက် စုထားသော fancyပစ္စည်းတချို့နှင့်အတူ ခတ္တာကို စောင့်ဆိုင်းနေလိုက်ပါသည်။

ခတ္တာ ကြိုက်သော ပေါ့ပ်သီချင်း မြူးမြူးလေးတွေကို ခပ်တိုးတိုး ဖွင့်ထားရင်း ဘာသာပြန် စာအုပ်တစ်အုပ်ကို ဖတ်နေစဉ်မှာပင် ရှော့ပင်းန် ဘက်အိတ်ကြီးကိုလွယ်လျက် ခတ္တာ ရောက်လာလေသည်။ သူမက စာအုပ်ကို ဘေးသို့ အသာချရင်း ...





"ခတ္တာရေ နှင့်ဖို့ ငါ fancyတွေ စုထားတယ်၊ up to date တွေချည်းပဲ"

အပြင်မှ ပြန်လာကာ မောနေဟန်တူပါသည်။ ခတ္တာ့ရဲ့ နဖူးနှင့် နှုတ်ခမ်းတစ်ဝိုက်မှာ ချွေးများတောင် စို့နေသည်။ သူမက စိတ်မသက်သာစွာဖြင့် ငေးနေမိသည်။ တစ်ခါတလေတော့လည်း ခတ္တာရဲ့ လောဘစိတ်ကို နားလည်ပါသည်။ အချိုရည်ဘူးကို တစ်ကျိုက်တည်းနှင့် တစ်ဝက်ကျိုးအောင် သောက်ပစ်လိုက်သော ခတ္တာကတော့ ငေးနေသည့် သူမမျက်နှာရှေ့ လက်ဝှေ့ယမ်းရင်း ...

"မမြင်ဖူးဘူးလား ပြဦးလေ ဘယ်မှာလဲ"

သူမ ကမ်းပေးလိုက်သော အထုပ်တွေကို ဖွင့်ကြည့်ကာ သဘောကျရိပ်က ခတ္တာ မျက်နှာမှာ အထင်းသား။

"ကြိုက်တယ် အတော်ပဲ၊ ဝတ်စရာနေရာတွေလည်း ပေါ်လာပြီလေ"

"ဘာလဲ"

ခတ္တာက သူမရဲ့ မျက်နှာကို တစ်ချက်ကြည့်ရင်း ...

"ငါ အခု အလုပ်,လုပ်နေပြီ"

"ဟုတ်လား ... မားကတ် တစ်ခုခုက sale girl လား၊ ကောင်းတာပေါ့"

သူမစကားကို ခတ္တာက နှာခေါင်းရှုံ့ပစ်သည်။ သူမ အမြဲပြောဖူးပါသည်။ အလုပ်တစ်ခုခု ဝင်လုပ်ရော ငွေစု၊



www.burmeseclassic.com

www.burmeseclassic.com



ပြီးရင် တခြား မွှမ်းမံသင်တန်းလေးတွေတက်သွား၊ ကိုယ့်အရည်အချင်းကို ကိုယ့်ဘာသာ မြှင့်သွားဟူ၍။ ဒါဆိုလျှင် တစ်နေ့ ခတ္တာ တစ်ယောက် Marketing Executive တစ်ယောက်တော့ ဖြစ်လာနိုင်သည်ပဲ့။ အောက်ခြေမှ စရသူတွေအတွက် ဘဝဆိုတာ အမြင့်ကိုရောက်ဖို့ လှေကားထစ်တွေလိုပဲ တစ်ဆင့်ချင်း ကြိုးစား တက်သွားရတာပဲ မဟုတ်ဘူးလား။

ခတ္တာက လက်ကျန် အချိုရည်ကို မော့သောက်ပစ်ရင်း ...

"sale girl ရတဲ့ လခနှင့် ငါ ဘာလုပ်ရမှာလဲ၊ အခု ငါ လုပ်ရတာက လခကောင်းတယ်၊ လခထုတ်ရင် နင် စားချင်တာ ငါ ဝယ်ကျွေးမယ်လေ၊ ငါ့လုပ်စာ နင် စားဖူးတော့ မှာပါ ဟား ... ဟား"

ခတ္တာရဲ့စကားကို သူမ သဘောမကျချင်ပေ။ ခတ္တာ ဘာလုပ်လည်းဆိုသော မေးခွန်းက ခေါင်းထဲမှာ ပြေးလွှားနေသည်။ ခတ္တာကတော့ အေးအေးဆေးဆေးပင်။ fancy ခါးပတ်ကို ခါးမှာပတ်ကြည့်ရင်း သဘောတွေ အတော်လေး ကျနေပါသည်။ စပို့ရှပ် အနက်ကျပ်ကျပ်နှင့် အပြာမှိုင်းမှိုင်း fiting ဂျင်းဘောင်းဘီ ဝတ်ဆင်ထားသော ခတ္တာရဲ့ ကိုယ်ကာယလှပမှုကို သူမက ငေးစိုက်ကြည့်နေရင်းမှ ...

"ဘာအလုပ်လဲ ခတ္တာ ငါ့ကို ပြောပြပါလား"

"ဒီလိုပါပဲဟာ Restaurant မှာပေါ့"





သူမက ခတ္တာရဲ့ပခုံးတွေကို ခပ်ကြမ်းကြမ်း ဆွဲလှုပ်ပစ်ရင်း ...

"ခတ္တာရယ် အဲလောက်ငွေမမက်စမ်းပါနဲ့၊ ငါ့စကားကို နားထောင်စမ်းပါဟာ"

"ကျွတ် ... ခက်တာပဲ၊ နင် ငါ့ကို နားမလည်ပါလား ရွှေထားရယ်၊ ငွေမြန်မြန်ရမှ ငါ့ရည်မှန်းချက်တွေကို အကောင်အထည် ဖော်နိုင်မှာပေါ့"

သည်တစ်ခါ ကျွတ်ခနဲ စုတ်သပ်သူက သူမ။ ခုတင်ပေါ် ခြေပစ်လက်ပစ် ထိုင်ချပစ်ရင်း ...

"ဘာရည်မှန်းချက်လဲ"

"ငါ မော်ဒယ်သင်တန်း တက်မယ်လေ၊ ဒီကမှတစ်ဆင့် တီဗီစတားဖြစ်အောင် လုပ်မယ်၊ ငါက ဘဝမှာ ငွေရော အောင်မြင်မှုရော လိုချင်တာ"

သူမ ခတ္တာကို ဘာမှပြန်မပြောနိုင်တော့။ ခုတင်ပေါ် မှာသာ ကန့်လန့်လှဲနေမိလေသည်။ ခတ္တာက သူမကို အပေါ်မှ စီးမိုးငုံ့ကြည့်ရင်း ...

"ငါ့ဘဝမှာ ငွေဆိုတာလဲ နတ္ထိ၊ အောင်မြင်မှုဆိုတာလဲ မအပ်စပ်တဲ့အရာ၊ ဒီတော့ ဒါတွေကို အများကြီးမယူဘဲ တောင် အနည်းအကျဉ်းတော့ မြည်းခွင့်ရချင်တယ်ဟာ၊ နင် ပြောသလို လုပ်ဖို့ဆိုတာ ငါ့အတွက် မဖြစ်နိုင်ဘူး ရွှေထား၊ အဲလောက်လေးနှင့် ဘဝကို မတင်းတိမ်နိုင်ဘူး၊



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတလေမှာ ငွေတွေကို စိတ်ရှိလက်ရှိ ဖြုန်းပစ်ရဝ ဘဝမျိုး ငါ အရမ်းမက်မော တောင့်တတယ်"

သူမက မျက်လုံးနှစ်လုံးကိုသာ စုံမှိတ်ချလိုက်လေသည်။ အခန်းထဲမှာ သီချင်းသံတိုးတိုးမှအပ အတန်ကြာ တိတ်ဆိတ်နေသည်။ ခတ္တာထံမှ အသက်ရှူသံပြင်းပြင်းကို ကြားလိုက်ရပြီးသည့်နောက်မှာ ခတ္တာ့အနားက ဖယ်ခွာသွားသံ ပစ္စည်းတွေသိမ်းသံ အိတ်လွယ်သံတို့ကို ဆက်တိုက်ကြားရသည်။ သည်နောက် သူမနား တစ်ဖန်ပြန်ရောက်လာရင်း ...

"ငါ ပြန်တော့မယ်ဟာ၊ fancyတွေအတွက်တော့ ကျေးဇူးပဲ၊ ဘာပဲဖြစ်ဖြစ်ပါ ရွှေထားရယ်၊ ငါ နင့်ကို သိပ်ချစ်ပါတယ်၊ ငါ့အပေါ်မှာလဲ နင်ဟာ သိပ်ကောင်းခဲ့သူတစ်ဦးပါ၊ ဒါကို ငါ အမြဲယုံကြည်ထားပါတယ်၊ တစ်ယောက်နဲ့ တစ်ယောက် သဘောထားချင်းတွေ မတူလဲပဲ နင်နဲ့ငါ သူငယ်ချင်းပါပဲ"

ခတ္တာ ပြန်သွားသောအခါ သူမ ရင်မောစွာ ကျန်ရစ်ခဲ့ပါသည်။ သည်တော့မှ ခတ္တာပေါ် သူမရဲ့သံယောဇဉ် မေတ္တာဟု ဘယ်လောက် ကြီးမားသလဲဆိုတာ ကိုယ့်ဘာသာ ပြန်သိတော့သည်။ ဘဝမှာ ချမ်းသာချင်လွန်းသော၊ ဒါမှမဟုတ် အောင်မြင်မှုပါ အဆစ်လိုချင်လွန်းသော သူငယ်ချင်းကို ဘယ်လို စကားလုံးတွေနှင့် နှစ်သိမ့်ရမလဲ သူမ မသိတော့။ ဘာကြောင့်များ သူမနှင့်အတူ စာတွေဆက်ဖတ်ကာ ရိုးစင်းသည့်ဘဝကို မလိုချင် ရသလဲ။





ကိုယ်နှင့် အင်မတန် အလှမ်းကွာဝေးလွန်းသော ပတ်ဝန်းကျင်ကို အားကျသည့်စိတ်က ခတ္တာရဲ့ မောဟတွေကို ပို၍ တွန်းအားပေးခဲ့တာ ဖြစ်နိုင်သည်။ ကိုယ် သံယောဇဉ်ရှိရလွန်းသော သူငယ်ချင်းတစ်ယောက် restaurantမှာ ရပ်ရည်လေးပြကာ ကြိုးစားရန်းကန်ရင်း ဘဝရဲ့တက်လမ်းတစ်ခုကို ဝေဝေဝါးဝါး မသဲမကွဲ ရှာဖွေနေရခြင်းအပေါ် သူမ များစွာကရုဏာ သက်ရလေသည်။

✧ ❦ ✧

လကုန်ရက်မရောက်မီ တစ်ပတ်ခန့် အလိုကပင် ခတ္တာက သူမကို ကြိုတင်ချိန်းဆိုထားခဲ့သည့်မို့ အဲဒီနေ့တစ်နေ့ကို တော့ဖြင့် ခတ္တာကို အချိန်ပေးဖို့ ဆုံးဖြတ်ထားခဲ့သည်။ ခတ္တာနှင့် အပြင်မလည်ရတာ ကြာနေတာကိုလည်း သတိပြုမိပါသည်။ သူမကလည်း စာတွေနှင့် မအားသလို ခတ္တာလည်း သူ့သန်ရာ သန်ရာဖြင့် ရှုပ်နေမည်ဟု တွေးဆမိပါသည်။ စဉ်းစား နေကတုန်းမှာပင် ခတ္တာ ရောက်လာသည်။ ဆွဲဆောင်မှုအားကောင်းလွန်းသော ဝတ်စုံဖြင့် မိန်းမချင်းပင် ငေးယူရပါသည်။

"လှ လှချည့်လား"

သူမ နှုတ်မှ ဖွင့်ဟရသည်အထိ။ ခတ္တာက တောက်ပစွာ တစ်ချက်ပြုံးပြရင်း ခေါင်းညိတ်ပြသည်။ သူမတို့နှစ်ဦးစလုံး အရင်တစ်ပတ်က အကြောင်းအရာများအား မေ့ထားကြပါသည်။ ခတ္တာက လှပနေသောရုပ်သွင်ကို မှန်ထဲမှာ တစ်ချက်ကြည့်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"နင် ဘယ်ဆိုင်မှာ စားချင်လဲ"

လခထုတ်လာပြီမို့ ခတ္တာ ကျွေးတော့မည်ဟု ရိပ်စားမိပါသည်။

"ရပါတယ်ဟာ ဘယ်မှာပဲဖြစ်ဖြစ်ပါ၊ နင် ဘယ်သွားမလို့လဲ"

"နင်နှင့်ငါ ဗိုလ်ချုပ်ဈေး မပတ်ရတာ ကြာပြီလေ၊ ကြာဆိုတစ်နှစ်လောက်တောင် ရှိရော့မယ်"

"အေးလေ ဒါဆို သွားတာပေါ့၊ အဲဒီကျမှ ရွေရင်အေးသောက်မယ်လေ"

"များများတော့ စားနော်"

သူမက ခေါင်းညိတ်ပြကာ ကားသော့ကိုကောက်ယူပြီး နှစ်ဦးသား ထွက်လာခဲ့ကြပါသည်။ အခုထိတော့ အဆင်ပြေနေတုန်းပင်။ ကားမောင်းရင်းမှနေ၍ ခတ္တာကို ဘယ်လိုစကားစရမှန်း မသိ၍ အသာနှုတ်ဆိတ်နေမိသည်။ မကြိုက်ဘူးကွာ၊ ဘယ်လိုနည်းနှင့်မှ ခတ္တာကို စားသောက်ဆိုင်မှာ လုပ်နေတာကို သဘောမတွေ့လှပါဘူး။ သည်လောက် အလုပ်အကိုင်တွေ ပေါများလှတဲ့ ရန်ကုန်လို နေရာမျိုးမှာ တခြားအလုပ်တွေ အများကြီးပဲဟာ။ ဥပမာ ဘဏ်တစ်ခုခုက စာရေးတော့ဖ်ပဲ ဖြစ်ဖြစ်ပေါ့။

"ဘာတွေစဉ်းစားနေတာလဲ ရွှေထား"

"မစဉ်းစားပါဘူး"





မစဉ်းစားပါဘူးဆိုပေမဲ့ စဉ်းစားနေတာကတော့ ခေါင်းပူမတတ်ပင်။ ခတ္တာအတွက် ပူပေးမည့်လူသည် သူမမှလွဲ၍ အခြားမရှိမှန်း သူမဘာသာ အသိဆုံး ဖြစ်ပါသည်။ ခတ္တာရဲ့ဦးလေးကလည်း အဲဒီလောက် သံယောဇဉ်ရှိတာ မဟုတ်။ သူ့လမ်းသူ ရွေးချယ်သွားလည်း ပါးစပ်တစ်ပေါက်လျော့သည်ဟု စိတ်မျိုးထားမည့်သူ တစ်ဦးပင်။ ခတ္တာကိုယ်၌ကလည်း သူ့ခြေထောက်ပေါ်သူ ရပ်တည်ချင်သည့် စိတ်က လွှန်ကဲနေသည်။ သာမန်ကြိုးစားချင်သည့်စိတ်ထက် ပိုမိုနေ၍ သူမ စိုးရိမ်နေခြင်း ဖြစ်လေသည်။ ငါ ခွေးရူးကိုက်ခါနီးတုန်းက နင် ကယ်နိုင်ခဲ့သလို နင် နွံနစ်မယ့် အရေးက ငါ ကယ်နိုင်ပါ့မလား ခတ္တာရယ်။

တွေးလိုက် မောင်းလိုက်နှင့်ပင် ဗိုလ်ချုပ်ဈေး ရောက်လာခဲ့သည်။ ကားပါကင် ထိုးပြီးတာနှင့် ဈေးထဲဝင်လာကြသောအခါ ပတ်ဝန်းကျင်က ခတ္တာရဲ့လှပမှုကို အသိအမှတ် ပြုပေးကြပါသည်။ ခတ္တာနှင့် စကားပြောရင်း ဟိုကြည့်သည်ကြည့် လျှောက်လာနေတုန်းပင် မထင်မှတ်သော ဖြစ်ရပ်တစ်ခု ဖြစ်သွားခဲ့လေသည်။ ခတ္တာရဲ့လက်ကို ဖျတ်ခနဲဆွဲလိုက်သော လူတစ်ယောက်။ သူ့ပုံစံက တရင်းတနှီး ဆန်လွန်းလှလေသည်။ မျက်လုံးအကြည့်တွေကလည်း သိပ်မမိုက်ချင်စွာဖြင့် ရိုင်းစိုင်းချင်သည်ဟု သူမက တန်း၍ သတ်မှတ်သည်။ ခတ္တာကတော့ ပျက်ထွက်သွားသေချက်မှာကို ဖျတ်ခနဲပြင်ဆင်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ရွှေထား ရှေ့က ခဏစောင့်နေပါလား၊ ငါ ခဏစကား ပြောလိုက်ဦးမယ်"

သူမက ခေါင်းကိုခါယမ်းရင်း ခတ္တာရဲ့လက်ကိုလည်း ဟင်းတင်းဆုပ်ကိုင်ထားလိုက်သည်။ ရှေ့မှလူကို ခပ်တည်တည်ပင် စိုက်ကြည့်ပစ်ရင်း ....

"ရပါတယ်၊ နင့်မိတ်ဆွေပဲ မဟုတ်လား၊ ပြောစရာရှိတာ သာပြောပါ"

"မဟုတ်ဘူး ကျွတ်"

"ဘာမဟုတ်တာလဲ၊ ရှင်က ဘယ်သူလဲ"

အခုချိန်ထိ ခတ္တာရဲ့လက်ကို ဆွဲထားတုန်းဖြစ်သည့် လူကို သူမက တည့်တည့်ပင် ရင်ဆိုင်ပစ်လိုက်သည်။ သူက ဘယ်သူလဲဆိုသော မေးခွန်းတွေ သူမရင်ထဲ ချာချာလှည့်နေသည်။ ခတ္တာရဲ့ရည်းစားလား။ အို ... အဆီပြန်မျက်နှာနှင့် ရွှဲစပြုနေသည့် ဗိုက်၊ ဟန်းချိန်းသုံးလေးခု ဆင့်ဝတ်ထားသည့် လေးဆယ်ကျော် ပုဂ္ဂိုလ်ဟာ လူပျိုလူလွတ်တော့ ဘယ်နည်းနှင့်မျှ မဖြစ်နိုင်။ ပြီးတော့ မျက်ဝန်းတွေကလည်း ရွံရှာဖို့ကောင်းလိုက်တာ။ ခတ္တာရယ် ဘယ်လိုလူမျိုးတွေနှင့် ရင်ဆိုင်ပတ်သက်နေရသလဲ ...

"ကိုယ်ကလား ကိုယ်က အဟင်း ... ဟင်း"

တောက် ... အော်ဂလီဆန်စရာ ကောင်းလိုက်တာကွာ။ ဒီအသက်အရွယ်နှင့်များ ကိုယ်တဲ့။ သူမရဲ့ နီရဲစပြုလာတဲ့ မျက်နှာကို ခတ္တာက နားလည်သဘောပေါက်စွာနှင့်ပင် ထိုသူ့ လက်ထဲမှလက်ကို ရုန်းထွက်ရင်း သူမကိုပါ ဆွဲခေါ်တော့လျက် ...





"ဦးနိုင် အိတ်ကျူးစ်မီ နောက်မှတွေ့မယ်နော် သိလား၊ ပလိစ်"

ထိုလူကြီးကတော့ဖြင့် အမြင်ကတ်စရာ ကောင်းလောက်အောင်ပင် တမင်လုပ်ယူထားသော အပြုံးမျက်နှာကြီးဖြင့် လက်ချောင်းလေးများ လှုပ်ခတ်ကာ နှုတ်ဆက် ကျန်နေရစ်ခဲ့လေသည်။ ခတ္တာရဲ့နောက်ကို ဒေါသဖြစ်ဖြစ်နှင့် လိုက်ပါလာခဲ့သော သူမကတော့ဖြင့် တော်တော်ဝေးဝေးရောက်မှ သတိဝင်လာတော့လျက် ခတ္တာရဲ့လက်တွေကို ဆွဲဖြုတ်ပစ်ရင်း ...

"နေစမ်းပါဦး ခတ္တာရဲ့၊ အဲဒီလူကြီးက ဘယ်သူလဲ၊ သူက ဘာကိစ္စနဲ့ လက်ကိုဆွဲတာလဲ"

"ဆိုင်ကိုလာနေကျ customerပါဟာ၊ သူ နောက်တာပါ"

"ဘာနောက်တာလဲ ငါ မယုံဘူး၊ ဒီမယ် ခတ္တာ ငါ ပြောမယ်၊ နင် ဒီအလုပ်က ထွက်လိုက်ပါတော့ဟယ်၊ ငါ တောင်းပန်ပါတယ်၊ ငါ ပြောတာကို နားထောင်ပါ၊ ငါနှင့်အတူ စာဖတ်ပါ၊ ပြီးရင် ဆစ်ဒနီမှာ ငါနှင့်အတူ ကျောင်းလိုက်တက်ပါ၊ မာမီတို့ကို ငါ ပြောပါမယ်၊ ဟင် နော် ခတ္တာ ငါ့စကားကို နားထောင်စမ်းပါ ခတ္တာရယ်"

သူမ အသံတွေက ဆို့နင့်ရလွန်း၍ အဖျားခတ်ကာ တုန်ယင်နေသည်။ ငါ သဘောပေါက်တယ် ခတ္တာရယ်။ အခြေအနေတွေအရ အလုပ်သဘောတွေအရ အလိုက်အထိုက်ဆက်ဆံနေရတဲ့ နင်တို့ရဲ့ဘဝတွေကို ငါ သဘောပေါက်တယ်။ မလွဲသာ



www.burmeseclassic.com

www.burmeseclassic.com



မရှောင်သာလွန်းလို့ လုပ်လိုက်ကြရတဲ့ ဘဝတွေကို ငါ စာနာနားလည်တယ်။ ဒါပေမဲ့ နင့်ကိုတော့ မပါစေချင်ဘူး ခတ္တာ။ အဲဒီထဲမှာ ငါ့သူငယ်ချင်းကိုတော့ မပါစေချင်ဘူး။ နင် မပါရဘူး။

ငြိမ်သက်နေသော ခတ္တာရဲ့ လက်ဖျားလေးတွေကို ဆွဲယူချိတ်ဆက်ရင်း ...

"ငါ့စကားကို နားထောင်မယ် မဟုတ်လား ခတ္တာ ဟင်"

သူမ ဖျတ်ခနဲ မော့ကြည့်လာသော ခတ္တာရဲ့ မျက်ဝန်းတွေက မျက်ရည်စတွေ ရစ်သိုင်းလျက် ရှိနေလေသည်။

"မဖြစ်နိုင်ဘူး ရွှေထား၊ စိတ်ကူးယဉ် မဆန်ချင်ပါနဲ့ဟာ၊ နင့်လမ်းနင် လျှောက်မယ်၊ ငါနင့်ပေါင်းလို့ နင် ဂုဏ်နိမ့်တယ်ထင်လဲ နင့်သဘောပါပဲ"

သူမ ဘာစကားမှ မပြောနိုင်တော့ဘဲ ခတ္တာကိုသာ အကြောင်းသား ငေးကြည့်နေမိပါသည်။ ခတ္တာရဲ့ မျက်လုံးတွေက တစ်စုံတစ်ခုကို အတိအကျ ဆုံးဖြတ်ချက် ချပြီးသည့်အလား တိကျရေရာစွာ နိုင်မာလျက်ရှိသည်။ သူမ အံတစ်ချက်ကို တင်းတင်းကြိတ်လျက် ခတ္တာအနားမှ ချာခနဲ လှည့်ထွက်လာခဲ့သည် အထိ ခတ္တာလည်း နေရာမှာ မလှုပ်မယှက်။ ခတ္တာရယ် ... နင် ငါ့စေတနာတွေကို ဘာ့ကြောင့်အသိအမှတ် မပြုရတာလဲ။ ငါ ရင်နာ လိုက်တာဟာ။

✧ ❦ ✧





ထိုနေ့က ခတ္တာနှင့်တွေ့ခြင်းသည် နောက်ဆုံးတွေ့ခြင်း မဟုတ်ခဲ့ပါ။ ကြားထဲတွေမှာ သူမရဲ့ ပညာသင်ကိစ္စတွေအတွက် အင်မတန်ကို အလုပ်ရှုပ်နေခဲ့သည့်အတွက် တွေ့လည်း မတွေ့ဖြစ်ကြ။

အရင်ကဆို သူမထံ ခဏတာက ဖုန်းဆက်ကတ်လေ့ရှိသော်လည်း အခုတော့ ဖုန်းလည်း ဆက်မလာတော့။ ခတ္တာနှင့် လူချင်းမတွေ့ဖြစ်တော့သော်လည်း ကြားရသည့်သတင်းစကားတွေက အတော်စိတ်ပျက်ဖွယ် ကောင်းလှပါသည်။ သူမနှင့်အတူတူ ဆော့ကစားခဲ့ကြ စာကျက်ခဲ့ကြသော သူမအတွက်ဆို အမြဲရဲရင့်ပြခဲ့သော သူမကလည်း အမြဲဦးစားပေး ချစ်ခင်ခဲ့ရသော ချစ်သူငယ်ချင်း ခတ္တာအတွက် အတော်ခံစား နာကျင်ခဲ့ရသည်။

ခတ္တာ နောက်ဆုံးပြောခဲ့သည့် စကားတွေကို ပြောရက်လေခြင်းဟူသော နာကြည်းစိတ်ဖြင့် ဥပေက္ခာပြုပစ်ကြည့်သည်။ ါလည်း မရ။ နောက်တော့ ဘယ်လိုမှ နေမရသည့်အဆုံး သူမ ခတ္တာထံ ထွက်လာခဲ့သည်။ သူမအနေနှင့် မြန်မာပြည်မှာ နေရမည့်ရက် သိပ်မကျန်တော့။ ဗီဇာကျလာတာနှင့် ချက်ချင်းသွားရတော့မှာမို့ ဤအကြိမ်သည် ခတ္တာကို နောက်ဆုံးစည်းရုံးခြင်းလည်း ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ခတ္တာတို့ အိမ်ရှေ့သို့ ကားထိုးရပ်လိုက်သောအခါ တောက်ပြောင်သားနားလှသည့် ကားကြီးပေါ်သို့ တက်လုဆဲဆဲ ခတ္တာနှင့် လက်မတင်လေး ဆုံလိုက်ရပါသည်။ သူမကို မြင်သွားသော ခတ္တာရဲ့မျက်နှာမှာ ဝမ်းသာရိပ်ကို လှစ်ခနဲ မြင်လိုက်ရသည်။

"ခတ္တာ"

သူမရဲ့ခေါ်သံသည် နှုတ်ဖျားမှမထွက်သည့်အလား အက်ကွဲစွာဖြင့် မပီသ။ ခတ္တာက ဆံနွယ်တချို့ကို သပ်တင်ရင်း...

"နေကောင်းတယ်နော် ရွှေထား"

ဟင့်အင်း မဟုတ်ဘူး ခတ္တာ။ နင်နဲ့ငါကြားမှာ ဒီလိုနှုတ်ဆက်ရတဲ့အထိ စိမ်းကားပြတ်တောက် သွားကြပြီလား။ မဖြစ်သင့်ပါဘူး ခတ္တာရယ်။ နင်နဲ့ငါဟာ အင်မတန် ချစ်ခဲ့ကြတဲ့ သူငယ်ချင်းတွေပါ။ သူမ မျက်ဝန်းမှာ ချက်ချင်းပင် မျက်ရည်စတွေ ရစ်သိုင်းလာလျက် ရှိပါသည်။ ခတ္တာရဲ့လက်တွေကို ဆွဲယူလိုက်ရင်း ...

"နင် ဘာတွေဖြစ်နေပြီလဲ ခတ္တာ၊ နင့်ကိုယ်နင် ဘာတွေ လုပ်နေတယ်ဆိုတာရော နင် သိရဲ့လား"

"နင် ငါ့ကို လာနှုတ်ဆက်တာလား ရွှေထား၊ နင် ဆစ်ဒနီ သွားတော့မယ်ဆိုတာ ငါ ကြားပါတယ်၊ နင့်အတွက် ငါ ဂုဏ်ယူပါတယ်"

လင်ခရူဆာ နို့နစ်ရောင် ၄/ခရဲ့ မောင်းသူဘက်မှာ ထိုင်နေသောလူက သူမတို့ကို ခေါင်းပြုကြည့်သည်။ ဗိုလ်ချုပ်ဈေး





မှာ တွေ့ခဲ့သောသူ မဟုတ်ပါ။ ယခုပုဂ္ဂိုလ်ကို သူမ အတော်အတန် သိပါသည်။

ဒယ်ဒီနှင့် ဒင်နာတစ်ပွဲ လိုက်သွားရာမှာ ကြုံဖူးသည်။ ထိုသူ၏ သမီးအကြီးသည် သူမတို့ထက် တစ်နှစ်ကျော်ကြီးကာ ယခု အမေရိကားမှာ ကျောင်းတက်နေသည်။ သူမ ကြားခဲ့ရသော စကားများကို မယုံချင်သော်လည်း ယခု လက်တွေ့အခြေအနေအရ မယုံ၍မဖြစ်တော့။ သူမ သိပ်ချစ်ခဲ့ရသော သူငယ်ချင်းအတွက် ဖြေမဆည်နိုင်အောင် ခံစားခဲ့ရသည်ဆိုလျှင် သူမ ပိုနေသည်ဟု ထင်ကြကောင်း ထင်ကြမည်။ ဖြေမဆည်နိုင်တာထက် ယူကျုံးမရခြင်းက ပိုပါမည်။

ခတ္တာ ပြောခဲ့ဖူးသော စကားတို့က နားစည်ဝမှာ ပြန်လည်ရိုက်ခတ်နေသည်။ ပုလဲရဲ့ သီချင်းတစ်ပုဒ်ထဲက ဓာတ်ကောင် စံပယ်ကို သူမျှားရည်းစား ဝင်လုတဲ့သူဟု ဆိုကာ အမုန်းကြီးမုန်းခဲ့ဖူးသော ခတ္တာသည် လက်ရှိအခြေအနေကို တဆိတ်တော့ သုံးသပ်ဖို့ ကောင်းပါသည်။ သို့သော် ဘာတွေပဲ ဖြစ်ဖြစ်ပါလေ၊ နင် ပြင်မယ်ဆို နောက်မကျသေးပါဘူး ခတ္တာရယ်။

"ခတ္တာ နင့်အတွက် ငါ အားလုံးစီစဉ်ပေးခဲ့ပါ့မယ်၊ နင် ပြီးခဲ့တာတွေကို မေ့ပစ်လိုက်တော့"

"ဒါတွေပြောဖို့ နင် လာတာလား ရွှေထား"

"ငါ နင့်ကို နောက်ဆုံးအကြိမ် request လာလုပ်တာပါ ခတ္တာရယ်၊ ဒီဘဝကြီးထဲက နင် ထွက်ခဲ့စမ်းပါ၊ နင့်အတွက်



www.burmeseclassic.com

www.burmeseclassic.com



ငါ ရင်နာလွန်းလို့ပါ၊ ငါ့ဆန္ဒကို နင် မဖြည့်ဆည်းပေးနိုင်ဘူး
လား ခတ္တာရယ် ဟင်”

သူမ ပါးပြင်နှစ်ဖက်ပေါ်သို့ မျက်ရည်စီးကြောင်းများ စီးကျလာတာကိုပင် မသုတ်မိ။ သူမကို ငေးကြည့်နေသော ခတ္တာရဲ့ မျက်လုံးတွေကိုသာ မျှော်လင့်တကြီး ငေးနေမိသည်။ သူမရဲ့ ခံစားချက်တွေကို ခတ္တာ နားလည်ဟန် ရှိပါသည်။

ခတ္တာရဲ့ မျက်လုံးတွေမှာ မျက်ရည်စတွေ ရစ်သိုင်းနေတာပဲ။ အင်မတန် စိတ်မာလှတဲ့ ခတ္တာတစ်ယောက် ရင်ထဲမှာ ငိုနေပြီဆိုတာ သူမ သိပါသည်။ သူမရဲ့ မျက်ရည်တွေကို သုတ်ပေးနေသော ခတ္တာရဲ့လက်တွေ တဆတ်ဆတ် တုန်နေတာကိုလည်း သတိပြုမိသည်။ ခတ္တာရဲ့ နှုတ်ခမ်းဖျားမှာလည်း အပြုံးတွေ တွဲခိုလာလျက် သူမကို စကားပြောဖို့ အားယူလျက်အရှိမှာ ...

“တီ ... တီ”

ကြားလိုက်ရသော ကားဟွန်းသံကြောင့် ခတ္တာရော သူမပါ ဆတ်ခနဲ။ ခတ္တာလည်း လက်ရှိပစ္စုပ္ပန်သို့ သတိကပ်သွားပုံရပါသည်။ ကားဆီသို့ ဖျတ်ခနဲလှည့်ကြည့်ရင်း သူမဘက် ပြန်ကြည့်လာသော အကြည့်တွင် စောစောကလို ညွတ်ပြောင်းမှုများ ရှိမနေတော့။

“မဖြစ်နိုင်ပါဘူး ရွှေထား၊ နင့်စိတ်ကို လျှော့လိုက်ပါတော့၊ ဒီအချိန်ကျမှတော့ ငါ နောက်မဆုတ်တော့ဘူး၊ နင်နဲ့ငါ နဲ့ဟာ သိပ်ချစ်ကြတဲ့ သူငယ်ချင်းတွေ ဆိုပေမဲ့လည်း





နောက်ဆုံးတော့ ကိုယ့်လမ်းကိုယ် ရွေးကြရတာပဲလေ၊ ငါ ရွေးထားတဲ့လမ်းကို ငါ ကျေနပ်ပါတယ်”

“ခတ္တာ သူ့မှာ သားမယားတွေနဲ့လေ”

“ဘာနဲ့ပဲဖြစ်ဖြစ် ငါ့ဘဝ အောင်မြင်ရေးအတွက် ငါ အသုံးချသင့်ရင် ချရမှာပဲလေ”

ရုတ်တရက်မို့ သူမ စိတ်နှင့်ကိုယ် လွတ်ထွက်သွားလေသည်။ ခတ္တာရဲ့ မျက်နှာသည်လည်း ချာခနဲ လည်ထွက်သွားသည်။ ခတ္တာရဲ့ ဆံပင်တွေ လေထဲမှာ ဖွာခနဲ။ ဟာခနဲဆိုသော အသံနှင့်အတူ တစ်ချိန်လုံးကြည့်နေဟန်တူသော ကားပေါ်မှ ပုဂ္ဂိုလ်ကလည်း အပြေးဆင်းလာသည်။ ခတ္တာက လက်အသာကာပြလိုက်ရင်းမှ ...

“နင် မကျေနပ်သေးရင် ထပ်ရိုက်သွားဦး ရွှေထား၊ နင် ဆယ်ချက်ရိုက်လည်း ငါ ခံရဲတယ်၊ နင် ငါ့ကို ချစ်တဲ့စိတ်နဲ့ ရိုက်တာဆိုတဲ့အသိကြောင့် ငါ မနာပါဘူး၊ ဒါပေမဲ့ တစ်ခုတော့ ပြောလိုက်ချင်တယ် ရွှေထားရယ်၊ ဘယ်သူမဆို အပြစ်ကင်းတဲ့ ငေးလုံးချောဘဝကို ပိုင်ဆိုင်ချင်ကြတာချည်းပါပဲ၊ ရတာ မရတာက ကံတရားလေ၊ ငါကမှ မတင်းတိမ်နိုင်တာ၊ ဒီတော့ ဘဝကို ကျားကွက်ကစားသလို ထိုးကျွေးပစ်လိုက်ရတာပါပဲ၊ တရားတာတွေ မတရားတာတွေ ငါ မကြည့်နိုင်တော့ဘူး၊ သူတို့ကလည်း ငါ့ရဲ့လှပမှုကို အလိုရှိသလို ငါကလည်း သူတို့ဆီက ငွေကို အလို



www.burmeseclassic.com

www.burmeseclassic.com



ရှိတာပဲလေ၊ ငါလည်း ငိုလို့တာ ငါရလို့ ကျေနပ်ပါတယ်၊ နှံနှစ်တယ်ဆိုလည်းပဲ ငါကိုယ်က လိုလိုလားလား အနှစ် ခဲ့တာပါ၊ လောကကြီးက အပေးအယူနှင့်ပဲ အလုပ်လုပ် တာလေ၊ နင့်ကို ငါ နှုတ်ဆက်ခဲ့ပါတယ်”

ခတ္တာ လိုက်ပါသွားသော ကားကြီးနောက်မြီး ပျောက် ကွယ်သည်အထိ သူမ ငေးမောကြည့်ကာ ကျန်နေရစ်ခဲ့လေသည် မရတော့။

သူမအနေဖြင့် ခတ္တာကို ဘယ်လိုမှ ကယ်တင် မရ နိုင်တော့ကြောင်း ခတ္တာက အတိအလင်း ပြောသွားခဲ့လေပြီ၊ သူ ကိုယ်တိုင်က ကျေကျေနပ်နပ်ဖြင့် ရွေးချယ်သွားသော လမ်းတစ် အပေါ် သူမ ဘာမှစောဒကတက်၍ မရနိုင်တော့ချေ။ လောကမှာ ခတ္တာလို မိန်းကလေးမျိုးတွေ ဘယ်လောက်တောင်များ များပြာ နေခဲ့ပြီလဲကွယ်။

ဘဝအတွက်၊ အောင်မြင်မှုအတွက်၊ ငွေကြေ အတွက်၊ အတွက် အတွက်တွေအတွက် ဘယ်လောက်တော ရင်းနှီးပေးဆပ်ခဲ့ရကြသလဲ။

သူများ စိတ်မချမ်းသာစွာ ကျခဲ့ရတဲ့ မျက်ရည်စက် တွေထဲမှာ လှော်ခတ်ရင်း ဖြတ်ကျော်ရောက်ရှိသွားကြတဲ့ လူတွေ ရှိသလို နစ်မြုပ်သွားကြတဲ့လူတွေလည်း ရှိကြမှာပဲ။

ခတ္တာရယ် မျက်ရည်စက်တွေကို နင်းခြေဖြတ်သန်း သွားပြီး ရလာမယ့် ငွေကြေး၊ အောင်မြင်မှုတွေနှင့် နင် တကယ်





ပျော်နိုင်မလားဆိုတာ တစ်နေ့နေ့ တစ်ချိန်ချိန် ပြန်ဆုံဖြစ်မယ်ဆို ငါ မေးပါရစေ။

အများတကာ အားကျပျော်ရွှင်ရတဲ့ ဘဝမျိုး နင် ပိုင်ဆိုင်နေခဲ့ပြီ ဆိုရင်တောင် အတိတ်တစ်ချိန်က လုပ်ရပ်တွေ အပေါ် နင် လိပ်ပြာ သန့်နိုင်မလား၊ ရာနှုန်းပြည့် ကျေနပ်နိုင် မလားဆိုတာ ငါ တကယ် သိချင်ပါတယ်၊ မင်း ဖြေပါ ခတ္တာ။


တကယ်တော့ မိန်းကလေး အတွက် အကြီးမားဆုံး အန္တရာယ်ဟာ သူတို့နှင့် အနီးကပ်ဆုံးရှိတဲ့ သူတို့ကိုယ်ထဲမှာပဲ ကိန်းအောင်းနေတဲ့ လောဘစိတ်ပါပဲ ခတ္တာရယ်။ ဒီအသိကို နင်က လက်ဆောင်ပေးသွားခဲ့တာပါ။



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com



ကိုယ့်ရဲ့တစ်သက်မှာ ကိုယ် သိပ်ချစ်မြတ်နိုးခဲ့ရသော၊ ယုံကြည်လေးစားခဲ့ရသော ယောကျာ်းတစ်ယောက်ဟာ ကိုယ့်ကို စနစ်တကျနှင့် အသည်းခွဲဖို့ အစီအစဉ်တကျ ကြိုးစားဖန်တီးခဲ့တယ်ဆိုတာ ဘယ်လိုမှ ယုံကြည်လက်ခံ၍မရသော ကိစ္စတစ်ခုပဲ ဖြစ်သည်။

ဒါပေမဲ့ မယုံကြည်လို့မရတော့။ သူ့နှုတ်ဖျားက ထွက်ပေါ်လာတဲ့ စကားတွေရယ်၊ အစိမ်းရောင်တွေ တဖျပ်ဖျပ် တောက်နေတဲ့ သူ့မျက်ဝန်းတွေဟာ တကယ့်ကိုပဲ သူမကို အငြိုး ကကြီးနှင့် လက်စားချေခဲ့တယ်ဆိုတာ ဝန်ခံနေမှတော့ ထိတ်လန့် တုန်လှုပ်စွာ၊ နာကျင်ဆို့နင့်စွာ၊ ပြီးတော့ ရူးသွပ်ကြေကွဲစွာဖြင့် ယုံကြည်ခဲ့ရလေသည်။

တကယ်ပါကွယ် အခါများစွာက အမြဲတမ်း ကြင်နာ ညှို့နေတတ်တဲ့ မျက်ဝန်းညိုညိုတွေ၊ အစဉ်ပြုံးထားတတ်တဲ့ နှုတ်ခမ်းတွေဟာ ဒီလို ရက်စက်စိမ်းကားတဲ့ စကားတွေ ပြောထွက်



www.burmeseclassic.com

www.burmeseclassic.com



လိမ့်မယ်လို့ ဘယ်တုန်းကမှ မမျှော်လင့်ထားခဲ့ပါဘူး။ ဘုရားရေ သူမ ငိုနေမိပြီလား။ ဒါဟာ ကိုယ့်ဘဝမှာ ယောကျ်ားတစ်ယောက် အတွက်နှင့် ပထမဆုံးကျရတဲ့ မျက်ရည်ပါ စင်သန့်ရယ်။

သူမက မျက်ရည်တွေတောင် မသုတ်အားပဲ သူ့ လက်မောင်းကို ဆွဲယူလှုပ်ခတ်ကာ ...

"သန့်၊ ထိုက်မှာ ဘာအပြစ်ရှိလို့ ဒီလို လုပ်ရတာလဲ၊ ထိုက်ကို သိပ်ချစ်တယ်ဆို"

သူက သူမရဲ့ လက်တွေကို ဆွဲဖယ်ပစ်လိုက်ကာ မျက်နှာကို ခပ်လွှဲလွှဲထားရင်း ...

"မင်းကို ငါ ဘယ်တုန်းကမှ မချစ်ခဲ့ဘူး ဘုန်းမေထိုက်၊ မင်းကို မုန်းပဲမုန်းခဲ့တာ"

"ဘာကြောင့်လဲ၊ ထိုက် ဘာတွေလုပ်ခဲ့မိလို့လဲ သန့်ရယ်"

"မင်းရဲ့ ရာဇဝင်ကို မင်း အသိဆုံးနေမှာပါ ဘုန်းမေထိုက်"

"ရာဇဝင်"

အဲဒီ စကားလုံးဟာ သူမကို အကြီးအကျယ် သွေးပျက်ချောက်ချား သွားစေခဲ့ပါသည်။ သူ့ကို အထိတ်တလန့် မော့်ကြည့်လိုက်စဉ်မှာ သူ့မျက်လုံးတွေဟာ အစုနထက်ပင် အေးစက် မာကျောနေတာကို တွေ့ရလေသည်။

"မင်းရဲ့ ရာဇဝင်မှာ မင်းကြောင့် သေသွားခဲ့ရတဲ့ ရှင်းကိုကို မင်း မှတ်မိဦးမှာပါ"





ရှင်းကို။ ဒီနာမည်ကိုကြားလျှင် သူမ တစ်ကိုယ်လုံးမှာ လှည့်ပတ်စီးဆင်းနေသော သွေးတွေ ရပ်တန့်အေးခဲ သွားသလားဟု ထင်ရအောင်ပင် ထိတ်လန့်တုန်လှုပ်ခဲ့ရသည်။

ရှင်းကိုသည် သူမ အတွက်တော့ စေတန်နတ်ဆိုးပင် ဖြစ်လေသည်။ ဘဝဆိုတာ စာမျက်နှာတွေလို ဆွဲဆုတ်ရခဲ့လျှင် ရှင်းကိုနှင့် ပတ်သက်ခဲ့ဖူးတာတွေကို ဆွဲဆုတ်ခြေမွကာ မီးရှို့ ပစ်ချင်သည်။ သူမ ယုံကြည်လေးစားခဲ့ရတဲ့သူနှင့် ရှင်းကိုဟာ ဘယ်လိုများ ပတ်သက်ပါလိမ့်"

"မင်းကြောင့် သေသွားခဲ့တဲ့ ရှင်းကိုဟာ ငါနှင့် အမေ ညီ အစ်မအရင်းက မွေးလာတဲ့ ညီအစ်ကိုတွေပဲ၊ နှစ်ယောက် စလုံးဟာ တစ်ဦးတည်းသော သားတွေမို့ ညီအစ်ကိုအရင်း လို ချစ်ကြတယ်၊ ငါ့ကို မွေးပြီးပြီးချင်း ငါ့အမေ မီးတွင်း ထဲမှာပဲ ဆုံးသွားလို့ ငါနှင့်ရှင်းကိုဟာ တစ်မအေတည်းမှာပဲ အတူတူ ကြီးပြင်းခဲ့တဲ့အတွက် ငါတို့ရဲ့ သံယောဇဉ်ကို မင်း မှန်းဆကြည့်ပေါ့"

"တစ်သက်လုံး အတူနေလာခဲ့ရာကနေ လွန်ခဲ့တဲ့ နှစ်နှစ်က ရှင်းကို အဖေ ရာထူးတက်လို့ မိတ္ထီလာကို ပြောင်းသွား ခဲ့တယ်၊ ဒီကောင်လည်း ပါသွားတယ်၊ အဲဒီအချိန်မှာ ငါလည်း သင်္ဘောတက်သွားတယ် ...

ဒါပေမဲ့ ငါတို့တွေ အမြဲတမ်း အဆက်အသွယ် ရှိခဲ့တယ်၊ သူ ချစ်သူရလာတဲ့ အချိန်မှာလည်း ငါ့ကို



www.burmeseclassic.com

www.burmeseclassic.com



ပြောပြခဲ့တယ်၊ ငါ မြင်ဖူးအောင် မင်း ဓာတ်ပုံတစ်ပုံတော့ ထည့်ပေးလိုက်သေးတယ်၊ မင်းတို့နှစ်ယောက် အဆင်ပြေကြောင်း လက်ထပ်ဖို့အထိ စီစဉ်ထားကြောင်း စာတွေထဲမှာ ရေးထားတယ်၊ ငါလည်း ရှင်းကိုအတွက် ဝမ်းသာပေးခဲ့ပါတယ်၊ သူ့ရဲ့ စာအရ မင်းကို သိပ်ချစ်ကြောင်းလည်း သိသာစေတယ်။

ဒါပေမဲ့ သူ မဆုံးမီ တစ်လလောက်အလိုမှာ ရေးလာတဲ့စာမှာတော့ သူ အသည်းကွဲနေတဲ့ အကြောင်းတွေ၊ မင်းက အစိမ်းဖြတ် ဖြတ်လိုက်တယ်ဆိုတဲ့ အကြောင်းတွေ ငါ့ကို ရင်ဖွင့်ထားတယ်။

သိပ်မကြာပါဘူး ရှင်းကို ကားတိုက်လို့ ဆုံးပြီဆိုတဲ့ သတင်းကို ငါ ကြားရတာပဲ၊ ပင်လယ်ထဲမှာမို့ ငါ ဘယ်လိုမှပြန်လာဖို့ မဖြစ်နိုင်ခဲ့ဘူး၊ စင်ကာပူမှာ ကမ်းကပ်တော့မှ အန်တီနှင့် ဖုန်းရတယ်၊ အဲဒီမှာမှ ရှင်းကို သေ… တာဟာ မိန်းမတစ်ယောက်ရဲ့ ပယောဂကြောင့် ဆိုတာရယ်၊ အဲဒီမိန်းမဟာ မင်း ဆိုတာရယ် ငါ သိခဲ့ရတယ်။

နောက်တော့ ငါ ရန်ကုန်ကို ပြန်ရောက်လာပြီ… သေချာအောင် မင်းတို့ အကြောင်းတွေ စုံစမ်းခဲ့တယ်၊ မိတ္ထီလာထိကို ငါ လာပြီးစုံစမ်းခဲ့တယ်။

မင်းတို့ အတွဲကြီး တွဲလာခဲ့ပြီးမှ မင်းဘက်က… ဘာအကြောင်းမှမရှိဘဲ အစိမ်းဖြတ် ဖြတ်တာလို့ အားလုံး…





ပြောကြတယ်၊ သူငယ်ချင်းတွေက မေးရင်လည်း မင်း အဲဒီအတိုင်းပဲ ဝန်ခံခဲ့တယ်၊ ကဲ … မင်းလည်း ပြောပါ၊ ငါ့ညီကို မချစ်ဘဲနှင့် အကြာကြီးတွဲပြီး ဘာကြောင့် သက်သက်မဲ့ အသည်းခွဲခဲ့ရတာလဲ၊ ဘာကြောင့် သေစေခဲ့ရတာလဲ ပြောပါ"

စင်သန့်ရဲ့ စကားအဆုံးမှာ သူမ ဘာမှမပြောနိုင် လောက်အောင်ကို ငြိမ်သက်ကျသွားခဲ့လေသည်။ သူမ ဘာပြန်ဖြေရမလဲကွယ်၊ အမှန်အတိုင်း ဖြေခဲ့ရင်ရော သူက သူမကို ခွင့်လွှတ်နိုင်မှာမို့လို့လား။ ပြီးတော့ သူမ အသိချင်ဆုံး အရာတစ်ခုလည်း ရှိသေးသည်။ စင်သန့်ရယ် မညာပါနှင့်။ မင်းလည်း ကိုယ့်ကို တကယ်ချစ်ခဲ့မှာပါ။

အချစ်နှင့် အာဃာတတွေကြားမှာ မလူးလွန့်သာတဲ့ မင်းရဲ့ နှလုံးသားကို ကိုယ် နားလည်ပါတယ်၊ ကိုယ့်ကို အသည်းခွဲဖို့ကြိုးစားတဲ့ မင်းကို ကိုယ် ဘယ်လိုမှ မမုန်းရက်ပါဘူး။ မင်းမှန်ပါတယ် စင်သန့်။ မင်းနေရာမှာ ကိုယ်သာ ဆိုရင်လည်း ဒီလိုပဲ လုပ်မိမှာပါ။ ဒါပေမဲ့ ကိုယ့်ကိုတော့ ခွဲမသွားပါနှင့် စင်သန့်ရယ်။

လူတွေဟာ ကိုယ့်ကိုယ်ကိုယ် အချစ်ဆုံး ဆိုတော့ မင်းဟာလည်း ကိုယ်နှင့် ထပ်တူထပ်မျှ ချစ်ရတဲ့၊ တစ်ခါတလေမှာ ကိုယ့်ကိုယ်ကိုယ်ထက်တောင် ပိုချစ်ရတဲ့သူပါ။ မင်းလည်း ဒီလိုပဲ ရှိမယ်ဆိုတာ ကိုယ် သိတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် ရှင်းပြပါရစေ စင်သန့်ရယ်၊ တောင်းပန်ပါတယ် ကိုယ် ရှင်းပြတာကို လက်ခံပါ"

"ဝမ်းနည်းပါတယ် ဘုန်းမေထိုက်၊ ယောက်ျားတစ်ယောက်ကိုတောင် အသေသတ်ပစ်လိုက်နိုင်တဲ့ မင်းရဲ့ စွမ်းပကားတွေကို ဘယ်စကားလုံးနဲ့မှ ဖြေရှင်းဖို့ မကြိုးစားပါနဲ့တော့၊ မင်းကို ငါ မေ့လိုက်ပြီ၊ မင်းနဲ့ငါ့ရဲ့ ဇာတ်လမ်းက ဒီမှာပဲ ဆုံးသွားပြီ"

သူမ ဘယ်လိုမှ မတားလိုက်နိုင်ခင်မှာပဲ သူက ထားရစ်ကာ လှည့်ထွက်သွားခဲ့လေသည်။ အချစ်ဟာ ဒီလိုပဲ ပြောင်းလဲပစ်လို့ရသလား စင်သန့်ရယ်။

သိပ်ချစ်ခဲ့တဲ့ ကိုယ်တို့ရဲ့ အချစ်တွေကို ဒီလိုပဲ ပြီးလိုက်ရတော့မှာလား၊ ကိုယ့်ကို အသည်းခွဲရမှ မင်း ကျေနပ်မယ်ဆိုရင် ကိုယ်ကျေကျေနပ်နပ်ကြီး လက်ခံပါ့မယ်။ ဒါဟာ ရှင်းကိုအတွက် ကိုယ် အကြွေးဆပ်တဲ့သဘောပါပဲ။

တကယ်တော့ ကိုယ်ဟာ ရှင်းကိုကို သက်သက်မဲ့ အသည်း ခွဲခဲ့တာ၊ အစိမ်းဖြတ်ခဲ့တာ မဟုတ်ပါဘူး။ ပတ်ဝန်းကျင်ရဲ့ အမြင်မှာတော့ ကိုယ်ဟာ အသည်းစားတတ်တဲ့ မိန်းမတစ်ယောက် အဖြစ်နာမည်ကြီးခဲ့တာ မှန်ပါတယ်။

ယောက်ျားတစ်ယောက်ကို လှုံ့သိရှင်ကြားတွဲပြီး အစိမ်းဖြတ် ဖြတ်ပစ်ခဲ့တဲ့ မိန်းမတစ်ယောက်လည်း ဟုတ်ပါတယ်။ ကိုယ်ကိုယ်တိုင်လည်း ဒီအတိုင်းပဲ ဝန်ခံထားခဲ့ပါတယ်။ ဒါပေမဲ့





ကိုယ်ဝန်ခံတိုင်း အမှန်တရား ဖြစ်မတဲ့လား စင်သန့်ရယ်။ အမှန်တရားတိုင်းကရော ဝန်ခံဖို့ကောင်းရဲ့လား။

ကိုယ်နှင့် ရှင်းကိုနှင့်ပဲ သိခဲ့တဲ့ အမှန်တရားတစ်ခုဟာ ရှင်းကိုကလည်း ဝန်မခံ။ ကိုယ်ကလည်း ထုတ်ဖော်မပြောဝံ့တော့တာမို့ ဒီဇာတ်လမ်းမှာ ကိုယ်ကပဲ လူကြမ်းဖြစ်ခဲ့ရတာပါ။

တစ်ခါတစ်ရံ တချို့ ဇာတ်လမ်းတွေမှာ လူကြမ်းတွေဟာ သနားစရာ အကောင်းဆုံးလူတွေ ဖြစ်နေတတ်တယ်ဆိုတာ မင်း သိဖို့ကောင်းတယ် စင်သန့်။ အတိတ်ဆိုတာ ကိုယ့်အတွက်တော့ ပြန်မတွေးချင်ဆုံး အရာတစ်ခုပါ။ ဒါပေမဲ့လည်းလေ။

❦ ✧ ❦

မိန်းကလေးတွေဟာ ယောက်ျားတစ်ယောက်ကို အဖြေပေးခါနီးမှာ ဘယ်လိုခံစားရသလဲဆိုတာ သူမ အသေအချာ မသိလှပါ။ သေချာတာ တစ်ခုကတော့ သူမ ဘယ်လိုမှ စိတ်လှုပ်ရှား မနေခဲ့ခြင်းပင် ဖြစ်သည်။

ရှင်းကိုကို သူမ သိပ်မချစ်ခြင်းကြောင့်လည်း ဖြစ်မည်။ သိပ်ချစ်မချစ်တောင် သိပ်မရေရာလှချေ။ ဒါဆို ဘာကြောင့် အဖြေပေးဖို့ စဉ်းစားသလဲဆိုရင်တော့ အပြောရ နည်းနည်းခက်ပေမည်။

အပျော်သဘောလို့တော့ ကိုယ့်ကိုယ်ကိုယ် မစွပ်စွဲချင်ပေ။ သေချာတာ တစ်ခုကတော့ အနည်းငယ်ရူးသော စိတ်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကို အသည်းအသန်ခိုက်နေသော ရုပ်ဖြောင့်ဖြောင့် ယောကျ်ား တစ်ယောက်ကို တစ်ခါမှ ရည်းစားမထားဖူးသေး၍ ထားလိုက်တာ ဖြစ်ပါသည်။

ချစ်ချင်လည်း ချစ်သွားလိမ့်မည်။ မချစ်ရင်လည်း အဆင်ပြေသေးသရွေ့ဟူသော စိတ်ထားဖြင့် အရာရာကို ခပ်ပေါ့ ပေါ့သာ နားလည်ထားခဲ့သော သူမဟာ ရှင်းကိုကို တခြား မိန်း ကလေးတွေလို အလေးအနက်မဖြစ်ခဲ့တာတော့ အသေအချာပဲ ဖြစ်ပါသည်။

ရှင်းကိုက သူမတို့မြို့မှ မဟုတ်ပါ။ ရန်ကုန်မှာ နေရာကနေ သူ့ဖခင် တာဝန်ကျရာ မိတ္ထီလာသို့ လိုက်လာခဲ့သူ ဖြစ်ပါသည်။ သူမနှင့် တွေ့ဆုံခဲ့တာကတော့ KMD သင်တန်းမှာ ဖြစ်သည်။ KMD မှာ သူက ကွန်ပျူတာတက်ကာ သူမက LCCI တက်တာမို့ စတင်တွေ့ဆုံခဲ့ရာမှ နောက်တော့ သူမကို ချဉ်းကပ်ဖို့ ကြိုးစားလာခဲ့တော့တာ ဖြစ်သည်။

နေ့စဉ်နေ့တိုင်း သင်တန်းမှ သူမ ပြန်လျှင် အမြဲတမ်း လိုက်ပါလာတတ်သလို သူမ သွားတတ်သော နေရာတွေမှာလည်း သူ့ကို အရိပ်တစ်ခုလို တွေ့မြင်ခဲ့ရသည်။ Main ထဲက သစ်ကောက် မှာ၊ ကျောင်းရှေ့က Teen Zone မှာ၊ ပန်းအိမ်သစ်မှာ ညနေတိုင်း လူစည်ကားလှသော မိတ္ထီလာမြို့ရဲ့လူငယ်တွေ စုဝေးရောက်ရှိရာ မိတ္ထီလာကန်ကြီးနားက အကြော်ဆိုင်နှင့် Unison မှာ၊ သူက သူမနှင့် ခြေရာချင်းထပ်မျှ လိုက်နိုင်လေသည်။





မနက်ခင်း အစောကြီး နဂါးရုံဘုရားမှာ ပုတီးသွား စိပ်တတ်သော၊ အဲဒီကပြန်လျှင် သူမရဲ့ breakfast ကို ရွှေနိုင်ငံ Tea Shop မှာ အမြဲတစေ စားတတ်ကြောင်းလည်း သူ မသိဘဲ မရှိစေရ။

သူမ tea ဆွဲပြီး မုန့်ပဟင်းခါးစားဖို့ ရောက်လာပြီ ဆိုလျှင် သူက သူမ ထိုင်နေကျစားပွဲရဲ့ မျက်စောင်းထိုးမှာ နေရာ ယူပြီးနေပြီ ဖြစ်သည်။ အဲဒီကနေ မိန့်မိန့်ကြီး လှမ်းပြုံးပြတတ်ကာ နှုတ်ဆက်တတ်သော ရှင်းကိုသည် သူမတို့ အုပ်စုတွင်းသို့ တစ်စ တစ်စ ဝင်ရောက်လာခဲ့တာ ဖြစ်ပါသည်။

နောက်တော့ ကိုယ့် အပေါ်မှာ သည်းသည်းလှုပ် ချစ်ပြတတ်သော ဘယ်ဘက်ကမှ ပြောစရာမရှိသည့် ယောကျ်ား တစ်ယောက်ကို သူမ အဖြေပေးဖြစ်ခဲ့လေသည်။ ရည်းစားဖြစ် လာသည့် အခါမှာလည်း သူက သူမ ထင်ထားတာထက် ပို၍ ယုယ ချစ်ပြတတ်လေသည်။ ချစ်တယ်ဆိုတဲ့ စကားကို အခါ နှစ်ဆယ်လောက် ရွတ်ချင်ရွတ်နေတတ်သည်။ ဘာပဲဖြစ်ဖြစ် ကိုယ့်ကို crazy ဖြစ်လွန်းသော အချစ်တွေကို မနှစ်မြို့သောသူ ရှိပါ့မလားကွယ်။

"ချစ်တယ်ဆိုတဲ့ စကားကို ဒီလောက်ပြောနေတာ အမှန် အကန် ဟုတ်ရဲ့လား ရှင်းရဲ့"

"ဟာ ... အမှန်အကန်ပဲ၊ ဆုရှုက်ီးကားကြီးပျော၊ ဟဲဟဲ နောက်တာပါထိုက်ရာ၊ တကယ်ချစ်လို့ ပြောတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာနေရတာ မပျင်းဘူးလား ရှင်းရဲ့၊ မိတ္တီလာက ရန်ကုန်နှင့်ယှဉ်ရင် တောပဲဟာ"

"ကိုယ်ကလည်း မြိုင်နန်းစံ ပန်းတစ်ပွင့်ကိုပဲ ကြွေနေတော့ ခက်တယ်ကွာ"

"အံ့မယ် လာသေးတယ်၊ ရန်ကုန်သားတွေ တော်ကီတော့ အများသားပဲနော်"

"ကိုယ် တော်ကီများသလို ထိုက်ကလည်း အမှန်အကန်ကို စားပါတယ်၊ ရေလည်ချောတယ်ကွာ"

"တော်ပါတော့ နဘေအစပ်ကတော့ဖြစ်တယ်၊ အကောင်း မေးနေတာ၊ ရှင်းက ဘာလို့ ရန်ကုန်မှာ မနေတာလဲ"

သူက သူမ ပခုံးထက်မှာ ခေါင်းမှီရင်း လက်ဆစ်လေးတွေကို မနာအောင် ချိုးပေးနေရင်းမှ ...

"ဖေဖေနှင့်မေမေက ကိုယ့်ကို မထားခဲ့ဘူးလေ ထိုက်ရဲ့၊ ကိုယ် တစ်ယောက်တည်း စိတ်မချလို့တဲ့၊ စားရေးသောက်ရေးက အစပေါ့၊ ကိုယ်က အစကတော့ ဘယ်လိုက်ချင်မလဲ ဒါပေမဲ့ ကိုယ်နှင့် ဘော်ဒါဆိုလည်းဟုတ်တဲ့ ကာစင် တစ်ကောင်က သင်္ဘောတက်မှာဆိုတော့ ကဲဖော်ကဲဖက်လည်း မရှိတော့တာမို့ လိုက်လာရတာ၊ ဟိုကောင်သာရှိရင်တော့ မလိုက်ပါဘူး၊ သူနှင့်နေခဲ့ရုံပဲ၊ ကိုယ် လိုက်လာခဲ့တာ မှန်သွားပါတယ် ထိုက်ရာ၊ ကိုယ့် နှလုံးသားရဲ့ ဘုမိနက်သန်က ဒီမှာမို့ ကိုယ့်ကို မြားနတ်မောင်က မိတ္တီလာကို ပို့လိုက်တာနေမှာပေါ့ ... အဟဲ"





သူမက သူ့ကို မျက်စောင်းထိုးရင်း အသာပြုံးနေခဲ့ပါသည်။ ဘာပဲဖြစ်ဖြစ် သူက သူမကို အရိပ်တကြည့်ကြည့်နှင့် သည်းလွန်းလှကာ အရာရာမှာ သူမသဘော ဖြစ်စေခဲ့တာမို့ သူနှင့် သူမကြားမှာ ပြဿနာဆိုတာ မရှိသလောက်ပင်။ ဒါပေမဲ့ တချို့ကိစ္စတွေမှာ သူမနှင့် နားလည်မှု လွဲတတ်ကြပါသည်။ သူက သူမကို ချစ်သူဆိုသော သက်ဆိုင်မှုဖြင့် အရာအားလုံးကို စိုးပိုင်ချင်လေသည်။ လူရှေ့သူရှေ့မှာ မဈာပ်တိုင် အလွန်တက်ပြချင်သည်။ သူမက အတွဲမခံ။ သူ့လက်မောင်းကိုချိတ်ဖို့ ဆိုတာတော့ ဝေလာဝေးပင် ဖြစ်သည်။

"ထိုက်ကလည်းကွာ ဘာဖြစ်မှန်းလဲ မသိဘူး၊ ကိုယ့်ရည်းစားနှင့် ကိုယ် တွဲတာပဲဟာ"

"ဟာကွာ ရှက်စရာကြီး မတွဲချင်ပါဘူး၊ ရှင်းနှင့်ထိုက် ရည်းစားမှန်း မြင်တာနှင့် သိကြတယ်၊ မကဲနှင့်"

"ဒါ ... ကဲတာလားကွာ၊ ရန်ကုန်မှာဆို ဒီလိုပဲ သွားနေကြတာပဲ၊ ဘယ်သူမှ ဘာမှမပြောဘူး"

"အဲဒါက ရန်ကုန်လေ၊ ဒါက နယ်၊ အမြင်ချင်း မတူကြဘူး ရှင်းရဲ့၊ ဟိုမှာ တစ်မြို့လုံးပတ်သွားဦး ဘယ်သူမှမသိဘူး၊ ဒီမှာကတော့ ကျော်ပြီးသားပဲ၊ ခုတောင် တော်တော်များများက သိနေတဲ့ဥစ္စာ"

ထိုအခါမျိုးတွင် သူက မျက်မှောင်ကုတ် [illegible]ဆိတ်နေတတ်လေသည်။ နောက်တော့လည်း သူ့ဘာ[illegible]သူ ပြေသွား



www.burmeseclassic.com

www.burmeseclassic.com



တာပင်။ သူမကတော့ ချော့တယ်ဆိုတာ ရှိကိုမရှိချေ။ တစ်ခါတစ်ရံ တော့လည်း သူက အတော်ရယ်စရာ ကောင်းပါသည်။

"ထိုက်၊ ကိုယ်တို့ မိက္ကီလာကန်တစ်ပတ် လမ်းလျှောက် ရအောင်၊ ရန်ကုန်မှာဆိုရင်တော့ ကန်တော်ကြီးပေါ့ အဟဲ"

သူမက သူ့စကားကို ပြုံးစိစိဖြင့် ရယ်ချင်သွားရ ကာ ...

"ရှင်း လျှောက်နိုင်ရင်လျှောက်ပေါ့၊ ထိုက်ကတော့ မလျှောက် ဘူး၊ မလျှောက်နိုင်ဘူး"

"ဟာ ... ဘာလို့လဲ၊ လက်မတွဲရပါဘူးကွာ၊ ပလိမ့် ဒါတော့ ခွင့်ပြုပါ၊ ချစ်သူနှင့်တူတူ နာမည်ကြီးတဲ့ကန်ကြီး ကို တစ်ပတ်လောက် ပတ်လျှောက်ချင်လို့ပါ"

"ဒီကန်ကြီးအကြောင်း ရှင်းက ဘယ်လောက်သိလို့လဲ၊ ကန်တစ်ပတ်ဆို တစ်မြို့လုံးကို ပတ်လျှောက်ဖို့ပဲရှိတယ်၊ ကန်ကြီးက တစ်မြို့လုံးကို ပတ်စီးဆင်း အဲ ... ဝန်းရံထား တယ် ဆိုပါတော့"

"ဩော် ... ဒီလိုလား၊ သိပါဘူးကွာ ဒါကြောင့် ကိုယ် ဒီရောက်ခါစက ဒီမြို့က ကန်တွေလည်း အများသားပဲလို့ ထင်နေတာ၊ ခုမှပဲ ရှင်းတော့တယ်၊ တော်သေးတာပေါ့ နို့မို့ဆို အမောဖောက်ပြီး သေတော့မလို့"

သူက ပခုံးကိုကျုံ့ကာ ကျောချမ်းသလိုလို ပြောလေ သည်။ အဲဒီအခိုက်မှာ လှစ်ခနဲ ဝင်လာသော သနားစိတ်လေးနှင့်





အတူ သူ့ကို ပျော်ရွှင်ပါစေတော့ဟူသော စေတနာဖြင့် သူနှင့်အတူ အဲဒီညနေက မြို့ရဲ့အရှေ့ခြမ်းနှင့် အနောက်ခြမ်း ဆက်သွယ်ထား သော တံတားကြီးပေါ်မှာ အတူလေညင်းခံခဲ့ကြလေသည်။ ညနေ ခင်းဆို ထိုတံတားကြီးပေါ်မှာ အလွန်စည်သည်။ ယောကျ်ားလေး တွေဆို အုပ်စုလိုက်ဖြင့် ဆိုင်ကယ်တွေရပ်ကာ ဟိုဘက်ဒီဘက်က လာသော အလှပဂေးလေးတွေကို မျက်စိ အစာကျွေးကြသည်။ သူက အတော်ပျော်မြူးနေဟန်ဖြင့် လေမှာဝဲလွင့်နေသော သူမ ဆံနွယ်တွေကို ထိခတ်ကျီစယ်ရင်းမှ ...

"ဟေး ... လေဒီထိုက်၊ ဒီတံတားကြီးမရှိရင် အရှေ့ခြမ်းနှင့် အနောက်ခြမ်း ကူးမရတော့ဘူးပေါ့နော်၊ ရေကြီးရင် ဖြတ်လို့ မရတော့ဘူးပေါ့ ဟုတ်လား"

"အင်း ... အဲဒီအဖြစ်က ထိုက် တစ်သက်မှာတော့ တစ်ခါ ပဲ ရှိသေးတယ် ရှင်းရဲ့၊ လွန်ခဲ့တဲ့ တူးသောင်စင်တုန်းက ဒီမှာ ရေကြီးတယ်၊ တံတားကြီးဆို လုံးဝ မြုပ်သွားတာပေါ့၊ ဘယ်လိုမှ ကူးမရတော့ဘူး၊ တချို့ဆို အိမ်က အရှေ့ခြမ်းမှာ လူက အနောက်ဘက် ရောက်နေတာလေ၊ ထိုက် သူငယ် ချင်းတွေဆို Main ထဲမှာ ကျောင်းသွားတက်ရင်း အနောက် ခြမ်းမှာ သောင်တင်နေရော၊ တစ်မြို့တည်းမှာကို တွေ့ခွင့် မရတဲ့ ဘဝပဲ ရှင်းရေ"

"ကိန္နရီ တံတားခြားပေါ့၊ ကိုယ်သာဆိုရင်တော့ ထိုက်ဆီ ရေကူးပြီးလာမှာပဲ သိလား"



www.burmeseclassic.com

www.burmeseclassic.com



သူက ညာတာပါတေးဖြင့် သူမရဲ့ လက်လေးကို ဆွဲယူဖို့ ကြိုးစားတာကို သူမက မသိဟန်ဆောင်ပေးလိုက်ပါသည်။ သူမရဲ့ လက်လေးကို ကိုင်ထားရင်း သိပ်ချစ်တာပဲ ထိုက်ရယ်ဟု မချိတင်ကဲ ရေရွတ်သော သူ့အသံကို နားဆင်ကာ အဲဒီညနေက သူမတို့ sunset ကို အတူတကွ ခံစားခဲ့ကြလေသည်။

❦ ✧ ❦

လူတစ်ယောက်ကို ချစ်ဖို့နှင့်မုန်းဖို့မှာ ဘယ်ဟာက ပိုလွယ်သလဲဆိုတာ သူမ မဝေခွဲတတ်ပါ။ ကိုယ့်ကို အချိန်တော် ကြာ ကြင်နာယုယကာ ချစ်ခင်လာခဲ့သော ယောကျ်ားတစ်ယောက် ကို တစ်ချီတည်းမှာပင် မုန်းတီးရွံရှာသွားအောင် ဘယ်လိုအရာက စွမ်းဆောင်ခဲ့ပါသလဲ။ သေချာတာကတော့ သူမ မုန်းတီးခါးသီး လွန်းသည့် လုပ်ရပ်တစ်ခုကို သူက ကျူးလွန်ဖို့ ကြိုးစားလာခြင်း ကြောင့်ပင် ဖြစ်ပါသည်။ လူတစ်ယောက်ကို အထင်ကြီးရုံမျှနှင့် ချစ်မရတတ်ပေမဲ့ အထင်သေး စက်ဆုပ်သွားလျှင်တော့ မုန်းတီး သွားနိုင်သည် မဟုတ်ပါလား။ အကြောင်းအရာများ မတိုင်မီ ထိုနေ့ မနက်စောစောမှာ သူက သူမထံ ဖုန်းဆက်လာပါသည်။

"စောစောစီးစီးပါလား ရှင်းရဲ့၊ ပြော ဘာများလဲ"

"ဒီနေ့ ဘာနေ့လဲ ထိုက်"

"ဒါများ ကိုယ့်အိမ်မှာကိုယ် ပြက္ခဒိန်ကြည့်ပါလား၊ ဒီနေ့ ဗုဒ္ဓဟူးလေ"





"ထိုက်ကတော့ ရက်စက်ပြီကွာ၊ တကယ် မသိတာလား၊ အေးလေ မသိတာဘဲနေမှာပါ၊ ဒီနေ့ ကိုယ်တို့ရဲ့ 1st Anniversary လေ ထိုက်ရဲ့၊ သိပ်ချစ်တာပဲ ဟုတ်လား"

သူက ရွှဲ့မေးလေသည်။ ဟုတ်သားပဲ။ ဒီနေ့ သူနှင့် သူမ ချစ်သူဖြစ်တာ တစ်နှစ်ပြည့်တဲ့နေ့ပဲ၊ အံ့သြစရာ ကောင်းလှ စွာပင် သူမ သတိကိုမရချေ။ ထိုအခိုက်မှာ သူ့ကို အလွန်အမင်း အားနာသွားလေသည်။ ဒါကြောင့် သူ့ကို ချော့သည့်အနေဖြင့် ...

"ဆောရီး ရှင်းရယ်၊ ထိုက် မေ့သွားတယ်၊ ကဲပါ ရှင်း ဘာအစီအစဉ်တွေ ဆွဲထားလို့လဲ"

"ရှိတာပေါ့ ထိုက်ကို Amazing Zone ကို ခေါ်သွားမယ်၊ ကိုယ် သင်တန်းကို လာကြိုလိုက်မယ်၊ စောင့်နေနော်"

သူက ပဟေဠိတွေလုပ်ကာ ဖုန်းချသွားလေသည်။ သူမကတော့ ထွေထွေထူးထူး စဉ်းစားမနေတော့ပဲ သင်တန်းသွား ဖို့ ပြင်ဆင်သည်။ သူက သူမနှင့် သိပ်လိုက်သည်ဟု တဖွဖွ ပြောဖူးသော ကြည်ပြာရောင်လက်ပြတ် ဝမ်းဆက်ကိုတော့ မမေ့ မလျော့ ဝတ်ဖြစ်သည်။ သူ့ကိုပေးဖို့ လက်ဆောင်တော့ ကိုယ်လည်း မနက်မှသိရ၍ မဝယ်ဖြစ်တော့။ အပြန်ကျ သူ လာခေါ်မှာမို့ နိုင်ကယ် မယူတော့ဘဲ အိမ်နားက သူငယ်ချင်း တစ်ယောက်ဖို့ မှာ လိုက်ပို့ခိုင်းလိုက်သည်။ သူငယ်ချင်းက သိသွားပြီး ရယ်ကျဲ ကျဲဖြင့် ...



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... လက်ဆောင်ရော ဝယ်သွားရဲ့လား၊ မဝယ်ရသေးရင် လွင်မှာ ဝင်ဝယ်လိုက်လေ"

ထိုသူငယ်ချင်းရဲ့ ကောင်းမှုနှင့်ပင် မြို့ထဲက လွင် စတိုးမှာ သူ့အတွက် After Shave တစ်ဘူး ဝင်ဝယ်လိုက်ပါသည်။ ဒီလိုဆိုတော့ သိပ်မဆိုးတော့။ သူလည်း နည်းနည်း ကျေနပ်သွားမှာပဲဟု တွေးမိကာ တစ်မျိုး စိတ်ချမ်းသာသွားလေသည်။ သူမရဲ့ သင်တန်းချိန် ပြီးဆုံးသွားသည့် အခါမှာတော့ အပြင်ဘက် ကားပေါ်မှာ ထိုင်စောင့်နေသော သူ့ကို အဆင်သင့် တွေ့ရလေသည်။ သူမ ဝင်ထိုင်ပြီးသည်နှင့် သူက ကားကို မောင်းထွက်သည်။

ကားပေါ်မှာ သူမ နှစ်သက်သော သီချင်းသံကို သူက ဖွင့်ပေးထားသည်။ နာရီစင် လမ်းတစ်လျှောက် မောင်းလာတာမို့ သူမက ငဲ့ကြည့်ရင်း ...

"ဘယ်သွားမှာလဲ"

"ရောက်တော့ သိမှာပေါ့၊ စိတ်ချပါ ထိုက်ကို ခိုးမပြေးပါဘူး၊ ဒါနှင့် ဒီနေ့ ထိုက် သိပ်လှတယ် တကယ်"

သူ့အပြောကြောင့် တိတ်တဆိတ်ပြုံးကာ သူမက အသာငြိမ်သက် လိုက်ပါခဲ့ပါသည်။ သူ့ကားက တဖြည်းဖြည်းနှင့် ပြည်သာယာ စက်မှုဇုန်နှင့် စီးပွားရေး တက္ကသိုလ်တို့ကို ကျော်လွန်လာပြီးမှ လမ်းမကြီးဘေးက ခြံတစ်ခြံရှေ့မှာ ရပ်တန့်သွားသည်။

သူက ဟွန်းတီးလိုက်သောအခါ လူတစ်ယောက်က ချက်ချင်း တံခါးဖွင့်ပေးကာ နှုတ်ဆက်ပြီး စက်ဘီးဖြင့် ထွက်သွား





သွားလေသည်။ ခြံလေးက သပ်သပ်ရပ်ရပ်နှင့် နေချင့်စဖွယ် စိမ်းလန်းနေလေသည်။ ကားကို ခြံရှေ့မှာ ရပ်ထားခဲ့လျက် သူမ တို့က အိမ်ပေါ်တက်လာခဲ့ကြသည်။ အိမ်ထဲအရောက်မှာပင် သူမအတွက် အံ့သြစရာတွေက စတင်ခဲ့လေသည်။ အိမ်ခန်းပတ်ပတ် လည်မှာ သူမ ဓာတ်ပုံတွေအပြည့်။ နောက် သူမရဲ့ပုံတူ ပန်းချီ ကားကြီး တစ်ချပ်။ စားပွဲပေါ်မှာ လှပသည့် ကိတ်မုန့်ငယ်တစ်လုံး။

"အံ့သြသွားလား ထိုက်၊ နေဦး ဒီမှာ ထိုက်အတွက် လက်ဆောင်"

သူက ထိုက်ရဲ့ လက်သူကြွယ်မှာ စိန်တစ်လုံးတည်း မြုပ်ထားသော ရိုးရှင်းလှပသည့် မောင်းကွင်းလေးတစ်ကွင်း ဝတ်ဆင် ပေးလေသည်။ အဲဒီနောက် သူနှင့်သူမ အတူတူပင် ကိတ်မုန့်လှီး ကြသည်။ တစ်ယောက်နှင့်တစ်ယောက် ခွံ့ကျွေးကြပြီး သူက သူမကို တစိမ့်စိမ့်ဖြင့် ငေးစိုက်ကြည့်ရင်းမှ ...

"ကိုယ် ထိုက်ကို ခဏလောက် ဖက်ထားပါရစေ"

ဟု ညင်သာစွာ ခွင့်တောင်းလာလေသည်။

သူမ ခေါင်းညိတ်မိသည်လား၊ ခေါင်းခါမိသည်လား ကိုယ်တိုင်ပင် မရေရာတော့။ တစ်ချက်တစ်ချက် လမ်းမပေါ်က ဖြတ်သန်းသွားသော ကားသံများမှလွဲ၍ ငြိမ်သက်တိတ်ဆိတ်အာ အသက်ရှူသံနှစ်ခုတည်း ကြားရသော အခန်းတွင်းမှာ သူမသည် ဇပါးကြီးမြွေ တစ်ကောင်၏ ညှို့ယူခြင်း ခံနေရသည့် မလူးလွန့် သာစွာ ရှိခဲ့သည်။ ဖျတ်ခနဲ သူမ သံတိရလာချိန်မှာ ဝင်သက်ထွက်



www.burmeseclassic.com

www.burmeseclassic.com



သက်ဖြင့် ပူနွေးစိုစွတ်နေသော နှုတ်ခမ်းတစ်စုံအောက်က ရုန်းထွက်ပြီးသားဖြစ်သလို သူ့ကိုလည်း ဒေါသတကြီး ဆောင့်တွန်းပစ်လိုက်လေသည်။ ထိုအခိုက်အတန့်မှာပင် သူမ သူ့ကို အကြီးအကျယ် မုန်းတီးသွားခဲ့သည်။ တကယ်တော့ သူသည် ချစ်ခြင်းနှစ်ပတ်လည်ကို အကြောင်းပြကာ သူမကို နှုတ်ဆက်ဖို့ ကြိုးစားခဲ့သောသူပင်ဖြစ်လေသည်။ သူက မျက်စိမျက်နှာပျက်စွာဖြင့် ...

"ကိုယ် တောင်းပန်ပါတယ် ထိုက်ရာ၊ တကယ် ကိုယ်မှားသွားတယ်၊ ကိုယ်လေ"

"တော်ပြီ မပြောနှင့်တော့၊ နင့်ကို ငါ သိပ်ရွံတယ် ရှင်းကို၊ နင် ငါ့ကို ဘယ်လိုမိန်းမစားမျိုးများ မှတ်နေလဲ၊ နင် ငါ့ကို ချစ်တယ်ဆိုတာ ဘာလဲ၊ အလကားပဲ အကြံပက်စက်တဲ့စိတ်နှင့် ငါ့ကို ဒီခေါ်လာခဲ့တာ မဟုတ်လား၊ တော်ပြီ ရှင်းကို နင့်လို အောက်တန်းကျတဲ့ စိတ်ရှိသူကို ငါ့ဘက်က လုံးဝ ပြတ်တယ် တစ်သက်စာပဲ၊ နင်နှင့်ငါ ပြတ်ပြီ"

"ဟာ ... ထိုက်၊ ဒီလို မလုပ်ပါနှင့်ကွာ၊ ကိုယ် အနူးအညွတ်တောင်းပန်ပါတယ်၊ ကြိုက်တဲ့အပြစ်ပေးပါကွာ"

သူ ဘယ်လောက်ပဲ ခယတောင်းပန်နေပစေ သူမကတော့ လှည့်ကိုမကြည့်ချေ။ အိတ်ကို ကောက်လွယ်ကာ အိမ်ပေါ်မှ ပြေးဆင်းလာခဲ့ပြီး သူ လိုက်မလာစေရန် ခြံတံခါးကို အပြင်မှ သော့ပိတ်ပစ်ခဲ့လေသည်။ ကံကောင်းစွာဖြင့် မန္တလေးဘက်မှလာသော မှန်လုံတစ်စီးကိုတားကာ မြို့ထဲသို့ ပြန်လိုက်ပါ





လာခဲ့သည်။ လက်မတင်လေးတင် သူမ ကံကောင်းခဲ့ခြင်းဖြစ်သည်။ တစ်ချိတည်းမှာပင် သူမသည် ယောကျ်ားတွေကို အတော်စိတ်နာ သွားခဲ့လေသည်။

နူးညံ့သိမ်မွေ့သည့် ချစ်ခြင်းမေတ္တာကို ဗန်းပြကာ သူမကို ပန်းတစ်ပွင့်လို နမ်းခြေဖို့ ကြိုးစားခဲ့သော သူ့ကို လုံးဝ အတွေ့မခံတော့။ သင်တန်းပင်လျှင် မတက်တော့။ အများအမြင်မှာတော့ သူမသည် သူ့ကို ဘာအကြောင်းမှ မရှိပါဘဲနှင့် အစိမ်းဖြတ်ခဲ့သော မိန်းမတစ်ယောက် ဖြစ်သွားခဲ့ရသည်။ သူငယ်ချင်းတွေက မေးလာသော အခါမှာလည်း အဖြစ်မှန်ကို ရှက်ရွံ့လွန်း၍ သူမ ပြောမထွက်ခဲ့။ နောက်ဆုံးတော့ ရှင်းကိုတစ်ယောက် အသည်းကွဲသည့်ဒဏ်ကို မရှုမလှခံရသည့် တရားခံမှာ သူမပဲဖြစ်ခဲ့ရလေသည်။ နောက်ဆုံး သူ သေဆုံးသွားခဲ့တာတောင် သူမရဲ့ ပယောဂကြောင့်ဟု တချို့က ဆိုခဲ့လေသည်။

သူ့ခရီးထွက်သွားသည်ဟု သတင်းရထား၍ အပြင်ထွက်လာခဲ့သော သူမရဲ့ ဒုတိယအမှားပဲ ဖြစ်ပါသည်။ တကယ်တော့ ဒါဟာ သူ့ရဲ့ လှည့်ကွက်တစ်ခုပင်။ လူကြားထဲမှာဖြစ်တာကို အခွင့်ကောင်းယူလျက် သူမကို တတွတ်တွတ် တောင်းပန်လျက် လက်ဆွဲထားတာကို သူမက ဒေါသစိတ်ဖြင့် အတင်းရုန်းထွက်ကာ လမ်းရဲ့တစ်ဖက်ကို အကူးမှာပင် သွေးရူးသွေးတန်းလိုက်လာခဲ့သော သူဟာ ကွေ့မည့်ကားတစ်စီးနှင့် တိုက်မိသွားခဲ့တာဖြစ်သည်။ သူ့ရဲ့ နောက်ဆုံးအချိန်ထိ သူမကိုတ,ကာ



www.burmeseclassic.com

www.burmeseclassic.com



သေဆုံးသွားခဲ့သည်။ သူ သေဆုံးမှုအတွက် သူမ ခေါ်ယူစစ်ဆေးခြင်းခံရသည်။ သူ့အမေ၏ လက်ညှိုးငေါက်ငေါက်ထိုးကာ ပြောဆိုသည့်ဒဏ်တွေကို ခံခဲ့ရသည်။ အားလုံးသော အသိုက်အဝန်းမှာ သူမသည် ယောကျ်ားတစ်ယောက်ကို တစ်နှစ်နီးပါးတွဲပြီးမှ အကြောင်းမရှိပဲ သစ်စိမ်းချိုးချိုးသူ၊ ရက်စက်စွာ အသည်းခွဲခဲ့သူ၊ အဲဒီယောကျ်ားကို သေစေခဲ့သူ၊ ရက်စက်ယုတ်မာခဲ့သော မိန်းမတစ်ယောက်အဖြစ် မြို့မှာ နာမည်ကြီးခဲ့လေသည်။ သူကတော့ အေးငြိမ်းရာ ရောက်သွားသလောက် သူမကိုတော့ ပြစ်ချက်ပေါင်းများစွာဖြင့် ချန်ထားရစ်ခဲ့သည်။

အဆိပ်မရှိဟု ထင်ထားခဲ့သော ယောကျ်ားတစ်ယောက်သည် သူမကို သေသည့်တိုင်အောင် ဒုက္ခပေးသွားခဲ့လေသည်။

အဲဒီနောက်မှာတော့ သူမသည် ယောကျ်ားတွေကို အကြီးအကျယ် စိတ်နာသွားခဲ့သည်။ ဘယ်တော့မှ ယောကျ်ားတွေနှင့် မပတ်သက်တော့ဟု ဆုံးဖြတ်ကာ Level III ကို ရန်ကုန်မှာပဲ ဆက်တက်ဖို့ စီစဉ်ခဲ့သည်။ သူမရဲ့ မိဘတွေကလည်း သူမကို ဒီမြို့မှာ မနေစေချင်တော့။ အဖြစ်မှန်တွေကို နားလည်သောမိသားစုနှင့် မွေးရပ်မြေကို မခွဲချင်လှသော်လည်း နာကြည်းစရာအတိတ်ကြောင့် သူမ မြို့မှ တိတ်တဆိတ် ထွက်ခွာခဲ့ရပါသည်။ မွန်းကျပ်သည့် မြို့ပြမှာ အားငယ်တတ်သော နှလုံးသားတစ်ခုနှင့် ကြိုးစားရှင်သန်ခဲ့ရသော သူမသည် နာကြည်းစရာကောင်းသော





အတိတ်ကို မေ့ထားခဲ့ရင်းမှ မေ့သလောက်လည်း ရှိလာသည့်အခါမှာ အမှန်တကယ်ကို ချစ်တတ်ခဲ့သည့် နှလုံးသားတစ်ခုနှင့် ရိုးသားဖြူစင်သည့် မေတ္တာပိုင်ရှင် တစ်ယောက်ကို ယုံကြည်မိခဲ့သည်။ သူသည် သူမအတွက်တော့ လမ်းပြကြယ်လေး ဖြစ်ခဲ့သည်။ မျှော်လင့်ချက်၏ ရောင်ခြည်လည်း ဖြစ်ခဲ့သည်။ စင်သန့်ဆိုသော သန့်စင်သည့် အပြုံးပိုင်ရှင် တစ်ယောက်ကို သူမ တစ်သက်တာမှာတစ်ခါ အရူးအမူး တွယ်တာသွားခဲ့ပါသည်။ ထိုအချိန်သည် အချစ်ကို ရေရေရာရာ သဘောပေါက် နားလည်သွားခဲ့သောအချိန်လည်း ဖြစ်လေသည်။

❦ ✧ ❦

'အချိန်ကာလများစွာက ရင်ထဲမှာ ဖွဲ့တည်နေခဲ့သော အမုန်းတရားတွေအတွက် သူမကို လက်တုံ့ပြန်ပြီးလျှင် ကျေနပ်ပျော်ရွှင်လိမ့်မည်ဟု သူ အရင်ကတည်းက အကြိမ်ကြိမ် တွေးခဲ့ဖူးလေသည်။

မျက်ရည်ဥကြီးတွေ တလိမ့်လိမ့် စီးဆင်းလာကာ သူ့ကို မော်ကြည့်လျက် တောင်းပန်တိုးလျှိုးသည့် အရိပ်တွေပါဝင်နေသော သူမရဲ့ မျက်နှာကိုကြည့်ကာ ဟားတိုက်ရယ်မောပစ်ဖို့ သူ ကြိုးစားခဲ့သော်လည်း မရ။ တစ်စုံတစ်ရာက သူ့ကို တုပ်နှောင်ထားသလို ခံစားရလေသည်။ အဲဒါဟာ ဘာလဲဆိုတာ သူ မတွေးရဲ။



www.burmeseclassic.com

www.burmeseclassic.com



ဟာကယ်ဆို ဒီလိုအခြေအနေမှာ သူ ပျော်ရွှင်နေရမှာကို ဘာကြောင့် သူ မပျော်နိုင်ခဲ့ရတာလဲ။ ကြောက်စရာကောင်းသည့် အန္တရာယ်ရှိသော မိန်းမဟု သတ်မှတ်ထားခဲ့သည့် သူမရဲ့ မျက်ဝန်းထဲက ရိုးသားမှုတွေဟာ တကယ့် အစစ်တွေပဲလား၊ ဟန်ဆောင်မှုတွေလား။ သူ ရေရေရာရာ မဝေခွဲတတ်ခဲ့တော့။ သူ့ကိုယ်သူ မှားလားမှန်လား ဆိုတာတောင် မသေချာတော့တဲ့ အထိ သူမနှင့် လမ်းခွဲအပြီးမှာ သူ့စိတ်တွေ ယိမ်းယိုင်ခဲ့ရလေသည်။

သေချာတာတစ်ခုကို မရှက်တမ်း ဝန်ခံရလျှင်တော့ သူမကို သူ ချစ်မိသွားခဲ့ပါသည်။ အဖြူရောင် ကြိုးဝေ့တွေနှင့် ရစ်ပတ်နှောင်ဖွဲ့ထားခဲ့သော သူနှင့်သူမတို့ နှစ်ဦး၏ ဆက်ဆံရေးမှာ ဘာသမုဒယမှ မပါဝင်ခဲ့ပဲ သူ့ဘက်က စတင်လမ်းခွဲခဲ့သည့် အချိန်မှာတော့ အဲဒီ အဖြူရောင်အချစ်ကြိုးတွေက သူထင်ထားတာထက်ကို ခိုင်မြဲစွာ နှောင်တွယ်နေခဲ့မှန်း ကိုယ့်ဘာသာ နားလည်ခဲ့ရလေသည်။

ဒါပေမဲ့ ဘယ်လိုမှ မဖြစ်နိုင်ပါဘူးကွာ။ မေရယ် မင်းနှင့်ကိုယ်နဲ့ဟာ ဘယ်တော့မှ ဆုံစည်းဖို့ ကံပါလာ တဲ့သူတွေ မဟုတ်ပါဘူး။ ရှုးရှုးမိုက်မိုက်နှင့် လုပ်ခဲ့တဲ့ အလုပ်တစ် ခုအတွက် ကိုယ် နောင်တလည်း မရချင်တော့ဘူး။ မင်းရဲ့ အသည်းကိုခွဲဖို့ ဆိုတာ ကိုယ်ကိုယ်တိုင်လည်း အရင်ဆုံး အသည်းကွဲ ခံခဲ့ရတာပါ။ လူသိတဲ့ အရှုံးနှင့် လူမသိတဲ့အရှုံးပဲကွာပါတယ် မေရယ်။ ကိုယ် မင်းကို အဝေးကပဲ ချစ်နေတော့မှာပါ။





သူ့ဘဝတွင် ရှင်းကိုသည် ဖေဖေနှင့်မေမေပြီးလျှင် အချစ်ဆုံး လူသားတစ်ယောက်ပင် ဖြစ်ပါသည်။ သူ ငယ်ငယ်လေးတည်းက မေမေက ဆုံးသွားခဲ့လေရာ အန်တီဦး၏ လက်ထဲမှာပဲ သူတို့ နှစ်ယောက်စလုံး ကြီးပြင်းလာခဲ့ရသည်။ သူနှင့် ရှင်းကိုမှာ ဆယ်ရက်ပဲ ကွာသည်။ ဖေဖေက ကြယ်ငါးပွင့်လိုင်းမှာ ကပ္ပတိန်ကြီး တစ်ဦးမို့ အိမ်မှာနေရတယ်ဆိုတာ သိပ်မရှိလှချေ။ အဲဒီတော့ သူက အန်တီဦးရဲ့ လက်ထဲမှာပဲ ကြီးပြင်းလာခဲ့တော့တာ ဖြစ်သည်။

အန်တီဦးကလည်း သူ့ကို သားအရင်းနှယ်ပင် ချစ်ခင်ကြင်နာကာ မိခင်မေတ္တာလည်း အပြည့်အဝ ပေးခဲ့သဖြင့် သူ့ဘဝမှာ မပြည့်စုံတာ မရှိခဲ့ချေ။ တချို့ကဆိုလျှင် သူနှင့်ရှင်းကိုကို ညီအစ်ကို အရင်းဟုပင် ထင်ကြပါသည်။

သူက ဂျစ်တိဂျစ်ကန် ပုံစံဖြစ်ပြီး ရှင်းကိုကတော့ ခပ်ပျော်ပျော် နေတတ်သူတစ်ဦး ဖြစ်သည်။ သူက အရာရာမှာ သိပ်အလေးအနက် မထားတတ်သော်လည်း ရှင်းကိုက တစ်ခုခုကို အင်မတန် ထိခိုက်လွယ်သောသူ တစ်ဦးပင် ဖြစ်လေသည်။ ဒါကြောင့် ဘာပြဿနာပဲ ဖြစ်လာဖြစ်လာ သူကပဲ ဒိုင်ခံဖြေရှင်း ရတာများသည်။ သူက မိန်းကလေးတွေကို စိတ်မဝင်စားမိသော်လည်း ရှင်းကိုကတော့ အပြောကောင်း ရုပ်ပါဖြောင့်ပြီး ကောင်မလေးတွေလည်း တစ်ပုံကြီးပင်။ အဲဒီ ပြဿနာတွေလည်း သူ



www.burmeseclassic.com

www.burmeseclassic.com



ကပဲ ဒိုင်ခံရှင်းပေးခဲ့ရတာပင်။ ကြာလာတော့ သူပင် အမြင်ကတ်လာခဲ့သည်အထိ။

"ရှင်းကိုရာ မင်းမလည်း ချစ်ချစ်နိုင်လွန်းတယ်၊ စိတ်မကုန်သေးဘူးလားကွ"

"ဘာလို့ကုန်ရမှာလဲ တစ်ယောက်တစ်မျိုးစီ လှနေတဲ့ဥစ္စာကို"

"မင်းဟာက လွန်ကို လွန်လွန်းတယ်၊ အချစ်တွေကလည်း ပေါမှပေါပဲ"

"အချစ်တစ်သိန်းရှိတယ်လေကွာ၊ ပေးစရာ တစ်သိန်းရှိတယ်၊ ဟဲ ဟဲ ... မပြည့်သေးပါဘူး"

တကယ့်ကို သူပင် လက်ဖျားခါရလောက်အောင် ဒီကောင်က စွံလွန်းလေသည်။ ကောင်မလေးတွေနှင့်တွေ့လျှင် သူ့လောက် ချစ်တတ်သော လွမ်းတတ်သောသူ မရှိ။ ကွယ်ရာကျ အစဖော်လို့တောင်မရသည့် မေ့ပစ်သော လူစားမျိုးလည်း ဖြစ်ပါသည်။ ကောင်မလေးတွေက ကဲကဲ၊ သူက သဲသဲနှင့် သူ့ဟာနှင့်သူတော့ အဟုတ်ချည်းပင် ဖြစ်လေသည်။ သူ့ကို အတည်တကျထားဖို့ပြောလျှင် ဒါကြီးနှင့် မတိုးသေးလို့ဆိုကာ ရင်ဘတ်ကို ပုတ်ပုတ်ပြတတ်သည်။ အဲဒီတုန်းက သူ ပြောခဲ့ဖူးသော စကားတစ်ခွန်းကို ခုထိ မှတ်မိနေပါသည်။

"အေး ... မင်း ရင်နှင့်လည်းတိုးရော မင်းကိုလည်း ဟိုက ကန်ခဲ့ရောနေမှာပဲ"





ဟု။ ဘာပဲပြောပြော ရှင်းကိုနှင့် သူ့ကြားထဲတွင်ရှိသော သံယောဇဉ်ထုထည်က တစ်နေ့တခြား ပိုလို့ပင် တွယ်တာခဲ့လေသည်။ အဲဒီနောက်မှာတော့ ရှင်းကိုနှင့်သူ ခွဲခွာရဖို့ အကြောင်းဖန်လာပါသည်။ ရှင်းကိုရဲ့ဖေဖေ ရာထူးတက်ကာ နယ်ပြောင်းရမည့်အချိန်နှင့် သူ သင်္ဘောတက်ရမည့်အချိန်က တစ်ချိန်တည်းလိုလိုပင်ကျခဲ့သည်။ အန်ကယ်ဦးကလည်း ရှင်းကိုကို ရန်ကုန်မှာ တစ်ယောက်တည်းထားခဲ့ဖို့ စိတ်မချပေ။ သူရှိနေလျှင် စိတ်ချစွာထားခဲ့မည်ဖြစ်သော်လည်း သူကလည်း ဖေဖေ့ အစီအစဉ်ဖြင့် သင်္ဘောတက်ကာ အိမ်တွေကိုလည်း နှစ်ချုပ်ဖြင့်ငှားခဲ့တော့မှာမို့ ရှင်းကိုက တညည်းညည်း တညူညူပင်။

"ရေလည်လေတယ်ကွာ၊ မင်းကလည်းထွက်၊ ငါကလည်း တောပြောင်းရတော့မယ်၊ မင်းကတော့ ငှိမှာ ကမ်းတစ်ခါ ကပ်တိုင်း ဇိမ်ပေါ့ကွာ၊ ငါ့မှာတော့ ဘော်ဒါမရှိ၊ အတွဲမရှိနှင့် ငေါင်နေဦးတော့မှာပဲ"

"မင်း သူများ မြို့ရွာသွားပြီး အေးဆေးနေဦးနော်၊ ဒီမှာလို ခွင်ကျယ်တာ မဟုတ်ဘူး၊ ကဲမနေနှင့်"

"မကဲပါဘူးကွာ မိတ္ထီလာသူတွေက ချောလား မသိဘူးနော် အဟဲ"

"ဟင်း ... အကျင့်ကိုက မပျောက်နိုင်ဘူး၊ မိတ္ထီလာသူတွေအတွက်တော့ ရင်လေးစရာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီတစ်ခါတော့ တကယ်ချစ်မှပဲ ထားတော့မယ်ကွာ၊ နှလုံးသားက အစစ်ကိုပဲ တောင့်တနေပြီ"

ဒီလိုနှင့်ပင် သူကလည်း သဘော်တက်သွားခဲ့သလို ရှင်းကိုလည်း မိတ္တီလာကို လိုက်ပါသွားခဲ့ပါသည်။ ပထမဆုံးရောက်လာသော စာများမှာတော့ ဟိုမှာပျင်းကြောင်း၊ အထာမကျသေးကြောင်းတွေဖြစ်ပေမဲ့ နောက်တော့ ဘော်ဒါတွေ ရလာပြီဖြစ်ကြောင်း၊ အဲဒီက လူငယ်တွေက ကားထက် ဆိုင်ကယ်စီးခြင်းကို ပို၍ crazy ဖြစ်သဖြင့် သူလည်း DT တစ်စီး မန္တလေး တက်ဝယ်ထားကြောင်း၊ မိတ္တီလာဟာ ဒုတိယမန္တလေးဟု တင်စားခေါ်ရအောင်ပင် လူငယ်တွေ အုပ်စုလိုက် ဆိုင်ကယ် group တွေရှိကြောင်း၊ ကျောင်းတွေကလည်း ပေါသဖြင့် ဒီနေ့ Main ထဲမှာ ခြေဆန့်လျှင် နောက်တစ်နေ့ Eco မှာ သွားကဲကြောင်း၊ နောက်တစ်ည GTC မှာ ဂစ်တာသွားခေါက်ကြောင်း၊ သူ့အနေဖြင့် ရည်းစားတစ်ယောက်မှ မထားသေးပဲ တကယ့် အချစ်စစ်ကို DT တစ်စီးနှင့် လှည့်လည် ရှာဖွေလျက်ရှိကြောင်း ရေးသားထားသဖြင့် သူ့မှာ ပြုံးရလေသည်။

နောက်ထပ် ရောက်လာသည့် စာများမှာတော့ သူတက်နေသည့် KMD မှာ ချစ်စရာ ကောင်မလေး တစ်ယောက်ကို တွေ့ထားပြီဖြစ်ကြောင်း၊ ဒီတစ်ခါတော့ တကယ့်ကို ချစ်မိသွားခြင်းဖြစ်ကြောင်းတို့ကို သူ့ထံ ရင်ဖွင့်ထားပါသည်။ သူက ပထမတော့ သိပ်မယုံကြည်လှသေးချေ။ နောက်တော့ ဖုန်းပြောသည့်





အခါမှာ သူ့စာတွေထဲမှာ ဘုန်းမေထိုက်က တော်တော်နေရာယူထားသဖြင့် ဒီတစ်ခါတော့ ရှင်းကို တကယ့်ကို heart ထိပြီဟု သူ ယူဆခဲ့လေသည်။

အမှန်ပင် ဒီကောင် ဘုန်းမေထိုက်ကို အရူးအမူးဖြစ်ခဲ့သည်။ ခြောက်လလောက်မှ အဖြေရခဲ့ခြင်း ဖြစ်လေသည်။ ရှင်းကိုရဲ့ ရာဇဝင်မှာ မိန်းကလေး တစ်ယောက်ကို ခြောက်လလောက် ဖွဲ့နှပ်ကြီးစွာလိုက်ခြင်းသည် ဒါ ပထမဦးဆုံးပင် ဖြစ်သည်။

သူ စွဲလမ်းလောက်အောင်ပင် ဘုန်းမေထိုက်က တစ်မျိုးသော စွဲဆောင်အားလေးနှင့် ချစ်စရာကောင်းသူလေး ဖြစ်ပါသည်။ ယောကျ်ားတို့၏ အတ္တဟုပဲဆိုဆို ကိုယ်ကသာ ပွေရှုပ်ခဲ့သော်လည်း အပြစ်ကင်း မိန်းကလေးတို့ကိုသာ နှစ်လိုသည့်အတိုင်း ဘုန်းမေထိုက်ဟာ ရည်းစားတစ်ခါမှ မထားဖူးသေးသော မိန်းကလေးဆိုတာ သိရသည့်အတွက် ရှင်းကိုအစား ကြားထဲကပင် သူက ဝမ်းသာပေးခဲ့လေသည်။

အနုကျမှပဲ ခြေငြိမ်သွားသော ရှင်းကို အတွက်သည်း ဘုန်းမေထိုက်ကို ကျေးဇူးတင်ခဲ့သည်။ လက်ထပ်ဖို့အထိ စီစဉ်ထားကြသော သူတို့နှစ်ဦးအတွက် သူက မင်္ဂလာလက်ဖွဲ့ကိုပင် အကောင်းဆုံး တန်ဖိုးအကြီးဆုံးကို ကြိုတင်စဉ်းစား နေခဲ့လေသည်။

ဒါပေမဲ့ သူ စိုးရိမ်တာတစ်ခုက အမှန်တကယ်ကို ဖြစ်လာခဲ့သည်။ ဝမ်းနည်းပက်လက် ရင်ဖွင့်လာသော ရှင်းကိုရဲ့



www.burmeseclassic.com

www.burmeseclassic.com



စာတစ်စောင်က သူ့ကိုပါ စိတ်မချမ်းမြေ့မှုတွေ ကူးစက်စေခဲ့ပါသည်။ ဘာအကြောင်းမှ မရှိပါဘဲနှင့် ရက်စက်စွာ အစိမ်းဖြတ်ဖြတ်သွားခဲ့သော ဘုန်းမေထိုက်ကို သူ ဘယ်လိုနားလည်ရမလဲ မသိခဲ့။

ရှင်းကိုရဲ့ အတိတ်ရာဇဝင်တွေကိုများ သိသွားခဲ့လို့လားဟု ဆိုသော်လည်း သူမဟာ အစကတည်းက ဒီအကြောင်းတွေ သိပြီးသား ဖြစ်သည့်အတွက် ဒီအဖြေဟာလည်း သူ့အတွက် မခိုင်လုံတော့။ သူနှင့် ဖုန်းပြောတုန်းက ရှင်းကို အသံတွေ ဆို့နင့်ကြေကွဲနေသည်ကို ကြားရသောအခါ သူ တော်တော်ကြီး နှစ်သိမ့်ခဲ့ရရုံမှအပ ဘာမှမတတ်နိုင်တော့။ နောက်တော့ ဘယ်လိုမှ မမျှော်လင့်သည့် Fax တစ်စောင် ပင်လာခဲ့သည့်အခါမှာတော့ သူ အကြီးအကျယ် တုန်လှုပ် အံ့အားသင့်ခဲ့ရလေသည်။ ရှင်းကို သေဆုံးသွားခဲ့ပြီတဲ့။

သူ ဘယ်လိုနည်းနှင့်မှ မယုံခဲ့ချေ။ နောက်တော့ အန်တီဦးနှင့် ဖုန်းပြောတော့မှ သူ ကြေကွဲစွာ လက်ခံခဲ့ရတော့သည်။ ရှင်းကို သေသွားခဲ့ရတာ ဘုန်းမေထိုက်ကြောင့်တဲ့။ သားတစ်ယောက်လုံး ဆုံးရှုံးသွားခဲ့ရသော အန်တီဦးရဲ့ ပရိဒေဝမီးက သူ့ထံကိုပါ ကူးစက်လောင်ကျွမ်းခဲ့သည်။

"သားရယ် မင်း ညီအဖြစ်ကို မြင်စေချင်တယ်၊ ဒီမိန်းမကိုပဲ ရူးမတတ် ဖြစ်ရတာလေ၊ ငါ့သားလေးကို ဘာအကြောင်းမှမရှိပဲ သက်သက်မဲ့ အသည်းခွဲတာ၊ ဒုက္ခပေးတာ၊ ခုတော့ အသေဆိုးနှင့်သေရပြီ၊ သူ့ကြောင့် သေရတာ၊ ရှင်းကို သေရတာ ဘုန်းမေထိုက်ဆိုတဲ့ မိန်းမကြောင့်ပဲ သားရဲ့၊ သား သဘောက ဆင်းခဲ့ပါတော့ကွယ်"

အဲဒီအချိန်မှာ သူ့စာချုပ်ကလည်း နှစ်စေ့သွားပြီဖြစ်သဖြင့် ဖေဖေ့ကို ခွင့်တောင်းကာ သူ သင်္ဘောမှ ဆင်းခဲ့ပါသည်။ ဖေဖေကလည်း စိတ်မကောင်းခြင်းများစွာဖြင့် အန်တီဦး အနားမှာ ရှင်းကိုအစား သားတစ်ယောက်အနေဖြင့် စိတ်ချမ်းသာအောင်ထားဖို့ မှာကြားကာ သူ့ကို သွားခွင့်ပြုခဲ့သည်။ သူ ရန်ကုန် ပြန်ရောက်သည့် အချိန်တွင် အန်ကယ်နှင့် အန်တီဦးတို့လည်း ရန်ကုန်ကို ပြန်ရောက်လာပြီ ဖြစ်သည်။ အန်တီဦးက သူ့ကို သော့လေးတစ်ချောင်း ပေးလာရင်း ...

"ရှင်းကို အိပ်စက်ကျန်ခဲ့တဲ့ နေရာလေးကို သား သွားကြည့်မယ်ဆို ဒီသော့လေးကိုပါ ယူသွားပါ၊ စက်မှုဇုန် ကျော်တဲ့နေရာမှာ ခြံလေးရှိတယ်၊ ဟိုမိန်းမ အဆက်ဖြတ်တုန်းက ရှင်းကို အလူးအလဲ ခံစားရင်းနေခဲ့တဲ့ အိမ်လေးပေါ့၊ သားက သူ့စိတ်ကြိုက် မရွေးဝယ်ပြီး ဆောက်ခဲ့တဲ့အိမ်လေး မို့ အန်တီဦး မရောင်းခဲ့တာ၊ အဲဒီမြို့ကိုတော့ စိတ်နာလွန်းလို့ ပြန်မသွားချင်တော့ပါဘူးကွယ်"

သူက သော့လေးကိုယူကာ မိတ္ထီလာကို သွားခဲ့ပါသည်။ အဲဒီမှာ ရှင်းကို ပေါင်းခဲ့သော အပေါင်းအသင်းတွေနှင့်လည်း သွားတွေ့တွေ့ခဲ့သည်။ ဘုန်းမေထိုက်၏ သူငယ်ချင်းတွေနှင့်လည်း သွားတွေ့







www.burmeseclassic.com

www.burmeseclassic.com



ကာ မေးမြန်းခဲ့သည်။ အားလုံးထံက တူညီတဲ့ အဖြေတစ်ခုကိုပဲ ရခဲ့သည်။

"ဘုန်းမေထိုက်က ဘလိုင်းကြီး ဖြတ်သွားတာပါဗျာ၊ ငရှင်းမှာ ဘာဖောင်းလ်မှ မရှိဘူး၊ ဒီကောင်က သူ့ကို ချစ်လိုက်တာလည်း လွန်ရော၊ ကျွန်တော်တို့တောင် မျက်စိနောက်ယူရတယ်၊ မေထိုက် ရက်စက်သွားတာ အပီပဲ"

"ဟုတ်တယ် ကျွန်မတို့လည်း မေထိုက်ကို ဘယ်လိုနားလည်ပေးရမှန်းတောင် မသိပါဘူး၊ သူ့ကို မေးတော့လည်း ဘာအကြောင်းမှ မဟုတ်ဘူးတဲ့၊ လက်မတွဲချင်တော့လို့ပဲ ပြောတယ်၊ ရှင်းကို ဆုံးသွားတာတော့ မတော်တဆပါ၊ သူက ကားလမ်းကို အတင်းကူးတာလေ၊ အေးလေ စိတ်မကောင်းစရာတွေချည်းပါပဲ"

ရှင်းကို ငြိမ်သက်စွာ လှဲလျောင်းရာဖြစ်သော အုတ်ဂူဖြူဖြူပေါ်မှာ ပန်းစည်းတစ်စည်း ချရင်းနှင့်အတူ အံကို တင်းတင်းကြိတ်ရင်း မျက်ရည်ကျခဲ့ရသည်။

"ငါ ကတိပေးတယ် ရှင်းကို၊ မင်း ခံစားခဲ့ရသလို ဘုန်းမေထိုက် ခံစားစေရမယ်၊ မင်း စောင့်ကြည့်နေပါ၊ ငါ အနိုင်ရလာတဲ့ တစ်နေ့မှာ မင်းဆီကို နောက်တစ်ခေါက် ပြန်လာခဲ့မယ်"

ရှင်းကို ဖြတ်သန်းခဲ့သော နောက်ဆုံး နေ့ရက်တွေ၊ သူ ရှင်သန်ခဲ့သော နောက်ဆုံး အငွေ့အသက်တွေရှိရာ မန္တလေး





လမ်းမကြီးဘေးမှ ခြံလေးရှိရာကိုတော့ သူ မသွားဖြစ်ခဲ့တော့။ မသွားချင်တော့တာ ဖြစ်ပါသည်။ သွားခဲ့လျှင် ပိုသတိရစရာတွေ ဖြစ်မည်။

ပို၍ နာကြည်းစရာတွေဖြစ်မည်။ ခြံလေးကို အစောင့်ထားခဲ့ကာ အိမ်ပေါ်ကိုတော့ ဘယ်သူမှအတက်မခံစေဘဲ၊ သူကိုယ်တိုင်ပင် မတက်ခဲ့ဘဲ တိတ်ဆိတ်စွာ နှုတ်ဆက်ရင်း ဘုန်းမေထိုက်ရဲ့ သတင်းမှန်သမျှကို စုဆောင်းယူကာ သူ့ရဲ့ အကြံအစည်ကို အကောင်အထည်ဖော်ဖို့ ဆုံးဖြတ်ခဲ့သည်။ ဒီလုပ်ရပ်ဟာ ယောကျ်ားမဆန်သော လုပ်ရပ်ဖြစ်ပေမဲ့ အသက်တစ်ချောင်းလုံး ဆုံးရှုံးသွားခဲ့ရသော အဖြစ်နှင့်ယှဉ်လျှင် အသေးအဖွဲ ဖြစ်သွားခဲ့ပါသည်။ ဟမ္မူရာဘီရဲ့ ကိုဒေ့ဥပဒေကို မင်း ကြားဖူးမှာပေါ့ ဘုန်းမေထိုက်။ မျက်လုံးတစ်လုံးအတွက် မျက်လုံးတစ်လုံး ပြန်ပေးရမယ်ဆိုရင် ရှင်းကိုရဲ့ အသက်အတွက် မင်းရဲ့ အသည်းနှလုံးပေးရတာ များတယ် မဆိုသာပါဘူးနော်။

သူ့အတွက် ကံကောင်းသည်ဟု ဆိုရမလား။ ဘုန်းမေထိုက် အတွက်တော့ ကံဆိုးသည်ဟု ဆိုရမလားပင်ဖြစ်အောင် ဘုန်းမေထိုက် ရန်ကုန်ကို ထွက်သွားပြီဆိုသော သတင်းရ... သူမနေမည့် အဆောင်လိပ်စာရယ်ကို ရှင်းကိုရဲ့ ဘော်ဒါတစ်ယောက်က အတိအကျ လှမ်း၍ သတင်းပေးလာခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အေးလေ သူမအနေနှင့် မြို့မှာ ဘယ်လိုလုပ်ဆက်နေနိုင်ပါတော့မလဲ။ သူကလည်း သူမ ဘ၀ထဲကို ဒုတိယအကြိမ် ချဉ်းနင်း၀င်ရောက်ဖို့အတွက် စနစ်တကျ အကွက်ချစီစဉ်ခဲ့သည်။ သူမ နေထိုင်ရာ တံတားဖြူနားက အဆောင်နားမှာသူကလည်း ငှားနေခဲ့သည်။ တစ်လလောက်အထိ သူမ နှစ်သက်သော အစားအစာတွေထိပါ လိုက်လံ မှတ်သားထားခဲ့သည်။

နောက်ဆုံး Library မှာ စာသွားဖတ်တတ်သော၊ စာအုပ်ငှားလေ့ရှိသော သူမ အနားသို့ သူ တိုး၀င်လို့ရနိုင်မည့် နည်းလမ်းကို ရှာဖွေတွေ့ရှိခဲ့ပါသည်။ အဲဒီအတွက် သူ ၀တ်နေကျ အ၀တ်အစားတွေကို စွန့်လွှတ်ကာ ရှပ်အင်္ကျီနှင့် ပုဆိုးကွက်စိပ်၊ မျက်မှန်အကြည် တစ်လက်ကိုတပ်ကာ သူမ ရှေ့မှာ ပထမဦးဆုံးကိုယ်ထင်ပြခဲ့လေသည်။ အဲဒီအချိန်တုန်းက သူမက စာအုပ်တစ်အုပ်ကို အသည်းအသန် ရှာဖွေနေခဲ့ချိန်လည်း ဖြစ်သည်။ သူမဘာစာအုပ်ရှာနေသည် ဆိုတာလည်း သူ သိပါသည်။ သူမမြင်သာသည့် နေရာမှာရပ်ရင်း စာအုပ်ကို ဟိုလှန်ဒီလှော လုပ်နေကာ သူမကို တစေ့တစောင်း အကဲခတ်ကြည့်ရင်း သူမက စာအုပ်ကို မြင်သွားပြီဖြစ်မှန်း သူ သိသွားလေပြီ။ သူ့ပုံစံကို အကဲခတ်နေမှန်းလည်း သိသည်။ ဒီနေရာမှာ သူ့ရဲ့ ၀တ်ပုံစားပုံက သူ့ကို အကူအညီ အတော်လေး ပေးပါသည်။ သူမက သူ့အနားသို့ တိုးကပ်လာရင်း ...

"ဒီမှာ အဲဒီစာအုပ်က အပ်မှာလားဟင်"





"ဪ ... မဟုတ်ဘူး ခင်ဗျ၊ အခုမှ ငှားသွားမှာပါ၊ ဘာလို့လဲ"

"အပ်မှာဆိုရင် ကျွန်မ ယူမလို့ပါ၊ နေပါစေ ရပါတယ်"

သူမ ကြည့်ရတာ စာအုပ်ကို အတော်လိုချင်နေပုံပေါ်လေသည်။ သူက တစ်ချက်ပြုံးကာ စာအုပ်ကိုပိတ်လိုက်ရင်း ...

"လိုချင်ရင် ယူသွားလေ၊ ကျွန်တော် တခြားစာအုပ်ငှားလိုက်ပါ့မယ်"

သူက သူမ ရှေ့သို့ ကမ်းပေးလိုက်ကာ ...

"လိုချင်ရင် ယူသွားပါ၊ ကျွန်တော်က ဒီစာအုပ်ကို အဲလောက်ကြီး မဟုတ်ပါဘူး၊ ဖတ်ကြည့်ရုံ သက်သက်ပါ"

အဲဒီတော့မှ သူမရဲ့ မျက်နှာမှာ အားနာပြုံးလေးတစ်ခု ထင်ဟပ်လာပြီးတော့လျှင် စာအုပ်ကို မငြင်းမရဲ လှမ်းယူလျက် ...

"ကျေးဇူးပါပဲ တို့က ဒီစာအုပ်ကို အရေးတကြီး လိုအပ်နေလို့ပါ"

သူမရဲ့အပြောကို သူက ခေါင်းတစ်ချက်ဆတ်အသိအမှတ်ပြုလျက် အသာထွက်ခွာခဲ့ပါသည်။ နောက်လှည့်မကြည့်ပါဘဲနှင့် သူမလိုက်ကြည့်လို့နေမည် ဆိုတာကို သူ သိနေခဲ့သည်။ တော်ပြီလေ ဒီနေ့အဖို့တော့ ဒီလောက်ပဲပေါ့။

ချက်ချင်းတွေ့၊ ချက်ချင်း နာမည်မေး၊ ခေါ်မင်မှုဖလှယ်တာတွေက ရိုးနေပြီဖြစ်တဲ့ နည်းလမ်းတွေပါကွာ။ စကားတွေ အများကြီး ပြောတာထက် ပိုပြီးထိရောက်တဲ့ အပြုအမူလေး



www.burmeseclassic.com

www.burmeseclassic.com



တွေက စိတ်နှလုံးသားကို ပိုပြီးဆွဲဆောင်စေတာ မဟုတ်လား။ သူ့ရဲ့ စီမံကိန်းက ရေရှည်စီမံကိန်း ဖြစ်သည့်အတွက် ပိုပြီးဂရုစိုက်ရမည် ဖြစ်ပါသည်။

အဲဒီနောက်မှာတော့ သူနှင့် သူမတို့၏ တွေ့ဆုံမှုက စိပ်သထက် ပို၍စိပ်လာခဲ့ပါသည်။ တစ်ခါတလေ စာအုပ်ရွေးရင်း ဘေးချင်းယှဉ်လျက် ရှိတာတောင် သူက သူမကို စကားသွားမပြောချေ။ သူမရဲ့ရှေ့မှာ သူဟာ အင်မတန် အနေမှန်သောသူ တစ်ယောက်အဖြစ်ရှိခဲ့သည်။ တကယ်တော့ သူက သူမမြင်သာသော နေရာများတွင် တမင် လူလုံးပြလျက် သူမရဲ့ စိတ်ဝင်စားမှုကို ဖဲ့ယူခဲ့တာ ဖြစ်ပါသည်။

တစ်ညနေမှာတော့ သူမနှင့်သူ ဒီထက် ပိုပတ်သက်ဖို့ အကြောင်းတစ်ခု ဖန်လာခဲ့သည်။ အစိုးမရသော ရန်ကုန်မိုးဟာ ဖြုန်းခနဲ ရွာချလိုက်သဖြင့် ကောင်းကင်တစ်ခုလုံး မှောင်မည်းသွားကာ ချက်ချင်းပင် အလင်းရောင်ပျောက်လျက် မိုးချုပ်သွားသည်။ သူမက မစဲသော မိုးရေစက်တွေကိုကြည့်ကာ ဘာလုပ်ရမှန်း မသိသလို အကြံအိုက်နေလေသည်။ သူမမှာ ထီး၊ မိုးကာ ဘာတစ်ခုမှလည်း ပါပုံမရပေ။ သူကတော့ ရန်ကုန်မိုးရဲ့ အထာကို သိနေသူပီပီ မိုးကာတစ်ထည်ပါတာမို့ သူမ အနားသို့ သွားရပ်လိုက်ကာ ...

"ရော့ ... ဒါကိုဝတ်ပြီး ပြန်လိုက်ပါ၊ မိုးက ပိုသည်းလာတော့မှာ၊ ကြာရင် မိုးလည်းချုပ်သွားလိမ့်မယ်"





သူမ ကြည့်လာသော မျက်လုံးတွေထဲမှာ အားနာရိပ်နှင့်အတူ ကျေးဇူးတင်ရိပ်တွေပါ ပါဝင်နေပါသည်။

"ဟို ... ရပါတယ်၊ တို့က ဒါ ယူသွားရင် သူ ဘယ်လိုလုပ် ပြန်မလဲ၊ နေပါစေ ရပါတယ်".

"အားမနာပါနှင့် ကျွန်တော်က ယောကျ်ားလေး ဘာမှမဖြစ်ဘူး၊ ဝတ်သွားပါ"

နောက်တော့ သူမက သူ့ မိုးကာအင်္ကျီလေးကို အသာဝတ်ကာ နှုတ်ဆက်ရင်း အပြေးထွက်ခွာ သွားလေသည်။ သူကတော့ မိုးရေထဲမှာ ပြန်ခဲ့ရသည်။ အဲဒီအတွက် ရလာဒ်ကတော့ သူ့ မိုးမိကာ ဖျားခဲ့ခြင်း ဖြစ်ပါသည်။ အဖျားဝင်သဖြင့် Library ကို နှစ်ရက်လောက် မသွားနိုင်။ သူမ ,မျှော်နေမှာကိုတော့ အသေအချာပင် သိသည်။ နောက်တစ်နေ့သွားတော့ ထင်သည့်အတိုင်းပင် သူမက စိုးရိမ်ပူပန်သော မျက်နှာဖြင့် စောင့်နေခဲ့လေသည်။ သူ့ကို တွေ့တွေ့ချင်းပင် ...

"နေမကောင်းလို့ မလာတာလားဟင်"

ဟု ဆီးမေးလေသည်။ သူက ခေါင်းညိတ်ပြလျှင် သူမက ...

"ထင်သားပဲတယ် စိတ်မကောင်းလိုက်တာ၊ အရမ်းလည်း အားနာတာပဲ၊ ဟို ... ခုရော သက်သာရဲ့လားဟင်"

သူမက တကယ့်ကိုပင် စိုးရိမ်တကြီး မေးပါသည်။ သူမ မျက်လုံးတွေထဲမှာ ဖြူစင်သည့် အရိပ်သဏ္ဌာန်တွေ နီအောင်း



www.burmeseclassic.com

www.burmeseclassic.com



လျက် ရှိနေတာကို သူ အသေအချာ မြင်တွေ့ခဲ့ရသည်။ သူ့ကို ကြင်နာစွာ မေးနေပုံမှာ ရက်စက်တတ်သော မိန်းမ တစ်ယောက်ဟု ထင်ရက်စရာ လုံးဝ မရှိ။ သူမကို ပြန်မော့အကြည့်မှာ သူ ရင်တစ်ချက် ခုန်သွားရသည်။ အာ ... သေစမ်းကွာ၊ ဒါမျိုး ဖြစ်သင့်လား။

ငါ ဒီမိန်းမထံမှာ ဘယ်တော့မှ မကျရှုံးရဘူး။ သူကပဲ ကျရှုံးသွားရမယ်။

"သက်သာသွားပါပြီ အခန့်မသင့်လို့ပါ၊ နောက်ဆို မိုးကာ ဆောင်ထားပေါ့၊ ရန်ကုန်မိုးက ဒီလိုပဲ အစိုးမရဘူး၊ ကျွန်တော်လည်း ရောက်ခါစက အထာမသိတော့ ရွှဲတာပဲ"

သူမက မျက်လုံးလေး ဝိုင်းသွားကာ သူ့ကို ငဲ့ကြည့်ရင်း ...

"နယ်က ကျောင်းလာတက်တာလား"

"ကျောင်းတက်တာတော့ မဟုတ်ပါဘူး၊ နယ်က ဆိုပါတော့၊ တံတားဖြူနားက အဆောင်မှာနေတယ်"

သူမ မျက်နှာမှာ ရိုးသားစွာ အံ့ဩဝမ်းသာသွားသည့် အရိပ်လေး ထင်ဆင့်ကဲ ပေါ်လာပြီးလျှင် ...

"ဟုတ်လား တို့လည်း တံတားဖြူနားက အဆောင်မှာ နေတာပဲ၊ ... ... အဆောင်လေ"

သူက သိပြီးသားဖြစ်ပေမယ့် အနည်းငယ် အံ့ဩရိပ် သန်းသော မျက်နှာထားမျိုးဆင်ကာ ...





"ဪ ... နီးနီးလေးပဲ၊ ကျွန်တော်က ... ... အဆောင်၊ ယောကျ်ားလေးဆောင်ပေါ့"

သူမက ကြည်လင်စွာ ပြုံးပြရင်း ခေါင်းကို သွက်သွက် ညိတ်ကာ ပြလေသည်။ အဲဒီကစလို့ သူနှင့် သူမ၏ ခင်မင်မှုလေး စတင်ခဲ့သည်။ သူ့ရဲ့ အကွက်ချ စီစဉ်မှုက သေချာပေါက် မှန်ကန်သွားခဲ့သည်။ သူမက သူ့ကို သူမလိုပင် နယ်သူနယ်သား အချင်းချင်းဟု ယုံကြည်စွာ ခင်မင်သွားခဲ့ခြင်း ဖြစ်သည်။ နောက်တော့ Library က အတူတူ ပြန်ဖြစ်လာကြသည်။ အင်းလျား ကန်ပေါင်ပေါ်က ဖြတ်လျှောက်သည့်အခါတိုင်း သူမက လေကို အားရပါးရ ရှူသွင်းတတ်ရင်း ...

"အင်း ... မိတ္ထီလာကို လွမ်းလိုက်တာ"

ဟု ရေရွတ်တတ်သည်။

တစ်ယောက်အကြောင်းတွေ တစ်ယောက် ဖလှယ်ကြရင်း တစ်ဦးနှင့်တစ်ဦး အကူအညီပေးကြရင်း သူနှင့် သူမ ကြားမှာ တစ်စုံတစ်ခု ပိုမိုနှောင်တွယ်လာသလို ခံစားလာခဲ့ရလေသည်။ များသောအားဖြင့် နယ်မြေကျွမ်းသော သူက သူမကို အကူအညီ ပေးခဲ့ရတာ များပါသည်။

သူမကပင် ...

"စင်သန့်က တော်တော် နှံ့စပ်တယ်နော်၊ ရန်ကုန်ကို ဘယ်တုန်းတည်းက ရောက်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟု မေးလျှင် မွေးကတည်းကဟု ပြန်မဖြေမိအောင် ပါးစပ်ကို မနည်း ဘရိတ်အုပ်ထားခဲ့ရသည်။ သူမနှင့် အနီးကပ်နေလာရလေလေ ပကတိ ဖြူစင်သော စိတ်ထားလေးကို မြင်မိလာရလေ ဖြစ်သည့်အတွက် ယိုင်နဲ့ချင်လာသော သူ့နှလုံးသားကို တင်းတင်းကျပ်ကျပ် ချုပ်နှောင်ထားနေရခြင်းမှာ သူ့စိတ်ကို များစွာ ပင်ပန်းစေလေသည်။ သူ့အပေါ်မှာ အမှန်ကို အားကိုးတွယ်တာရိပ် သန်းယှက်နေသော မျက်ဝန်းတွေကို ခဏခဏ မကြည့်မိအောင် ကြိုးစားခဲ့ရတာလည်း အကြိမ်ကြိမ်ပင်။

သူမရဲ့ နှလုံးသားကို အလဲထိုးဖို့ သူ ကြိုးစားခဲ့သည်မှာ ဘာဂုဏ်ဒြပ် အဆောင်အယောင်မှ မပါ။ သူ စီးနေကျ ကိုရိုလာကား၊ သူ့လက်ကိုင်ဖုန်း၊ တန်ဖိုးကြီး အဝတ်အထည် အသုံးအဆောင်များ၊ ဈေးကြီးသည့် ကော်ဖီဆိုင်များ၊ ပလာဇာတွေ၊ ဟိုတယ်တွေ မပါဝင်ခဲ့။

ဘတ်စ်ကားစီးကာ PCO ဖုန်းသာလျှင် တတ်နိုင်ရှာသော၊ ရှပ်အင်္ကျီနှင့် ပုဆိုးတစ်ထည် သင့်ရုံ ဆင်မြန်းတတ်သော၊ ကျစိမ့် လက်ဖက်ရည်ကို အရသာခံသောက်ကာ ဘဝဒဿနတွေ ပြောတတ်သော သူ့ကို သူမက တကယ့်ကို နှောင်တွယ်နေခြင်း အပေါ် သူလည်း အိပ်ပျက်ရသည့်ရက်တွေ များလာခဲ့ပြီ ဖြစ်လေသည်။

ကြာတော့ သူ့ကိုယ်သူ စိတ်မချတော့။ သူ မျှော်လင့်ထားသည့် အတိုင်းပင် သူမက သူ့အပေါ် သံယောဇဉ် ရှိနေခဲ့





ပါသည်။ သူ့ရဲ့ ချစ်စကားကို ပြုံးပြုံးလေး နားထောင်ရင်းနှင့်ပင် သူ့ကို လက်ခံ ခေါင်းညိတ်ခဲ့ပြီး ...

"သန့်နှင့် တို့ကြားမှာ ဘာမှ ကွယ်ဝှက်ထားစရာ မရှိဘူးလို့ ထင်တယ်လေ၊ တို့ ညာလည်း သန့် သိမှာပဲဟာ"

သူမက သူ့ပခုံးထက်မှာ ခေါင်းမှီလာလျှင် သူက ဆတ်ခနဲ ဖြစ်သွားကာ သူမ ခေါင်းလေးကို အသာတွန်းဖယ်ရင်း ...

"ကိုယ် မေ့ကို ဖြူဖြူစင်စင်လေးပဲ ချစ်တယ်၊ လက်ဖျားနှင့်တောင် မထိရက်ဘူး မေ၊ တကယ်ပါ"

အဲဒီစကားဟာ သူမကို ဘယ်အတိုင်းအတာထိ ကြည်နူး ဝမ်းမြောက်သွားစေလဲ မသိပါ၊ သိပ်ကိုလှပသော မျက်ဝန်းတွေထဲမှာတော့ မျက်ရည်ကြည်တွေ လျှံတက်လာတဲ့အထိ သူ့ကို တစိမ့်စိမ့် ငေးစိုက်ကာ ကြည့်လာလျက် ...

"တို့ဘဝမှာ သန့်ဟာ ယုံကြည်လေးစားရဆုံး လူတစ်ယောက်ပါ"

ဟု ဆိုခဲ့လေသည်။ သူမနှင့် ပတ်သက်လာလျှင် ချစ်သူနာမည် ခံထားပေမဲ့ အခွင့်အရေးဟူ၍ ဘာတစ်ခုမှ သူ မယူခဲ့။ တစ်ချိန်မှာ နှုတ်ဆက်ထားရစ်ခဲ့မည့် မိန်းကလေး တစ်ယောက်အပေါ် အခွင့်အရေး မယူရက်တာလည်း ပါပါသည်။ သူမနှင့်အတူ ရုပ်ရှင်အတူ မကြည့်ဖူးခဲ့။ ပန်းခြံသွားလည်း မသွားဖြစ်ခဲ့။ သူ လုပ်နေကျအလုပ်က သူမ အင်တန်းရှိရာ မြို့ထဲသို့ သွားကြိုပေးပြီး လှည်းတန်းအထိ ကားစီးကာ တံတားဖြူ



www.burmeseclassic.com

www.burmeseclassic.com



ဘက်သို့ အေးအေးဆေးဆေး စကားပြော၍ လမ်းလျှောက်ပြန်လာကြခြင်းပဲ ဖြစ်သည်။ တစ်ခါတစ်ရံ အင်းလျားကန်ပေါင်မှာ အကြော်စားကာ ခုံတန်းလေးတွေမှာ အတူထိုင်လျက် သူမက သူ့ကို စကားဆိုလာတတ်သည်။

"သန့်ရယ် ဘဝဆိုတာ အမြဲ တစ်သမတ်တည်း မရှိဘူးနော်၊ တို့လေ ဘဝမှာ တော်တော် စိတ်ဓာတ်ကျစရာတွေနှင့် ကြုံခဲ့ရဖူးတယ်၊ လူတွေကိုလည်း စိတ်နာခဲ့ဖူးတယ်"

"အခုရော"

သူမက သူ့ကို ငြိမ်းချမ်းစွာ ပြုံးကြည့်လာရင်း ...

"အခုတော့ နားလည်တတ်သွားပါပြီ၊ ဘဝဆိုတာ ဒီလိုပဲလေ၊ ပြီးတော့ နားလည်လာတာတစ်ခု ရှိသေးတယ်"

"ဘာများလဲ မေရဲ့"

"အချစ်ဆိုတာကိုပေါ့ သန့်ရဲ့၊ တို့ ဝန်ခံပါတယ်၊ နယ်မှာတုန်းက ရည်းစားတစ်ယောက် ထားဖူးတယ်၊ ဒါပေမဲ့ အချစ်ဆိုတာကို ရေရာစွာ နားမလည်ခဲ့ဘူး၊ သန့်နှင့်တွေ့မှ တို့ သဘောပေါက်သွားတာ၊ သန့်နှင့် တို့ကြားမှာ သမုဒယတွေ မရှိပေမဲ့လည်း တို့ စွဲစွဲမြဲမြဲကို ချစ်တယ်၊ အဲဒါ တစ်ခုတော့ ယုံပေးပါနော်"

အဲဒီအခါမျိုးမှာ သူ ရှင်းကိုကို အတော်မျက်နှာပူအားနာမိလေသည်။ ရှင်းကို သိပ်ချစ်ခဲ့သော မိန်းကလေးဟာ သူ့ကိုတွေ့မှ အချစ်ဆိုတာ ဘာလဲ ရေရာတော့သလဲ။ ဖြစ်နိုင်လျှင်





သူမထံက ချစ်စကားတွေ သူ မကြားလိုပါ။ သူ့အတွက်ကတော့ ကြာလာလေလေ သူမ အချစ်တွေကို လက်ခံရဖို့ ထိတ်လန့်လာလေလေ ဖြစ်သည်။

သူမထက် ချို့တဲ့သယောင်ရှိသော သူ့ကို သူမက လိုလေသေးမရှိအောင် ဂရုစိုက်သောအခါ သူ နေစရာ နေရာမရှိခဲ့။ သူမက ပြည့်ပြည့်စုံစုံ နေရသော အနေအထားမှာမို့ သူ့အတွက် အဝတ်အစားကအစ အစားအသောက်ထိပါ ဂရုစိုက် ရှာပါသည်။

"ဒါက ကြက်သားကိုမွပြီး ကြော်ထားတာ၊ ဒါက ဘာလချောင်ကြော်၊ ရော့"

"ဟာ ... ဘာလို့ အပင်ပန်းခံ လုပ်လာရတာလဲ မေရာ၊ ကိုယ် ဒါတွေ မလိုပါဘူး"

"ဘာမှမပင်ပန်းဘူး အိမ်က ပို့ပေးတာကို တစ်ဝက်ခွဲပေးတာ၊ ယူဆိုယူနော် ကိုယ့်ချစ်သူလေး စားပါစေတော့ဆိုတဲ့ စေတနာနှင့် ကျွေးတာ"

အဲလိုစကားတွေကြားလျှင် သူက ချက်ချင်း စကားလွှဲပစ်တတ်သည်။

"မေတို့ မြို့က ကန်ကြီးက ရာဇဝင်တွေ၊ သမိုင်းကြောင်းတွေ ရှိတယ်ဆို"

"ဟင်း ... ဟုတ်တယ်၊ ရှိတယ်"

သူမက မြို့အကြောင်းပြောရမည် ဆိုလျှင်တော့ စိတ်ဝင်တစား တက်ကြွလာတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေလဲ ကဲ ... မေးမယ်၊ ဒီကလေးမ ဘယ်လောက် ဗဟုသုတ ကြွယ်ဝလဲလို့"

"အံမယ် သူက စာဆို ရှိတယ်လေ၊ ကြိုးကြာမသောက် ရေမနောက် မပေါက် ရွှေကြာပင်တဲ့၊ မိတ္ထီလာ ကန်ရေက လုံးဝ မနောက်ဘူး၊ နောက် ကြာပန်းဆိုတာလည်း လုံးဝ မပွင့်ဘူး သန့်ရဲ့၊ တော်သလင်းလရောက်ရင် နှစ်တိုင်း လှေပြိုင်ပွဲ ရှိတယ်၊ အရမ်းစည်တယ်၊ ရာဇဝင်ကတော့ အများကြီးပါပဲ၊ လှေစီးရင် ခုနစ်ယောက် မစီးရဘူးတို့၊ ရေလယ်ဘုရားကို ခုနစ်ယောက် မသွားရဘူးတို့ အစုံပါပဲ၊ လူကြီးတွေကတော့ ကန်ကြီးက ဒယ်အိုးပုံရှိတယ်လို့ ပြောတာပဲ၊ ကန်ကြီးက တစ်မြို့လုံးကို ဝန်းရံထားတာ၊ တစ်နေရာမှာဆုံးပြီ ထင်ရပေမဲ့ နောက်တစ်နေရာကျတော့ ပြန်ပေါ်လာတာလေ၊ ညနေဆို တံတားပေါ်မှာ View အရမ်းမိုက်တယ်၊ ဒီမှာ အင်းလျားကန်ပေါင် စည်သလို ဟိုမှာလည်း ညနေဆို အရမ်းစည်တယ်၊ သန့် မိတ္ထီလာကို မရောက်ဖူးဘူးလား"

"နေတော့ မနေဖူးပါဘူး၊ ဖြတ်ပဲသွားဖူးတာ၊ ဟုတ်တယ်နော် ကန်ကြီးက အရမ်းသာယာတယ်၊ ဒါဆို မိတ္ထီလာက ရာဇဝင်ရှိတဲ့ မြို့ပေါ့နော်"

သူမက ချစ်စဖွယ် ခေါင်းညိတ်ရင်း အင်းပေါ့ဟု ဆိုပါသည်။ သူမ ပုံစံလေးက အသည်းယားဖွယ် ကောင်းသဖြင့်





ခေါင်းကို လှုပ်မိုး ယမ်းပစ်ချင်သော်လည်း သူ မလုပ်ခဲ့ပါ၊ တကယ့်ကို သူမအား ဒီနေ့အထိ လက်ဖျားနှင့် ခထိခဲ့ဖူးချေ။ တစ်ခါတစ်ရံ လူကူးမျဉ်းကြားမှာ ကားတွေ လူတွေ ရှုပ်ယှက်ခတ်နေစဉ် ထိတ်လန့်တကြား လာတွဲတတ်သော သူမရဲ့ လက်လေးတွေကို မဖြုတ်ပစ်ရက်တာပဲ ရှိလေသည်။ သူမကို ကျီစယ်ချင်သည့် စိတ်ဖြင့် ...

"မိတ္ထီလာက ရာဇဝင်နှင့်ဆိုရင် မိတ္ထီလာသူ ကောင်မလေးမှာရော ဘာရာဇဝင်တွေ ရှိလဲဟင်"

အဲဒီအခိုက်မှာ သူမ မျက်နှာ သွေးဆုတ်သွားသည်ဟု ထင်မိပါသည်။ သူ့ကို ထိတ်လန့်တကြား မော့်ကြည့်လာသော မျက်ဝန်းများမှာ အားငယ်ရိပ်၊ ဝမ်းနည်းရိပ်တွေ စွန်းထင်းလျက် ရှိသည်။ ဒါ ... ရက်စက်တတ်တဲ့ မိန်းကလေး တစ်ယောက်ရဲ့ မျက်လုံးမျိုးတွေမှ မဟုတ်တာ။ သူ ဘာကို ယုံကြည်ရတော့မည်လဲ။ တဖြည်းဖြည်းနှင့် မောင်းတင်ထားခဲ့သော သူ့စိတ်ဓာတ်တွေ သူမရဲ့ ချစ်ခြင်းအောက်မှာ အရည်ပျော်ကျတော့မည် ထင်ပါသည်။ အဲဒီနေ့ ညနေက နှစ်ဦးသား တိတ်ဆိတ်စွာ ပြန်လာရင်း သူမ အဆောင်ရှေ့ အရောက်မှာ သူ့လက်ကို ဆွဲယူဆုပ်ကိုင်လျက် ...

"ဘာတွေပဲဖြစ်ဖြစ် သန့်ကို သိပ်ချစ်တယ် ဆိုတာတော့ ယုံကြည်ပေးပါနော်"

သူ ခေါင်းညိတ်လား၊ မညိတ်ဘူးလား ဆိုတာကိုတောင် ကိုယ့်ဘာသာ မရေရာတော့။ အဲဒီညက သူ ရှင်းကိုကို



www.burmeseclassic.com

www.burmeseclassic.com



အိပ်မက်မက်သည်။ ရှင်းကိုက သူ့ကို အိပ်မက်ထဲမှာ အကြီးအကျယ် လှောင်ပြောင်ကာ ဟားတိုက်ရယ်မောနေခဲ့လေသည်။ သူ့ကို လက်ညှိုးထိုးလျက် ...

"မင်းလည်း ငါ့လိုပဲ ခံရတော့မယ်"တဲ့။

အိပ်ရာက လန့်နိုးသောအခါ သူ ပြန်လည်အိပ်မရတော့။ အိပ်မက်ထဲမှာ မြင်ခဲ့ရသော ရှင်းကိုရဲ့ ပုံရိပ်က သူ့ကို အကြီးအကျယ် ခြောက်လှန့်လျက် ရှိလေသည်။ ငါ့ကို ခွင့်လွှတ်ပါ ရှင်းကိုရာ။ မချစ်သင့်မှန်းသိလျက်နှင့် ငါ ချစ်မိသွားခဲ့တယ်။ နှလုံးသားကမို့လို့ပါ။ ငါ့ ဦးနှောက်ကတော့ မင်း သေသွားခဲ့ရတာ၊ ခံစားခဲ့ရတာတွေ ငါမမေ့ပါဘူး။ မနက်ဖြန်ဆိုလျှင် ရှင်းကိုသေဆုံးတာ တစ်နှစ်ပြည့်ပြီဖြစ်သည်။ ချက်ချင်းပင် သူ့သွေးတို့ပူနွေးလာသည်။ မနက်ဖြန်သည် သူနှင့်သူမ လမ်းခွဲမည့်နေ့ဖြစ်သလို သူမထံမှ အသည်းနှလုံးတစ်ခု ပြန်အလျော်ယူမည့်နေ့လည်း ဖြစ်လေသည်။

❦ ✧ ❦

တကယ်တမ်း လက်စားချေပြီးသည့်အခါ သူ မျှော်လင့်ထားသလို သူမထံမှ ဒေါသတွေ၊ ပြင်းထန်သည့် စကားလုံးတွေ၊ လက်ဝါးချက်တွေ ဘာတစ်ခုမှ ရောက်မလာခဲ့ဘဲ သူ့နှလုံးသားကို ပို၍နာကျင်စေမည့် မျက်ရည်တွေသာ အတိုင်းအဆမရှိ ကျဆင်းလာခဲ့တာ ဖြစ်လေသည်။





တကယ်ဆို ဒီမျက်ရည်စက်တွေ ကြည့်ကာ သူ ပျော်ရွှင်နေဖို့ ကောင်းသည်။ သူ ဘာကြောင့် မပျော်နိုင်ရသလဲ။ အပြည့်အဝ အနိုင်မရခဲ့သလဲ။ ကြာရင် သူမရဲ့ မျက်ရည်စတွေအောက်မှာ သူကပဲ ထပ်မံ၍ အရှုံးကြီးရှုံးသွားမှာစိုးကာ သူမရဲ့ စကားတွေကိုတောင် ဆက်နားမထောင်တော့ကာ လှည့်ထွက်လာခဲ့ခြင်း ဖြစ်ပါသည်။ သူမ ဘာတွေဖြစ်ပြီး ဆက်ကျန်ခဲ့မလဲ သူ မတွေးချင်တော့။

အခုအချိန်ကစလို့ သူနှင့်သူမရဲ့ ဇာတ်လမ်းက ပြီးဆုံးသွားခဲ့ပြီ ဖြစ်လေသည်။ သူ့ရဲ့ အရေခွံဘဝကို ခွာချကာ နဂိုဘဝထဲသို့ ပြန်ဝင်ရောက်ခဲ့သည်။ တစ်ခါတစ်ရံ သူမကို သိပ်လွမ်းဆွတ်မှု ပြင်းပြလာလျှင် သူ့မရဲ့ သင်တန်းနားမှာ ကားဖြင့် မယောင်မလည် သွားချောင်းကြည့်ကာ အလွမ်းဖြေရသည်။ သူမ တစ်ဦးတည်း အထီးကျန် အဖော်မဲ့စွာ ဘတ်စ်ကားပေါ် တက်သွားလျှင် မေဟု အကျယ်ကြီး အော်ခေါ်ကာ ပြေး၍ တွေးပွေ့ချင်စိတ်က ရင်နှင့်မဆံ့ချေ။ သူနှင့်အတူ ထိုင်ခဲ့ဖူးသော အင်းလျားကန်ပေါင်ပေါ်က ခုံတန်းလေးမှာ သူမ တစ်ဦးတည်း ထိုင်နေတာတွေ့လျှင် ပြေးသွားချင်သည့် နှလုံးသားက အင်မတန် နာကျင်ရတာကို သူမ သိမှာမဟုတ်။ မေရယ် မင်း ဘာကြောင့် ဆွေးနေရသလဲ။ ငါလိုလူ တစ်ယောက်ကို မင်း မုန်းလိုက်ရင် ငါ ပိုထက် ဖြေသာဦးမှာပါ။ အခုတော့။

❦ ✧ ❦



www.burmeseclassic.com

www.burmeseclassic.com



သူမ ရှိသော နေရာတွေကို တိတ်တဆိတ် ချောင်းနေရင်းမှာပင် သူမရဲ့ မြို့လေးဆီကိုသွားဖို့ စိတ်ကူးဝင်လာခဲ့တာ ဖြစ်ပါသည်။ ရှင်းကို နောက်ဆုံးနေခဲ့သည့် ခြံလေးကိုရော၊ သူ ခေါင်းချသည့် နေရာလေးကိုရော ဘာကြောင့်မှန်းမသိ သွားချင်စိတ် ပြင်းထန်နေခဲ့သဖြင့် အန်တီဦးထံ ခွင့်တောင်းကာ သူ ထွက်လာခဲ့လေသည်။

သူမတို့ မြို့သို့ ရောက်သောအခါ သူမကို ပို၍ တမ်းတရသည်။ ဪ … ရာဇဝင်ထဲက မြို့သူလေးရယ်။ မင်းလည်း ဘယ်လိုခွန်အားတွေနှင့် ဆက်လက် ရှန်းကန်နေရမလဲ။

ရှင်းကိုရဲ့ ခြံလေးမှာ အစောင့်ထားခဲ့တာမို့ သူ လာသောအခါ ထိုအစောင့်က တံခါးဖွင့်ပေးရင်း ဝမ်းပန်းတသာ ကြိုဆိုရှာပါသည်။ အိမ်ထဲသို့ ဝင်လိုက်တာနှင့် သူ အံ့ဩရလောက်အောင် ဘုန်းမေထိုက်ရဲ့ ဓာတ်ပုံတွေနှင့် ပန်းချီကားကြီးက အိမ်ထဲမှာအပြည့် နေရာယူလျက်။ အလှဆင်ထားသော ဖဲကြိုးတွေ၊ လေရှူ့နေသော ပူဖောင်းတွေက တိုးလို့တွဲလောင်း။ ရှင်းကို မင်းလည်း မေ့ကို ရူးလောက်အောင် ချစ်ခဲ့တာပါပဲလား။

သူက ဓာတ်ပုံ တစ်ပုံချင်းစီနှင့် ပန်းချီကားကြီးကို စေ့စေ့စပ်စပ် ကြည့်ရှုရင်းမှ စားပွဲခုံ တစ်ခုံပေါ်မှ ရေးလက်စဖြစ်ဟန်တူသော ဒိုင်ယာရီ စာအုပ်လေးကို ဖျတ်ခနဲ သွားတွေ့လေသည်။





စာအုပ်ကို လှမ်းယူလိုက်သော သူ့လက်မှာကို ဖုန်တွေက ဖွေးလျက်။ စာရွက်တွေကို တဖျပ်ဖျပ် လှန်စဉ်မှာ ရှင်းကိုရဲ့ ရင်ဖွင့်စာတွေကို တွေ့ရသည်။ နောက်ဆုံးစာမျက်နှာ အရောက်မှာ သူ အံ့အားသင့်သွားခဲ့ရလေသည်။

ရှင်းကိုရဲ့ သွေးရူးတမ်းရူး တောင်းပန်စာတွေ၊ သူ့ရဲ့ စိတ်မထိန်းနိုင်တဲ့ သတိလက်လွတ်မှု တစ်ခုကြောင့် ထိုက်က သူ့ကို အထင်သေးစွာ မုန်းသွားခဲ့ခြင်း ဆိုပါလား။ ဘုရားရေ ဒါဆို ဒီကောင် မေ့ကို။ သူ ဆက်မတွေးရဲစွာ မျက်လုံး စုံမှိတ်ချလိုက်လေသည်။ မှားသွားခဲ့ပြီဆိုသော ပဲ့တင်သံတွေ သူ့နှလုံးသားထဲမှာ ပွက်ပွက်ညံ ထနေသည်မှာ ရင်တွေပေါက် မတတ်ပင်။

ဒိုင်ယာရီ စာအုပ်လေးကိုကိုင်လျက် ကတုန်ကယင်နှင့်ပင် အောက်သို့ပြေးဆင်းလာကာ အိမ်စောင့်ကို လွန်ခဲ့သည့် တစ်နှစ်ကျော်ခန့်က အကြောင်းတွေ မေးကြည့်လျှင် ထိုလူ့စကားတွေကို ပိုမိုခိုင်မာသွားစေခဲ့ပါသည်။

"အဲဒီ မိန်းကလေးနှင့် တစ်ရက်လာတယ်၊ ကျွန်တော်တောင် အပြင်ထွက်ပေးလိုက်သေးတယ်၊ သိပ်မကြာဘူး ကောင်မလေး အိမ်ပေါ်ကနေ ပြေးဆင်းလာတာ ကွမ်းယာဆိုင်က လှမ်းမြင်လိုက်တာပဲ၊ သူက ကိုရှင်းကို အပြင်ကနေ သော့ပိတ်ပစ်ခဲ့ပြီး အငှားကားနှင့် လိုက်သွားတာပါပဲ၊ ကျွန်တော်မြင်တာတော့ ဒီလောက်ပဲဗျ"



www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာပေါ်တွင် အမုန်းဆုံးလူမှာ သူ့ကိုယ်သူ ဖြစ်သည်။ ပြီးလျှင် ရှင်းကို။ မင်း မကောင်းဘူး ရှင်းကို။ မင်း ယောကျ်ား မပီသဘူး။ ကိုယ် လုပ်ခဲ့တဲ့ အမှားတစ်ခုအတွက် မင်း ပြီးဆုံးအောင် တာဝန်ယူသင့်တယ်။ ပြေလည်အောင် ဖြေရှင်းခဲ့သင့်တယ်။ လောကမှာ မင်းလို ယောကျ်ားမျိုးတွေရှိတာ ငါတို့ပါ သိက္ခာကျရတယ်။

မေရယ် မင်းလည်း မှားတာပါပဲ။ မိန်းကလေး တစ်ယောက်အတွက် အရှက်နှင့်သိက္ခာဟာ အရေးကြီးတယ်ဆို ပေမဲ့ ဒီလို ထင်ယောင်ထင်မှားဖြစ်အောင် မင်း မြှုမထားသင့်ပါဘူး။ အများအမြင်မှာ မင်းဟာလူကြမ်းမလေးတစ်ဦး ဖြစ်ပေမဲ့ တကယ် တော့ သနားစရာ အကောင်းဆုံး လူကြမ်းတစ်ယောက် ဖြစ်မှန်း ကိုယ် အခုမှ သိခဲ့ရပါလား။ မင်းဆီကို ကိုယ် လာနေပြီ မေ။

❦ ✧ ❦

"ကိုယ့်ကို ကြိုက်တဲ့အပြစ်ပေးပါ မေ၊ ရှင်းကိုက မေ့ကို ဒဏ်ရာတွေ ရစေခဲ့တယ်၊ အမှန်တရားကို မြုပ်ထားခဲ့တယ်၊ ယောကျ်ားမပီသတဲ့ ကောင်ပါ၊ ကိုယ်က မေ့ကို နာကျင် စေခဲ့တယ်၊ အသည်းခွဲခဲ့တယ်၊ ကိုယ်တို့ ညီအစ်ကို နှစ်ယောက်လုံးဟာ လောကကြီးမှာ မနေသင့်တဲ့ လူတွေပါ၊ ရိုက်ပါ မေ၊ ကိုယ့်ကို ရိုက်ပါ၊ ပြောပါ မေ လုပ်သမျှ ကိုယ် ခံယူဖို့ အဆင်သင့်ပါ"





သူက မေ့ ရှေ့မှာ မျက်စိမှိတ်လျက် မျက်နှာထိုးပေး ခဲ့ပါသည်။ မင်း ရိုက်လိုက်စမ်းပါ မေရယ်။ ကိုယ့်ကို နှစ်နှစ်နာနာ တစ်ခု တုံ့ပြန်လိုက်စမ်းပါ။ မင်းအတွက် ကိုယ် ရင်မှာ မချိလွန်း လို့ပါ။ ဒဏ်ရာတွေနှင့် လဲပြိုခဲ့တဲ့ မိန်းကလေး တစ်ယောက်ကို ကိုယ်က ထပ်မံနာကျင်စေခဲ့တဲ့အတွက် ကိုယ်က ပိုအပြစ်ကြီး ပါတယ်။

သို့သော် သူ ထင်ထားခဲ့သလို မေက သူ့ပါးကို မရိုက်ခဲ့ပါ။ မျက်ရည် စီးကျလာသော သူ့ပါးပြင်ကိုသာ ကြင်နာ ယုယစွာ သုတ်ပေးခဲ့တာ ဖြစ်ပါသည်။ သူက မေ့ လက်လေး တွေကို ကြင်နာစွာ ဆုပ်ကိုင်လိုက်သည်။

"ကိုယ့်ကို မမုန်းဘူးလား မေ"

"မမုန်းခဲ့ပါဘူး.သန့်ရယ်၊ နှလုံးသားမှာ သိပ်ချစ်မိပြီဆိုရင် ချစ်တဲ့သူက ဒဏ်ရာတွေ ပေးလာလည်းပဲ ကျေကျေနပ်နပ် နှင့် လက်ခံယူသွားမှာပါ၊ တစ်နေ့မှာ အမှန်တရားကို နားလည်လာမှာပဲလို့ မျှော်လင့်ခဲ့တယ်"

"ကိုယ့်ကို ခွင့်လွှတ်နိုင်တယ်ပေါ့၊ ဟုတ်လား မေ"

"သန့်ကို ချစ်တဲ့ အချစ်ရာဇဝင်ထဲမှာ နားလည်ခြင်း၊ ပေးဆပ်ခြင်းတွေအပြင် ခွင့်လွှတ်ခြင်းတွေပါ ပါတယ်"

သူက စကားပင် မပြောနိုင်တော့အောင် ဆို့နင့်လျက် မေ့ မျက်နှာကို ရင်ခွင်ထဲ ဆွဲသွင်းထားလိုက်လေသည်။ စိတ်ချပါ မေ။ ကိုယ့်ရာဇဝင်မှာလည်း မင်းအပေါ် [illegible]နေတဲ့ အချစ်ကြွေးတွေကို ကိုယ် ကျေအောင်ဆပ်သွားမှာပါ။



www.burmeseclassic.com

www.burmeseclassic.com



အချစ်နှင့် ပတ်သက်လာရင် မိန်းကလေးတွေဟာ ပိုပြီး စွန့်လွှတ်နစ်နာခံပြီး အရာရာမှာ နားလည်ပေးဆပ်စွာနှင့် ချစ်တတ်ကြတယ်။ မြင့်မြတ်တဲ့ ချစ်ခြင်းတရား တစ်ခုလည်း အခိုင်အမာ ရှိတယ်ဆိုတာ မင်းနှင့်တွေ့ပြီးမှ ကိုယ် သေသေချာချာ နားလည်ခဲ့ရပါပြီ။

တကယ်တော့ မြင့်မြတ်တဲ့ ချစ်ခြင်းတွေမှာ ခွင့်လွှတ်ခြင်း ရာဇဝင်တွေ ရှိနေတတ်တယ် ဆိုတာကို သူမက သူ့ကို အသေအချာ နားလည်အောင် သင်ပေးခဲ့တာ ဖြစ်ပါသည်။

❦ ✧ ❦

ဆုမြတ်မွန်မွန်


BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# ဆုမြတ်မွန်မွန်

## နှင်းဆီတစ်ပွင့်၏အဝေးရောက်ကဗျာ
## နှင့်
## ဝတ္ထုတိုစုစည်းမှု



www.burmeseclassic.com